

# ပုဏ္ဏမိ

မြေခွင့်

L လင်

# ပုဏ္ဏမိ

## ဖြေခွင့်

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၁၂၉၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် , - ၅၀၁၁၁၄၁၀၁၀

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၉၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၀၃

ပုဏ္ဏမိ
ဖြေခွင့်/ပုဏ္ဏမိ-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၁၅၀- စာ၊ [illegible]
(၁) ဖြေခွင့်

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ပုဏ္ဏမိ



# ဖြေခွင့်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## အခန်း(၁)

"အလတ်မရေ ... ဒါ သုံးကြိမ်မြောက် နှိုးခြင်းပဲဟော့၊ လက်ယာကနေ လက်ဝဲ၊ လက်ဝဲကနေ လက်ယာ၊ အခါခါ အလီလီတွေ ပြောင်းပြီး စိုးစံမနေနဲ့။ နင် အခုချက်ချင်း ထမှာလား။ မထဘူးလား"

အစ်ကိုကြီးရဲ့ခြိမ်းခြောက်သံဆန်ဆန် နှုတ်ခမ်းစေ့စေ့၊ သွားစေ့စေ့ အသံမျိုးလောက်ကတော့ အလတ်မတို့က ရှိသည်ကောင်း မမှတ်ပေ။ "လက်ဝဲလက်ယာ တစ်လှည့်စီ ပြောင်းမနေနဲ့"ဆိုတဲ့ စကားကိုပင် တမင်အရွဲ့တိုက်လိုက်သေးကာ ဟိုဘက်ဒီဘက် လေး,ငါးကြိမ်လောက်ပင် ပြောင်းလှိမ့်လိုက်သေးသည်။

"ကိုကိုကြီးရေ ... ဒီထမင်းကြော်တွေက ဗိုတာလား၊ ဒါဆို မီးမီးရဲ့ဘော်ဒါတွေအတွက် အထုပ်,ထုပ်လိုက်လို့ရပြီလား"

အစ်ကိုကြီးရဲ့ခြိမ်းခြောက်သံလောက်ကိုတော့ နည်းနည်းလေးမှ အမှုမထားလေတဲ့ အလတ်မဟာ ညီမငယ် မီးမီးရဲ့အသံကိုအကြားမှာတော့ ဝုန်းခနဲ အိပ်ရာကနေ ထထိုင်လိုက်ပါသည်။

"အငယ်မ … နင် ခွေးတွေနဲ့ပေါင်းပေါင်းပြီး ခွေးလည်း ဖြစ်သွားဦးမယ်၊ နင့်မြီးညှောင့်ရိုးလည်း နင်ပြန်စမ်းကြည့် ချေဦး၊ အမြီးများ ထွက်နေပြီလားလို့"

ဝုန်းဒိုင်းကြဲ ထလာပြီဖြစ်သော အလတ်မတစ်ယောက် ပါးစပ်ကလည်း အသားကုန်အော်ဟစ်ကာ မီးဖိုဘက်မြေလေလျှင် "တိုက်တိုင်းအောင်"က အငယ်မရဲ့ဖြတ်ထိုးဉာဏ်ကို ပြုံးစိစိနှင့် ချစ်စနိုးဖြစ်နေရလျက် အလတ်မတို့အိပ်ခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

အပျိုမလေးနှစ်ယောက်ရဲ့ အိပ်ခန်းဟု ဘုရားစူးကျွန်ကျိန်ပြောရမယ့် အလတ်မနဲ့ အငယ်မတို့ရဲ့ အိပ်ခန်းကတော့ ညက တစ်ညလုံး မွမွရှပ်၊ ကျဲကျဲဖြန့်ထားသမျှတို့နှင့် မြင်ကွင်းကတော့ အမှိုက်ပုံတစ်မျှပေ။ နေ့တိုင်းလည်း ရှင်းပေးနေပါရက်နဲ့ တစ်နေ့အတွင်း၊ တစ်ညအတွင်း ဤမျှရှုပ်နိုင်အားအောင် ပြန့်ပြန့်ဖွထားကြသည်မှာ အဖွဝိဇ္ဇာ၊ စပါယ်ရှယ်လစ် expert ဘွဲ့တွေပင် ချီးမြှင့်ရတော့မလိုပင်။

မနက်ခင်း အိပ်ရာထက်ကနေ အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးနဲ့ ဝုန်းဒိုင်းကြဲ ထသွားချင်ယောင်ဆောင်ကာဘယ်တော့မှ အိပ်ရာမသိမ်း၊ စောင်မခေါက်တတ်တာကတော့ ထည့်ပြောနေစရာတောင် မလိုတော့တဲ့ အဖွကျင့်မျိုးဖြစ်လျက်၊ မုန့်စားထားတဲ့ ပလတ်စတစ်အိတ်ခွံက ဟိုနားဒီနား။ နေကြာစေ့အခွံတွေကတော့ အမှိုက်ပုံးငယ်ထဲ မရောက်ပေမယ့် စုစုစည်းစည်း





လေး တစ်နေရာရာမှာ အပုံလိုက်ကလေး ရှိပေးနေလျှင်ပင် တော်လှပြီ။

မနေ့က ဝတ်ဆင်ထားတဲ့ အင်္ကျီတွေ၊ ဘောင်းဘီတွေက တို့လို့တွဲလောင်း။ မျက်နှာသုတ်ပဝါတို့က အစိုကြီး လုံးထွေးလျက်။ ဗီရိုတံခါးတို့ မှန်တင်ခုံအံဆွဲတို့က ပွင့်ချင့်ပွင့်နေမည်။ ပွင့်တစ်ဝက် ပိတ်တစ်ဝက် ဖြစ်ချင်ဖြစ်မည်။ ဖတ်လက်စစာမျက်နှာမှာတင် တန်းလန်းအပွင့်ကြီးချထားတဲ့ ဂျာနယ်များကလည်း ဟိုနားတစ်စောင်၊ ဒီနားတစ်စောင်။ တစ်ခါတလေများ အဖုံးက တောင်ဘက်ထောင့်ဆိုရင် အတွင်းက စာသားမျက်နှာများက မြောက်ဘက်ထောင့်လည်း ဖြစ်ချင်ဖြစ်နေမည်။

ညဦးပိုင်းဗိုက်ဆာချိန်တွေကျ အစ်ကိုလုပ်သူကပင် စီစဉ်ချက်ပြုတ် ကျွေးမွေးပေးထားရသော ခေါက်ဆွဲပြုတ်ပန်းကန်၊ ကော်ဖီပန်းကန်တို့ကို စားပြီးပြီးချင်းမှာ မဆေးကြောဘဲထားတာကတော့ ပုံမှန်ဖြစ်ကာ ထိုနံစော်ပေပွများဟာ မီးဖိုခန်းထဲမှာတောင် မဟုတ်ဘဲ ခုတင်အောက်မှာ၊ အိပ်ခန်းအခန်းထောင့်ကကြမ်းပြင် ပေါ်မှာ၊ မှန်တင်ခုံပေါ်မှာ ရှိချင်သော နေရာမှာ ရှိနိုင်ပေသည်။

ညီမနှစ်ယောက်ရဲ့ အရှုပ်ပဒေသာတွေကို မြန်မြန်သွက်သွက်၊ ဇယ်စက်သလို ရှင်းလင်းနေရင်း လျှော်စရာအဝတ်များကို အဝတ်ခြင်းထဲ ပစ်,ပစ်ထည့်နေတဲ့ တိုက်တိုင်းအောင်ဟာ မီးဖိုခန်းဘက် နားစွင့်နေဖို့လည်း မမေ့ရပါ။

"အား ... နာတယ် ... နာပြီဆို၊ လွှတ် ... လွှတ် ... သေတော့မယ်"

"သေလည်း အေးရော၊ အစ်မထက် ဘဝတူခွေးမျိုးတွေကို ပိုသထာနေတဲ့ဟာမ။ နင့်လိုညီမမျိုး မရှိတော့ရင် ငါ့ဘဝကြီး ဒီ့ထက်စိတ်ချမ်းသာမယ်"

"ကိုကိုကြီးရေ ... မပိုက် ... မီးမီးကို လုပ်နေပြီ"

တိုက်တိုင်းမှာ "အလတ်မ"ဟု ကျူးအော်ရင်း အဝတ်လျှော်ခြင်းတောင်းကြီးကိုဆွဲကာ မီးဖိုခန်းဘက် ကူးခဲ့ရပါတော့သည်။

"အလတ်မ ... နင် အိပ်ရာထမလာရင် ငါတို့မနက်ခင်း အလုပ်သွား၊ ကျောင်းသွားရမယ့်သူတွေ အချိန်ဖင့်နောက်ကျကုန်ရမှာစိုးလို့ မီးမီးက တမင်ပြောတာမှန်း သိရက်သားနဲ့ ဘာလို့ အတည်ယူပြီး ကိုယ့်ညီမလေးကို နာနာကျင်ကျင် တစ်ဆုံးတစ်စ လုပ်နေရတာလဲ"

တိုက်တိုင်းကား ဆုံးမစကားကို မျက်နှာချင်းဆိုင် အေးအေးဆေးဆေး ပြောနေချိန်မရှိပေ။ အဝတ်လျှော်စက်ထဲသို့ လျှော်ရမည့် သုံးယောက်စာ အဝတ်မှန်သမျှကို ထိုးထည့်နေရင်းက ကျောပေးကြီး၊ ဘေးတိုက်ကြီး ပြောနေရတဲ့ စကားမျိုးကို အလတ်မတို့ကလည်း အရာထားဖို့နေနေ နားထဲတောင်မရောက်ပါ။ ဆွဲထားတဲ့ မီးမီးရဲ့ဆံပင်တွေကို လွှတ်လိုက်သော်လည်း နားရွက်ကိုတော့ဖြင့် မိမိရရ တစ်ချက်လောက် ဖမ်းလိမ်လိုက်သေးကာ ...





"ဘယ်ကလာ တမင်ပြောရမှာလဲ၊ စားသောက်နေတဲ့သူကို ဘေးနားကနေ တော်ပြီလား၊ တော်ပြီလားနဲ့ လိုက်မေးနေတဲ့ဟာကို"

"မပိုက်က ဆက်တိုက်မစားဘဲ ဖွန်းကြီးချထားပြီး အကြာကြီး ငြိမ်နေလိုက်၊ ဂျာနယ်ဖတ်လိုက် လုပ်နေတာကိုး၊ ပြီးပြီဆိုရင် သိမ်းဖို့ဆေးကြောဖို့ မီးမီးက စောင့်နေရတာ"

"ငါ့ဘာသာ ဘာလုပ်လုပ်။ နောက်တစ်စက္ကန့်ကျ သေတော့မယ့်လူလို ဘာတွေကို အပြေးအလွှား ကျားကုပ်ကျားယက် လုပ်နေရမှာလဲ။ နင်ကလည်း ငါစားပြီးသားပန်းကန်တွေကို စက္ကန့်မဆိုင်း ဆေးချင်ရအောင် အလုပ်ကြိုးစားတတ်တဲ့လူလား။ သူ့လမ်းဘေးကခွေးလေခွေးလွင့်တွေအတွက် အစ်မပါးစပ်ထဲကတောင် နှိုက်ထုတ်ပြီး ကြွပ်ကြွပ်အိတ်နဲ့ ထုပ်သယ်ဖို့ပဲ ချောင်းမြောင်းနေတဲ့သူကများ"

"ပိုက်ပိုက် ... မီးမီး ပြောတာမှန်တယ်လေ။ နင်မြန်မြန်စားပေးမှ အပြင်ထွက်ရဦးမယ့် လူတွေက အချိန်မီရှင်းလင်းဆေးကြောလို့ ရမှာပေါ့"

"ညနေကျ ပြန်လာမှဆေးလည်း ရတယ်။ အိပ်ရာသိမ်း၊ အခန်းရှင်း၊ အဝတ်လျှော်တွေလည်း ဒီတိုင်းပဲ။ အိပ်နေတဲ့လူကို အကြင်နာမရှိ အတင်းဆွဲထုတ်ပြီး အလုအယက်တွေဖြစ်နေစရာ မလိုဘူး။ တမင်လုပ်နေကြတာ သိတယ်၊ မသိဘူး မမှတ်ကြနဲ့။ ညနေကျမှလုပ်လည်း ရတာတွေကို

လူကို ပညာပြချင်လို့ တစ်မနက်လေးနဲ့ အသက်ထွက်မတတ် လှုပ်ရှားပြနေကြတာ"

မနက်ခင်းပိုင်းလုပ်သွားကြဖို့ အချိန်မမီရင် အိမ်မှာ တစ်နေကုန် ကျန်ရစ်မည့်သူက လုပ်ထားပါမည် ဟူသော စကားမျိုးကိုတော့ မပြောပေ။ "ပြန်လာမှ လုပ်ကြလည်းရတယ်၊ အီးရောချင်တဲ့ အပျင်းကြီးချင်တဲ့သူကိုတော့ နှောင့်ယှက်မယ်မကြံကြနဲ့" တဲ့။ အင်မတန် တရားကျစရာကောင်းသော စကားပေ။

အလတ်မဟာ အင်မတန် တစ်ကိုယ်ကောင်းဆန်တတ်သူ၊ အပျင်းကြီးသူ၊ နိုင့်ထက်စီးနင်းဆန်ကာ သူချည်းအမှန်ပဲ ထင်နေတတ်သူဆိုတာ သိပေမယ့် အဲဒီဝသီတွေ ဗီဇတွေကို ဆုံးမပဲ့ပြင်ဖို့၊ ချွတ်ဖို့ကျတော့ ဘယ်လိုအကောင်းဆုံးနည်းကိုသုံးရမလဲ၊ တိုက်တိုင်းက မသိပေ။ ခုဆို တိုက်တိုင်းအောင်က အလုပ်လုပ်နေသူ။ အငယ်ဆုံးမလေး **"သိုက်သိုက်"**က ကိုးတန်းကျောင်းသူ။ သူက ဘွဲ့ရပြီးသွားတဲ့သူတစ်ယောက် ဖြစ်ပါရက် အပြင်အလုပ်လည်း ထွက်မလုပ်၊ အိမ်အလုပ်လည်း တစ်စက်မှ မလုပ်ဘဲ အလကားကြီးသက်သက် အချိန်ပို အီးရောနေကာ တာဝန်ကိုယ်စီရှိနေကြတဲ့ သူတွေက သူ့အပေါ် နိုင်စားလာကြမှာ စိုးလို့ သူကပင် တစ်ပြန်စီး အထက်ကနေ ဖိဟောက်နေတဲ့ သဘောပေ။

မနက်မိုးလင်းလာရင် ညီမနှစ်ယောက်က ခြေကန်အိပ်နေချိန်မှာ အစ်ကိုကြီးယောကျ်ားသားဖြစ်တဲ့သူက စောစော





စီးစီးထ၊ တစ်အိမ်လုံး ရှင်းလင်းရေးနဲ့ ချက်ရေးပြုတ်ရေးတွေကို တတောက်တောက်လုပ်။ အချိန်တန်ရင် သူတို့ကိုနိုး။ စားဖို့ သောက်ဖို့ပင့်ရ။ သူတို့အခန်းတွေ၊ အိပ်ရာတွေသိမ်း၊ အဝတ်လျှော်။ ညနေ အလုပ်ကပြန်လာချိန်ကျလည်း ညစာစီစဉ်ဖို့နဲ့ အဝတ်တွေ မီးပူတိုက်ဖို့က ဒီအစ်ကိုကြီးရဲ့တာဝန်သာပင်။

အငယ်ဆုံးမလေးကလည်း သူ့ရှေ့က ဆရာမကြီးရဲ့အတုကိုနိုးကာ ဖွရှုပ်ချင်၊ တွက်ကပ်ချင် ရှိတတ်ပေမယ့် ပင်ကိုစိတ်ရင်းလေးက ဒီလောက်မဆိုးလှလေတော့ အစ်ကိုလုပ်သူနဲ့မသင့်တော်တဲ့ သူတို့ညီအစ်မရဲ့ တစ်ကိုယ်ရည်ကိစ္စတွေကိုတော့ သူပဲလုပ်တဲ့အပြင်၊ အစ်ကိုကြီးတစ်ယောက်တည်း ရှုပ်ပွေလီနေချိန်မျိုးမှာပါ တောက်တိုမယ်ရ ဗာဟီရလေးတွေလောက် ခတော့ ကူညီဖော်၊ မနေနိုင်ဖော်ရသား။ ဒါပေမဲ့လည်း သူ့မှာက ကျောင်းစာကတစ်ဖက်နဲ့ဆိုတော့ များသောအားဖြင့်ကတော့ တိုက်တိုင်းက ဦးစားပေး၊ ပ,စားပေးထားကာ ကိုယ်ပဲ တာဝန်ယူပစ်လိုက်တာကပဲ များပါသည်။

အလတ်မကတော့ "တွက်ကပ်တယ်"ဆိုတဲ့အဆင့်ကိုမကျော်။ လုံးဝ သူ့တာဝန်မဟုတ်သလို အင်မတန်နေနိုင်တတ်သူပင်။ အားလုံးအတွက် လုပ်ကိုင်ပေးဖို့မပြောပါနဲ့။ သူ့တစ်ကိုယ်ရည်စာအတွက်ကိုပင် အစ်ကိုကြီးဖြစ်သူက ယောကျ်ားကြီးတန်မဲ့ တာဝန်ယူနေရတာကို မျက်နှာမပူတတ်သူ။ အားမနာတတ်သူပင်။ အမယ် ... အဲဒီကြားထဲကမှ သူ့စိတ်တိုင်းကျ မဖြစ်ရင်၊ သူ့ကို

ဆောင်းပြော၊ အပြစ်ပြောနေကြပြီထင်ရင် အငယ်မအပေါ်ဆို လက်ခါပြီး အစ်ကိုကြီးကျတော့ တစ်ခွန်းမခံ့နှုတ်လှန်ထိုးတတ်တာက ရှိသေးတာ။

ဒါပေမဲ့လည်း မိတစ်ဆိုး၊ ဖတစ်ဆိုး မိဘမဲ့ညီမလေးတွေမို့ တိုက်တိုင်းအောင်က အသနားပိုကာ ပြင်းပြင်းထန်ထန်ကြီးဆုံးမအပြစ်ပြောနေရတာမျိုးကို လုပ်လည်းမလုပ်ချင်။ လုပ်လည်းမလုပ်တတ်။ စကားမာမာနဲ့ပြောဖို့ကိုပင် မနည်းကြီး ဟန်ဆောင်ကြိုးစားနေရတာမျိုးဖြစ်ကာ ပြောနေဖို့ထက် "ကိုယ်ပဲကျုံးလုပ်လိုက်မယ်။ ကိုယ့်တာဝန်ပဲ"ဟုသာ သဘောထားလာတာ သူတို့လေးတွေတစ်သက်ပဲ ရှိကြပြီ ဆိုပါတော့။

မေမေက အငယ်မလေးကိုမွေးပြီး ဆုံးတာ။ ဖေဖေကတော့ အငယ်မလေး ဆယ်နှစ်သမီးလောက်မှာ ဆုံးတာဆိုတော့ ဒီညီမနှစ်ယောက်တို့ရဲ့ ရှိသမျှတာဝန်ပေါင်းစုံဟာ အငယ်မလေးနဲ့ဆို ဆယ့်ငါးနှစ်လောက်တောင် အသက်ကွာတဲ့ ဒီအစ်ကိုကြီးရဲ့ခေါင်းပေါ်မှာပဲ ဆိုပါတော့။ သိတတ်မှုရှိတဲ့ညီမကို သိတတ်တဲ့အလျှောက် အချစ်ပိုရသလို၊ မသိတတ်တဲ့ညီမ ကျပြန်တော့လည်း "သူ့ကံကိုက အဲဒီလိုပဲဖြစ်လာတာကိုး"ဟု အသနားပိုရပြန်တာပင်။

အ့မေက ကလေးမွေးပြီးပြီးချင်းဆုံးတော့ အငယ်မလေးဟာ တိုက်တိုင်းရဲ့လက်ထဲမှာပဲ ကြီးလာခဲ့ရပေမယ့် အဲဒီအချိန်က ခုနစ်နှစ်သမီးမျှသာ ရှိသေးတဲ့ အလတ်မကတော့ ဖေဖေ့ညီမငယ် အပျိုကြီးနဲ့ ကြီးရတာကိုး။ ဒီဇကော အကျင့်စရိုက်၊





စိတ်နေစိတ်ထားတို့ပါ ဒေါ်လေးနဲ့ တူသွားရတာ သူ့အပြစ်တော့ ဘာတ်မည်မထင်ပေ။

ဒေါ်လေးတို့များ တိုက်တိုင်းတစ်သက် ဒီမိသားစုနဲ့ပဲ အတူနေ မှီခိုလာခဲ့ပါရက် ဖေဖေလည်းဆုံးရော ကျန်ရစ်တဲ့မောင်နှမသုံးယောက်တာဝန် သူ့တာဝန် ဖြစ်မှာစိုးလို့ ဖေဖေ့အထက်က အကြီးဆုံး အစ်မကြီးတို့အိမ်ကိုပင် အတင်းပြောင်းပြေးတော့တာကြည့်ပါလား။ နဂိုကတော့ ကြီးတော်တို့မိသားစုက ဖေဖေတို့လောက် မတောင့်တင်းတော့ ဒေါ်လေးက ဖေဖေတို့နဲ့ပဲ နေတာပေါ့။ ယောက်မဖြစ်တဲ့ မေမေကလည်း အေးတာကိုး။ နောက်ပိုင်းမှာ ကြီးတော်တို့ကလည်း တစ်ဟုန်ထိုးစီးပွားတက်လာတဲ့အခါ "မမကြီးမှာ လုပ်ငန်းတွေနဲ့၊ သားသမီးတွေနဲ့ မနိုင်မနင်းကြီး" ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ ဒေါ်လေးက ဖေဖေ့ရက်လည်ပြီးတာနဲ့ တစ်ခါတည်း ပြောင်းချသွားခဲ့တော့တာ။

ကြီးတော်ကတော့ စေတနာမေတ္တာအပြည့်နဲ့ တိုက်တိုင်းတို့မောင်နှမသုံးယောက်လုံးကိုပါ သူနဲ့အတူ လာနေဖို့ခေါ်ပါသည်။ ဒါပေမဲ့ အဲဒီအချိန်မှာ တိုက်တိုင်းက သူများကိုမှီခိုဖို့ထက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်စပြုနေတာက တစ်ချက်။ နောက်တစ်ချက်ကတော့ ဒေါ်လေးလိုလူမျိုးနဲ့ အသွင်တူ၊ စိတ်တူ အလတ်မဟာ ကြီးတော်အိမ်က တစ်ဝမ်းကွဲများနဲ့ရော၊ ကြီးတော်ရဲ့ခင်ပွန်း ဘကြီးနဲ့ပါ ဘယ်လိုမှ အဆင်မပြေနိုင်မှာကို တိုက်တိုင်းက ကြိုတွက်နိုင်ပြီးသားလေ။

"ပိုက်ပိုက် ဒီလိုပုံပေါက်နေတာ အရှင်းဆုံးကတော့ မင်း ညံ့လို့ပဲ တိုက်ရေ။ သိုက်ကလေးကတော့ အချိန်မီနိုင်သေး တယ်၊ ကြည့်ရှုပြုပြင်ဦး"

ဒီညီမငယ်ကြောင့်ပဲ သူ့ရဲ့မေတ္တာရိပ်ကို လာရောက် မခိုလှုံနိုင်တာမှန်း သဘောပေါက်သွားတဲ့ ကြီးတော်ရဲ့ ကရုဏာ ဒေါသောစကားကို တိုက်တိုင်းက ခေါင်းငုံ့ပြုံးပြီးတော့ဘဲ ငြိမ်နား ထောင်နေခဲ့ပါသည်။ တိုက်တိုင်းက ပိုက်ပိုက်ကို မပြုပြင်၊ မပြော ဆိုနိုင်သလို ကြီးတော်ကရော ဒေါ်လေးကို ပြုပြင်ပြောဆို ပုံစံ ပြောင်းနိုင်မှာတဲ့လား။ နောက်ပိုင်းမှာတော့ တိုက်တိုင်းတို့ကို ခေါင်းရှောင်သွားတဲ့ ဒေါ်လေးနဲ့ ကြီးတော်တို့ရဲ့ ညီအစ်မချင်း ရန်ပွဲတွေဟာ သတင်းတွေ ပြန်မကြားချင်မှအဆုံးပဲ ဆိုပါတော့။

"ဟဲ့ ... အငယ်မ၊ ငါ အိမ်သာတက်ဦးမလို့နော်။ ဟို တစ်ခါကလို အိမ်တံခါးကို သံပန်းအပြင်ဘက်ကနေ လက် လျှိုသော့ခတ်ပြီး ထွက်မသွားကြနဲ့ဦး"

"မပိုက် တံခါးလိုက်မပိတ်ရတော့ အလုပ်ရှုပ်တောင် သက် သာသေးတာပေါ့။ အိမ်သာထဲမှာလည်း အကြာကြီး လိပ် ခေါင်းထွက်မတတ် အချိန်ဆွဲ ထိုင်နေဦးမှာကို မီးမီးတို့က ကျောင်းမသွား၊ အလုပ်မသွားသေးဘဲ ငုတ်တုတ်ထိုင်စောင့် ပေးနေရမှာလား။ ဘာအဓိပ္ပာယ်မှ မရှိဘူး"

"ဟဲ့ဟာမ ... မရှည်နဲ့၊ ငါက အိမ်သာတက်ပြီးမှ ရေချိုး နိုင်မှာ"





"ချိုးပေါ့။ မီးမီးက အားလုံးပြီးနေပြီ။ မပိုက်နဲ့ရေချိုးခန်း လုဦးရိုမှာများ ကြောက်လွန်းလို့ မပိုက် နိုးမလာခင်ကတည်း က ရေမိုးချိုး အဝတ်အစားလဲ တစ်ခါတည်း လုပ်ထားပြီး သားပဲဟာ"

"အဲဒါကို ပြောနေတာ မဟုတ်ဘူး။ နင်တို့နှစ်ယောက် အပြင်ထွက်တဲ့ကားနဲ့ ငါလည်း တစ်ခါတည်းလိုက်မှာ။ ငါ မြို့ထဲသွားစရာရှိတယ်။ နင်တို့နှစ်ယောက်ကျတော့ အလုပ်သွား ကျောင်းသွားတာ ကားနဲ့ကြော့ကြော့လေး။ ငါ့ကျ နောက်မှအပြင်ထွက်ပြီး ဘတ်စ်တို့ တက္ကစီတို့ကို အားကိုးစရာလား။ ငါ သေချာပြောတယ်နော် လစ်ထွက် မသွားကြနဲ့။ ငါပြီးတဲ့အထိစောင့်"

ရေချိုးခန်းထဲက ထွက်လာပြီဖြစ်သော တိုက်တိုင်း မှာ ကြားလိုက်ရတဲ့ စကားတွေကြောင့် အဝတ်အစားလဲလှယ် ရင်း သက်ပြင်းမောကြီး တစ်လုံးကို ဝူးခနဲ ချလိုက်မိပါသည်။ အိပ်ရာကလည်းမထ၊ မနက်စာကို အချိန်ဆွဲစား၊ အိမ်သာကိုဇိမ် ခံတက်ပြီးမှ အချိန်မီ အပြင်ထွက်ရမယ့်သူများနဲ့အတူ လိုက်ပါဦး မည်တဲ့။

"အလတ်မ ... ဆယ်မိနစ်ပဲ စောင့်မယ်"

"ဘယ်လိုမှ မပြီးဘူး၊ ဆယ်မိနစ်အတွင်းများ ရေချိုးအလှ ပြင်ဖို့မပြောနဲ့ အီးတောင်မထွက်ဘူး"

"အဲဒါ နင့်ကိစ္စပဲ၊ ငါတို့ကတော့ ဆယ်မိနစ်ပဲစောင့်မယ်"

"ကိုကိုကြီး မယုတ်မာနဲ့နော်"

"ခုပဲ ခုနစ်နာရီခွဲနေပြီ အလတ်မ၊ နောက်ဆယ်မိနစ်ဆို ခုနစ်နာရီလေးဆယ်။ မီးမီးရဲ့ကျောင်းကို ရှစ်နာရီမှီဖို့ မနည်းမောင်းရမယ်"

"ဒါဖြင့် ကျောင်းကအပြန် နောက်တစ်ခေါက် ပြန်လာဝင်ခေါ်။ ခုသွားပို့လိုက်တော့။ ပြီးအောင်လုပ်ထားလိုက်မယ်"

"မရဘူး။ တစ်ကွေ့ကြီး ပြန်ပတ်လာရမှာနဲ့၊ ရှစ်နာရီကျော်ရင် ကားရှုပ်တာနဲ့၊ လမ်းကြောကျပ်တာနဲ့။ ငါ့အလုပ်ချိန်က ရှစ်နာရီခွဲစတာ၊ နောက်ကျရင် လက်မှတ်ထိုးရတယ်ဆိုတာလည်း ငါ ပြောထားပြီးသား။ လက်မှတ်ထိုးရပေါင်းကလည်း များနေပြီ။ နင့်ကြောင့်ချည်းပဲ။ ပြောနေကြာတယ်။ လိုက်ချင်ရင် သွားလုပ်ချေတော့၊ ဆယ်မိနစ်ပြည့်ရင်တော့ ငါတို့ ထွက်ပြီ"

"အဲဒါ ယုတ်မာတာ မဟုတ်လို့ ဘာလဲ၊ တမင်သက်သက် မဖြစ်နိုင်တဲ့ အနေအထားကိုပြောပြီး လူကို သက်သက်အကျပ်ကိုင်တာ၊ အကျင့်ကို မကောင်းဘူး"

"မနက်ဘက် အပြင်ထွက်ရမယ့်သူတွေနဲ့ အတူလိုက်မယ်စဉ်းစားရင် စောစောထပြီး မီအောင်လုပ်ထားရမယ်လေ။ အချိန်နဲ့အတိအကျ လုပ်ရမယ့်သူတွေက မစောင့်နိုင်တာ ဘာမှအပြစ်မရှိဘူး"





"ဒါတောင် မိဘလက်ထက်က ကျန်ခဲ့တဲ့ကားမို့လို့ပဲ။ သူ့လုပ်စာနဲ့ ဝယ်ထားတဲ့ကားဆိုရင် မျက်စောင်းတောင် လှည့်ထိုးလို့ရမှာ မဟုတ်ဘူး၊ မိဘကျန်ခဲ့တဲ့ကားကို မောင်းတတ်တဲ့လူကပဲ အပိုင်စီးထားကြေးဆိုရင် ပိုက်ပိုက်တို့လည်း ကားမောင်းသင်မယ် ဒါပဲ၊ ဘာမှလာတားဆီးပိတ်ပင်မနေနဲ့"

ရန်ကဆက်ဖြစ်ချင်နေသေးပေမယ့် ဗိုက်ကနာလာ ...မို့ အလတ်မတစ်ယောက် အော်ရင်း ပြေးရင်း ဆိုသလို ရေချိုး...း အိမ်သာဘက် ထွက်သွားလျှင် တိုက်တိုင်းက အငယ်မကို ...က်ရိပ်ပြလိုက်ပါသည်။ နဂိုတည်းက ထမင်းချိုင့်ဆွဲခြင်းနှစ်ခု ...လေးကို အသင့်ကိုင်ထားပြီးသား အငယ်မကလည်း အလိုက်တသိ ...င် ခြေဖျားထောက်ပြီး ဧည့်ခန်းသို့ အမြန်ထွက်ပြေး ...။

"ဟဲ့တော့ ... ကိုကိုကြီးရေ။ သော့ပါ တစ်ခါတည်း အစီအစဉ်နဲ့ ကြိုဖွက်ထားပြီးသားထင်တယ်။ အိမ်ရှေ့တံခါးမကြီးကိုဖွင့်တဲ့သော့က ချိတ်ထားတဲ့ စင်ကလေးမှာ မရှိဘူးတော့"

တိုက်တိုင်းမှာ ရှုံးအိတ်ထဲက သော့တူတစ်စုံကို ...သံမမြည်အောင် ဆွဲထုတ်ပြလိုက်ရပါတော့သည်။ နှစ်ယောက်သား တံခါးကြီးကို တိတ်တိတ်ဖွင့်၊ အတွင်းဘက်ထဲ လက်လျှို...ြီး သော့ပြန်ခတ်ပေး။ ရေချိုးခန်း အိမ်သာဘက်ဆီကတော့ Non-stop တရစပ်သော အာပြဲသံများက လှိုင်လှိုင်ကြီးပဲ ထွက်...ပေါ်လို့နေပါသည်။

"ကိုကိုကြီး ထမင်းချိုင့်ထည့်တုန်းက သူ့ဖို့ချန်ခဲ့တဲ့ ကြက်သားတုံးတွေက ပိုများရဲ့လား။ မနေ့ကညက နယ်ဖတ်ပြီးလုံးထားဖို့ ရေခဲသေတ္တာထဲက ထုတ်ထားတုန်း ကိုကိုကြီး မသိအောင် သူ အတုံးရေ လာရေကြည့်သွားသေးတယ်နော်၊ နို့မို့ အခုလုပ်တာနဲ့ပါပေါင်းရင် ညနေကျ အပြစ်က ပိုကြီးနေလိမ့်မှာ"

တိုက်တိုင်းအောင်က အငယ်မကို မျက်စိတစ်ဖက် မှိတ်ကာ လက်မ,ပါ ထောင်ပြလိုက်ရင်း "သူ ရေကြည့်ပြီး နည်းနည်းကြီးနေတယ်ထင်တဲ့ အတုံးတွေကို နှစ်ပိုင်းစီထပ်ပိုင်းထားလိုက်သေးတာ။ ခု သူ့ဖို့ချန်ထားခဲ့တဲ့ အတုံးအရေအတွက် က မနေ့ညက သူရေကြည့်ထားတာနဲ့ဆို တစ်ဝက်တောင်ကျော်နေသေးတယ်"ဟု ပြောလိုက်ပါသည်။ မောင်နှမနှစ်ယောက်နဲ့ ရယ်သံတွေ တိုက်လှေကားတစ်လျှောက် ကျယ်လွင့်သွားပြီး နှစ်ယောက်လုံး မနည်းဘရိတ်ပြန်အုပ်လိုက်ကြသည်။

♥ ✉ ♥

"နင်က ဘာဖြစ်လို့ လွယ်လွယ်ကူကူနဲ့ သဘောတူလိုက်ပြီး လိုက်လာတာလဲ"တဲ့။

အစ်မကြီးမစိုးက **"ဝတ်ဆံ"**ကို မျက်ခုံးကြီးနှစ်ဖက် ပင့်ကြည့်ကာ နားမလည်နိုင်သလို မေးလာခဲ့ပါသည်။





"အိုဗာတိုင်ဆင်းပြီးလုပ်ရမယ့် အလုပ်တွေကို သူ့အိမ်သူ့ရာကို သယ်သွားပြီး၊ ရွှေ့ပြီးပဲ လုပ်ကြရအောင်ပါလို့ပြောတာ တမင်အကြံကြီးနဲ့ ကျောချင်တာမျိုး ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ ဝတ်ရဲ့။ ရုံးအလုပ်ဆိုတာ ရုံးမှာပဲပြီးအောင် လုပ်ကြရရိုး ထုံးစံပဲ။ ရုံးမှာက ညနေဘက်၊ ညဘက် နေဖို့ စားဖို့ အဆင်မပြေလို့ဆိုလည်း တစ်မျိုးပေါ့။ ခုတော့ ဘော့စ်က ညခုနစ်နာရီလောက်အထိ ဆက်လုပ်ရမယ်ဆိုရင် ရုံးကင်န်တဲင်းကို ခုနစ်နာရီအထိ ဆက်ဖွင့်ခိုင်းထားပေးမယ်လို့လည်း ပြောပြီးသား ..."

တကယ်ဆိုရင် သက်သောင့်သက်သာရှိအောင် အိမ်တစ်အိမ်မှာ ရွှေ့လုပ်ကြကြေးဆိုရင်တောင် ယောကျ်ားလေးအိမ်ကို မိန်းကလေးနှစ်ယောက်က လိုက်ရမလားဟဲ့။ မသကာ မိန်းကလေးအိမ်ကိုပဲ သူကပါလာတာကမှ ပိုကောင်းဦးမယ်"

"အာ ... မစိုးကလည်း မစိုးအိမ်ကဖြင့် သားတော်မောင်တွေနဲ့ ရုံးအလုပ်ကို ဖြောင့်ဖြောင့်လုပ်လို့ ရပါ့မလား။ ဝတ်တို့အိမ်ကိုလည်း သူ့ကို ခေါ်မသွားချင်ပါဘူး မစိုးရယ်။ အဲဒါကမှ ပိုဆိုးတာပေါ့"

"ဒါဖြင့်ရင်လည်း ရုံးမှာပဲ ..."

"မစိုးကလည်း သူ့အိမ်မှာလုပ်တာလည်း သိပ်ကြီးအဆိုး မရှိနိုင်ပါဘူး"

"ငါ့အတွက် ပြောနေတာမှ မဟုတ်တာ၊ ငါက ဘာအရေးလဲ၊ နင်ကသာ"

မစိုးက ဝတ်ဆံကို မျက်စောင်းကြီးကြီးတစ်ခု ရွယ်လိုက်ကာ ...

"တော်တော်ကြာ တိုက်တိုင်းက ဝတ်ဆံတော့ ငါ့ကျနေပြီ ငါ တစ်ချက်ခေါ်လိုက်တာနဲ့ အိမ်အထိ တန်းတန်းမတ်မတ်ကို ပါလာတာပဲလို့ ထင်နေ၊ လျှောက်ပြောနေရင် ဘယ့်နှယ်လုပ်မလဲ"

"အို ... မစိုးကလည်း၊ သူက အဲဒီယောကျ်ားမျိုးထဲမှာမှ မပါတာ၊ မစိုးလည်း သူ့အကြောင်းသိရက်နဲ့"

"သိတော့ သိတာပေါ့အေ့၊ ဒါပေမဲ့ ယောကျ်ားထုအများစုက အဲဒီလို ရှိတတ်တယ်ဆိုရင် ကိုယ်တွေက ကြိုရှောင်ထား၊ ထိန်းထားရင် မကောင်းဘူးလား"

"ဝတ် တစ်ယောက်တည်းမှ မဟုတ်တာ၊ မစိုးလည်း ပါနေတာပဲဟာ။ ပြီးကျတော့ ဝတ်က အဲဒီလိုကမ်းလှမ်းလိုက်တာကို ပိုးတောင်သဘောကျသေးတယ်၊ ဝတ်တို့ လိုက်ကြည့်အကဲခတ်လို့ ရတာပေါ့ မစိုးရဲ့"

"ကောင်မလေး ... နင်တော့ သူ့ကို ကျကိုကျနေပြီ၊ မညာနဲ့"

"မညာပါဘူး"





ဝတ်က မစိုးကို တိုးတိုးလေး ပြန်ဖြေရင်း မျက်လွှာလေး အသာချကာ ပြုံးနေမိပါသည်။ မညာပါဘူး။ ဟုတ်တယ်လေ။ "ဝတ်ဆံကို သိပ်ချစ်တာပဲ၊ ကျွန်တော့်ကို ပြန်စဉ်းစားပေးနော်"ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ဝတ်ကလည်း သိပ်ကိုတအားကို ပြန်ချစ်နေမိပြီ။ ဟင့်အင်း ... သူ လာပြောပြီးမှ ပြန်ချစ်သွားတာထက် "တိုက်တိုင်းအောင်"ဆိုတဲ့ လူတစ်ယောက်ကို ဝတ်ဆံက စ,စမြင်,မြင်ချင်းကတည်းကကို စိတ်ဝင်တစားနဲ့ သဘောကျနစ်လိုနေမိတာပါ။

ဒီလိုယောကျ်ားတစ်ယောက်ကများ ငါ့ကိုချစ်ပါတယ်လို့ ပြောလာခဲ့ရင် အဖြေပေးပြီး ပြန်လက်ခံပစ်လိုက်ဖို့ လုံးဝဝန်မလေးဘူး။

ငါကြိုက်တဲ့ပုံစံက အဲဒီလိုပဲ အစစ်။ အဲဒီပုံစံကမှ ငါ ရွေးချယ်ချင်တဲ့ ငါ့ရဲ့ဘဝအဖော် လက်တွဲဖက်ပုံစံ အတိအကျ။

အသက်သုံးဆယ်နှားနီးနီး အပျိုကြီးမဖြစ်တဖြစ် (ဖြစ်စ)မိန်းမတစ်ယောက်ရဲ့ ရင်ထဲကအတွေးတွေကို ရုက်စရာကောင်းလှချည့်၊ ဣန္ဒြေမဲ့လှချည်လို့များ သတ်မှတ်ချင်ကြပါသလား။ မိန်းကလေးဆိုပေမယ့်လည်း အဲဒီလောက်တော့ (စိတ်ထဲကပဲဖြစ်ဖြစ်) ကြိုတွေး၊ ကြိုတင်ကြုံးဝါးကြွေးကြော်ခွင့်ကတော့ ရှိပါတယ်နော်။ ဩွားဖွင့်ပြောနေတာမှ မဟုတ်တာပဲ။

သူက လာဖွင့်ပြောလိုက်တော့လေ အံ့သြတကြီးနဲ့ ထိတ်လန့်တုန်လှုပ်သွားလိုက်ရတာများ။ "ဘယ်လိုမှ မျှော်လင့်

မသားမိတဲ့ အထူးတဆန်းကြီးများ ဖြစ်နေလို့လားခင်ဗျာ"တဲ့။ ဝတ်ဆံရဲ့လန့်ဖျပ်မှုကို သူတောင် ပြန်ပြီးစိုးထိတ်သွားရတာပါ။ ဝတ်ဆံကတော့ ကိုယ့်ဘက်ကချည်း တိတ်တခိုး "ဒီလိုပုံစံ၊ ဒါမျိုး" ဘာဘာညာညာ ကြွေးကြော်နေချိန်မှာ မထင်မှတ်ဘဲ မိုးနတ်မင်းက ဆုရိုးမြှင့်လိုက်သလို ဖြစ်သွားတော့ ပျော်ရွှင်သွားရဖို့ကိုတောင် ပထမတော့ အံ့ဩနေမိသေးတာပေါ့နော်။

စ,စလာပြောကတည်းကလေ ပြန်ဖြေကိုဖြေချင်နေတာ။ "ဖြေခွင့်"ကို အလစ်ချောင်းသလို စောင့်ချောင်းနေတာ။ သိပ်များစောနေမလား။ သူကလည်း ခဏခဏ ထပ်,ထပ်ပြောမနေဘူး။ "ဟိုတစ်ခါ ရှင်ပြောထားတဲ့ကိစ္စလေ"လို့ အစပြန်ဖော်ရမှာလား။ "ကျွန်မစ,စဉ်းစားနေပြီ"လို့ မယုတ်မလွန်လေး ပြောထားကြည့်ရင်ကော။

ငါးလလောက်ရှိပြီဆိုတော့ ဣန္ဒြေမရတဲ့ စာရင်းထဲတော့ မပါနိုင်လောက်တော့ပါဘူးနော်။

ဝတ်ဆံမှာ နေ့တိုင်း၊ ရုံးရောက်တိုင်း၊ သူ့မျက်နှာမြင်တိုင်း ချိတုံချတုံ၊ ရှေ့မတိုးရဲ နောက်မဆုတ်ချင်တဲ့ အတွေးတို့နဲ့ ထွေးလုံးရစ်ပတ်ကာ ဒုက္ခရောက်နေတတ်ရမြဲ။ အပြောချိုချို၊ နှစ်လိုဖွယ်မျက်နှာထားနဲ့ ကြင်နာနားလည်တတ်ပုံ ထွက်နေတဲ့ ယောကျ်ားသားတစ်ယောက်ကတော့ ဝတ်ဆံရဲ့ နေ့စဉ်နဲ့အမျှဒုက္ခတွေကို (သူမို့ပဲ ရိုးရိုးကြီးသဘောနဲ့) ရိပ်စားမိနိုင်ဟန်လည်းမရှိချေ။ လူကိုတကျိုကျိုလည်း အဖြေမတောင်း၊ မတိုက်တွန်း။ ပြော





ပြောတော့လည်း "ဝတ်ဆံ အချိန်ယူစဉ်းစားမယ်ဆိုရင် ကြိုက်သလောက် အချိန်ယူပါနော်၊ ကျွန်တော် စောင့်နိုင်ပါတယ်"တဲ့။ လိုက်ချင်သည်။

"ရှင်က စောင့်နိုင်ပေမယ့် ကျွန်မက မစောင့်နိုင်တော့ ရှင့်"လို့ပဲ ကျူးအော်လိုက်ရင် ကောင်းမလားတောင် မှတ်ရ ။ အဲဒီလို အီလည်လည် ဖြစ်နေချိန်မှာ ရုံးကဘော့စ်ကလည်း းစမှူး "မနက်ဖြန် အော်ဒါဖောက်သည်တွေနဲ့ တွေ့ဆုံပွဲရှိလို့ ချုပ်၊ နှစ်ချုပ်စာရင်းတွေကို ဒီနေ့တစ်နေ့တည်း အပြီးများ ဆွဲ ချက်ခ်လုပ်ပေးနိုင်ကြမလား"တဲ့။

ခါတိုင်းတော့ သူ့အလုပ်ချိန်တွေကို သူ ဘယ်လိုစီမံသလဲ ဝတ်က မသိပါ။ တိုက်တိုင်းက ဝတ်တို့အထည်ချုပ်နဲ့ ပ်လုပ်ငန်းကုမ္ပဏီကုမ္ပဏီကြီးမှာ စာရင်းကိုင်(Accountant) ပြီး အစ်မကြီး မစိုးက သူ့ရဲ့လက်ထောက်အကောင့်နဲ့တန့်။ ကတော့ ထုတ်လုပ်ရေးအပိုင်းက မန်နေဂျာမို့ အလုပ်ပုံစံချင်း လေတဲ့ သူနဲ့ ဝတ်ဟာ အလုပ်တစ်ခုတည်းမှာ ဖြစ်ပေမယ့် တွဲလုပ်ဖြစ်ကြဖို့မရှိ။

ဒီနေ့ကတော့ ဖောက်သည်မြောက်မြားစွာတို့ရဲ့ မတူ ဘဲ့ အမှာပုံစံတွေကိုပါ ပြန်ပြီးစာရင်းပေါင်းညှိ၊ စစ်ဆေးပေးရ ဆိုတော့ "ကုန်ထုတ်"နဲ့ "စာရင်း"က တိုက်တိုက်ဆိုင်ဆိုင် က်တွဲဖို့ ဖြစ်လာတော့တာပါ။ အဲဒီမှာတင် ဘော့စ်ထွက်သွား နဲ့ သူက ...

"အစ်မကြီးနဲ့ ဝတ်ဆံကို request တစ်ခုလောက် လုပ်ပါရစေဗျာ၊ တောင်းဆိုလွန်းတယ်လို့လည်း မထင်ကြပါနဲ့၊ ကျေးဇူးပြုပြီး ရုံးမှာ အိုဗာတိုင်ဆင်းပြီး ပြီးအောင်လုပ်ရမယ့်အလုပ်တွေကို ကျွန်တော့်အိမ်ပဲရွှေ့ပြီး လိုက်လုပ်ပေးနိုင်ကြမလားလို့ပါ။ အိမ်မှာ ကွန်ပျူတာလည်းကောင်း၊ မီးလည်းမှန်ပါတယ်။ ဧည့်ခန်းကလည်း အလုပ်လုပ်ဖို့ သက်သောင့်သက်သာ ဖြစ်လောက်အောင်တော့ ကျယ်ပါတယ်။ တစ်ဆိတ်လောက် ကျေးဇူးပြုပြီးတော့ပေါ့လေ၊ ဖြစ်နိုင်ကြမလားတော့ မသိဘူး။ အားလည်း နာပါတယ် Please"

အစ်မကြီးက ဝတ်ဆံကို မျက်လုံးလေး စွေကြည့်ရှိသေး ဝတ်ဆံက ခေါင်းကို မြန်မြန်ပဲ ညိတ်ပြလိုက်ကာ "ကိစ္စမရှိပါဘူး ရပါတယ်၊ အဆင်ပြေသလိုလုပ်ပါ"လို့ ပြောလိုက်မိပြီးသား ဖြစ်နေတော့တာ။ အဲဒီကတည်းက မျက်ခုံးကြီးပင့်တက်သွားတဲ့ အစ်မကြီးက ...

"တို့ကတော့ ဆာတတ်တယ်နော်၊ အိမ်ခေါ်ပင့်သွားချင်ရင်တော့ ညစာပါ စီစဉ်ပေးရမှာပဲ"

"ပြောဖို့ မလိုပါဘူး မစိုးရယ်၊ ကျွန်တော့်လက်ရာကောင်းမကောင်းကိုသာ ဝေဖန်ပေး၊ ဟုတ်ပြီလား"

စိတ်တိုင်းကျ ကျေနပ်သွားပုံရတဲ့ သူ့မျက်နှာရဲ့ကြည့်ကောင်းလှပုံက အတိအကျ ပြန်ပြောပြနိုင်ဖို့ စကားလုံးပင်





ခဲယဉ်းပါသည်။ မစိုးကြီးကသာ "ကောင်းပါ့မလား"လို့ မအီမသာဖြစ်နေတာ၊ တိုက်တိုင်း တစ်ယောက် အဲဒီလို ကျေနပ်တယ်ဆို ဝတ်ဆံလည်း ကျေနပ်တာပဲ။ သဘောကျတာပဲ။

ဒါ ဝတ်ဆံကို တမင်ခေါ်ပြချင်တာ၊ သူ့အနေအထားနဲ့ သူ့ဘဝကို အရှိကို အရှိအတိုင်း ကြိုသိထားစေချင်တာမျိုးပဲ မဖြစ်နိုင်ဘူးလား။ ချစ်ခွင့်တောင်းထားတဲ့ ယောကျ်ားတစ်ယောက်က အဖြေပေးရမယ့် မိန်းမတစ်ယောက်အပေါ် ရိုးသားပွင့်လင်းချင်တဲ့ နည်းလမ်းတစ်ခုလေ။ ခေတ်ကြီးက ပြောင်းလဲနေပါပြီ။ အဖြေမပေးရသေးခင် အိမ်လိုက်အကဲခတ်တာမျိုးကို "ယဉ်ကျေးမှုနဲ့မညီဘူး"လို့ ရှုတ်ချချင်မယ့်သူမျိုး ရှိနိုင်မယ်မထင်တော့ပါဘူးနော်။

"သူက မိဘတွေမရှိတော့ဘူးလေ။ ရှေးဆန်ကောင်း ဆန်နိုင်ပြီး အထင်အမြင်သေးနေနိုင်တဲ့ လူကြီးသူမမျိုးမရှိတော့တော့ ဝတ်တို့လိုက်လည်ရတာ ပိုအဆင်ပြေတာပေါ့ မစိုးရဲ့။ သူ့မှာက ညီမနှစ်ယောက်ပဲ ရှိတော့တာတဲ့။ အဲဒါတွေကိုရော သူ့အိမ်အနေအထားနဲ့ သူ့ဘဝပုံစံကိုပါ ဝတ်စဉ်းစားနေတဲ့အထဲ ထည့်စဉ်းစားလို့ရအောင်လို့ ကြိုပြီးခေါ်ပြထားချင်တာနဲ့တူတယ် ... နော်"

မစိုး ဆိုတာကတော့ ဝတ်ဆံအတွက် မိတ်ဆွေသူငယ်ချင်းပုံစံမျိုးတောင် မဟုတ်။ အစ်မကြီး အမိအရာအသွင်ဆိုတော့ ဘာမှမြှုကျိတ်ထားစရာ ရှက်နေစရာ မလိုပေ။ ဒီလိုနဲ့ပဲ "ကာယကံရှင်နှစ်ယောက်က နှစ်ဦးနှစ်ဖက် ပြေလည်နားလည်နေ

ကြရင်လည်း ပြီးတာပါပဲ"ဆိုတဲ့ မစိုးရယ်၊ အိမ်သို့ အခေါ်အဖိတ် ခံရတာကိုပင် ရင်တထိတ်ထိတ်နဲ့ ကျေနပ်နှစ်သက်နေတဲ့ ဝတ်ဆံရယ် တိုက်တိုင်းတို့အိမ်သို့ အလုပ်နဲ့သက်ဆိုင်တဲ့ဖိုင်လ်တွေ၊ စီဒီချပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ရောက်ကြရရော ဆိုပါတော့။

သူ့အိမ်ဧည့်ခန်းထဲ ခြေချမိရုံရှိသေး၊ မစိုးနဲ့ ဝတ်တို့ ကောင်းကောင်းပင် မထိုင်ကြရသေး သူက ဖျတ်ခနဲဆိုသလို ပျောက်သွားကာ ငါးမိနစ်မျှမရှိချင်သေး အတောအတွင်းမှာ ဖျတ်ခနဲပင် ကော်ဖီဗန်းကြီးနဲ့ ပြန်ပေါ်လာပါရော။

"ကော်ဖီနဲ့ ပေါင်မုန့်ယိုသုတ်နဲ့ အရင်စားထားကြနော်။ ညစာထမင်းကတော့ ခြောက်နာရီခွဲ၊ ခုနစ်နာရီလောက်မှ ရရင် ဖြစ်မလား"

"တို့တွေက စောစောမစားတတ်ပါဘူး တိုက်တိုင်းရယ်။ ဆာတတ်တယ်ဆိုတာ် နောက်တာပါ။ ဒါနဲ့ လုပ်ပုံကိုင်ပုံတွေက အကွက်စေ့ပြီး မြန်ဆန်လှချေလား။ ဒါ ရှင်ကိုယ်တိုင် သွားလုပ်လာတာလား"

"ကျွန်တော့်အိမ်က အဖော်အကူ မရှိဘူး အစ်မကြီး။ ကိုယ်တိုင်ပဲလုပ်တယ်"

မစိုးက "အေးပေါ့ ... ညီမနှစ်ယောက်လည်း ရှိသေးတယ်ဆိုတော့ အဖော်လူပိုခေါ်ဖို့ ဘယ်လိုမလဲ"ဟု လှမ်းပြောလိုက်ကာ ဖျတ်ခနဲ ပြန်ပျောက်သွားပြန်သော တိုက်တိုင်းရဲ့ကျောပြင်ကိုကြည့်ရင်း ခပ်တိုးတိုး ပြုံးစိစိနှင့် ...





"နင်တော့ ကံကောင်းမယ်နဲ့တူတယ်၊ သူ့ကြည့်ရတာ သူကိုယ်တိုင်ပဲ အားလုံးလုပ်တတ်နေမယ့်ပုံ ပေါက်နေပါလား"

ဝတ်ဆံမှာ မစိုးစကားကို အာရုံမစိုက်နိုင်အားဘဲ ...ပ်ခန်းတစ်ခုနှင့် မီးဖိုဘက် အသွားအပြန် အကူးအသန်းဖြစ်နေ ...သည့် သူ့ကိုပဲ အံ့သြတကြီး လိုက်အာရုံစိုက်နေမိပါသည်။

"မစိုးရေ ... ကော်ဖီအရင်သောက်ပါ၊ ပြီးရင် စီဒီနံပါတ်–A-243 မှာ ညနေက လုပ်လက်စ စာရင်းနော်၊ စာရွက်ထုတ်ပြီးသားက ဖိုင်လ်အပြာအကြည်ထဲမှာ၊ နောက်ဆုံးစာရွက်"

ပါးစပ်က လှမ်းအော်ပြောရင်း အခန်းအကူးအပြောင်း ...ာ သူ့လက်ထဲပါသွားသည်များကတော့ အဝတ်တွေတစ်ပုံတစ် ...က်။ ဝတ်ဆံ လိုက်ငေးကြည့်နေတာကို တွေ့သွားတော့ ရယ် ...ကျဲကျဲပုံစံလေးနဲ့ လှမ်းပြုံးပြကာ ...

"မနက်က အချိန်မရလိုက်လို့ အဝတ်တွေ မလျှော်ပစ်ခဲ့ရလို့ဗျ"

"ဩော် ... ဟုတ် ... ဟုတ်"

ဝတ်ဆံသာ မျက်စိမမှားဘူးဆိုရင် သူ့လက်ထဲပါသွားတဲ့ အဲ့ဝတ်တွေဟာ သူ့အင်္ကျီတောင် တစ်ထည်တလေလောက် ...ါလို့...ား။ မိန်းကလေးအင်္ကျီတွေ၊ ညဝတ်ဂါဝန်ရှည်တွေ၊ အင်္ကျီ ...မြူ ထဘီစိမ်း ကျောင်းဝတ်စုံက တစ်စုံ၊ ဂျင်းဘောင်းဘီပေမယ့် မိန်းကလေးဝတ်မှန်း သိသာနေတာက တစ်ထည်။ ခဏကြာတော့

"ဂလုံး ... ဂလုံး"သံ ထွက်နေသော အဝတ်လျှော်စက်လည်သံ ထွက်လာတာနဲ့ တစ်ပြိုင်နက် ထမင်းအိုးထဲသို့ ဆန်ချင်ထည့်သံ လိုလိုပါ ကြားလိုက်ရကာ ...

"မစိုးနဲ့ ဝတ်ဆံက နှစ်ယောက်ပေါင်း နို့ဆီဘူးတစ်လုံး မပြည့်တပြည့်လောက်ဆိုရင် ရပြီလား"

"အာ ... တိုက်တိုင်းရယ်၊ တို့တွေကြောင့် ရှင်တော့ဒုက္ခများပါပြီ။ ခေါက်ဆွဲကြော်၊ ထမင်းကြော်လေး ဝယ်စားလိုက်လည်း ရရက်နဲ့"

"မဟုတ်ဘူး၊ ကျွန်တော်တို့အိမ်အတွက်လည်း ချက်ရမယ့်ဟာတွေလေ။ ကျွန်တော်တို့ မောင်နှမတွေက များသောအားဖြင့် အပြင်စာ မစားကြဘူး"

"ဒါဖြင့် ဟင်းတွေပါ တစ်ခွက်ပြီးတစ်ခွက် စီစဉ်နေတော့မှာလား၊ လာခဲ့ပါ ... ပြီးမှ တို့ပဲ ဆင်းဝယ်လိုက်ပါ့မယ်။ ညီမတွေက အပြင်က ပြန်မရောက်ကြသေးတာလား။ ကလေးတွေ ပြန်လာလည်း မောမောပန်းပန်းနဲ့ တို့တွေအတွက် ဝင်လုပ်ပေးနေရမှာ အားနာပါတယ်။ ဒီနေ့တော့ ဝယ်ပဲစားလိုက်ကြရအောင်ပါ၊ လာ ... လာ ... အလုပ်ပဲ ပြီးအောင်လုပ်မယ်"

တိုက်တိုင်းမှာ ထမင်းဟင်းကိစ္စကို ထပ်မပြောတော့ဘဲ ရုံးအလုပ်ကိစ္စများကိုသာ "ဘာပြီး ဘာညာ ဘယ်လို"စသဖြင့် ဆက်တိုက် လှမ်းအော်ဟစ်နေပါသည်။ သူနဲ့သက်ဆိုင်တဲ့အလုပ်





ကိစ္စတွေကို အံ့သြစရာကောင်းလောက်အောင် အလွတ်ရနေတဲ့ အပြင် ဝတ်ဆံနဲ့ညီဖို့ ကုန်ထွက်စာရင်း စတာတွေကိုလည်း သူက များမယွင်း ခေါင်းနဲ့ပါးစပ်နဲ့ပဲ အလုပ်လုပ်နိုင်နေလေသည်။

"ဟဲ့ ... သူက ပါးစပ်နဲ့ပဲ အလုပ်လုပ်တော့မယ်နဲ့တူတယ်။ နင်နဲ့ငါကတော့ သူ တစ်ချက်ချင်း လှမ်းလှမ်းခိုင်းနေတာတွေကို လက်တွေ့လုပ်ကြပေတော့ဆိုတဲ့ သဘောနဲ့တူတယ် ဟဲ့။ ငါတို့ကို သူ့အိမ်အထိ မရ,ရအောင် အပါခေါ်တာ နင် ထင်နေသလို သူ့အခြေအနေကို လေ့လာစေချင်လို့မှ ဟုတ်ရဲ့လား။ ညနေဘက်ကျ အိမ်အလုပ်တွေ ဒေါင်းတောက်အောင်ရှုပ်တတ်တဲ့သူမို့ သူ့အလုပ်တွေ သူလုပ်နေရင်း ရုံးအလုပ်တွေပါ တစ်လက်စတည်း ပြီးနိုင်အောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောများလား ...

ဒါနဲ့ သူ့ညီမတွေကကော။ အစ်ကိုတောင် အိမ်ပြန်ရောက်နေပြီ သူတို့က ပြန်မလာကြသေးတာလား။ သူ့ရဲ့ ရှုပ်ပွေလီနေတဲ့ အလုပ်တွေကကော ညီမတွေပြန်လာမှ လုပ်နိုင်းရင် မရဘူးလား။ သူ့ညီမတွေ ပြန်ရောက်လာရင် ဘာအလုပ်မှ လုပ်စရာမကျန်တော့လောက်အောင် ကြိုလုပ်ထားချင်တာမျိုး ဆိုရင်တော့ သတိထားပေါ့။ တမင်ဟန်ဆောင်ပြနေတာဆိုလည်း မကောင်းဘူး။ အဲဒီလောက် အထိ အဖြစ်သည်းပြီး အချစ်ပိုနေတတ်တဲ့သူဆိုလည်း လုံးဝ ကောင်းဘူးပဲ"

မီးဖိုဘက်က ထုထောင်းခုတ်ထစ်သံတွေနဲ့ ငါးရံ့ခြောက်ဖုတ်နံ့ပါ ထွက်လာချိန်မှာတော့ မစိုးက ရှံ့ရှံ့မဲ့မဲ့နှင့် အတင်းတုပ်သောစကားကို ဆိုလေပြီ။ ပြောလည်း ပြောချင်စရာ။ မစိုး ပြောသလိုပါပဲ၊ ရုံးအလုပ်တွေ အိမ်သယ်လုပ်ရင်း အိုဗာတိုင်ဆင်းတာ ဆိုပေမယ့် အစစအရာရာကို ခေါင်းတစ်လုံးနဲ့ အကုန်သိနေတော့သောသူက ပါးစပ်နဲ့။ မစိုးနဲ့ ဝတ်တို့ကတော့ ကိုယ်တိုင်ကိုယ်ကျလက်နဲ့။

ခဏကြာကျတော့ အိမ်ရှေ့တံခါးက ဘဲလ်တီးသံထွက်လာကာ မီးဖိုထဲမှာ ကိုယ်ပျောက်ကိုယ်တော် လုပ်နေတဲ့သူက အပြေးအလွှား ထွက်လာပြီး ...

"မီးမီး ပြန်လာပြီ"

အိမ်ထဲသို့ အဖြူအစိမ်းနှင့် ကလေးမလေးတစ်ယောက် ဝင်လာပါသည်။

"ဒါအငယ်ဆုံးလေးလေ သိုက်သိုက်တဲ့။ ဒီနှစ်ကိုးတန်း။ သူက နေ့လယ်ကျောင်းပြီးတာနဲ့ သူငယ်ချင်းကားနဲ့လိုက်သွားပြီး ကျူရှင်ဝိုင်းကို တန်းသွားတယ်။ အဲဒီကအပြန်ကျ အဲဒီသူငယ်ချင်းရဲ့မိဘတွေကပဲ အိမ်အထိ ပြန်ပို့ပေးတာ"

သွက်လက်ဟန်ရှိတဲ့ ကလေးမလေးက မစိုးနဲ့ ဝတ်တို့ကို ဖော်ဖော်ရွေရွေပဲ နှုတ်ဆက်စကား ဆိုပြီးသည်နှင့် ...

"ကိုကိုကြီး ... မီးမီး ဗိုက်ဆာပြီ"





"အေး ... အေး ရတော့မယ်၊ စောနေရင် ဒီမမတွေနဲ့ အတူစား ... နော်၊ ခု အဝတ်အစား သွားလဲလိုက်။ ရေခဲသေတ္တာထဲမှာ Ice coffee ဖျော်ပေးထားတယ်"

"ဟင့်အင်း ... မီးမီးက အိမ်စာတွေအများကြီး ပါလာတာ၊ ခါတိုင်းလိုပဲ ထမင်းကို နယ်ပေးပြီး အိပ်ခန်းထဲပဲ ပို့ပေးနော်၊ အိမ်စာလုပ်ရင်းပဲ စားလိုက်တော့မယ်"

ဝတ်နှင့် မစိုးတို့ တစ်မျိုးလေးတွေတော့ ဖြစ်သွားကြသခိုက် ခုနက တိုက်တိုင်းတစ်ယောက် ဝင်လိုက်ထွက်လိုက်လုပ်နေသော အခန်းတစ်ခုအတွင်းမှ တံခါးဖွင့်သံ "ချပ်" ခနဲထွက်ပေါ်လာပြီး "အီး ... ..." ဟူသော အပျင်းဆန့်သံရှည်ကြီးတစ်ခုနဲ့ လေးတီလေးကန်ဟန်ရှိသော သူတစ်ယောက်က အခန်းထဲမှ ထွက်လာကာ ...

"အငယ်မကို နယ်ပေးတဲ့ ပုံစံအတိုင်း ငရုတ်သီးမှုန့်လျှော့ထည့်"

အိပ်ချင်စိတ် မပြယ်သေးဟန် ဖြစ်ဆွဲသံကြီးနဲ့ ခပ်ဖိုင့်ဖိုင့်ကောင်မလေးတစ်ယောက်က ဧည့်ခန်းထဲက ဆိုဖာဆက်တီတစ်လုံးပေါ် ဝုန်းခနဲ လာထိုင်ချလိုက်ရင်း တီဗီကြီးကိုပါ ရီမုတ်ကွန်ထရိုးလ်နှင့် လှမ်းဖွင့်လိုက်သည်။

"အဲဒါကတော့ အလတ်မပဲ မစိုးတို့ရေ ... ပိုက်ပိုက်တဲ့။ သူကတော့ ဘွဲ့တစ်ခုရပြီးတာနဲ့ အအိပ်နဲ့အစားကိုပဲ အတိုးချပြီး ကြိုးစားနေလေရဲ့။ ဟဲ့ ... အလတ်မ၊ အဲဒီအစ်မနှစ်ယောက်က ငါတို့ရုံးကပဲ၊ မစိုးစိုးနဲ့ မဝတ်ဆံ တဲ့"

ဒီတစ်ယောက်ကတော့ ခုနက အငယ်မလေးလောက် ပင် ဖော်ရွေသွက်လက် လူမှုရေးကျေလိုပ်ပ(ဟန်) မရှိပါ။ "ဟုတ်"ဟု တစ်လုံးတည်း ခပ်ကျယ်ကျယ်ပြန်အော်လိုက်ပေမယ့် ခေါင်းနဲ့ မျက်နှာကတော့ သူ့ရဲ့ကျောဘက်မှာရှိနေကြတဲ့ ဧည့်သည်နှစ် ယောက်ထံ လှည့်လို့ကိုမလာ။ အတော်အတန် ကျယ်နေပြီဖြစ်တဲ့ တီဗီက အသံခလုတ်ကိုပဲ ထပ်ပြီးမြှင့်လိုက်သည်။

"ဟာ ... နည်းနည်းလောက် တိုးပါဦး၊ ငါတို့က ဒီမှာ အလုပ်လုပ်ကြရမှာ၊ ရုံးကအလုပ်တွေ မပြီးလို့ အိမ်ယူလာ ရတယ်လေ။ နင့်တီဗီကို တိုးဦး အလတ်မ"

"အာ ... ဒီ့ထက်တိုးတော့ ဘာကြားရမှာလဲ။ ရုံးအလုပ် တွေ ပါလာတယ်ဆိုတော့ ထမင်းက ဒါဖြင့် ဘယ်တော့ ကျက်မှာလဲ၊ ဒီကဖြင့် ဗိုက်ဆာလှပြီ"

"ခါတိုင်း စားနေကျအချိန်ပဲ ကျက်မှာပေါ့၊ နင်က ဘာတွေ ဒီလောက် လှုပ်လှုပ်ရှားရှား လုပ်ထားရလို့ အချိန်မတန် သေးဘဲ ဗိုက်ကဆာနေရတာလဲ။ နေ့လယ်စာ စားပြီးက တည်းက တစ်နေကုန် ထိုးအိပ်နေမယ့်သူကများ"

"အိပ်နေလည်း အစာချေစနစ်ကတော့ သူ့အလိုလို အလုပ် လုပ်နေမှာပဲဟာ"

မစိုးနဲ့ ဝတ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။ ဒါဖြင့် ဝတ်တို့ ပြန်လာကြကတည်းက ဒီခပ်ဖိုင့်ဖိုင့်နဲ့ ပိုက်ပိုက်ဟာ ဒီအိမ်မှာ ရှိနေပြီးသားပေါ့။ ဒါတောင်





ဘဲခါးဘဲလ်တီးပါရက် လာမဖွင့်။ တိုက်တိုင်းကသာ "ပြန်မရောက် ကြသေးဘူးနဲ့တူတယ်"ဟု သူ့ဘာသာပြောကာ ကိုယ့်သော့ကိုယ် ဘတ်ဖွင့်ပြီး ဝင်ခဲ့ရသည်။

ပြီးကျတော့ တစ်ချိန်လုံး လျှော်ဖွပ်၊ လှည်းကျင်း၊ အိုးခွက်ပန်းကန်ဆေး၊ ထုထောင်းချက်ပြုတ်။ အစ်ကိုဖြစ်သူက ခံနီးမကြီး၊ အိမ်ရှင်မကြီးတစ်ယောက်လို ဖယ်ဆက်ဗျာများနေချိန် မှာ သူက တစ်စက်မှ ထမကူဘဲ ခြေကန်အိပ်နေခဲ့တာပေါ့။ ဗိုက် ဆာချိန်ကျမှ ထလာပြီး "ထမင်းနယ်ပေး"တဲ့။ ကြည့်ရတာ တီဗီ ရှေ့မှာသာ မျက်လုံးမခွာစတမ်း ဖွန်းတပ်ပြီး စားတော့မည်။ ဘုရားရေ ... ပါးစပ်ထဲပါ လိုက်ခွံ့မပေးရရင် ကံကောင်းပေါ့။

"ကိုကိုကြီး ... မီးမီး မနေ့ကချွတ်လိုက်တဲ့ ဗိတ်ဖောက်စာ အဖြူလေးက ဒီညခြောက်ပါ့မလား၊ နက်ဖြန်ကျကျောင်း မှာ အားလုံးဆင်တူဝတ်ဖို့ ချိန်းထားလို့"

"ညည်းက မနက်တုန်းကတော့ မပြောဘဲနဲ့၊ ငါ အခုမှ လျှော်စက်ထဲ ထည့်ရတယ်၊ ကိစ္စမရှိပါဘူး နည်းနည်းသွေ့ သွေ့လေးလောက်ရလည်း ညကျ မီးပူခလုတ်ကို Maxinum ထားပြီး ခပ်ကြာကြာ ဖိလိုက်မယ်လေ၊ ရမှာပါ ဗိတ်ဖောက် စာက ချည်ပဲဟာ အခြောက်လည်းမြန်၊ အပူဒဏ်လည်း ခံနိုင်ပါတယ်"

ဝတ်မှာ မစိုးကိုတောင် လှမ်းမကြည့်ရဲတော့လောက် အောင် ဖြစ်လာသည်။ တိုက်တိုင်းကတော့ဖြင့် ဖြစ်ပျက်နေတဲ့

အခြေအနေတွေ၊ ပြောဆိုလုပ်ကိုင်နေကြတဲ့ စကားတွေ၊ အနေအထားတွေကြောင့် စိတ်ကသိကအောက်၊ ရှက်ကိုးရှက်ကန်းနဲ့ မျက်နှာပူနေရဟန်မျိုး တစ်စက်မှကို မရှိသည်တကား။ ဖြစ်ရိုးဖြစ်စဉ်၊ လုပ်ရိုးလုပ်စဉ် ပုံမှန်အနေအထားတစ်ခုမှာ ထမင်းစားရသောက်ပုံစံနှင့် အထာကျနေလျက် သူစိမ်းတွေဖြစ်တဲ့ မစိုးနဲ့ဝတ်တို့ ရှိနေခြင်း မရှိခြင်းဟာ သူ့အတွက်တော့ ဘာမှမထူးခြားလှတဲ့သဘောပင်။

ဒီနောက်မှာတော့ ထမင်းဟင်းတွေကိုစူးခပ်၊ မစိုးနဲ့ဝတ်တို့အတွက် အကျအနပြင်ဆင်၊ အိပ်ခန်းစားပွဲထက်၊ တီဗီရှေ့ထက်ကနေ မီးဖိုခန်းထဲအထိပင် ကြွချီတော်မူမလာကြတဲ့ သူ့ညီမတော်နှစ်ယောက်အတွက် ထမင်းသုပ်လိုဟာမျိုး တစ်ယောက်တစ်ပန်းကန်စီကိုပါ (ဟင်းချိုနဲ့တကွ) ရှေ့တော်မှောက်အရောက်ပို့။

"မျိုတောင်မကျပါဘူးဟယ်။ လည်ချောင်းထဲ နင်လိုက်တာ"

"အားမနာပါနဲ့ မစိုးရဲ့၊ မစိုးတို့ ပါလာလို့ ထူးလုပ်ပေးနေရတာမှ မဟုတ်တာ။ ဘာမှအလုပ်ပိုမရှုပ်ဘူး။ ဒါကျွန်တော်နေ့တိုင်း ပုံမှန်အေးဆေးပဲ လုပ်ကိုင်နေကျပုံစံပါပဲ"

မစိုးလည်း မျက်နှာကို သေချာတောင်ရှု့မဲ့ချင်စိတ်ရှိတော့ဟန်မတူပေ။ သူပါ ဝိုင်းထိုင်ပြီး အတူတူစားသောက်ပြီးစီးချိန်မှာတော့ သူက "နေပါစေ"ဟု ဆွဲမတတ် လွဲမတတ် တားနေတဲ့ကြားက စားပြီးသား ပန်းကန်တွေကို မစိုးကပဲ အတင်းကြီး





အဓမ္မဆေးကြောပေးနေလိုက်ပါသည်။ သူကတော့ သူ့ညီမနှစ်ယောက်ရဲ့ပန်းကန်တွေကိုပါ တစ်လက်စတည်း သွားသိမ်းယူလာခဲ့ရင်း မစိုးရဲ့နံဘေးမှာ ပန်းကန်သုတ်၊ ပန်းကန်ထပ်၊ စားပွဲသိမ်း၊ မီးဖိုခန်းကိုလှည်းကျင်း။

"ပိုက်ပိုက်တို့တော့ ဒီလိုအစ်ကိုမျိုးတစ်ယောက်ရှိတာ သိပ်ဟန်ကျတာပဲနော်၊ အရမ်းကံကောင်းတာပဲ"

သိပ်မကျယ်လှတဲ့ မီးဖိုခန်းလေးထဲ မစိုးနဲ့တိုက်တိုင်းတို့နှစ်ယောက် အလုပ်ရှုပ်နေကြတော့ ဝတ်က ဧည့်ခန်းဘက်ပဲပြန်လာခဲ့လိုက်ရတော့တာပေါ့။ တီဗီကနေ စိတ်ဝင်စားစရာ လုံးဝမရှိတဲ့ အစီအစဉ်တစ်ခု လာနေတာတောင်မှ နည်းနည်းလောက်အသံတိုးထားပေးဖို့ စိတ်ကူးမရှိတဲ့ သူ့ညီမဖက်တီးမဘုတ်ထိုင်းအညိုလုံးကြီးကို အမြင်ကတ်ကတ်နဲ့ (ပထမဆုံး စရောက်တဲ့နေ့မှာ မလုပ်သင့်မှန်းသိရက်) ဝတ်က အငေါ်တူးလိုက်မိပါသည်။

"အဲဒါကြောင့် ပိုက်တို့က ယောကျ်ားယူဖို့တောင် လုံးဝစိတ်မကူး၊ ခေါင်းထဲမထည့်တာပေါ့။ တစ်သက်လုံးအပျိုကြီးပဲလုပ်ပြီး ကိုတိုက် ရှာကျွေး၊ လုပ်ကျွေး၊ ပြုစုတာကို ဇိမ်နဲ့ထိုင်စားမှာ။ ကိုယ့်ကံနဲ့ကိုယ်ပဲ အစ်မရဲ့"

မြတ်စွာဘုရား။ ပြန်ရွဲ့လိုက်တာလား။ ဟုတ်တိုင်းမှန်ရာ စိတ်ကူးထဲ တကယ်ရှိတာလား။ ဒီလိုပုံစံမျိုးဟာ ဝတ်ဆိုတစ်ယောက် အိမ်ပါလာတုန်း ဦးကျိုးသွားအောင် တမင်လုပ်ပြနေကြတာမျိုးတော့ မဟုတ်ဘူး မှတ်လား။ တိုက်တိုင်းလို ယောကျ်ား

ဘစ်ယောက်မှာ အဲဒီလောက် သဘောယုတ်ကြီးတော့ ရှိကိုရှိမည် မထင်ပါ။

ဒါဖြင့် ဒါအမြဲတမ်းအတွက် ပုံမှန်အသားကျပြီးဖြစ်နေတဲ့၊ ပြုပြင်ပြောင်းလဲ အချိုးပြင်ချင်လို့ မလွယ်ကူတော့မယ့် အခြေအနေကြီးပေါ့။ အမယ်လေး ... ဒေါ်ဝတ်ဆံ။ ဒီလိုပုံဆိုရင်ဖြင့် လူမွေးလူရောင်တောင်မှ ပြောင်ပါ့မလား။ အမြန်ဆုံးအသက်ထွက်သွားရင်တောင် သွေးတိုး(ဒါမှမဟုတ်)နှလုံးရောဂါနှင့်ပဲ ဖြစ်လိမ့်မည်။

ဘယ်နည်းနဲ့မှ အချိုးမပြေကြတဲ့ ညီမနှစ်ယောက်ရဲ့ တစ်ဦးတည်းသော အစ်ကိုကြီးက ကိုယ့်ကိုမှ ချစ်ပါတယ်၊ လက်ထပ်ချင်ပါတယ်တဲ့။ အဲဒီပုံစံကမှ ငါရွေးချယ်ချင်တဲ့ ငါ့ရဲ့ဘဝအဖော် လက်တွဲဖက်ပုံစံ အစစ်၊ အတိအကျလို့ ကြွေးကြော်ဝံ့နိုင်ပါဦးမလားဟင်။

♥ ✉ ♥

"ဝေမျှ နဲ့ အောင်သွယ်ပေးလိုက်ပါလား"

နောက်နေတာမဟုတ် တကယ့်စိတ်ရင်းထဲရှိတဲ့လေသံကြီးမျိုးနဲ့ ပြောလာတဲ့ မစိုးကိုကြည့်ကာ မရယ်ချင့်ရယ်ချင်အတင်းဖျစ်ညှစ်ရယ်လိုက်သော ဝတ်ဆံရဲ့အသံလေးက တညှဉ်းညှဉ်းနဲ့ အိဩှက်ဩှက်သံ ထွက်နေသည်။





"ဟုတ်တယ်လေ ... ယောက်ျားယူဖို့ မစဉ်းစားဘူးဆိုတာ တကယ်ပြောနေတာပဲ နေမှာပေါ့ဟဲ့၊ စဉ်းစားချင်လို့ကော ရမလား။ အတွင်းသဏ္ဌာန်တွေအထိပါ လိုက်သိနေရင်တော့ ပြောမနေနဲ့တော့။ ရုတ်တရက် မြင်ရတဲ့ အပြင်သဏ္ဌာန်နဲ့ကို သူက ယူချင်တောင် သူ့ကိုယူမယ့်သူက ရှိဦးမှကိုး။ ရှိဦးမှ မဟုတ်ပါဘူး၊ ဘယ်နည်းနဲ့မှကို ရှိမယ်မထင်ဘူး။ တကယ်ပဲ အစ်ကိုလုပ်တဲ့သူကိုပဲ တစ်သက်လုံး မှီတွယ်ကပ်နေတော့မယ့် ပုံကြီးပဲဟာ။ နင့်ခေါင်းပေါ်ကို အဲဒီဝန်ထုပ်ကြီး မပိချင်ရင် မစွံ့စွံ့အောင် ရိုက်ထုတ်ပစ်ဖို့က နင့်တာဝန်ပဲ ဖြစ်လာပြီ"

"အဲဒါနဲ့ပဲ မစိုးရယ်၊ ကိုယ့်မောင်က အဆာစ်ပါနေရဦးမယ်"

"အောင်မာ ... သူများညီမကိုသာ ပြောချင်နေတယ်၊ နင့်မောင်ကရော ဘယ်လောက်ကောင်းလို့လဲ။ သူ့လည်း အကြောင်းသာ သိလို့ကတော့ ဘယ်မိန်းမကမှ ယူမှာမှ မဟုတ်တာ။ သူလည်း နင့်ခေါင်းပေါ်ပဲ တင်နေတော့မယ့် အစုတ်ထုပ်ကြီးပဲဟာ"

ဒါပေမဲ့ မစိုး ပြောသလိုဆို ဝတ်ရဲ့မောင်လေး "ဇူ" ကမှ အတွင်းသဏ္ဌာန်ကသာ သုံးစားမရတာ။ အပြင်သဏ္ဌာန်အရဆိုရင်တော့ သူ့ညီမ အညိုလုံး ဘုတ်ထိုင်းထက်တော့ အများကြီးသာပါသေးတယ်နော်။ ပြောလို့ ပြောတာမဟုတ်။ ကိုယ်ကချစ်တဲ့စိတ်နဲ့ ရှုမြင်နေလို့ ကိုယ့်လူမှ အကောင်းမြင်နေတာလည်း

မဟုတ်ရပါဘူး။ သူတို့တွေဟာက မောင်နှမအရင်းတွေလို့သာ ပြောတယ်။ ဒီအစ်ကိုနဲ့ ဒီညီမတွေက ရုပ်ရည်ရူပကာပိုင်းမှာ ဘာကြောင့် ဒီလောက်တောင် ကွာခြားနေရတာတဲ့တုန်း။

အငယ်မလေးကမှ ညိုညိုဝဝလေးတွေပဲ ဖြစ်နေကြတာချင်းတူတူ အဖွဲ့တွဲစိတ်ရင်းလေးက ဆိုးမယ့်ပုံမရတော့ ကြည်ကြည်လင်လင်လေးနဲ့ ချစ်စရာ ခင်စရာလေး ဖြစ်နေသေးသည်။ သူကလေးသည်လည်း တခြား သူနဲ့ရွယ်တူ အရွယ်ရောက်မိန်းကလေးများနဲ့ ယှဉ်ရင်တော့ လုပ်ပုံကိုင်ပုံတွေ အချိုးမပြေလှဆိုမယ့် အဲဒါက ကလေးဆန်ဆန် အလိုက်မသိတတ်တာ။ မိဘမဲ့ကလေးတစ်ယောက်မို့ ကိုယ့်အစ်ကိုကြီးအပေါ် နွဲ့ဆိုးဆိုးချင်တာ။ ပြောဆိုဆုံးမပဲ့ပြင်ပေးမယ့်သူ မရှိလို့ တာဝန်သိစိတ်ချို့တဲ့နေတာမျိုးလေးပဲလို့ ဖြေတွေးပေးကာ လက်ခံပေးနိုင်ပါသေးသည်။

ဘာဖြစ်လို့ အဲဒီလို နားလည်ပေးနိုင်လဲဆိုရင် ဝတ်ဆံရဲ့မောင်ငယ်လေး ဌေးဟာလည်း အဲဒီလိုပဲမို့လေ။ သူလည်း ငယ်ငယ်တည်းက မိဘမဲ့ဖြစ်သွားတဲ့ ကလေးမျိုးပဲဆိုတော့ အလိုလိုက်ထားကြတဲ့ မိသားစုတွင်းမှာ နွဲ့ဆိုးဆိုး၊ အံပျင်းကြီး၊ တာဝန်မသိ၊ တာဝန်ယူချင်စိတ်မရှိ၊ လူမှုရေးရာ မကျေညက် စတဲ့ ပြစ်ချက်ကလေးတွေ တစ်ပုံကြီးနဲ့။ ဒါပေမဲ့ ပင်ကိုစိတ်ရင်းလေးကတော့ တိုက်ဘိုင်းတို့ အငယ်မလေးလိုပဲ ဖြူဖြူစင်စင်နဲ့ ပြုပြင်နိုင်ရင် ပြုပြင့်တတ်သလောက် ပုံကိုင်ကောင်းကောင်းရဲ့လက်တွင်းမှာသာဆို့ အရောင်ထွက်လာနိုင်သေးတဲ့ ကလေးမျိုးပါ။





ဟိုအိမ်က အလတ်မကတော့ဖြင့် အဲဒီလိုဟုတ်လို့လား။ လူတစ်ယောက်ဟာ ဘယ်လောက် အသားညိုညို၊ ရုပ်မရှိမရှိ ကောင်းမွန်တဲ့စိတ်ရင်းတစ်ခုနဲ့ဆိုရင် လူချစ်လူခင် ပေါများနိုင်တဲ့ သာဓကတွေများစွာရှိသည်လေ။ စိတ်ဆိုတာ အဲဒီလူရဲ့ရုပ်မှာ ပေါ်ကိုပေါ်နေတာ ဝတ်ဆံက ယုံကြည်သည်။ သူ့ရဲ့မျက်နှာကိုက အငယ်မလေးလိုမှ မဟုတ်တာပဲ။ မမှန်ကန်လှတဲ့သဘောထားတို့ဟာ မျက်နှာမှာ ပေါ်နေသည်။

"အလကားနေ ထမင်းငတ်ခံပြီး အရိုးကို လူမမြင့်မြင်အောင် ပြချင်နေတယ်။ ဖြူပတ်ဖြူရော်နဲ့ ပိန်ညှောင်နေတဲ့မိန်းမတွေများ အထင်ကိုမကြီးဘူး၊ ပြိတ္တာသေလို့ကတော့ ပြိတ္တာပဲပြန်ဖြစ်မှာပဲ လူမှမဖြစ်တာ"

ညှော်သည်တွေရှိနေတာကိုလည်း အမှုမထား။ နေရင်းထိုင်ရင်း တီဗီကြည့်ပြီး မစ္ဆရိယစိတ် များပြားနေတာလေ။ လှတကာကြိုက်တဲ့ မော်ဒယ်အဆိုတော်မလေးကိုပဲ သူ့မှာ အလကားသက်သက် ကြည့်မရ အော်ဟစ်နေတာ။ သူ့ဘာသာ သူ့အိမ်သူ့ရာမှာ သူကြိုက်တာလုပ်နေလို့ ရပေမယ့် အဲဒီလောက်ကြီးအာပြဲကြီး အော်ဟစ်မောင်းမဲနေဖို့ဆိုရင် ညှော်သည်တွေကို ငဲ့ကိုငဲ့ရဦးမှာပေါ့။ ပြီးကျ ညှော်သည်နှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ဝတ်ဆံကလည်း တီဗီထဲက မော်ဒယ်အဆိုတော်မလေးလောက်သာမဟုတ်တာ သူပြောသလို "ဖြူဖြူပိန်ပိန်မ" တစ်ယောက်ပဲလေ။

ဝတ်ဆံက သူ့ကို မြင်မြင်ချင်းဆိုသလို စိတ်အနှောင့်အယှက်ဖြစ်၊ ကြည့်မရခဲ့သလို သူ့ဘက်ကလည်း အဲလိုပဲထပ်တူရှိချင်လည်း ရှိနေမှာပေါ့လေ။ အဲဒါကြောင့်မို့ပဲ တမင်စောင်းပြောနေတာလည်း ဖြစ်နိုင်တာပေါ့။

"အိမ်အလုပ်လား။ လုံးဝဝါသနာမပါဘူး။ လုပ်ရကောင်းဆေရဲ့လို့ စိတ်ထဲမှာကို မထားတာလေ ပြီးရောပေါ့။ ထမင်းဟင်း မချက်တတ်ဘူး၊ အဝတ်မလျှော် မီးပူမတိုက်တတ်ဘူး။ ရှင်းလင်းသိမ်းဆည်းရတာများ ကမ္ဘာပေါ်မှာ အမုန်းဆုံးပဲ။ အဲဒီထက် ပိုမုန်းတာဆိုလို့ ဗိုက်ကောင်းကျောက်ဗိဆိုတဲ့ စကားလုံးကြီးပဲ ရှိတော့တယ်"

မစိုးတစ်ယောက်လည်း ပန်းကန်တွေ ဆေးကြောသိမ်းဆည်းပြီး အိမ်ရှေ့ထွက်လာတော့ (ဝတ်ဆံလိုပဲပေါ့ မနေနိုင်နိုင်မထိုင်နိုင်) ကောင်းကောင်းကြီး စိမ်ခံနေတဲ့ အဲဒီအလတ်မကို မသိမသာလေး သွားအငေါတူးတာလေ။ တိုက်တိုင်းကို ဖိချိုးကျူးပြီး သူ့ကိုနည်းနည်းလေးလောက်ပဲ စောင်းမိပါတယ်။ ချက်ချင်းကြီးကို ပြန်ပက်ထည့်လိုက်တာလေ။ မစိုးမျက်နှာကြီး မည်းခနဲဖြစ်သွားတော့ ဝတ်ဆံကပဲ လက်ကုတ်မျက်ရိပ်ပြပြီး ထပ်မပြောဖို့တားရသည်။

"လူဆိုတာ ကိုယ့်ကံနဲ့ကိုယ် လာတာပါဆို အစ်မတို့ကလည်း၊ ခု ပိုက်တို့ကို ကိုတိုက်က လုပ်ကိုင်ပေးနေတယ်။ သူလည်း အချိန်တန်လာရင် ဒီတိုင်းနေမလား မိန်းမယူ





သွားမှာပေါ့လို့တော့ ပြောစရာရှိတာပေါ့။ ယူလေ ရတာပဲ။ ပိုက်တို့က အစ်ကိုလေး ဒီတစ်ယောက်ရှိလို့ တိုတယ်ထွာတယ်ဆိုတာမျိုး မရှိပါဘူး။ ယူသွား ... ရတယ် ...

သူ့မိန်းမကိုပါ သူ ကြည်ဖြူတယ်၊ ဆက်အပင်ပန်းခံနိုင်တယ်ဆိုရင် တာဝန်တွေကို တစ်ယောက်စာထပ်တိုးပြီး သူပဲထမ်းရွက်လိမ့်မယ်။ ဒါမှမဟုတ် နားလည်မှုကြီးမားပြီး မိန်းမပီသရတာကို ဂုဏ်ယူတတ်တဲ့ လူမျိုးဆိုရင်လည်း အဲဒီမိန်းမက သူပါ မျှလုပ်လိမ့်မပေါ့။ ဒါမှမဟုတ်ရင်လည်း အိမ်မှာ အိမ်ရှင်မကြီးရယ်လို့ တစ်ယောက်ရှိလာရင် လူပိုခေါ်ဖို့တို့ ဘာတို့ အဲဒီအိမ်ရှင်မကြီးက ကြည့်စီစဉ်ပါလိမ့်မယ်။ ပိုက်တို့က အိမ်ရှင်မကြီးလည်း လုပ်ချင်တာမှ မဟုတ်တာ။ ကိုတိုက်ကိုပဲ အားကိုးမှာ၊ တစ်သက်လုံး မှီသွားမှာ"

ကဲ ... ရှင်းရော။ ကိုယ်တွေက ထပ်မပြောတော့ပေမယ့် သူက တရှည်တလျားကြီးကို အပြီးသတ် ပြောချပစ်လိုက်တာ။ စကားလုံးတွေက အဓိပ္ပာယ်ဆိုးပေမယ့် လေသံကတော့ ခပ်ချိုချိုရယ်ပါ။ ရုပ်ကလည်း တမင်လုပ်ယူထားတဲ့ ရုပ်ကလေးနဲ့ပေါ့လေ။

"အကောင်းပြောနေတာ ဝတ်။ အဲဒီဟာမလေးနဲ့တော့ နင် တစ်သက်လုံး လွယ်မှာမဟုတ်ဘူး၊ သူ ကောင်းရာမွန်ရာနဲ့ အိမ်ထောင်ကျပြီး မြန်မြန်ထွက်သွားအောင် နင်လုပ်

နိုင်ရင်လုပ်။ နို့မို့ကတော့ တိုက်တိုင်းကို နင့်ရင်ထဲကသာ ထုတ်လိုက်တော့"

ဖြစ်နိုင်ပါ့မလား။ လုပ်နိုင်ပါ့မလား။ ပြောတုန်းကတော့ လာပြောသွားခဲ့ပြီး အဖြေထပ်တောင်းဖို့ကျတော့ မေ့နေပုံရတဲ့ သူတစ်ယောက်ကို "ဖြေခွင့်"လေးရဖို့တောင် မအောင့်နိုင်၊ မစောင့်နိုင်။ လူက ရူးချင်ချင်ကြီးလိုလိုတောင် ဖြစ်နေရပြီဥစ္စာ။ ရင်ထဲကပါ ထုတ်ပစ်လိုက်ဖို့ကတော့ ...။ တွေးရဲစရာတောင် ရှိရဲ့လား။

ဒါဖြင့်လည်း အဲဒီအကျင့်ဆိုး၊ ဉာဉ်ဆိုး၊ စိတ်ထားဆိုး တစ်ယောက်ရဲ့ဒဏ်ကို သူ့တစ်သက်၊ ကိုယ့်တစ်သက် ခံပေရော့လား။ အား ... အဲဒါကလည်း ဘယ်နည်းနဲ့မှ ဖြစ်နိုင်မယ် မထင်ပါဘူး။ လုပ်နိုင်မှာ မဟုတ်ဘူး။ သူ့ဘာသာ ဘာမှမလုပ်ဘဲ မိုးလင်းရာမိုးချုပ် ကုလားထိုင်တစ်လုံးပေါ်မှာ ငုတ်တုတ်ကြီးအိပ်စားနေမှာကို လျစ်လျူရှုနိုင်ဦးမယ် ဆိုရင်တောင် ပက်ခနဲ ဘိုးခနဲ ဘတ်ခနဲ အဆင်ခြင်အတိုင်းထွာမရှိ၊ အားမနာ ပြောချင်ရာပြောထွက်နေမယ့်၊ စောင့်မြောင်းနေမယ့် မစ္ဆရိယပါးစပ်ကြီးကိုကျ ဘယ်လိုလုပ်မလဲ။

မစိုးက ခေါင်းတစ်ခါတည်း ခါယမ်းနေတဲ့ ဝတ်ကို စိတ်မသက်မသာနင့်ကြည့်ကာ ...

"အဲဒါကြောင့် ဝေဠုနဲ့ပဲ အောင်သွယ်ပေးလိုက်တော့လို့ ငါကပြောတာပေါ့"





"မြေဖြူချောင်းမှာ မုန့်လုပ်ထန်းလျက်လုံး ကပ်ထားမှာပေါ့ ဟုတ်လား။ အပြီးသတ်ကျတော့ တစ်ခုလပ်ဦးမြေဖြူနဲ့ တစ်ခုလပ်ဒေါ်ထန်းလျက်ခဲတို့ ဖြစ်ကြပေါ့ ... ဟုတ်လား"

"တစ်ယောက်ယောက်ကတော့ ပြောင်းချင်ပြောင်းလဲသွားမှာပေါ့ဟဲ့၊ နင့်မောင်လေးကလည်း မြေဖြူချောင်းကနေ မုန့်လုံးရေပေါ်လို အလုံးလိုက်ဖြစ်သွားပြီး ထန်းလျက်ခဲကို ဝါးမျိုအထဲသွင်း အနိုင်ယူနိုင်လိုက်တာမျိုးဖြစ်ဖြစ်"

"တော်ပါတော့ မစိုးရယ် ... နော်"

"ပြဿနာတိုင်းမှာ အဖြေရှိတယ်"လို့ ဘယ်ပညာရှိကများ ပြောကြားသွားတာပါလဲ။ သက်ရှိထင်ရှားသာရှိသေးရင် ခေါင်းနဲ့ရှက်ပင့် ခေါ်ပြီးတော့တောင်မှ ဝတ်ရဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးဖို့ ထိုးအပ်လိုက်ချင်သည်။ "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"ဆိုတဲ့ နှစ်ဖက်နှစ်လမ်း အဆင်ပြေနိုင်တဲ့ စကားပုံကိုကော ဘယ်သူများ တီထွင်ခဲ့ပါသလဲ။ ဝတ်ရဲ့အသည်းကလေးလည်း မကွဲစေ။ ခေါင်းပေါ်ကိုလည်း အစုတ်ထုပ်ကြီး မရောက်စေ ဆိုတဲ့ နည်းလမ်းမျိုးလေးကော မစဉ်းစားပေးနိုင်ဘူးလားဟင်။

"အဲဒီညက တိုက်တိုင်းက ဝတ်ဆီ ဖုန်းဆက်လာသေးတယ် မစိုး၊ သူ့ကို ပြန်စဉ်းစားမယ့် အချက်တွေထဲမှာ အနုတ်လက္ခဏာဘက်ကအချက်တွေ ထပ်တိုးသွားပြီဆိုရင်လည်း နားလည်ပါတယ်၊ လက်ခံပါတယ်တဲ့လေ"

"ဟဲ့ ... အဲဒါ အကောင်းမှတ်မနေနဲ့။ အဲဒီညီမတစ်ယောက်ကိုတော့ ထည့်တွက်စဉ်းစားနေစရာ မလိုဘူးနော်လို့ သူက ဘာကြောင့် မပြောနိုင်ရတာလဲ၊ ငါနော် ... အသည်းတွေ ယားလိုက်တာ"

ပစ်ရမှာကလည်း အဆီနဲ့တဝင်းဝင်း မကပါဘူး။ စားရမှာကျတော့လည်း သဲနဲ့တရှပ်ရှပ်ထက်ကို ပိုဆိုးနေပါသေးတယ်။

♥ ✉ ♥





## အခန်း(၂)

"ဖုန်းလာနေတယ်"

"နေ ... နေ ... အန်တီလေးပဲ ပြေးကိုင်လိုက်တော့မယ် ဝတ်။ ငွေ့ရဲ့ဖုန်းပဲ နေမှာပါ။ ဒီတနင်္ဂနွေလေးတစ်ရက် ပဲ အိမ်ပြီမယ်ပဲ ထင်ထားတာ မဟုတ်တော့ဘူးနဲ့ တူပါရဲ့"

ဝတ်ဆံတို့မောင်နှမနှစ်ယောက်နဲ့ အတူနေ အဒေါ် အပျိုကြီးဖြစ်သူ ဒေါ်ဝါဝါက အိမ်သန့်ရှင်းရေးလုပ်လက်စ တန်းလန်းကြီးနဲ့ လက်ပေနေတဲ့ တူမဖြစ်သူကို လက်ကာပြထားခဲ့ကာ အိမ်ရှေ့ခန်းသို့ ကိုယ်တိုင်ပဲ ပေါ့ပေါ့ပါးပါး ပြေးထွက်သွားလိုက်ပါသည်။ တူတော်မောင် ဝေငွေ့ရဲ့အိပ်ခန်းရှေ့က ပြေးအဖြတ် "ဟင်း"ခနဲ တစ်ချက်တော့ စိတ်တိုင်းမကျလွန်းစွာ အသံထွက်လိုက်မိသေးသည်။

"မွန်းတည့်နေ သူ့ဖင်ကိုမထိုးမချင်း အိပ်ရာကထကိုမထ"ဟု သစ္စာဆိုထားပုံရတဲ့ ကောင်ကလေး။ အစ်မဖြစ်သူ

နဲ့ အဒေါ်လုပ်သူတို့က အပြင်ထွက် စီးပွားရှာရသေးတဲ့အပြင် တစ်အိမ်လုံးက ယောကျ်ားအလုပ်၊ မိန်းမအလုပ်မှန်သမျှကို နှစ်ယောက်လုံး လောဘတကြီး၊ အလုအယက်၊ မညည်းမညူနဲ့ လုပ်နိုင်ကိုင်နိုင်လွန်းနေလို့များ ဒီကောင်လေး ဒီလိုဖြစ်နေတော့တာလား။

ဘွဲ့ကလေးတစ်ခု လူစဉ်မီမီ ရပါဖို့ကိုတောင် ရှိနိုးဦးတင်မတတ် တွန်းထိုးယူခဲ့ရတာ။ သူ့တာဝန်တွေကို သူများဆီ ပုံချင်တဲ့ဘဝမှာ စာပါ သူများခေါင်းနဲ့ ကျက်ပေးလို့ရရင် "ကျက်ပေး၊ ဘွဲ့ယူပေး"လို့ပါ ဆိုဦးမယ့် အကောင်စားမျိုးလေးလေ။ "ဒါလေးတစ်ခုတော့ ငါတို့နှစ်ယောက်အတွက် လုပ်ပေးစမ်းပါ" လို့ ရှိနိုးဦးတင် တောင်းပန်ခဲ့ရတော့ ပြီးတာနဲ့ "ကတိအတိုင်းပဲလေ"လို့ လုံးဝတာဝန်ကင်းကင်း ပေါ့ပေါ့ပါးပါးကြီးကို နေ့နေတော့တာ။

ချစ်စရာကောင်းသလောက် မုန်းစရာလည်း အတော်ကောင်းလှတဲ့ သတ္တဝါလေးပေါ့။

"ဟလို ... အမိန့်ရှိပါ"

"အဲဒီမှာ ဝေချူ ဆိုတဲ့အကောင် ရှိသလား"

အမယ်လေး ... ဘယ်လိုပါလိမ့်၊ ဘုရား ... ဘုရား။ ခေတ်ကာလသားသမီးတွေ အယဉ်ကျေး အလိမ္မာ လျော့နည်းကုန်ကြပြီဆိုတာ သိပေမယ့် ဒီလောက်ဆိုးဝါးတဲ့ ကာလသမီးမျိုးတော့ ဒီတစ်ခါသာ ကြုံဖူး ကြားဖူးပါသည်။





"ဟုတ်ကဲ့ ... ဘယ်သူနဲ့ ပြောချင်ပါသလဲ"

ဒေါ်ဝါဝါတို့ကတော့ ငယ်ငယ်ကလေးတည်းက အသံမာရင်၊ လျှာကြမ်းရင် အာဖုံ၊ နှုတ်ခမ်းလိမ်ဆွဲတတ်တဲ့ အဘွားမျိုးနဲ့ ကြီးပြင်းခဲ့ရတာလေ။ တစ်ဖက်က လည်ချောင်းကွဲမတတ် ကျူးအော်သံမျိုးကို သူ့လို ထပ်တူကြီးများတော့ မတုံ့ပြန်တတ်ပါဘူး။ အလိုလိုနေရင်း အပိုးကျိုး အသားကျနေတဲ့ ညင်ညင်သာသာ လေသံလေးမျိုးနဲ့ အောက်ကျို့နေမိသလိုကြီးများတောင် ပြန်ပြောနေမိတော့တာပါပဲ။

"ဝေချူနဲ့ ပြောချင်တာ"

"ဝေချူက ... အဲ ... ဟိုဒင်း သမီးရယ်၊ သူက ညက နည်းနည်းအိပ်ရေးပျက်ထားတော့ကွယ် ... အဲဒါ ..."

"ဘာ ... ! ချိန်းတုန်းကတော့ချိန်းပြီး ခုထက်ထိ အိပ်ရာက မထသေးဘူး ! ... ဒီမှာ ငုတ်တုတ်ကြီး ထိုင်စောင့်နေတာ နှစ်နာရီလောက် ရှိသွားပြီ၊ အခု သူ့ကို သွားနှိုးပေးပါ၊ သူနဲ့စကားပြောမယ်"

ဒီဘက်က အသက်ကြီးကြီးအသံနဲ့ ဒီလောက်အေးအေးဆေးဆေး ပြောနေတာတောင်မှ သူ့ဘက်က မိုင်ကုန်မောင်းတင်ထားသံကို လျော့နိုင်မယ့်ပုံ မရှိပါလား။ ဝေချူ ... ဝေချူ ... တစ်ဖက်သား မိန်းကလေး ဒီလောက် စိတ်ဆိုးမာန်ဆိုး ဖြစ်နေအောင် ဘာတွေများ သွားလုပ်ထားပါလိမ့်။ ဒါပေမဲ့လည်းလေ မိန်းကလေးကလည်း စိတ်ပဲဆိုး ဆိုးပါစေဦး။ ခု သူနဲ့ပြောနေရ

တာက ဝေဠုမှ မဟုတ်သေးဘဲ။ သူ့ထက် ဘယ်လိုမဆို အသက်ကြီးနေတာ သူ သိသာနိုင်တဲ့ မိန်းမကြီးတစ်ယောက်ရဲ့အသံပဲဟာ။

ခက်တာက ငယ်ကတည်းက တုန်နေအောင်ချစ်စိတ်နဲ့ အလိုလိုက်ထားမိလို့ ဒေါ်ဝါဝါ့ အပေါ်မှာဆိုရင် သူ့အစ်မဝတ်ဆံကိုထက်တောင် ပိုဆိုးရဲသေးတဲ့ ဝေဠုဟာ သူ အိပ်နေတာကို (အိပ်ပျော်ပျော် မပျော်ပျော်)လာနှိုးရင် ကမ္ဘာပျက်မတတ် စိတ်ဆိုးတတ်သူ။ သူ စိတ်ဆိုးပုံက ပေါက်ကွဲသောင်းကျန်းပြတာမျိုးတော့မဟုတ်။ ဘာဆိုဘာမှကို တစ်လုံးမှ အသံမထွက်တော့တာ၊ ခုနစ်ရက် တစ်ပတ်ထက်တောင် ပိုကြာတတ်တဲ့သူပါ။

"ဒီမှာ အန်တီ၊ အန်တီက ဘာလဲ ! ... ဝေဠုရဲ့အမေလား"

"အဒေါ်ပါကွယ်"

"ဟုတ်ပြီ အဒေါ်နော်။ ဒီမှာအန်တီ ကျွန်မက အခုဖြစ်နိုင်ရင် လူတောင်သတ်ချင်နေတာ သိရဲ့လား။ သူ ကျွန်မကို အဲဒီလိုနည်းနဲ့တော့ လာကျောချင်လို့ မရဘူး။ ကျွန်မက သူ ပြောင်ဖို့ ဟာသလုပ်ဖို့ မွေးဖွားလာတဲ့ မိန်းမပေါကြီး မဟုတ်ဘူး"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီကွယ်"

"သူပဲ မနေနိုင် မထိုင်နိုင် ချစ်လှပါ ကြိုက်လှပါချေရဲ့ဆိုလို့ ဒီနေ့ သူ့ကို အဖြေပြန်ပေးမယ်လို့ ချိန်းထားတာ။ အဲဒါကို သူကအိပ်ပျော်နေစရာလား။ အဖြေပေးမယ့် မိန်းမ





က ငုတ်တုတ်ထိုင်စောင့်နေစရာလား။ ငါ ဒေါသတွေအရမ်းထွက်လာပြီနော်"

ဒေါ်ဝါဝါမှာ ရင်ဘတ်ကိုပဲ လက်နဲ့ကမန်းကတန်း ဖိလိုက်မိပါတော့သည်။ မြတ်စွာဘုရား ...။ ချစ်အဖြေပေးမယ့် မိန်းကလေးတဲ့။ စစ်ခင်းကြဖို့သာဆိုရင်တော့ ဘယ်လောက်တောင် ကြောက်စရာကောင်းမည် မသိနိုင်တော့ပါ။ ခုဟာကတော့ "ချစ်ပါတယ်"လို့ အဖြေပြန်ပေးမယ့်သူပါတဲ့လေ။ ဒီထက်ပိုပြီး ဘုရားဘ,စရာ ကောင်းသေးတာက ဝေဠုဟာ အဲဒီလောက် ကြမ်းတမ်းပေါက်ကွဲတတ်တဲ့ ခပ်ရိုင်းရိုင်း မိန်းကလေးမျိုးကိုမှ "ချစ်လှကြိုက်လှပါချေရဲ့"လို့ သွားပြောထားသတဲ့လေ။ သူ့ပါးစပ်ထဲတောင် သူ့လက်နဲ့ ဖွန်းတစ်ချောင်းကိုမ,ပြီး ထမင်းတစ်လုပ်သွင်းဖြစ်ဖို့အရေး အချိန်ဆွဲ ပျင်းရိနေတတ်တဲ့ အကောင်စားလေးမျိုးက "ချစ်လှချေရဲ့"ဆိုတာမျိုးကိုကျတော့ ဝမ်းသာအားရ၊ မပျင်းမရိ ပြောထွက်လိုက်ပြီတဲ့လား။

"သွားနှိုးပေးပါ အန်တီ၊ အန်တီ ခေါ်မပေးနိုင်ရင် ကျွန်မ သူ့အိမ်အထိ လိုက်လာရလိမ့်မယ်"

ဒေါ်ဝါဝါတစ်ယောက် အယောင်ယောင် အမှားမှားနှင့် "ကိုင်ထားပါဦး" ဘာညာပင် မပြောနိုင်တော့ဘဲ ဖုန်းကိုတန်းလန်းကြီး ချထားပစ်ခဲ့ကာ ဝေဠုရဲ့အခန်းဆီသို့ ပြေးရပါတော့သည်။

"ဝေဠု ... ဝေဠု ... ဝေဠု ... ဟဲ့ ကောင်လေး၊ တံခါးဖွင့်စမ်း၊ ထစမ်း ... မြန်မြန်"

ဒေါ်ဝါဝါရဲ့အဆန်းတကြယ် လုပ်ရပ်ကြောင့် ဝတ်ဆံလည်း နောက်ဖေးကနေ အိမ်ရှေ့ဆီထိ ပြေးထွက်လာပါသည်။

"အန်တီလေး ... ဘာဖြစ်တာလဲ"

ခါတိုင်းဆို သူ့ကိစ္စရှိလို့ သူကိုယ်တိုင်က နှိုးခိုင်းထားတာတောင်မှ ဆယ့်ငါးမိနစ်လောက် ချော့မော့ဖျောင်းဖျ နှိုးယူရတတ်တဲ့ ဝေဠုလည်း တစ်ခွန်းတည်းနဲ့ တံခါးက ချပ်ခနဲပွင့်လာသည်။ သူ့အစ်မလို အလန့်တကြား မေးမြန်းတာမျိုးတော့ မရှိ။ အရေးတကြီး မဟုတ်ဘဲ အမိပွာယ်မရှိလှတဲ့ ကိစ္စမျိုးဆိုရင်တော့ အသိပဲဆိုတဲ့ ကြိုတင်ပြင်ဆင်ထားတဲ့ ရုပ်ရည်နဲ့။

"ဟဲ့ ... ဟိုမှာ နင့်ဆီ ဖုန်းလာနေတယ်"

"ဖုန်းလာတာများ အိမ်များ မီးလောင်ပြီလားလို့"

"ဟုတ်တယ်ဟေ့၊ ငါ့နားရွက်တော့ မီးတောက်နေပြီ။ နင့်ကောင်မလေးတဲ့၊ ဘာတဲ့ ... ဒီနေ့က အဖြေပေးဖို့ ချိန်းထားကြတဲ့နေ့ဆို"

ဝတ်ဆံရော ဝေဠုပါ မျက်လုံးပြူး မျက်ဆံပြူးတွေ ဖြစ်ကုန်ကြပြီတဲ့နောက် ဝေဠုဟာ ညှော်ခန်းဘက်ဆီသို့ လေးဖက်ထောက် မပြေးရုံတမယ် မြင်မြင်သမျှ ပစ္စည်းပေါင်းစုံကို တွန်းထိုး၊ တိုက်နိုက်၊ ထိမိတိုက်မိပြီး ပြေးထွက်သွားပါတော့သည်။

"အန်တီလေး"

ဝတ်ဆံရဲ့ခေါ်သံကို ဒေါ်ဝါဝါက "အေး"တစ်လုံးနှင့် တုံ့ပြန်လိုက်သည်။





"သူကဲ့လေ ... ဝေဠုက ကောင်မလေးနဲ့ ... ! "

"ဟုတ်ပါ့"

"အဖြေပေးမှာ ... ! "

"အေး ... ဝတ်ရဲ့မောင်က ချစ်တယ်လို့ သွားပြောထားလို့တဲ့ဟေ့"

ဝတ်ဆံ တစ်ယောက် အံ့သြမှုကမ္ဘာကြီးထဲမှာ အူလည်လည် ငိုင်ငူငူနှင့်ပင် ဘေးနားက တွေ့ရာမြင်ရာ ကုလားထိုင်တစ်လုံးပေါ် ဝုန်းခနဲ ပစ်ထိုင်ချလိုက်သည်။ ဒီမောင်တစ်ယောက်အတွက် ဝတ်ဆံတစ်ယောက် ဘယ်လောက်ခံစားသွားရမလဲ၊ ဒေါ်ဝါဝါက ကိုယ်ချင်းစာနိုင်ပါသည်။ သူ့ဗိုက်ပြည့်ဖို့တောင် သူပျင်းနေတတ်ပြီး သူများတာဝန်ဟု လွှဲချချင်တတ်တဲ့ ကောင်လေးက ချစ်သူကျတော့ ရှာတတ်တဲ့ကိစ္စကို မွေးကတည်းက ချီထိန်းလာရတဲ့၊ အသက်ချင်းကလည်း ခြောက်နှစ်တောင်ကွာသေးတဲ့ ဒီအစ်မက မခံစားရဘဲ ရှိမလား။

သနားတော့ သနားပါသည်။ သို့သော် ခုရှပ်မှနောင်ရှင်း၊ ခုအရိုက်မထိလည်း နောင်သိတဲ့အချိန်ကျ ရှော့ခ်ရ‌ရဦးမယ့်အတူတူ ဒေါ်ဝါဝါက ...

"စိတ်တော့ သိပ်ကြီးလည်း ညစ်မသွားနဲ့ဦး ဝတ်ရေ၊ ကောင်မလေးက လွှဲယ်မယ့်ပုံတော့ မရဘူး"

"ရှင် ...! "

"အန်တီလေး ခုနက ဖုန်းပြောကိုင်လိုက်ကတည်းက တရစပ် အော်ဟစ်ကြိမ်းမောင်း ငေါက်ငမ်းခံနေရတာကွယ်။ ဝေမ္ဘု ရဲ့အမေလားလို့တောင် သူ့ပဲမေးရက်နဲ့ သူ့အမေလောက် ရှိမယ့် လူကြီးသူမကို သူက သူ့လက်အောက်ငယ်သား အိမ်ဖော်လိုပဲ စကားပြောတော့တာကွယ်"

ဝတ်က ဒေါ်ဝါဝါ့ကို မျက်လုံးပြူးကြီးများနှင့် ကြည့်နေသည်။

"ဝေမ္ဘုရဲ့အဒေါ်ပါဆိုလည်း တစ်စက်မှ ဂရုစိုက်ပုံမရဘူး၊ သတ်မှာ ဖြတ်မှာတွေရော၊ ချစ်အဖြေပေးမလို့ဆိုတာတွေကို ပါ အကြောင်းတရား အရှက်တရားမရှိ ကျုံးကျုံးအော်ပြီး တော့ကို ပြောတော့တာပဲ"

ဝတ်ဆံမှာ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ မှောက်ချကာ အကြာကြီး ငြိမ်နေမိပါတော့သည်။ ဘယ်ဘဝက ဝဋ်ကြွေး မျိုးတွေလဲ။ "ယောက်မ"ဆိုတဲ့ စကားလုံးနှစ်လုံးတည်းဟာ ဝတ် ရဲ့ဘဝကို အဲဒီလောက် အငြိုးတကြီး ထိုးနက်ဖို့ တီထွင်ပေါ်ပေါက် လာရတာတဲ့လား။ ကိုယ်က ချစ်ရသူနဲ့စပ်လို့ တော်လာရနိုင်တဲ့ ယောက်မလောင်းကလည်း ကိုယ့်ခေါင်းပေါ်မှာ။ ကိုယ့်မောင်နဲ့ စပ်လို့တော်လာရနိုင်သူကလည်း ခုလို သတင်းကြားနဲ့ကတော့ ကိုယ့်ခေါင်းပေါ်မှာချည်းပင်။

တိုက်တိုင်းဘက်က ယောက်မလောင်းကို "ကြောက် လှပါပြီ"လို့ ရှောင်ပစ်လိုက်ချင်လို့ ရတယ်ထား။ ဝေမ္ဘု ခေါ်ဆောင်





သာမယ့် ယောက်မဆိုသူကိုကျတော့ "မတော်ချင်ပါဘူး၊ ကြောက် လို့ပါ"လို့ ငြင်းပစ်လို့ ရပါ့မလား။ ဒီအစ်မ ဒီအဒေါ် အပေါ်မှာဆို အင်မတန်မှ နိုင်စားချင်လှတဲ့ ကိုယ့်မောင်အကြောင်းက ကိုယ်ပဲ အသိဆုံးလေ။ ဝတ်မှာ "ယောက်မ"နဲ့ ပတ်သက်ရင် "ဝဋ်"ကို ပါနေတော့တာ ထင်ပါရဲ့။

"ဘယ်လိုလုပ်ကြမလဲ အန်တီလေးရေ"

ဝတ်ဆံရဲ့အမေးအတွက် ဒေါ်ဝါဝါ့မှာလည်း ကောင်း ကောင်းမွန်မွန် သင့်တင့်လျော်ကပ်တဲ့ အဖြေမျိုးမရှိနိုင်ပါ။ ဝေမ္ဘုလို သူ့ဖို့ပဲ သူသိသည့် ပျင်းတုံးနဲ့ ဒါမျိုးပြဿနာမျိုးနဲ့ ပတ်သက်လာရမယ်လို့ ထင်ကိုမထားမိတာမို့ ကြိုစဉ်းစား ကြို ပြင်ထားတာမျိုးလည်း မရှိခဲ့။

ကိုယ်မလိုချင်တဲ့ အစုတ်ထုပ်ကို ပုတ်ထုတ်နိုင်ဖို့ အရေး ဒီမောင်တစ်ယောက်ကိုပဲ ဓားစာခံလုပ်ကာ လွှတ်လမ်းရှာ ရတော့မလားလို့ အယောင်ယောင် အမှားမှား တွေးမိကြမိခဲ့သေး တဲ့ အကုသိုလ်ကံတရားအတွက် ဒဏ်ခတ်လိုက်တဲ့ အကျိုးပေးက ဒီလိုတဲ့လား။ ပြင်းထန်ရက်စက်လွန်းပါသည်။

"သေချာတာကတော့ ဘယ်နည်းနဲ့မှ တည့်မှာ၊ အဆင်ပြေ မှာ မဟုတ်ဘူး။ အဒေါ်ပါ ဆိုတာတောင် နောင်ရေးပြေ လည်ဖို့ ထည့်မတွက် ခေါင်းထဲမထားတဲ့သူမျိုးနဲ့ အန်တီ လေးတော့ မျက်ရည်ချည်းသုတ်နေရမယ်နဲ့တူတယ်။ ဝတ်နဲ့ ဆိုရင်လည်း တချိန်းချိန်းသာနေမှာပဲ၊ စိတ်ညစ်လိုက်တာ"

ဝတ်ဆံနဲ့ ဒေါ်ဝါဝါတို့ ဖက်ပဲငိုကြရတော့မလားပင် တွေးနေရသခိုက် ဖုန်းပြောပြီးသွားဟန်ရှိတဲ့ ဝေဠုက အခန်းဝကို အပြေးအလွှားပင် ပြန်ရောက်လာကာ ...

"ဟာ ... အခန်းဝမှာပိတ်ထိုင်ပြီး ဘာလုပ်နေကြတာလဲ၊ ဖယ် ... ဖယ် ... မြန်မြန်ဖယ်ကြပါ၊ လမ်းပိတ်မနေကြနဲ့၊ အချိန်မရှိဘူး"

သူသာစိတ်မပါရင် ခြေတစ်လှမ်း ကုဋေတစ်သန်းနဲ့ ဘီးတပ်တွန်းရမတတ် မလှုပ်မရှေ့ ဖြစ်နေတတ်သူမျိုးရဲ့ ပျာယာခတ်၊ အသည်းအသန်နိုင်နေမှုက အစ်မနဲ့ အဒေါ်တို့ရဲ့ နှလုံးသားကို ဓားဦးချွန်နဲ့ ဆွနေသကဲ့သို့သာတည်း။

"ဟဲ့ ... ဘယ်တုန်း၊ ဘာလို့ အဲဒီလောက် ယောက်ယက်ခတ်နေရတာလဲ"

"ချိန်းထားကြတာကိုမေ့ပြီး အိပ်ပျော်နေမိလို့လေ။ ဟာ ... အန်တီလေးလည်း သိပြီးရက်နဲ့ ဘာလို့လိုက်မေးနေရတာလဲ၊ ရှုပ်လိုက်တာ၊ သွား ... သွား ... အချိန်မရှိဘူး"

"ဘာနဲ့သွားမှာလဲ၊ တက္ကစီနဲ့လား"

"ကျွတ် ... အဲဒီလောက်ပဲ့တဲ့စိတ်ကူး ထပ်ရှိသေးလား၊ မမ လိုက်ပို့"

အင်မတန် တာဝန်မယူချင်တတ်တဲ့ ကောင်မျိုးလေးက ပျင်းစရာမရှိ ကြဲဖန်ပျင်းကာ ကားမောင်းသင်မထား။ သူသွားချင်လေရာရာကို အစ်မကြီးဖြစ်သူ ဝတ်ဆံက မညည်းမညူ





အလုပ်ပျက်အကိုင်ပျက်၊ ကားမောင်းလိုက်ပို့ပေးရသည်။ ဝတ်ဆံရဲ့တက်နေချိန်မျိုးတွေကျ လမ်းထိပ်ဘက် ခုနစ်လှမ်းလောက်လမ်းလျှောက်ထွက်ကာ တက္ကစီငှားစီးရရင်ပဲ သူ့မှာ ညည်းညူအပြစ်ပြောလို့ မဆုံးပြီ။

တစ်စက်မှ လိုက်မပို့ချင်ပေမယ့် အကဲခတ်ကြည့်ရှုသားရတော့မည်ဆိုတာ သေချာနေမှတော့ ဝတ်က "ဟင့်အင်း"ဟု ငြင်းနေဖို့ မရှိတော့ပါ။

"ငါလည်း ဝတ်ဆံနဲ့ အဖော်လိုက်ခဲ့မယ်"

"ဘာဆိုင်လဲ၊ အန်တီလေးက ဘလိုင်းကြီး"

"နင်က ရည်းစားနဲ့ချိန်းတွေ့နေမှာကို ငါ့တူမအပျိုကတစ်ယောက်တည်း ငုတ်တုတ်ထိုင်စောင့်ကြည့်နေရမယ်"

အဲဒီတော့မှ ရုတ်တရက် စိတ်ကောင်းဝင်သွားပုံရတဲ့ သကောင့်သားကလေးက ရယ်ကျဲကျဲနဲ့ ...

"စပ်စုချင်ရင် စပ်စုချင်တယ် ပြောပါ အမှန်အတိုင်းပေါ့။ လိုက်ချင်လည်း လိုက်ခဲ့လေ၊ မြင်ဖူးထားတာပေါ့။ ပြီးရင်လည်း ပြန်ချင်ပြန်ကြပါ။ ထိုင်စောင့်နေဖို့ မလိုပါဘူး။ ကိုယ့်ရည်းစားဆီသွားတာ အစ်မကြီးက တန်းလန်းနဲ့ ငုတ်တုတ်ထိုင်စောင့်နေတယ်ဆိုရင် အဲဒီမချောက ကမ္ဘာတုန်အောင် ဟားတိုက်နေတော့မှာ"

ကြားလိုက်ရမှဖြင့် မသက်မသာရှည်း၊ ခေါင်းတွေက အုံခဲပြီး ထိုးကိုက်တက်လာတော့ ကားမောင်းရတာတောင်မှ

အနှောင့်အယှက် ဖြစ်ချင်သည်။ လမ်းမှာတော့ ဝတ်ဟာ ကံဇာတ်ဆရာက ကိုယ့်ဘက်များ နည်းနည်းလောက် ခဏတဖြုတ်လှည့်ကြာသို့ပေးဦးမလားရယ်လို့ ...

"နင် သေကော သေချာလို့လား ဠ"

"ဘာကိုလဲ မမ"

"အဲဒီမိန်းကလေးကို နင် ချစ်တယ် ဆိုတာလေ"

"ထင်တာပဲ"

"ဟဲ့ ... ထင်လို့ ရမလား။ ချစ်သူထားတယ်ဆိုတာ ထင်တစ်လုံးနဲ့ မသေချာဘဲ လုပ်လို့ရတဲ့ကိစ္စလား။ နင့်လောက်ပျင်းရိနေတဲ့ ကောင်ကလေးအတွက် ဒါ ပထမဆုံးကိစ္စလည်းပဲ ဖြစ်မှာပါ။ မိန်းကလေးချင်း ပြောရတာတော့ မကောင်းပါဘူး။ ကောင်းမလားလို့ အပျော်စမ်းကြည့်တာမျိုးပဲ မဟုတ်လား"

"မသိဘူးဗျာ၊ ခေါင်းရှုပ်လိုက်တာ"

"နောင် ဒီ့ထက်ရှုပ်လာမှာစိုးလို့ သေချာအောင် မေးနေရတာ၊ အန်တီလေး ပြန်ပြောပြတာတော့ တော်တော့်ကို အာပြဲပြဲနဲ့ ထင်ရာပြော သောင်းကျန်းတတ်တဲ့ အစားထဲကဆို။ နင့်လောက် ခေါင်းရှုပ်မခံနိုင်တဲ့သူက အဲဒီလိုကောင်မလေးမျိုးရဲ့အဖြေကို သွားယူမလို့လား။ အဲဒီလိုဟာမျိုးတွေက နောင်မှာ လွယ်လွယ်ကူကူနဲ့ ပြီးလို့ ဖြတ်လို့ လွယ်မယ့်ပုံမျိုးတော့ မဟုတ်ဘူးနော်။ အမှုပတ်တတ်တယ်"





"ဟာဗျာ ... ဘာလဲ၊ အဖြေတောင်မရသေးဘူး၊ ပြီးကြပြတ်ကြရင် ဆိုတာက ဘာလဲ၊ မမတို့ကတော့ ဒုက္ခပဲ။ သဘောမတူဘူးတွေ ကန့်ကွက်တယ်တွေနဲ့ ပြဿနာရှာဦးမလို့လား"

ဝတ်ဆံက သက်ပြင်းတစ်ခုကိုသာ အသာကျိတ်ချလိုက်မိပါသည်။ ဟုတ်ပါရဲ့ ... လောကြီးသွားပြီ။ ကိုယ့်ဘက်ကကြိုတင်ပြီး မလိုလားပါဘူး ဆိုတာကြီးကို သိသိသာသာပြလို့ ဘယ်ဖြစ်မလဲ။ အ,ချင်တဲ့နေရာကျ စွတ်အ,နေတတ်တဲ့ အကောင်လေးက သူ့ဟာမလေးကို အရင်းအတိုင်းတွေ သွားပြန်ဖွင့်ပြောပြလိုက်ရင် ဘယ့်နှယ်လုပ်မလဲ။

"နင့်ကို အဲဒီလောက် သဲကြီးမဲကြီး လှုပ်လှုပ်ရှားရှား ဖြစ်စေနိုင်တယ်ဆိုတော့ ရုပ်ရည်လေးကတော့ တော်တော်ချောမှာပေါ့နော်"

"မချောပါဘူး၊ ရုပ်တောင် ဆိုးသေးတယ်"

"ဟင် ... ! ဒါဖြင့် ... ဘယ့်နှယ် ..."

သူ့တူနဲ့ တူမကို ကမ္ဘာပေါ်မှာ အချောဆုံးလောက် သင်ထားတဲ့ ဒေါ်ဝါဝါ တစ်ယောက် အတော့်ကို မကျေမနပ်ဖြစ်သွားသည်။ အပြောအဆို အအော်ငေါက်ခံလိုက်ရတာထက်တောင် တောင်မှ နာချင်စရာကောင်းသေး။ ရိုင်းကလည်း ရိုင်းသေးတဲ့ အပြင် ရုပ်ဆိုးမကြီးလည်း ဖြစ်နေသေးတယ်ဆိုမှတော့ "ဝေဠုရယ် နင် ဘာကိုကြိုက်တာလဲဟဲ့"ဟု ကိုင်ကိုင်ဆောင့်ပြီးတော့တောင်မှ မေးပစ်လိုက်ချင်လာသည်။

"ဟောဟိုမှာပဲ။ ရပ်၊ ရပ် ... ကားကို ဒီနားတင်ရပ်တော့။ အဲဒီနားအထိ မသွားနဲ့။ ကြည့်ချင်ရင် ဒီကပဲလှမ်းကြည့်၊ ခဏပဲနော်။ အန်တီလေး ... ကားထဲက ခေါင်းကြီးပါထွက်ပြီးတော့လည်း ပြူးကြည့်မနေနဲ့ဦး"

"ဘယ်မှာလဲ ... ဘယ်တစ်ယောက်လဲ"

"ဟောဟိုက အစိမ်းကွက်နဲ့ တစ်ယောက်ဗျာ၊ ဟော ... ဒီဘက်ကို လှည့်လာပြီ တွေ့လား၊ အဲဒါပဲ ... အဲဒါပဲ။ ကဲ ... သွားပြီ။ မမတို့လည်း ပြန်ကြတော့"

ခေါင်းတညွှတ်ညွှတ်ကို မိုးကြိုးပစ်ချခံလိုက်ရတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မည်ထင်ပါသည်။ မဟာပထဝီမြေကြီးပါ ရှစ်စိတ်ကွဲပြီး "ဝုတ်"ခနဲ မြေမျိုခံလိုက်ရတာကမှ ပိုသက်သာနေဦးတော့မလား။ ကိုယ့်ကံက အဲဒီလောက်အထိ ဆိုးကိုဆိုးနေတော့တာပဲလားဟင်။ ကြောက်ခမန်းလိလိ၊ ရက်ရက်စက်စက် တိုက်ဆိုင်မှုကြီးတစ်ခုကို ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တော့ဘူးပေါ့။ ကံကြမ္မာရဲ့ဒဏ်ခတ်ချက်က ပြင်းထန်ဆိုးဝါးလွန်းလှပါသည်။

"ဟင် ... ဘယ့်နှယ်ဟာကြီးမှ သွားကြိုက်လိုက်တာပါလိမ့်"

ဘာမှ အလုံးစုံမသိသေးတဲ့ အချိန်မှာတောင် အန်တီလေးရဲ့လေသံက မချိတင်ကဲ နိုင်လွန်းလှပါပြီ။ ဝတ်ဆံမှာလည်း "တူတူပဲ သေလိုက်ကြတာပေါ့ အန်တီလေးရယ်"ဆိုတဲ့ စကားထက် ပိုကောင်းတဲ့အကြံဉာဏ်မျိုး မရှိနိုင်တော့ပါ။





တိုက်တိုင်းရဲ့ညီမ အလတ်မ ပိုက်ပိုက်က မထီတရီ ကြည်မလင်ပုံစံနဲ့ ဒီဘက်ကို လှမ်းကြည့်လို့နေပြီလေ။

♥ ✉ ♥

"ကိုတိုက်ကို အဲဒီအပျိုကြီးက အဖြေပြန်ပေးထားပြီးပြီမို့လို့လား။ မပေးရသေးပါဘူး မှတ်လား၊ လုပ်မနေနဲ့"

"ဘာလို့မပေးရသေးမှာလဲ။ ပြန်ပေးထားပြီးပြီမို့သာ ဟိုးတစ်နေ့က အိမ်ပါလာတာ နေမှာပေါ့။ နို့မို့ အဲဒီလို တည်တည်ကြည်ကြည်နဲ့ ဣန္ဒြေကြီးကြီး ရုပ်မျိုးနဲ့ အစ်မကြီးက အိမ်အထိ ပါလာပါ့မလား။ သူတို့ချင်း ပြေလည်နားလည်ပြီးသားမို့ပေါ့"

"အငယ်မ ... ဘာတစ်လုံးမှ ဝင်မပြောဘဲ နင့်ပါးစပ်ပိတ်နေစမ်း။ ငါမေးနေတာ နင့်ကိုမဟုတ်ဘူး ကိုတိုက်ကို"

"ဒါပေမဲ့ ကိုကိုကြီးက အကြီးဆိုတော့ ဒါမျိုးတွေ ပြောရမှာရှက် ..."

အလတ်မရဲ့မြောက်တက်လာတဲ့ လက်တစ်ဖက်ကို ကိုတိုက်တိုင်းက ဖျတ်ခနဲ ဖမ်းယူချုပ်နှောင်လိုက်ပါသည်။ သူ့ရဲ့ညာလက်က သူဦးတည်ရာ အငယ်မရဲ့ခေါင်းပေါ်ကို မကျရောက်လိုက်ရတော့ အလတ်မက တိုက်တိုင်းတစ်ယောက် ဘာမှထပ်မပွပ်ရှားနိုင်ခင် သူ့ဘယ်လက်နဲ့ အငယ်မရဲ့လက်မောင်းတစ်ဖက်ကို ဖြန်းခနဲ ခပ်မြန်မြန် တီးပစ်လိုက်သည်။

"ကျွတ် ... အလတ်မ"

"သူ့ကို ပါးစပ်ပိတ်ထားလို့ ပြောပြီးပြီပဲ၊ သူ့ကိစ္စလား"

"ဒါပေမဲ့ သူလည်း ငါတို့မောင်နှမ မိသားစုဝင်ပဲ၊ သူသိတာကို ဝင်ပြော ဝင်ဆွေးနွေးချင်မှာပေါ့"

"မပြောနဲ့၊ မဆွေးနွေးနဲ့။ တစ်ခုခုဆိုရင် အကြီးဆုံးနဲ့ အငယ်ဆုံး သူတို့နှစ်ယောက်ပဲ စည်းလုံးနေကြပြီး ကြားထဲကလူကို တစ်ယောက်တည်း ပ,ထုတ်ထားတတ်တာမျိုး သိပ်အမြင်ကတ်တာပဲ။ အကျင့်ကို မကောင်းကြဘူး"

တိုက်တိုင်းခမျာ အလတ်မရဲ့ရည်ရွယ်ရင်း ဦးတည်ရာကို မသိနိုင်သေးတာမို့ ဟုတ်တိုင်းမှန်ရာအတိုင်း "ဝတ်ဆံဆီက အဖြေအတိအကျကို မရသေးပါဘူး"ဆိုတာမျိုး မပြောရဲပါ။ တကယ်လည်း မရသေးဘဲ "ရပြီးပြီ၊ ငါတို့ချင်းက နားလည်ပြီးသား၊ ချစ်သူချင်းတွေ ဖြစ်နေကြပြီ"လို့လည်း ဖြောင်ကြီးတော့ လိမ်မပြောချင်တာမို့ ဟိုလိုလိုဒီလိုလိုနဲ့ မလိုမ့်တပတ်လေးတွေသာ ပြန်လုပ်နေမိတာပါ။

အငယ်မလေးခမျာ သူ့အစ်မရဲ့လက်သံကိုမကြောက်မရွံ့၊ ကိုယ့်အတွက် ဖွတ်ဝင်,ဝင်ပြောနေပုံကိုထောက်ရင် "အဖြေမရသေးဘူး"ဆိုတဲ့ အဖြစ်က အခြေအနေ သိပ်မကောင်းနိုင်လို့၊ အလတ်မမှာ အကြံအစည်ရည်ရွယ်ရင်း တစ်ခုခုရှိနေတာ အငယ်မလေး သိထားလို့သာ နေမှာပေါ့။





"ကိုတိုက်နော် ... ဘုရားမကြိုက်တာ မလုပ်နဲ့။ ပလီတာတွေ မုသားတွေလည်း ဘေးဖယ်ထားစမ်းပါ။ ကိုတိုက်တို့နှစ်ယောက်က ဘာမှမဟုတ်ကြသေးဘူးဆိုရင် တော်ပြီ။ ဒီလောက်နဲ့တင် ရပ်တန်းကရပ်ပြီး နောက်ပြန်ဆုတ်လိုက်တော့"

တိုက်တိုင်းမှာ ပါးစပ်တောင် ဟ,သွားရပါသည်။ အလတ်မဟာ သူများတကာကိုဆိုရင် ဆန့်ကျင်ရမှ၊ ဂျစ်ကန်ငြင်းခုန်လိုက်ရမှ ကျေနပ်တတ်သူ။ ရှင်းရှင်းပြောရရင် သူများတကာစိတ်ကသိကအောက်ဖြစ်၊ စိတ်ဆင်းရဲနေမှပဲ သူက စားဝင်အိပ်ပျော်ချင်တတ်သူမျိုး ဆိုတာတော့ သိပေမယ့် ဟိုတစ်လောကပဲမယုတ်မလွန်လေး တီးခေါက်ကြည့်သလောက်ကတော့ ဒီလောက်အခြေအနေ မဆိုးဘူးလေ။

"အဲဒီတစ်ယောက်ကို ညည်းတို့ရဲ့အစ်မကြီးအဖြစ်နဲ့ဆိုရင် ဘယ့်နှယ်လဲ"ဆိုတော့ အငယ်မလေးကတောင်မှ "မီးမီးတို့က ကိုကိုကြီးမျက်နှာပဲ ကြည့်နေရတာနော်။ ကိုကိုကြီးက အားလုံးနဲ့အဆင်ပြေနိုင်မယ်ထင်လို့ပဲ လုပ်မှာမဟုတ်လား"လို့ မရဲတရဲ စိုးစိုးရိမ်ရိမ်ကလေး ပြန်မေးနေသေး။ အလတ်မကတော့ ...

"သိတယ်လေ ... ဒီကပညာရှိတို့က ရိပ်မိနေလို့ကို အပြီးအပြတ် ပြောလွှတ်လိုက်တာ။ သူ့ကို ရှင်းရှင်းပြောလိုက်ပြီးပြီပဲ။ ဒီဒဏ်တွေကို ခံနိုင်မယ်၊ ဒီကပုံသေနည်းတွေကို နားလည်မယ် ဆိုရင် လာပေါ့၊ ဝဲလ်လမ်းပဲ။ ကိုတိုက်က

ယောက်ျားကြီးမို့ ညီမတွေအတွက် မိန်းမတွေး တွေးပြီး အောက်သက်ကျေမပေးနိုင်တာတွေကိုပါ သူက အကွက်မြင်မယ်၊ လုပ်ပေးနိုင်မယ်ဆိုရင် ပိုတောင်ကောင်းသေးတယ်။ အချိန်မရွေးပဲ။ အဲဒါလေးတွေသာ ရအောင်ညှိပေါ့"

သူ့ဘက်က အကျောနဲ့ချည်းပဲတော့ ဖြစ်နေပေမယ့် "သဘောမတူဘူး၊ ကိုတိုက် လုံးဝမိန်းမ,မယူရဘူး၊ လူပျိုကြီးပဲ လုပ်ရမယ်"ဆိုတာမျိုးလောက်တော့ မဆိုးဝါးခဲ့တာမို့ တိုက်တိုင်းမှာ "ကဲလေ ... ဝတ်ဆံက ဒီဒဏ်တွေ ခံနိုင်မခံနိုင် ဆိုတာကတော့ နောင်ခါလာ နောင်ခါချေးပေါ့၊ ကိုယ့်ညီမတွေက ဒီလောက်ဆိုရင်ပဲ တော်လှပါပြီ"လို့ တွက်ထားမိခဲ့တာလေ။

ခုကျတော့ "အဖြေမရသေးရင် ရပ်တန်းကရပ်ပြီး နောက်ပြန်ဆုတ်တော့"ဆိုပါလား၊ ဘာများဖြစ်သွားရတာပါလိမ့်။

"ဘာဖြစ်လို့လဲ အလတ်မ၊ နင် ဟိုတစ်ခါပြောထားတုန်းကတော့ အဆင်ပြေနိုင်မယ်ဆိုရင် အချိန်မရွေး ဝဲလ်ကမ်းပဲဆို"

"ကိုကိုကြီး ... သူကလေ အခု အဲဒီအစ်မကြီးရဲ့ ..."

ဒီတစ်ခါမှာတော့ အလတ်မရဲ့ညာလက်ဆစ်တို့ဟာ အငယ်မရဲ့ခေါင်းပေါ်ကို ခေါက်ခနဲ မိမိရရကြီးပင် ကျသွားပါသည်။ တိုက်တိုင်းပင် ဘာမှလှုပ်ရှားခွင့် မသာလိုက်။ အကျယ်ကြီးမြည်သွားတဲ့အသံဟာ အငယ်မလေးတော့ ဘယ်လောက်နာသွားမည် မသိပါ။ သူကလည်း လုပ်သေးတဲ့ အလတ်မကတော့ သူ့လက်သူပြန်ပြီး တဖွဖွ ဆုပ်နယ်နေရင်းက ...





"ချွေးမ ... ခေါင်းကြောက မာလိုက်တာ၊ သူ့ခေါင်းခွံက ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်နေသလား မသိဘူး၊ နာလိုက်တာ၊ သေတော့မယ် ... တောက်"

ခံနေရကျဖြစ်သော အငယ်မမှာ သူ့ခေါင်းသူ တစ်ချက် နှစ်ချက်လောက်သာ ပွတ်လိုက်ပြီး အလျင်အမြန်ဆုံးသော နှုန်းနဲ့ ပါးစပ်မှာ မော်တာတပ်လိုက်သလားပင်။

"သူက အခု အဲဒီအစ်မကြီးရဲ့မောင်နဲ့ ကြိုက်နေတာ။ အချစ်ဦး အချစ်ရူး။ မရစဖူး အရထူးထားလို့ လူးခတ်နေတာ"

ပြောပြီးတာနဲ့ ဝုန်းခနဲထပြေးသွားလိုက်တာ အလတ်မ ဘယ်လိုမှ လက်လှမ်းမမီနိုင်တဲ့နေရာသို့ တစ်စက္ကန့်လောက်အတွင်း ရောက်ရှိသွားပါသည်။ နောက်ကနေပြေးလိုက်ဖို့ကြံပြန်တဲ့ အလတ်မကို တိုက်တိုင်းက ဒီတစ်ခါတော့ မိမိရရကြီးပင် ဖမ်းဆွဲချုပ်ထားလိုက်သည်။ အငယ်မဆီက ကြားလိုက်ရတဲ့သတင်းဟာ အံ့သြစရာကောင်းလှပေမယ့် တိုက်တိုင်းမှာ အေးအေးဆေးဆေးတောင် ထိုင်အံ့သြနေချိန် မရှိပါ။ တဝုန်းဝုန်း ရုန်းကန်နေတဲ့ အလတ်မရဲ့ ခွန်အားကြီးကို မနည်းအပြိုင်ပြန်တားဆီးနေရသည်။

"အား ... နာလိုက်တာ၊ လွှတ် ... လွှတ် ... အကြင်နာကို မရှိဘူး"

"ငါလွှတ်လိုက်ရင် နင်က သူ့သွားပြေးလုပ်မှာပေါ့။ အကြင်နာ အစာနာ တကယ်မရှိတာက နင်။ ငါ မဟုတ်ဘူး"

“ပိုက်က ဘာမှမလုပ်ရသေးဘူး။ ခု တကယ်လက်ပူးလက်ကြပ် လုပ်နေတာက ကိုတိုက်။ ဒီမှာ ... ဒီမှာ”

“ငါ လွှတ်ပေးလိုက်ရင် နင် မီးမီးကို တစ်ခုခု ပြေးမလုပ်ပါဘူးလို့ ကတိပေးသလား”

“ပါးစပ်ကနေ ပေါက်လွှတ်ပဲစားတွေ ထွက်နေတဲ့ မိန်းမကို ဒီအတိုင်း ထားထားရမှာလား။ ကိုတိုက် အနိုင်မကျင့်နဲ့နော်၊ ဘက်မလိုက်နဲ့”

“ဒါဖြင့်ရင် သူ ခုနပြောတာတွေက တကယ်မဟုတ်ဘူးပေါ့။ နင်နဲ့ ဝတ်ဆံရဲ့မောင်နဲ့ဆိုတာ အငယ်မ အလကား သက်သက် လျှောက်ပြောနေတာပေါ့၊ ဟုတ်လား”

ဒီလိုတော့လည်း အလတ်မက “မဟုတ်ပါဘူး၊ ဘယ်မှာဟုတ်လို့လဲ”လို့ ဘယ်ပြောပါ့မလဲ။ အငယ်မကို တဆုံးတစ လုပ်ထည့်ပစ်လိုက်ချင်သည်မှာလည်း အဲဒီသတင်းကို ကိုယ့်ထက်အရင်ဦးအောင် ဖွင့်ပြောပစ်လိုက်လို့က ဒီလောက်မဟုတ်။ ကာယကံရှင်မဟုတ်တဲ့သူက ဇွတ်ခနဲ ပြောချပစ်လိုက်တော့ ကိုယ်တောင် အစရခက်နေတာမျိုး မရှိတော့ဘူးပေါ့။ ပိုတောင်ကောင်းသေးသည်။ အခုလုပ်ချင်နေတာက မခံမရပ်နိုင် ဖြစ်နေတာက “မရစဖူး အရထူးလို့ လူးခတ်နေတာ”ဆိုတဲ့ စကားကိုသာ။

မဟုတ်ဘူးလားဆိုတော့ ဟုတ်တာပေါ့။ ဒါပေမဲ့လည်း ပိုက်ပိုက် ဆိုတဲ့ မိန်းမစားမှာ အသက်ပဲ နှစ်ဆယ်ကျော်လာတဲ့အထိ ဘယ်ကောင်ကလေးတစ်ယောက်ရဲ့ စိတ်ဝင်တစား





ည်တကျ ချစ်ခွင့်ပန်ခြင်းမျိုးကိုမှ မခံခဲ့ရဖူးတာ လူသိစရာ ား။ ဝေဠုကိုပင် ဝိုင်းဝိုင်းလည် ဆယ်ယောက်၊ ဆယ့်ငါးယောက် ာက်ထဲကမှ အသေအချာ ယှဉ်ပြိုင်ပြီး နက်နက်နဲနဲ စဉ်းစား ုးချယ်ထားသယောင်ယောင်၊ အောင်ဘာလေထီဆုကြီးပေါက် လောက် ပြောထားခဲ့တာပါ။

ဒါတောင် အဲဒီကောင်ကလည်းပဲ အတည်တကျ၊ နှင့်သည်းသည်း၊ သေတော့မလောက်ကြီး ချစ်ခင်စွဲလမ်းနေတာ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား ပိုက်ပိုက် မသိ။ ဒါပေမဲ့ သူ စပြောလာတာလေ။ ပြောင်တာပဲဖြစ်ဖြစ်၊ ပါးစပ်ဆော့တာ၊ သလုပ်ကြည့်တာမျိုးပဲဖြစ်ဖြစ် ပြောလာလို့ ပြန်ဖြေတာ။ ခြေစကား သိပ်မြန်လွန်းနေတာတွေ ဘာတွေလဲ ဘေးချိတ်ထား ပါ။ ပိုက်ပိုက်တို့ကတော့ လက်လွှတ်ခံစရာလား။ မိပြီးပြီဆိုမှ ော့ ပြန်လွှတ်သွားတယ်ဆိုတာ မရှိစေရ။ နိုး ...၊ လုံးဝ ...၊ ာရီးပဲ။

, မွေးလာကတည်းကလောက်ကနေ ခုအသက်အရွယ် ိုင်၊ ဘယ်တုန်းကမှ၊ ဘာကိုမှ မကျေနပ်မပျော်ရွှင်ခဲ့တဲ့ဘဝမှာ ပြီး “ဒီလိုဆိုတော့လည်း လောကကြီးက သိပ်မဆိုးလှပါဘူး” မြင်ကြည့်ဖို့ သိလာခဲ့တာမှ ဘာမျှားကြာသေးလို့လဲ။

“ဒါ ... ဒါဖြင့် ... အလတ်မ အဲဒီကိစ္စက တကယ်ပဲပေါ့”

တစ်သက်လုံး အရေးစိုက်စရာ၊ ကြောက်စရာ၊ ရှိန် ား၊ ရှိသေစရာလို့ မမြင်ခဲ့တဲ့ ကိုယ့်အစ်ကိုကြီးဖြစ်သူကို ဒီလို

ကိစ္စမျိုးမှာတော့ နည်းနည်းမျက်နှာပူသလိုလို ရှက်သလို ရှိန်သလို ရှိရပေမယ့် အလတ်မဟာ ဟန်ကိုယ့်ဖို့ဆိုသလိုပင် မျက်နှာထား ချိုချိုနှင့် ခပ်မာမာ ...

"ဟုတ်တယ်"

"ဟာ ... ! အဲဒါ ... နင် ... တမင် ..."

"ဘာ ... ! စဉ်းစဉ်းစားစားလည်း ပြောပါ ကိုတိုက်ရဲ့။ ကိုတိုက်ရဲ့အပျိုကြီးကို မြင်တာနဲ့ပဲ ပိုက်က နောက်ကြောင်းလိုက်စုံစမ်းပြီး သူ့မှာ မောင်ရှိတယ်လို့ သိလာရတာနဲ့ပဲ သွားပြေးဖွင့်ပြောလိုက်တယ်ပေါ့။ ဟုတ်လား။ အဲဒီလိုလို့ စွပ်စွဲချင်နေတာလား"

"အဲ ... အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲဟ။ ဒါဆိုရင် လုံးဝတိုက်ဆိုင်တာပေါ့"

"ဟုတ်တယ်"

ဝေဠုကို ပိုက်ပိုက်က သိတာတော့ ကြာပါပြီ။ သူလည်း ပိုက်ပိုက်ကို ကျောင်းတုန်းကတည်းက သိဖူးပြီးဖြစ်ချင်လည်း ဖြစ်နေမှာပေါ့။ သူနဲ့ လမ်းထဲ ရပ်ကွက်ထဲမှာ အတူတွဲတဲ့ လည်ပင်းဖက်သူငယ်ချင်းက ကျောင်းမှာတော့ ပိုက်တို့နဲ့ မေဂျာတူ၊ အတန်းတူ ယောကျ်ားလေးသူငယ်ချင်း ဖြစ်နေခဲ့တာကိုး။

သူနဲ့အုပ်စုတူ သူငယ်ချင်းမများကို သူ့နမတွေ အစ်မတွေအလား ပါးစပ်အားတိုင်း လူတကာနဲ့ ဖောဖောသီသီ စပ်ဟပ်ပေးစားနေတတ်တဲ့ အဲဒီကောင်ရဲ့ ကောင်းကျိုးကြောင့်





သူနဲ့ခင်မင်မိသမျှ မိန်းကလေးတိုင်းလိုလိုဟာ ကျောင်းပြီးခင် ယောကျ်ားနောက်လိုက်သွားတဲ့သူနဲ့။ တစ်ယောက်မကောင်း တစ်ယောက်ပြောင်း သူ့သူငယ်ချင်းတွေထဲကပါ တစ်ယောက်ပြီးတစ်ယောက်နဲ့ ပတ်လည်ရိုက်နေတဲ့သူနဲ့။ ကျောင်းလည်းပြီး၊ အိမ်ထောင်လည်းကျ၊ အောင်စာရင်းထွက်တဲ့နေ့ဟာ Reception လုပ်တဲ့နေ့ ဖြစ်နေတဲ့သူနဲ့။ အဲဒီလို အသီးသီး အသကတွေထဲကမှ ပိုက်ပိုက်ကား နောက်ဆုံးလက်ကျန်။

"ဒီဟာမတစ်ယောက်တော့ ဘယ်နည်းများ သုံးရမှာပါလိမ့်"

သူက အဲလိုတောင် ဆိုလာတော့ "သေနာကောင်"တွေ၊ "မသာစုတ်"တွေသာ ပြန်ပြောနေရတာ "သူသုံးမယ့်နည်းက ဘယ်လိုများပါလိမ့်"ဟု လူမသိ သူမသိ ကျိတ်မျှော်စောင့်စားနေမိတာ အမှန်ပဲ ဆိုပါတော့။ နောက်ဆုံးတော့လည်း သိုင်းဝတ္ထုတွေထဲကစကားနဲ့ ပြောရရင်တော့ "မည်သို့မည်ပုံ ပြုလုပ်လိုက်သည်မသိ"ပေါ့လေ။ သူ့သူငယ်ချင်း ဝေဠုဟာ ပိုက်ပိုက်ကိုမှချစ်လို့ ကြိုက်လို့ပါတဲ့။

"ဟဲ့ ... ပိုက်ပိုက်၊ နင့်ကို ဒီကောင်က ကြိုက်လို့တဲ့"

"အောင်မကျော်နော် ... သေဦးတော့မယ်၊ နင် နာချင့်နေပြီထင်တယ်"

"တကယ်ပြောနေတာ၊ သူ့မေးကြည့်ပါလား။ ဟေ့ကောင် ပြောလိုက်လေ"

"အင်း ... ဟုတ်တယ်"

"ဟမ် ... ဘာ ... ဘာဟုတ်တာလဲ၊ နင်ကကော ပူးတွဲပြီး အသက်ပျောက်ချင်လို့လား"

"မပျောက်ချင်ပါဘူး။ ဒီကောင် ပြောတာကို ဟုတ်တယ်လို့ ပြောနေတာ"

"ဘာ ... ! "

"ဘာတွေ ညာတွေ လုပ်မနေနဲ့၊ နင်ပြန်ကြိုက်လိုက်မိပိုက်၊ ဒါဆို ပြီးပြီ။ ငါ့မှာ လက်ကျန်ပြတ်သွားပြီ။ ငါ့တာဝန် ကုန်ပြီ"

"ဘာပြောတယ်၊ နင့်ကို ဘယ်သူက ဘာတာဝန်တွေပေးထားလို့လဲ ငနာရဲ့"

"ကဲပါ ... နင် ပြန်ဖြေမှာလား မဖြေဘူးလား"

ပိုက်ပိုက်မှာ ခုလက်ငင်းပဲ ပြန်မဆုပ်ကိုင်၊ ဖမ်းမချည်လိုက်ရင် ချက်ချင်းပဲ ပြန်ရုပ်သိမ်း၊ လျှောထွက်သွားတော့မလား ထင်ရတဲ့ ငါးရှဉ့်အလား ချစ်စကားကို မူနေချိန်တောင်မှ မရှိ။ ဘာလုပ်ရမလဲ၊ ဘယ်လိုလုပ်လိုက်ရမလဲ စိတ်တွေ လှုပ်ရှားလိုက်ရတာဆိုတာ။

သူများတကာ မိန်းကလေးတွေ ရည်းစားစကားအပြောခံရရင်၊ ချစ်သူလက်တွဲဖော်ရယ်လို့ ရှာတော့မယ်ကြံရင်ဘာတွေကို ရင်တုန်ကြသည်။ စိတ်လှုပ်ရှားကြသည်မသိ။ ပိုက်ပိုက်မှာတော့ နောက်နေ ပြောင်နေကြတာလား။ တကယ်ကြီးတွေလားဆိုတာကို မကွဲပြားနိုင်တာကတစ်ချက်။ သူတို့က အတည်ပြောနေ





ကြပါရက် ကိုယ်က"သွားစမ်းပါ"လို့ ပြန်လုပ်လိုက်မိရင် "နောက်တစ်ချီ"ဆိုတဲ့ အခွင့်အရေးမျိုး ထပ်မပေါ်လာတော့မှာကို လန့်ရလွန်းတာကတစ်ဖက်။ စိတ်ထဲမှာ "အချစ်"ကြောင့်ထက်"အလန့်"ကြောင့်ပဲ ပိုပြီးလှုပ်ရှားနေရသည်။

ဘယ်လောက်ပဲ "အစ်ကို့လုပ်စာ ထိုင်စားပြီး အပျိုကြီးပဲလုပ်မှာ"လို့ ကြွေးကြော်နေကြော်နေ။ မိန်းကလေးပဲ ကိုယ့်ကိုချစ်မယ့်ကြိုက်မယ့်သူ ဆိုတာမျိုးကိုတော့ မလိုချင်ဘဲ ရှိပါ့မလား။ ဒီအရွယ်ကြီးအထိ တစ်ခါမှ အခွင့်အရေးမပေါ်၊ ဈေးဦးမှ်ပေါက်သေးတာလောက် သိက္ခာကျစရာကောင်းတာ ရှိဦးမလား။

ပိုက်ပိုက်ကား ရှင်းရှင်းပြောရရင် တကယ့်အပျိုကြီးစစ်စစ် လုပ်လိုသူတွေလိုမျိုး ဃရာဝါသကို လုံးဝစိတ်မဝင်စား၊ အဘက်မလုပ်ချင်သူမျိုးမှ မဟုတ်တာကြီး။

"ကဲ ... ကဲ ... နင်လည်း နည်းနည်းတော့ စဉ်းစားချင်ဦးမှာပေါ့။ တစ်ပတ်ငါးရက်လောက် အချိန်ယူပြီးရင်တော့ ပြန်လက်ခံ စဉ်းစားလိုက်ပေါ့ဟာ၊ နင်ကလည်း" ဟား၊

အောင်ကျော် ... အောင်ကျော်။ ကျေးဇူးရှင်ကြီးချောက်ထဲကန်ချနေတာလား မခွဲခြားနိုင်ခင်မှာပင် ငါးရက်ဝယ် တွေထက်လည်း ဆက်မှုမနေရဲတဲ့ ပိုက်ပိုက် ခမျာ အောင်၏ အဖြေချိန်းချက်စီစဉ်ပေးတဲ့ နေ့ရာနဲ့ အချိန်ကို စိတ်ကုန်သလိုလိုအောင်တိုသလိုလို၊ စိတ်မပါသလိုလိုနဲ့ ဝမ်းသာအားရ လက်သင့်ခံခဲ့လိုက်ရှာရော ဆိုပါတော့။

အဖြေပေးရမယ့်နေ့ကျတော့ ဟိုသတ္တဝါဟာ မေ့ပြီး အိပ်ပျော်နေပါသတဲ့။ စိတ်တွေလှုပ်ရှားပြီး ကြိုရောက်နေနှင့်တဲ့ ပိုက်ပိုက်တစ်ယောက် "ငါ့ကိုတော့ အရှုံးမကြီးလိုမျိုး ဟာသဇာတ်ခင်းသွားပြီ။ တစ်နေ့ရာရာလောက်မှာ ကျိတ်ဟားနေကြလောက်ပြီ"လို့ ဒေါသတွေ ထွက်လိုက်ရတာ ဆိုတာလေ။ အဲဒီလိုမျိုး ဆိုလို့ကတော့ နှစ်ကောင်စလုံး ဓားနဲ့ထိုးပစ်မယ်လောက်အထိပါ အပြီးသတ် တွေးထားပစ်လိုက်တာ။

နောက်တော့လည်း ဝေမှူဆိုတဲ့ ကောင်ကလေးက အူရားဖားရားနဲ့ အပြေးရောက်လာရှာသား။ ကားတစ်စီးပေါ်က ဆင်းလာတဲ့ သူ့မျက်နှာကို လှမ်းမြင်လိုက်ရတော့ "ငါတို့နှစ်ယောက်ပေါင်းပြီး နင့်ကို အပျော်နောက်ကြတာပါ။ ဆောရီးပဲ"လို့ ဘွာပြန်ခတ်မယ့် ရုပ်ရည်မျိုးတော့ မဟုတ်ဘူးလို့ သေချာတွက်နိုင်လိုက်ပြီးတာနဲ့ တစ်ပြိုင်နက် ပိုက်ပိုက်ဟာ "ပြည့်စုံပြီ"ဆိုတဲ့ သီချင်းကို အော်ကြီးဟစ်ကျယ်ပဲ ဆိုပစ်လိုက်ချင်မိတော့တာပါ။

သူကတော့ မသိဘူးလေ။ ပိုက်ပိုက်ကတော့ ရင်ခုန်မခုန်ခုန်။ အချစ်ဆိုတာ ဘာမှန်းသိသိမသိသိ။ သူ့ကိုပဲချစ်သူနဲ့ပဲ ယူမှာ၊ လက်ထပ်မှာ။ ဒါပဲ။ အဲဒီမှာမှ သူ့ကိုကားငင်းပြီးလိုက်ပို့တဲ့ သူ့အစ်မဆိုတာဟာ ကိုတိုက်နဲ့ပတ်သက်တဲ့ အစ်မကြီး ဝတ်ဆံပဲ ဆိုတာကို သိလိုက်ရတာ။

ပိုက်ငိုက် တစ်ယောက် ချစ်သူရည်းစားတစ်ယောက်လည်း ပိုင်ပိုင်နိုင်နိုင်ရပြီဆိုရော ပထမဦးစွာ ရက်မဆိုင်း ဖွင့်ပြော





အသိပေးလိုက်သူဟာ ဘယ်သူဖြစ်မယ် ထင်ပါသလဲ။ "နင်လည်း ငါ့လိုပဲ အပျိုကြီးပဲ ဖြစ်မှာပါပဲ။ ဒါပေမဲ့ ငါက အပျိုကြီးဖြစ်တာ မဟုတ်ဘူးဟ၊ လုပ်တာ။ နင်ကတော့ ဖြစ်တာ။ အဲဒီလိုလေးတော့ ကွာတာလေး ရှိတာပေါ့။ ဖြစ်ရပ်ကတော့ တူပါတယ်။ အကြောင်းအရာကတော့ မတူဘူးလေ"လို့ တင်တင်စီးစီး ဆိုထားခဲ့တဲ့ ဒေါ်လေးကိုပါပဲ။

"အင်း ... ဟုတ်ပါပြီ၊ တိုက်ဆိုင်တာကတော့ တော်တော်လေးကို တိုက်ဆိုင်တာပဲ၊ ဒါပေမဲ့ အဲလိုတိုက်ဆိုင်တော့လည်း ဘာဖြစ်သေးလဲ။ ငါတို့မှာ ဒီမောင်နှမသုံးယောက်ပဲ ရှိတော့ သူစိမ်းတစ်ရံစာမိသားစုသုံးစုနဲ့တော့ တစ်ချိန်ချိန်ကျရင် မဖြစ်မနေ ဆက်ဆံလာရမှာပဲလို့ တွက်ထားခဲ့တာ။ ခုဆိုရင် နှစ်စုနဲ့ပဲ ဆက်ဆံရမယ်။ ဟုတ်တယ် ... စဉ်းစားကြည့်ရင် ပိုးတောင် အဆင်ပြေသေးတယ်။ ဝတ်ဆံရဲ့မောင်လေး ဆိုတာလည်း သူတို့အသိုင်းအဝိုင်းထဲကပဲဆိုတော့ အဆင်ပြေပြေ ကောင်းကောင်းမွန်မွန်ထဲကပဲ မဟုတ်လား၊ ဟင် ... ! အလတ်မ"

ပိုက်ပိုက်ရဲ့ ဝန်ခံစကားကြောင့် အနည်းငယ် တွေသွားသလိုရှိပြီးမှ ချက်ချင်းလက်ငင်းပင် ဆုံးဖြတ်ချက်ကျ၊ အဖြေထွက်သွားနိုင်တဲ့ပုံနဲ့ ဝမ်းသာအားရ ဆိုလာတဲ့ တိုက်တိုင်းအောင်ကို ပိုက်ပိုက်က မဲ့မဲ့ရွဲ့ရွဲ့နှင့် ဒေါသတကြီး မျက်စောင်းကြီးချိုလိုက်သည်။

"ဘယ်ကလာ ကောင်းရမှာလဲ။ ကိုယ်လိုရာပဲ ဆွဲပြောမနေနဲ့။ အစ်မနဲ့အစ်ကို မောင်နဲ့ညီမ။ နှမလည်မောင်လည်ကြီး"

"ဘာ ... ဘာကြီး ! "

"နှမလည် မောင်လည်ကြီးလို့ ပြောတာ။ အဲဒါ လုံးဝမကောင်းဘူး။ လူတော်တော်များများမှာ အယူရှိကြတယ်။ အဲဒါ ကောင်းကိုမကောင်းဘူးတဲ့။ အဲဒါကြောင့် ကိုတိုက်ကို ပြောနေရတာ။ ကိုတိုက်က အကြီးလည်းဖြစ်တယ်။ အဖြေလည်း မရသေးဘူးဆိုတော့ ကိုပိုက်ပဲ နောက်ဆုတ်လိုက်တော့၊ ဆက်မလုပ်နဲ့"

တိုက်တိုင်းမှာ ပါးစပ်အဟောင်းသား ဟသွားရပြန်ပါတော့သည်။

"ဘယ်လိုလုပ် တရားမှာလဲ၊ တကယ်ပဲ မကောင်းနိုင်ဘူးဆိုရင်တောင် သူတို့က အရင်စထားကြပြီးသားကိစ္စကို မပိုက်တို့သာ နောက်ဆုတ်လိုက်"

သူ့အစ်မရဲ့လက်သံပြောင်မှုကို ခပ်ဝေးဝေးကနေ အကာအကွယ်ယူ ကြိုရှောင်ထားပြီးသားဖြစ်သော အငယ်မက ဝင်အော်ပြန်သည်။

"နင့်ကို ငါ ဝင်မပါနဲ့လို့ ပြောထားတယ်နော်၊ နင် ခုနေလွတ်နေပေမယ့် အမြဲတစေ ရှောင်ထားနိုင်မယ်များ ထင်နေလဲ၊ ပြောမရ ဆိုမရ ဝင်ဝင်ပါလို့ကတော့ ခုလုပ်လို့မရလည်း မှတ်ထားပြီး အခွင့်ရရင် အရေခွံနွှာပစ်ရုံပဲ





အငယ်မ။ ပါးစပ်ပိတ်နေ၊ ငါပြောတာက ရှင်းရှင်းကလေးပဲ၊ လုံးဝသမရှုမသတ်လည်း ကျတယ်။ ချစ်သူရည်းစားတွေရယ်လို့ တကယ်တမ်း အတည်တကျ မဖြစ်သေးတဲ့လူက ရှောင်လိုက် ... ဒါပဲ"

"အတည်တကျက ဖြစ်ပြီးနေပါပြီလို့ ဘယ်နှခါပြောရမလဲ"

"နှမ မြန်မြန်ထလိမ်ချင်လို့ ရမလား။ ဒီရုပ် ဒီရုပ်တွေလားသမီးရည်းစားတွေ"

"ဣန္ဒြေရတယ်လေ၊ တည်ငြိမ်နေပြီလေ။ ရွှရွှထနေရမယ့်အရွယ်တွေ စိတ်ဓာတ်တွေမှ မဟုတ်ကြတော့တာ။ ကိုယ်တွေက ဆတ်စလူးထချင်နေတိုင်း သူများတကာတွေကိုပါ လူမြင်မကောင်းအောင် အဖြစ်သည်းနေကြမှ သမီးရည်းစားစုံတွဲအစစ်တွေလို သတ်မှတ်ချင်ရင်တော့ ဘယ်ဟုတ်ဦးမလဲ"

သူ့ကို တစ်သက်လုံး ထိုးခေါက်ရိုက်နှက် ဗိုလ်ကျနိုင်စားလာတဲ့ အစ်မဖြစ်သူကို ဘယ်တုန်းတည်းက အကွက်ချောင်းပြီး ရှုတားထားသည်မသိ။ ခါတိုင်းများ ခံလိုက်ရရင် ငိုမဲ့မဲ့ဖြစ်ရုံကလွဲလို့ သိပ်ကြီးတောင် နှုတ်လှန်မထိုးဝံ့ရှာတဲ့ အငယ်မဟာ မကြုံစဖူး ကက်ကက်လန် ဇွာဇွာကျဲနေကာ အလတ်မကို အရိုက်ကြီး ပိတ်ပိတ်ထိုးသကဲ့သို့ ရှိနေပါသည်။

ခုနေတုန်းတော့ လက်လှမ်းမမီလို့ရယ်၊ အစ်ကိုကြီးပါရှိနေလို့ သိပ်ဝရုန်းသုန်းကားကြီး မဖြစ်ချင်လို့ရယ် အငယ်မတစ်

ယောက် သက်သာနေတာ။ "အခွင့်သာရရင် အရေခွံနွာပစ်မယ်" ဆိုတဲ့ စကားက တကယ်ပဲ ဖြစ်နေနိုင်တာမို့ တိုက်တိုင်းအောင်က အငယ်မ သိပ်လွန်မလာခင် မျက်ရပ်မျက်ခြည်တို့နှင့် "အငယ်မ" ဟု လှမ်းဟန့်လိုက်ရပါသည်။

ဒီတိုင်းဆိုရင်တော့ နောင်ခါလာနောင်ခါချေး၊ လိမ်ညာ မပြောချင်ပါသော်လည်းပဲ လိမ်ကိုလိမ်ညာရတော့မယ့်ပုံပဲပေါ့။ သူ့ဟာက "အဖြေမရသေးရင် နောက်ဆုတ်" ဆိုတာကိုး။

"အလတ်မ ... နင့်ကို အဲဒီလို နမလည်မောင်လည်ကြီးဆိုရင် လုံးဝမကောင်းဘူးဆိုတာ ဘယ်သူပြောတာလဲ။ အယူမသီးပါနဲ့ ပိုက်ပိုက်ရယ်။ တကယ့်တကယ်က ငါတွေးသလိုတွေးရင် သူစိမ်းမိသားစုနဲ့ နှစ်မျိုးနှစ်ခါ ဆက်ဆံနေစရာတောင် မလိုဘူး၊ ဒီတစ်မိသားစုတည်းနဲ့ပဲ နှစ်ယောက်လုံးပတ်သက်ရမှာ၊ ပိုတောင် ဇံဇာဘာယာ ပစ်ပစပ်တွေ နည်းနိုင်သေးတယ်"

"ဒေါ်လေး ပြောတာလေ။ ပိုက်ကလည်းယုံတယ်။ ဒေါ်လေးက အထောက်အထားတွေနဲ့ကို ပြောတာ"

"ဒေါ်လေး ! ကျွတ် ! သူက ဘယ်ကသိပြီး ဘယ်ကဝင်ပါလာရပြန်တာလဲ"

"ပိုက် ပြောပြလိုက်တာလေ"

"ဟာ ... နင်က ဘာလို့သွားပြောနေတာလဲ၊ ကိုယ်ရည်းစားထားတယ်ဆိုတာ ကမ္ဘာလည်ပြောနေစရာလား ... ဟ"





"သူက ပိုက်ကို ဒီတစ်သက်တော့ နင်ယောက်ျားရတော့မှာ မဟုတ်ပါဘူးလို့ ချိုးချိုးဖဲ့ဖဲ့ ပြောထားတာကိုး"

"အေးပေါ့ ... အဲဒါ အဖြေပဲပေါ့။ နင်က 'ရတယ် တွေ့လား' လို့ သွားလုပ်လိုက်တော့ သူက နောက်တစ်မျိုးနဲ့ နင့်ကို ထပ်ချိုးဖဲ့ပြီး စိတ်မချမ်းသာအောင် ထပ်လုပ်လိုက်တာလည်း ဖြစ်နိုင်တာပဲ"

"ဒါပေမဲ့ ဟုတ်လည်း ဟုတ်နေတဲ့ သာဓကတွေက အများကြီးလေ၊ ကဲပါ ... အဓိကကျတာကိုပဲ ပြောစမ်းပါ။ ကိုတိုက်တို့က ဘယ်လိုလဲ ... !"

"အေး ... ငါ ... ငါတို့လည်း တစ်ယောက်နဲ့တစ်ယောက်က ဟိုဒင်းပေါ့၊ ပွင့်ပွင့်လင်းလင်း ရှိကြပြီးသား။ တိုင်ပင်ညှိနှိုင်းပြီးသားတွေပဲ"

"ဘာတွေကို တိုင်ပင်ညှိနှိုင်းနေကြတာလဲ"

"ဩော် ... ငါတို့တွေက အချိန်တန် အရွယ်ရောက်ပြီး ကိုယ်စီလည်း အလုပ်နဲ့အကိုင်နဲ့ဆိုတော့ လက်ထပ်ဖို့ဘာညာက သိပ်အချိန်ဆွဲနေစရာ မလိုတော့ဘူးလေ။ အဲဒါတွေကို ညှိနှိုင်းတိုင်ပင်ကြရတာပေါ့"

"ဘာ ... ! မရဘူး ... မရဘူးကွာ။ လုံးဝမရဘူး၊ ကိုတိုက်တို့အရင် လက်မထပ်ရဘူး။ ကိုတိုက်နော် ... ငါတို့က အကြီးတွေပဲဆိုပြီး ဇွတ်လုပ်ရဲလုပ်ကြည့်၊ ပိုက်ကတော့ ကိုတိုက်တို့ကို တားမရရင် ကိုယ့်ကိုယ်ကိုယ်ပဲဖြစ်ဖြစ် တစ်ခုခု လုပ်ပစ်မှာပဲ"

ပိုက်ပိုက် တစ်ယောက် ကြမ်းတောင်ပြို့မတတ် ခြေ စုံကြီး ဆောင့်ဆောင့်ခုန်ကာ အသားကုန် ပေါက်ကွဲသော်ငြားကျန်း ပြန်ပါတော့သည်။

"ဟ ... ! ဘာဖြစ်ရပြန်တာလဲ"

"ပိုက်က ကိုတိုက်တို့ အဖြေမပေးရသေးဘူးထင်လို့ နောက် ဆုတ်ခိုင်းနေတာ၊ ပေးပြီးပြီဆိုတော့လည်း ဖွတ်မရှောင်နိုင် ချင်ပါဘူး။ ပိုက်ဘက်ကတောင် အငယ်ဖြစ်ရက် အဲဒီလောက် သိတတ်ပေးရင် ကိုတိုက်တို့ကလည်း နည်းနည်းတော့ ပြန် ညှာကြဦးလေ။ ကိုတိုက်တို့အတွဲ အရင်လက်မထပ်ရဘူး"

"ဟာ ... ဘာလို့လဲ။ ငါတို့က သုံးဆယ်တွေပြည့်ကြတော့ မယ်။ အလုပ်နဲ့ အကိုင်နဲ့ ကိုယ်စီ"

"အဲဒီ အလုပ် ... အလုပ် ဆိုတာကြီးကို ခဏခဏကြွား လုံးထုတ်မနေပါနဲ့၊ မလုပ်ချင်လို့ နေနေတာ၊ အလုပ်ဆို တာ ခုထလုပ် ခုရတယ်၊ ဘယ်သူမှ နောက်မဆုတ်နိုင်ဘူး ဆိုရင် ပိုက်တို့အတွဲ အရင်လက်ထပ်မယ် ... ဒါပဲ"

"အေး ... ဒါပေမဲ့ နှင့်အသက်က ခုမှ နှစ်ဆယ် နှစ်ဆယ့် တစ်ပဲ ရှိသေးတယ်လေ"

"အမေဆို ဆယ့်ရှစ်နှစ်နဲ့ အိမ်ထောင်ပြုခဲ့တာတဲ့"

"အဲဒါက ဟိုတုန်းကခေတ်အခြေအနေ။ ပြီးတော့ အမေက ဆယ့်ရှစ်ပေမယ့်၊ အဖေက နှစ်ဆယ့်ခုနစ်လေ။ နင့်ကောင် လေးက အဲဒီလောက် ရှိပြီလား"





ဝေဠုက ကိုယ့်ထက်တောင် တစ်နှစ်လောက်ငယ် ...သေးတာမို့ ပိုက်ပိုက်က အစ်ကို့ရဲ့အမေးကို ဘာမှပြန်မဖြေပေ။ ...က်တိုင်းအောင်မှာ ကနေ့နက်ဖြန်ပဲ အိမ်ထောင်ထပြုတော့မတတ် ...ရဲတင်းတင်း စကားများကို အစ်ကိုဖြစ်သူနဲ့ မျက်နှာမပူစတမ်း၊ ...ကြောက်အရွံ့မရှိစတမ်း အော်ဟစ်ပြောနေသည့် ညီမဖြစ်သူကို ...တ်ပျက်လှပါသော်လည်း ပိုင်ပိုင်နိုင်နိုင်ကြီးတော့လည်း မတား ...ခံ မဆုံးမသာပါ။

ကိုယ်က အကျိုးနဲ့အကြောင်းနဲ့ သင့်တော်၏၊ မသင့် ...တော်၏ ဆိုတာ-ကို ဆုံးဖြတ်ပေးချင်တာ ဖြစ်သော်လည်း သူက အဲဒီလို နားလည်မှာ မဟုတ်။ အစ်ကိုတန်မဲ့ သူနဲ့အပြိုင် ဦးပြီး ...ယက်နေရာယူ ဇိုလ်ကျတယ်ပဲ ထင်ဦးမည်။ ပြိုင်ငြင်းနေရတာ ...လည်း အိမ်ထောင်အရင်ပြုရေး၊ နောက်မှပြုရေးကိစ္စ။ ကျွတ် ...။

"နင်ခုနကကျတော့ နမလည်မောင်လည်က မကောင်းဘူး ပြောတယ်။ ခုကျတော့ အဲဒါကိုထားလိုက်တော့ဆိုရင် အရင်တွေ နောက်တွေကကော ဘာဖြစ်ရပြန်တာလဲ"

"နမလည်မောင်လည်မှာ ခံရရင် နောက်မှလက်ထပ်တဲ့ အတွဲကသာ ခံရတာ၊ အရှေ့တွဲက ဘာမှမဖြစ်ဘူးတဲ့။ ဒါ ပိုက်တို့ပဲ အလကားနေရင်း အယူသီးနေတာ မဟုတ်ဘူး။ တခြားနိုင်ငံတွေရဲ့ ယဉ်ကျေးမှုတွေမှာပါ ဒါမျိုးတွက်ကြတာ ရှိတယ်။ ကိုရီးယားမှာဆိုရင် လူကြီးမိဘတွေက နောက်မှ လိုက်လုပ်မယ့် အတွဲကို တားမြစ်ပိတ်ပင်တာ၊ အရမ်းရှက်

စရာကောင်းတယ် ဆိုပြီး ဆုံးမအပြစ်ပေးကြတာတောင်ရှိတယ်”

“ကျွတ် ... ဒါ ကိုရီးယားမှ မဟုတ်တာ။ မြန်မာပြည်ပဲ။ နင့်ဒေါ်လေး ကိုရီးယားကားတွေ အကြည့်လွန်ပြီး အရူးထတိုင်း နင်ပါ မပါစမ်းပါနဲ့”

“မြန်မာပြည်လည်း တူတူပဲ။ အယူရှိကို ရှိကြတယ်”

“နေပါဦး ဘာကရုက်စရာ၊ မသင့်တော်စရာ ရှိရမှာလဲ”

“ပထမအတွဲက လက်ထပ်လိုက်ပြီဆိုရင် အဲဒီမိသားစုနှစ်စုဟာ အမျိုးတော်သွားပြီ။ အမျိုးတွေလို သတ်မှတ်လို့ရတယ်”

“အေးလေ ... သတ်မှတ်ပေါ့၊ ကောင်းသားပဲ။ အဲဒီတော့ ဘာဖြစ်လဲ”

“နောက်ထပ်ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေက နှစ်ဦးနှစ်ဖက် အပြန်အလှန်မောင်နှမ၊ ညီအစ်မ၊ ညီအစ်ကိုတော်စပ်နေကြတာ။ အမျိုးရင်း မောင်နှမတွေ ပြန်ယူရာရောက်တယ်။ စည်းမစောင့်ရာ၊ စည်းဖောက်ရာ ရောက်တယ်။ အဲဒါကြောင့် အရှက်မရှိ စည်းဖောက်တဲ့ နောက်အတွဲကပဲ ထိတာ။ ရှေ့အတွဲ ဘာမှမဖြစ်ဘူး။ မောင်နှမတော်သွားတာကို ဇွတ်မစောင့်စည်းတဲ့ သူကိုသာ လောကပါလနတ်မင်းက ဒဏ်ခတ်မှာ”

“ဟာ ... နတ်မင်းဆိုတာက ပါပါလာရပြန်ပြီ။ သတ်မှတ်ချက်ဆိုတာ သတ်မှတ်ချက်ပါပဲ အလတ်မရယ်။ အဲဒီလို





သတ်မှတ်ချက်အရ တော်စပ်လာရတာတောင် မဟုတ်ဘဲ တကယ်ပဲ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲတွေ တော်စပ်နေကြပါပြီဆိုရင်တောင် ကျန်းမာရေးရှုထောင့်ကကြည့်ပြီး Genetic Disorder (မျိုးရိုးဗီဇပျက်ပြားမှု)တွေ ဖြစ်လာမှာစိုးလို့သာ မယူနဲ့လို့ တားကြတာပါ။ ရှင်ဘုရင်တွေခေတ်မှာ ယူနေကြတာပဲ။ နောက်လူ နောက်အတွဲတွေ အကုန်ဒုက္ခရောက်ကုန်ကြသလား”

“ကိုတိုက်က မင်းမျိုးလား ! ”

“မဟုတ်ဘူးလေ၊ နောက်အတွဲက ဒုက္ခရောက်ရမယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူးလို့”

“အယုံအကြည် မရှိဘူးပေါ့။ ကောင်းတာပေါ့။ ပိုတောင်ကောင်းတယ်။ အယုံအကြည် မရှိတဲ့သူက နောက်မှလက်ထပ်လိုက်။ ရှိတဲ့ကြောက်တဲ့လူက အရင်လက်ထပ်မယ်”

“နင့်ကောင်လေး အသက်က ဘယ်လောက်လဲ”ဆိုတာကို ပြန်မဖြေပုံထောက်ရင် သူ့ကောင်လေးဟာ သူ့လောက်ကလေးပဲ ရှိသေးလို့သာ ဖြစ်လိမ့်မည်။ “အလုပ်ရှိတာကိုချည်း ကြွားလုံးထုတ်မနေနဲ့၊ အလုပ်ဆိုတာ ခုထလုပ် ခုရတယ်”လို့ပဲပြောပြီး “ပိုက်က အလုပ်မရှိပေမယ့် ပိုက်ချစ်သူက ဘာဘာညာညာ”လို့ ပြောမလာပုံထောက်ရင် သူ့ကောင်လေးဟာလည်း သူ့လိုပဲ ငုတ်တုတ်ထိုင်စားကလေးပဲ ဖြစ်လိမ့်မည်။

ပိုဆိုးသေးတာက ကိုယ့်ညီမပေမယ့် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းပြီး ကိုယ့်အထုပ် ကိုယ်ဖြေပြရတော့မယ်ဆိုရင် ပိုက်ပိုက်လို ကလေးမမျိုးကို ချစ်သူရည်းစား လာတော်ထားတဲ့ သကောင့်သားလေးပါ ဆိုမှတော့ ဘယ်လိုမှ မျက်စိမှိတ်ယုံစား ထားလို့ မဖြစ်သေးသူဟုသာ သတ်မှတ်ရတော့မှာပါပဲ။ ချစ်တိုင်း ကော မြဲကြ ညားကြမှာလား။ သူကသာ "လက်ထပ်ဖို့"ကိုကျုံး အော်နေတာ။ တစ်ဖက်က ကောင်ကကော ဘယ်လိုလဲ။ ပြီးခဲ့တဲ့ တစ်ပတ်ဆယ်ရက်လောက်အထိ ချစ်ခွင့်တောင် ပန်ထားရသေးရဲ့ လားမသိတဲ့ အကောင်တစ်ကောင်ရဲ့လက်ထဲကို ဒီညီမကို ဝ,ကွက် အပ်ပြီးမှသာ ကိုယ်တွေရဲ့ကိစ္စက နောက်မှစတင်ရမည်ဆိုတော့ ကာ...။

တိုက်တိုင်းမှာ ကြားထဲကနေ အားနာမျက်နှာပူသနား သလိုပုံစံလေးနှင့် ဖြစ်နေသော အငယ်မကို အားပေးပြုံးတစ်ချက် လှမ်းပြုံးပြလိုက်ပါသည်။

"ဒီကိစ္စကို ကိုတိုက်ရဲ့အပျိုကြီးကို ကိုတိုက်ဘာသာပြော မှာလား၊ ပိုက်ပိုက်ပဲ ပြောပေးရမှာလား"

"နေ ... နေ ... နေ။ ကျေးဇူးပြုပြီး ညည်း ဘာမှမပြောပါ နဲ့။ ငါ့ဘာသာ စီစဉ်ပါ့မယ်"

"သူ့ကိုယ်သာ မပြောမှာနော်၊ ကိုယ့်လူကိုယ်တော့ ပြောမှာ ပဲ။ အဲဒီအထိတော့ ကိုတိုက်က လိုက်တားချင်လို့ မဖြစ် ဘူး။ တော်ကြာ ဟိုဘက်ကအစ်မက သူ့မောင်ကို မောင်မို့





အငယ်မို့ဆိုပြီး အနိုင်ယူချင်နေရင် ဘယ့်နှယ်လုပ်မလဲ။ သူ့မောင်ကိုလည်း သေချာရှင်းပြပြီး မရမက အရေးဆိုခိုင်း ထားရမယ်။ ကိုတိုက်လည်း ကိုယ့်အပျိုကြီး ကိုယ်ရအောင် ပြော။ ဆန္ဒတောင်းခံနိုင်းနေတာ မဟုတ်ဘူးနော်။ အဲဒီလိုပဲ လုပ်ကိုလုပ်မယ်လို့ မရ,ရအောင်ပြောရမှာကို ပြောနေတာ။ ရမရသေးဘူး မိန်းမစကား အောင်တာမျိုးတော့ မလုပ်နဲ့။ ပိုက်နဲ့ အဲဒီတစ်ယောက်နဲ့ကြားမှာ ကိုတိုက်ပဲ ဗျာများရမှာ"

တိုက်တိုင်းရဲ့ သက်ပြင်းသံကြီးမှာ "ဟူး"ခနဲကြီး ာျယ်လောင်မြည်ဟီးသွားရပါတော့သည်။ ဒီယောကျ်ားတစ် ယောက်ကို အဖြေပင်ပြန်မပေးရသေးတဲ့ မိန်းကလေးတစ်ယောက် ာ "ကျောမယ်တော့ မကြဲနဲ့နော်။ ခုချက်ချင်း လက်ထပ်ချင်လို့ ာတော့ မဖြစ်ဘူး။ ငါတို့ပြီးမှလုပ်ကြ"စသဖြင့်တွကို သူ့မောင်ဆီ ာတစ်ဆင့်များ ပြန်ကြားလိုက်ရရင် ...။

ကိုယ်ပြဿနာတက်၊ အငြိုငြင်ခံရမှာထက် ဝတ်ဆံ ာလေးတစ်ယောက် ရှက်ရှာလွန်းလို့ လဲများသေသွားချင်မလားလို့ ာိုက်တိုင်းက ပူပန်နေမိပါသည်။

♥ ✉ ♥

ဝတ်ဆံမှာ စိတ်ကုန်စိတ်ပျက်ရလွန်းလို့ တိုက်တိုင်း ာလည်းမကြည့်၊ သူ့ညီမကိုတော့ လုံးဝကိုမကြည့်။ ကိုယ့်မောင်

ကိုယ်ပင် ကြည့်ချင်စိတ် ကုန်ခန်းနေသည်မို့ ခပ်ဝေးဝေးတစ်နေရာဆီသို့သာ မျက်နှာလွှဲနေဖြစ်ပါသည်။

အင်း ...။ ဒီလိုမျိုးကြီး လေးယောက်တွဲကြီး တွေ့ဆုံမျက်နှာချင်းဆိုင်ကြ၊ ဆွေးနွေးတိုင်ပင်ကြမယ်လို့ လုပ်ကြတာကိုက အလုပ်မဟုတ်ဘူးကွာ။ ဘာလဲ ...။ မြှုနဲ့ ဟိုကောင်မလေးနဲ့ နှစ်ယောက်တွဲတည်း ဆိုရင်တောင် သူတို့ရဲ့ "ချစ်လှကြိုက်လှပါချေရဲ့ဇာတ်လမ်း"ကို အသိအမှတ်ပြု၊ လက်ခံသဘောတူပေးလိုက်ရရာ ရောက်သွားမှာစိုးလို့ ကိုယ်နဲ့မဆုံဖြစ်ချင်သေးတာ။ ခုကျတော့ ဟိုဘက်က အစ်ကိုကြီးကပါ ပါလာလိုက်သေးသတဲ့။

အဲဒီအစ်ကိုကြီး ဆိုတာက ကိုယ်နဲ့သိကျွမ်းပြီးကြတဲ့သူ။ ပတ်သက်ရာ ပတ်သက်ကြောင်းလို ဖြစ်နေတာကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဘာတွေလဲကွာ။ သင်းကလေးတို့နှစ်ဦးနှစ်ယောက်စလုံးဟာ မိဘတွေကိုယ်စီ မရှိရှာကြတော့ဘူး ဆိုတာလည်း ဟုတ်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ အဲဒီလို မရှိကြတော့တာနဲ့ပဲ သူတို့ရဲ့ချစ်သူသက်တမ်းကာလကဖြင့် နှစ်ပတ်မျှ သေချာမပြည့်ချင်သေး။ ဟိုဘက်ဒီဘက်က အစ်ကိုကြီး၊ အစ်မကြီးတွေပါပါလာပြီး အားလုံးဆုံကြကြေးဆိုတာက ဟုတ်ရဲ့လား။ သိပ်မြေလှမ်းကျဲကြတာပဲ။

ဝတ်ဆံမှာ တိုက်တိုင်းကို မျက်နှာလည်း ပူလွန်းလှပါသည်။ ကိုယ်တို့မတော့ ချင့်ချိန်လိုက်ကြရတာ၊ စဉ်းစားလိုက်ကြရတာ။ လာပြောသွားတဲ့ "ကိုဥက္ကာ"ကလည်း "ဖြည်းဖြည်းစဉ်း





စားပါ"တဲ့။ ဒီက သိက္ခာကလည်း ဆယ်ချင်၊ မြန်မြန်လည်းခေါင်းညိတ်ချင်လို့ ဒုက္ခရောက်နေရတဲ့ "မယ်ဒုက္ခ"ခမျာလည်း အခွင့်အရေးလေး တစ်ခုခုကိုပင် ဟိုဘက်ကလှည့်ချောင်း၊ ဒီဘက်ကလှည့်ချောင်း။

သူတို့ကျတော့ရှင်း ... "နင် ဘယ်တုန်းကတည်းက သွားဖွင့်ပြောထားတာလဲ"ဆိုတော့ "လွန်ခဲ့တဲ့ ငါးရက်က"တဲ့။ ကောင်းပါလေရော။

"ပိုက်ပိုက်ရော မြှုရော ဘွဲ့ရပြီးကတည်းက နားနေ၊ အလကားနေနေကြတာလည်း ကြာပြီလေ။ ပြီးကျတော့ ခုအခြေအနေကလည်း အရင်ကလို ကိုယ့်တစ်ယောက်တည်းအတွက် စဉ်းစားနေရမှာထက် နှစ်ယောက်ပေါင်းရဲ့နောင်ရေးဆိုတာမျိုးကိုပါ ထည့်တွက်ကို တွက်ရတော့မယ်ဆိုတော့ အလုပ်လုပ်ကြရမယ်လို့ပဲ ဆုံးဖြတ်လိုက်ကြတယ်"

အမယ် ... သူကလည်း သူများမောင်ကို သူများဘကာအိမ်မှာ ချစ်စနိုးခေါ်တဲ့အတိုင်း "မြှု"ဆိုပါလား။ ဒါပေမဲ့ မြှု ဆိုတဲ့ အခေါ်အဝေါ်ထက် ပိုအံ့ဩဖို့ကောင်းတာက "ဘာမှ မလုပ်ချင်ဘူး၊ အစ်ကိုလုပ်ကျွေးပြုစုတာကိုပဲ တစ်သက်လုံးထိုင်စားချင်စားမှာ"ဆိုတဲ့ မိန်းမတင်မက် ခြေကန်ပြီး တာဝန်ရှောင်နေတတ်တဲ့ ကိုယ့်မောင်ကပါ "အလုပ် လုပ်ကြမယ်"ဆိုပါလား။

ဝတ်ဆံက ဝေမြှုကို မယုံသင်္ကာသလိုကြီး လှမ်းကြည့်လိုက်သည်။ ဟုတ်ရဲ့လား။ ကောင်မလေးကချည်း ထိုင်ခံပြောနေ

တော့ ဒီကောင်လေးရဲ့ဆန္ဒရော ပါရဲ့လား။ ကိုယ့်မောင်ရဲ့ ဩချ လောက်တဲ့ အရည်အချင်းပေါင်းစုံကို ကိုယ်ပဲသိနေလေတော့ အဲဒီလိုကောင်မျိုးကို ယောက်ဖတော်ပေးရမယ့် တိုက်တိုင်းကို အားနာမျက်နှာပူပြီး အပြစ်ရှိသလို ခံစားနေရတာက ဘာမှမဆန်းပါ။ အကြောင်းသာ အကုန်သိရင် မိဘမရှိလို့ သူပဲပြုစုထိန်းလာရတဲ့ သူ့ညီမလေးကို ဒီလိုကောင်လေးလက်ထဲ ထည့်ချင်ပါ့မလား။ "ဝတ်ဆံရဲ့မောင်"ဆိုတာ တစ်ချက်နဲ့ သူ့မှာလည်း ဘာမှမသိဘဲနဲ့ စုံစမ်းနေဖို့လည်း အားနာမျက်နှာပူစွာ မျက်စိမှိတ်ခေါင်းညိတ် လက်ခံလိုက်ရတယ် ထင်ပါရဲ့။

ဒါမှမဟုတ် သူ့ညီမကလည်း ထူးမခြားနား အံ့ဖွယ်တစ်ပါးမို့ ခုလောက်ရှိ တိုက်တိုင်းသည်လည်း ဝတ်ဆံကိုကျိတ်ပြီး အားနာ၊ အနေရတွေ ခက်နေလောက်ပြီလား။ နှုတ်ခမ်းပဲ့ချင်းကတော့ မီးမှုတ်ကြတော့မည်။ ဘေးနားက မတော်လို့မရ မခေါ်လို့မရ ကိုယ်တို့တွေလည်း စက်ကွင်းက လွတ်ပါ့မလား။

"အလုပ်လုပ်ကြမယ်ဆိုတာ ကောင်းတာပေါ့။ နှစ်ယောက်ပေါင်းစာအတွက် တွေးတာပဲဖြစ်ဖြစ် ဘာ့ကြောင့်ပဲဖြစ်ဖြစ် အလုပ်လုပ်မယ်ဆိုတာတော့ ကြိုက်တယ်၊ အားပေးတယ်။ ဘယ်မှာလုပ်ကြမှာလဲ"

"ဟာ ... ကိုတိုက်ကလည်း ကိုယ်တိုင်က လခစားလုပ်နေတော့ လခစားဥာဥ် ရှိလိုက်တာ၊ သိပ်အောက်တာပဲ။ ဘယ်မှာလုပ်ရမှာလဲ။ ကိုယ့်ဘာသာ ကိုယ်ပိုင်စီးပွားရေး





ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်မှာပေါ့။ သူများမျက်နှာကြည့်နေရမယ့် အလုပ်များ ပိုက်တို့က တစ်သက်လုံး စိတ်မကူးဘူးမှတ်"

ကိုယ်ပိုင်စီးပွားရေး ... ! ။ ဝတ်ဆံက ဝေမျှကို ဘမင်ပင် မျက်လုံးကြီးပြူးပြီး ကြည့်ပြလိုက်သည်။ တိုက်တိုင်းသည်း တော်တော်အံ့သြသွားပုံတော့ရသည်။

"ဟုတ်တယ် မမ၊ ကိုယ်ပိုင်စီးပွားရေး ဆိုပေမယ့် စစချင်းကတော့ အသေးစားလေးပဲပေါ့၊ ခြေနိုင်လက်နိုင်လောက်ပဲလေ"

"ဘာလုပ်ကြမယ် စိတ်ကူးထားတာလဲ"

"ဆိုင်ဖွင့်မယ်"

"ဆိုင် ... ! ဘာဆိုင်များလဲ"

"ဆိုင်တစ်ဆိုင်ဆိုင်ပေါ့၊ ဘာဆိုင်ဖွင့်ဖြစ်မလဲ ဆိုတာကတော့ တိုင်ပင်ရဦးမှာ"

"စားသောက်ဆိုင်"

ဝေမျှနှင့် ပိုက်ပိုက်တို့ထံမှ တစ်ယောက်တစ်မျိုး၊ မတူညီစွာ ပြိုင်တူထွက်လာကြပါသည်။ "အလုပ်လုပ်မယ် ဆိုင်ဖွင့်မယ်"ဆိုပြီး "ဘာဆိုင်လဲ"ဆိုတာကိုကျတော့ တစ်ပါတည်းသည့်စဉ်းစားပြီး ဖြစ်မနေသည့် ကိုယ့်မောင်ကိုယ် အင်မတန်စိတ်ပျက်ရသော ဝတ်ဆံသည် "စားသောက်ဆိုင်"ဟု အဖြေထွက်ပြီးဖြစ်နေသည့် ပိုက်ပိုက်ကိုလည်း "သူကမှတော်သေး"ဟု ဖြစ်ရမည့်အစား "အမယ်လေး"ဟုပင် အော်ညည်းလိုက်ချင်ပါသည်။

ထမင်းကိုပင် အစ်ကိုလုပ်သူက ချက်ပြုတ်ခူးခပ်ကျွေး ရရှုံမှုမက နယ်ဖတ်ပြီး ခွံ့ပါတယ်၊ အရောက်ပို့ဆက်ရတဲ့မိန်းမ က စားသောက်ဆိုင်တဲ့။ သူ ဒါပဲလုပ်ချင်မှာဆိုတာတော့ မယုံ မကြည်မရှိပါဘူး။ သူ့ကိုယ်လုံးကိုယ်ပေါက်နဲ့ သူ့ပါးစပ်ကြီးကြည့် လိုက်တာနဲ့တင် သူ့ဆိုင်က ရောင်းချသမျှတွေဟာ မိနစ်နဲ့အမျှ သူ့ဗိုက်ထဲချည်း ဝင်နေမှာ သိသာလိုက်တာ။

"နေဦး အလတ်မ၊ ငါသိပ်မရှင်းလို့ နင်က စားသောက် ဆိုင်တစ်ဆိုင် ဖွင့်မယ်၊ မောင်ဝေဠုကတော့ မဆုံးဖြတ်ရ သေးဘူး၊ ဆိုင်တစ်ခုခုတော့ ဖွင့်ဖြစ်မယ်၊ ဒီလိုလား"

"ဟာ ... အဲဒီလို ဘယ်လိုလုပ်ဖြစ်မှာလဲ။ ခုမှစကြရမယ့် ဟာ၊ နှစ်ယောက်လုံး ကျွမ်းကျွမ်းကျင်ကျင် ရှိပြီးသားတွေ လည်း မဟုတ်ဘူး။ သူတစ်ဆိုင် ကိုယ်တစ်ဆိုင် လုပ်နေ ရင် နှစ်ဆိုင်လုံး ဘာမှတက်မလာဘဲ ဟာကွက်တွေနဲ့ချည်း ဖြစ်နေမှာပေါ့။ ခြေနိုင်လက်နိုင်ပါဆိုမှ နှစ်ယောက်ပေါင်း ပြီး တစ်ခါတည်း စကြီးစားမှပဲ အဓိပ္ပာယ်ရှိမှာပေါ့"

"ဒီ ... ဒီလိုဆိုတော့ နှစ်ယောက်စပ်တူ ဒီလိုလား"

"အင်းလေ ... နောင်လည်း ဒီနှစ်ယောက်က တစ်စီးပွား တည်းပဲ ဖြစ်ကြရမယ့်ဟာ၊ ခုကတည်းက စကတည်းက တူတူပဲ စမယ်"

ဝတ်ဆံက တိုက်တိုင်းကို ခိုးချောင်းကြည့်လိုက် လျှင် တိုက်တိုင်းကား မျက်မှောင်ခပ်ကုတ်ကုတ်နှင့် ငြိမ်ငြိမ်သက်





သက် ဖြစ်သွားတာကို တွေ့လိုက်ရပါသည်။ "ကိုယ်နဲ့မယူကြရ သေးတဲ့ (ခုမှ ရည်းစားရယ်လို့ စဖြစ်ကာစ ရက်ပိုင်းမျှ) ယောကျ်ား တစ်ယောက်နဲ့ စီးပွားရေးစပ်တူထလုပ်ကြစရာလား။ တော်ကြာ မယူဖြစ်ရင် ဘယ့်နယ်လုပ်မလဲ"လို့ တိုက်တိုင်း တစ်ယောက် တွေးကိုတွေးနေမှာ ဝတ်ဆံက သူ့မျက်နှာကိုကြည့်ရုံနှင့် ရိပ်မိ နေပါသည်။

အမှန်အတိုင်း ပြောရရင် ဝတ်ဆံလည်းပဲ စပ်တူ တော့ မလုပ်စေချင်။ လူ့စိတ်ဟာ မျှောက်စိတ်လိုပဲတဲ့။ ဒီနှစ် ကောင်ကတော့ မျှောက်စိတ်ထက်ဆိုးမှာ။

"ဒီလိုလေ မမရဲ့၊ ကျွန်တော်တို့ကို မမတို့က စီးပွားရေး တစ်ခု ထူထောင်ပေးလိုက်တဲ့ သဘောပေါ့။ အစ်ကိုတစ်ဝက်၊ မမတစ်ဝက်ဆိုရင် နှစ်ယောက်စလုံးအတွက် သိပ်လည်း အပန်းမကြီးနိုင်ဘူး။ ကျွန်တော်တို့လည်း မြန်မြန်ဆန်ဆန် နဲ့ အခြေတကျ ဖြစ်သွားမယ်"

"ကျွန်တော်တို့က သိပ်မဆိုင်းဘူးနော်၊ ချက်ချင်း လက်ထပ်မှာ။ မမတို့ထက်ရင် ကြိုပြီးလက်ထပ်မယ်။ မမတို့က နောက်မှ နည်းနည်းနွှာပြီး နည်းနည်းခပ်ကြာကြာလေး အချိန်ယူ ပြီးမှ စီစဉ်ချင် စီစဉ်ကြပေါ့။ ကျွန်တော်တို့ကတော့ အဲဒီလိုပဲလုပ် မယ်။ အဲဒါ မမလူကြီးကို ရအောင်ပြောထားလိုက်"ဟူသော သူ့ရဲ့စကားသံများကို ပြန်ကြားယောင်ပါသည်။ ကနေ့နက်ဖြန် ရည်းစားဖြစ်ပြီးတာနဲ့ သန်ဘက်ခါ၊ ဖိန့်ခါလောက် လက်ထပ်ဖို့

နိုင်းပြင်းကြတော့မယ့် အသံထက်မြန်တဲ့ အလင်းတန်းလူသားတွေ မို့လို့ စီးပွားရေးတစ်ခုခုကိုလည်း မြန်မြန်ဆန်ဆန် အခြေတကျ ဖြစ်ထားချင်တယ်ပေါ့ ဟုတ်စ။

အစ်ကိုနဲ့အစ်မဖြစ်သူတွေက အားလုံး အိတ်စိုက် လူစိုက်၊ ရှိသမျှ တတ်စွမ်းသမျှ အိတ်သွန်ဖာမှောက် လုပ်ပေးလိုက် ကြ။ သူတို့ကတော့ အသင့်လေး၊ သက်သောင့်သက်သာလေး ရယ်ဒီမိတ်လုပ်ငန်းရှင်ကလေးတွေဖြစ်ကြ။

ဒီလိုပေါ့ ဟုတ်စ။

ဒါ ကောင်မလေးရဲ့အကြံဉာဏ်တွေချည်းပဲလို့ စွပ် စွဲချင်လို့တော့ မဖြစ်သေးပါ။ ကိုယ့်မောင်သည်လည်း သူ့ဖို့ဆိုရင် တော့ အသားကုန် သိတတ်မြင်တတ် တွက်ချက်တတ်လှတဲ့အစား ထဲကပဲဟာ။

ကြည့်ရတာ တိုက်တိုင်းနဲ့ ဝတ်ဆံကို အခြေအနေမှန် အတိုင်းတော့ သူတို့သိကြဟန်မတူပါ။ ခွကျချင်တဲ့နေရာမှာကျပြီး မလည်ရှုပ်လုပ်ချင်တဲ့နေရာကျရင်တော့ ငြိမ်တုပ်နေတတ်လေ့ရှိပုံ ရတဲ့ တိုက်တိုင်းကလည်း သူ့ညီမသူ အခြေအနေမှန်အတိုင်း၊ အရှိအတိုင်း ပြောပြဝန်ခံထားဟန် မတူပါ။ ဝေျှပာ ဒီနှစ်ယောက် ကို ချစ်သူစုံတွဲတွေလို့ ထင်နေရင် အဲဒါဟိုမိန်းကလေးလည်း အဲဒီလိုပဲ လက်ခံထားလို့သာပဲပေါ့။

"နင် စားသောက်ဆိုင် ဆိုတာပဲ သဘောတူလိုက်တော့ မှုရာ"





"ဟာ ... စားသောက်ဆိုင် ဖွင့်ရတာ အရမ်းပင်ပန်းတယ် တဲ့။ ငါ့သူငယ်ချင်းတို့ မိသားစုက ကြေးအိုးဆိုင်တွေကို ဆိုင်ခွဲတွေအများကြီးနဲ့ တစ်သက်လုံး ဖွင့်လာတာ။ သူ ပြောတာ မမှားနိုင်ဘူး။ တကယ်ပင်ပန်းမှာ"

"မပင်ပန်းတဲ့အလုပ်၊ ဘာရှိသလဲဟဲ့"

"အောင်မာ ... ပါးစပ်ကလေးနဲ့ ပနာယူမနေနဲ့။ ပြီးကျ သူပဲ အရင်အချောင်ခို တွက်ကပ်လာမှာ။ ငါ မသိဘူးများ မှတ်နေသလား"

"အဲဒီလို စပြောကတည်းက နင့်မှာ အဲဒီအကြံရှိပြီးသားမို့ ပေါ့။ ငါ့ကိုပဲ နေကုန်နေခန်း တာဝန်ယူခိုင်းထားပြီး နင် ကတော့ အပြင်မှာ ဟေးလားဝါးလားနဲ့ ပေါ်မလာလို့က တော့ ငါကလည်း ဆောရီးပဲနော် ဆရာ။ နင့်အလုပ်သမား ကြီးလိုတော့ မှတ်နေမယ်မကြံနဲ့၊ ငါက ပစ်ကိုထားခဲ့မှာ"

"နင်ကြိုက်တဲ့ စားသောက်ဆိုင် ဆိုရင်တော့ နင်ပစ်ထားခဲ့ မှာ မဟုတ်ပါဘူး၊ Kitchen ထဲက ထွက်ကိုမထွက်တော့ မှာ ငါ မြင်ယောင်သေး"

"အဲဒါကြောင့် ဆိုင်အမျိုးအစားကို ငါကရွေးရင် အစား အသောက်အမျိုးအစားကိုတော့ နင်ပဲရွေးလို့ ငါပြောတယ် လေ။ ဦးစားပေးတယ်လေ။ နင့်ကို အဲဒီအရမ်းပင်ပန်းတယ် ဆိုတဲ့ ကြေးအိုးဆိုင်လည်း မဖွင့်ခိုင်းဘူး။ နင်ကြိုက်တာ ရွေး"

"ငါက ဘာမှမှ မလုပ်တတ်ဘူး၊ စားပဲစားတတ်တာ"

"နင်လုပ်နေတော့ကော ဘယ်သူက လာဝယ်စားမှာလဲ။ ချက်ပြုတ်တဲ့လူကော၊ စားပွဲထိုး၊ သန့်ရှင်းရေးကအစ အကုန်ငှားရမှာ။ နင်ကအုပ်ချုပ်သူ၊ ငါကငွေသိမ်း ဒါပဲ။ လွယ်လွယ်လေးနဲ့ ရှင်းရှင်းလေး"

"အုပ်ချုပ်သူဆိုတော့ မလေ့သင့်တာတွေ မလေရအောင်ဆိုရင် ချက်ပြုတ်သူနဲ့ ဈေးအတူလိုက်ဝယ်ရတာတို့ ဘာတို့ ရှိလာမှာလား။ ဒီလိုဆိုရင်တော့ နင်ပဲ အုပ်ချုပ်သူလုပ်လိုက်ပါ။ ငါက ကောင်တာထိုင်၊ ငွေသိမ်းလောက်ဆိုရင်လည်း ရပြီ"

"မဟုတ်ဘူး၊ အဲဒါက ငါလုပ်မှာ၊ ငါမှဖြစ်မယ်"

"ငါလုပ်လည်း ရတာပဲ။ နှစ်ယောက်လုံး ဒီအလုပ်ပဲ အကြိုက်တူနေရင်တော့ အုပ်ချုပ်သူလည်း ငှားပဲငှားလိုက်၊ မန်နေဂျာပေါ့။ ကောင်တာထိုင်က အဆိုင်းခွဲလိုက်မယ်၊ မနက်ဂျူတီ၊ ညဂျူတီ"

"ဘာဆိုင်လဲ"ဆိုတာကတော့ အဖြေမပေါ်သေး။ "ခြေနိုင်လက်နိုင်ကလေးလောက်ပဲ အရင်စမယ်"ဆိုတဲ့ ဆိုင်မှာ ဘာတစ်ခုမှ ကိုယ်တိုင်လုပ်ဖို့ မစဉ်းစားကြဘဲ ရှိသမျှ ပေါ်သမျှ အလုပ်တာဝန်နေရာတိုင်းမှာ အလုပ်သမားငှားလိုက်ဖို့ချည်းတွက်ထားပြီးကြချေပြီ။ ဝတ်ဆံရဲ့စိတ်ထဲမှာ ပိုင်ရှင်နှစ်ဦးလုံး တစ်ပတ်ဆယ်ရက်လောက် လုံးဝပေါ်မလာဘဲ ဆိုင်တွင်းဆိုင်ပြင် ရှုပ်ယှက်





ခတ် ညစ်ပတ်၊ စားသုံးသူ ကင်းမဲ့ကာ အထဲကအလုပ်သမားတွေ လုပ်ချင်ရာလုပ်နေကြသော ဆိုင်မြင်ကွင်းတစ်ခုကို မြင်ယောင်လာမိသည်။

တိုက်တိုင်းရဲ့မျက်နှာကြီးဟာလည်း အိလည်လည်နှင့် ရှုံ့တွတွပါ။ သူသည်လည်း လူညံ့တစ်ယောက်တော့ဖြင့် မဟုတ်လေရာ ခုလောက်ရှိ ယောက်ဖလောင်းရဲ့ အနေအထားမှန်ကို သဘောလောက်တော့ အကဲခတ်ပြီးနိုင်လောက်ပြီ။ သူ့ညီမနဲ့ထူးမခြားနား၊ သူ့မသာကိုယ်မသာ အခြေအနေကို စိတ်ပျက်စိတ်ကုန်စွာ ရိပ်မိလိုက်ပြီးလောက်ပြီ။

ဝတ်ဆံက အမှန်အတိုင်း ထပ်ဝန်ခံလိုက်ဖို့ ဆုံးဖြတ်ထားပါသည်။ ကိုယ်က သူ့ညီမကို အကျင့်စာရိတ္တသိပြီးမှ "ဪ ... သူပါလား"လို့ သေချင်စော်နံခဲ့ရတာ။ သူ့ကျတော့ ကိုယ့်မောင်ကို ဘာမှမသိဘဲ လက်ခံလိုက်ရပြီးမှ တစ်စထက်တစ်စ ကလိကလိ ဖြစ်,ဖြစ်လာမှာ။ ကိုယ်က ရည်ရွယ်တယ် ဆုတောင်းတယ် မဟုတ်ပေမယ့် ဒီနှစ်ယောက်ဟာ ပြတ်စဲကွဲပြဲကြဖို့ ရာခိုင်နှုန်းက- (၉၀)လောက်ဆိုတာကိုပါ မျက်နှာပြောင်တိုက်ပြီး ကြိုဝန်ခံပြောပြရဦးမှာ။ ခုဆိုကြည့် ... တစ်နိုင်တစ်ပိုင်ဆိုပြီး မန်နေဂျာပါငှားဦးမယ့် သူတို့ရဲ့စီးပွားရေးကဏ္ဍကြီးဟာ ခဏကြာကျလုံးပ"ပလုံ"ခနဲ ဖြစ်သွားနိုင်တာရယ်၊ ရေ့နေရေ့ရပ်နဲ့ ဖရဲသီးကြီးဓားနဲ့လှီးသလို မြန်ပိုင်းတစ်ဝက်ဝက်ရတာမျိုး ရှိလာနိုင်တာရယ်တွေကိုပါ ကြိုပြောပြထားရဦးမှာ။

"ဟိုနေ့ကတော့ မဟာဗန္ဓုလပန်းခြံလမ်းထဲမှာ အောက်ထပ်ကလေးတစ်ခု အကွက်အကွင်းကောင်းလို့ ကြည့်ထားသေးတယ်"

ဘုရားရေ ...။ အဲဒီလမ်းက မြေညီထပ်တစ်ခုဟာ ဝယ်ဖို့မပြောနဲ့ ငှားဖို့ပင် တစ်လဘယ်ဈေးဆိုတာကို ခြေနိုင်လက်နိုင်ကလေး စတင်မယ့် အမျိုးကောင်းသားလေးက သိကိုမသိတာလား။ ဂရုမစိုက်တာလား။

"နင်ကလည်း ရှော့ပင်းမောလ်တစ်ခုခုမှာ ဆိုရင် စတိုင်လည်းကျတယ်၊ ဈေးယူလို့လည်း ကောင်းတယ်လို့ ငါပြောပြီးပြီလေ"

သူကလည်းတစ်မျိုး။ ဈေးယူလို့ ကောင်းသလိုကိုယ်ပြန်ပေးရမယ့် ဆိုင်ခန်းခ၊ ရေဖိုး၊ မီးဖိုး၊ Decoration ဖိုး။ အမယ်လေး ...။

ဒီအမျိုးကောင်းသမီးကကော သူ့အစ်ကို,ကို ငွေရေးကြေးရေး ခြေသလုံးမွေးလို့ပဲ အထင်မှားနေရှာရောသလား။

"နေရာရော၊ ဆိုင်အမျိုးအစားပါ ပြန်ညှိရင်ရပါတယ်။ မဲနှိုက်ရင်လည်းရတယ်။ အမိက,က မမတို့ အဆင်ပြေအောင် လုပ်ထားလိုက်ကြတော့လေ။ သူငယ်ချင်းကတော့ သူလည်း အစပိုင်းတော့ ဝိုင်းကူပေးမယ်လို့ ပြောထားတာရှိတယ်။ သူ မှန်းပေးတာက သိန်း(--)လောက်ဆိုရင်တော့ တင့်တင့်တယ်တယ်လေး စနိုင်တာပေါ့တဲ့။ သူကတော့ စားသောက်





ဆိုင်ကိုပဲ ပြောတာ။ ဒီပြင်ဆိုင်တွေဆို ဒီထက်ပိုမယ်တဲ့။ ကြိုရှာထား ပြင်ထားဖို့ပါ။ ကျွန်တော်တို့ကတော့ ရှေ့လဆန်းလောက် စဖြစ်ကြမယ်လို့ မှန်းထားတယ်"

ဝတ်ဆံမှာ တိုက်တိုင်းကို မှိုး,မှိုးကြည့်နေရာက တည့်တည့်ကြီးကို ရင်ဆိုင်ကြည့်လိုက်မိပါတော့သည်။

"ကဲ ... ပြီးကြပြီလား"

"ဗျာ"

ဝတ်ဆံရဲ့အကြည့်ကို တစ်ချက်ပြန်စိုက်ကြည့်ပြီးခပ်တည်တည် မေးခွန်းထုတ်လိုက်သော တိုက်တိုင်းကြောင့် စကားဖြတ်လိုက်ရတဲ့ ဝေဠု တစ်ယောက် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။

"သြော် ... မင်းတို့ ညည်းတို့ ပြောလို့ပြီးကြပြီဆိုရင် ငါတို့နှစ်ယောက်တည်း ဆက်ပြောရတော့မယ့်ကိစ္စ ဖြစ်သွားပြီ။ ကိုယ့်ဘာသာပဲ အရင်ပြန်နှင့်လိုက်ကြတော့"

ကားတစ်စီးစီနဲ့ လာကြတာဆိုတော့ ကားကြီးနှစ်စီးက ဒီအတိုင်း ကျန်ရစ်ပြီး သူတို့မှာတော့ ဘတ်စ်နဲ့ တက္ကစီနဲ့ ကြိတ်ကြရတော့မှာကို နှစ်ယောက်လုံး တွေးမိသွားကြပုံရသည်။ တိုက်တိုင်းရဲ့ညီမက ဝေဠုကို လက်ထဲကအိတ်နဲ့ ဖြန်းခနဲ လှမ်းရိုက်လိုက်ရင်း တကယ့်ကို မကျေမနပ်ကြီးနဲ့ ...

"ယောက်ျားလေးဖြစ်ပြီး အသုံးကို မကျဘူး။ ကားလေးတောင် မမောင်းတတ်ဘူး"

သူတို့နှစ်ယောက် စူကောက်ကောက်နှင့် ထွက်ခွာသွားကြလျှင် မျက်စိတဆုံး လိုက်ကြည့်နေမိတဲ့ ဝတ်ဆံတို့ နှစ်ယောက်သားဟာ ကျောပြင်တွေ ဖျတ်ခနဲပျောက်ကွယ်သွားပြီဆိုလျှင်ဆိုချင်း အလုအယက် သူ့ထက်ငါ ...

"ဖြစ်မှာ မဟုတ်ဘူး"

"ဖြစ်မှာ မဟုတ်တာကတော့ ဆိုင်ထောင်ပေးရင်လည်း စီးပွားက ဖြစ်လာမှာ မဟုတ်ဘူး။ မထောင်ပေးလို့လည်း ဖြစ်မှာမဟုတ်ဘူး"

"ကျွန်တော်ပြောတာက ဒီနှစ်ယောက်ဟာ အိမ်ထောင်ဖက်တွေအဖြစ် စဉ်းစားကြည့်ဖို့တောင် ဖြစ်မှဖြစ်နိုင်ပါ့မလားလို့"

"အဲဒါကိုပဲ ကျွန်မလည်း ပြောချင်နေတာပဲ၊ မိန်းမသားချင်း ကိုယ်ချင်းမစာ ပြောတာတော့ မဟုတ်ဘူး။ မြှမှာ မဟုတ်ဘူး။ သမီးရည်းစား မဖြစ်တာကမှ တော်သေးတယ် မဟုတ်လား"

"အားနာပါတယ်၊ အလတ်မကတော့ မောင်ဝေဠုနဲ့မှမဟုတ်ဘူး၊ ဘယ်သူနဲ့မှကို မဖြစ်မှာပါ။ တစ်ယောက်တည်း ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်ပဲ နေသွားသင့်တဲ့သူမျိုးပါ"

"ဝေဠုက အဲဒီထက် ပိုဆိုးပါသေးတယ်။ ကျွန်မကတော့ ခု အားနာနေရင် နောင်ပိုဆိုးမှာမို့ ခုအားမနာတော့ဘူးလို့





ပဲ သဘောထားလိုက်တော့မယ်။ ဝေဠုကလည်း လူပျိုကြီးဘဝနဲ့သာ အနေသင့်ဆုံးလို့ ထင်မိတာပါပဲ"

"အလတ်မက ကျွန်တော်ပဲ ဖျက်ထားသလိုရှိတော့ ခုနေ အကျိုးသင့် အကြောင်းသင့် နားချရင်တောင် ရနိုင်မှာမဟုတ်ဘူး"

"ဝေဠုလည်း တူတူပဲ။ လက်မခံတဲ့အပြင် ရန်လုပ်မှာ"

"အရွဲ့တိုက်ပြီးတော့ကို ပိုဆိုးသွားဦးမှာ"

"ကျွန်မတို့ ဘာလုပ်ကြရင် ကောင်းမလဲဟင်၊ ဘာများလုပ်နိုင်မယ် ထင်သလဲ"

"ကျွန်တော် ညည်းတွားနေချင်တဲ့ မေးခွန်းမျိုးကို ဝတ်ဆံက ကျွန်တော်မပြောဖြစ်ခင် အရင်ဦးအောင် ပြောချလိုက်တာပဲကိုး"

ဝတ်ဆံနဲ့ တိုက်တိုင်းတို့ ငြိမ်သက်သွားကြပြီးမှ တိုက်တိုင်းက ဝတ်ဆံကို တောင်းပန်တိုးလျှိုးလိုသောအကြည့်နဲ့ ...

"အဲဒီအတွက် ကျွန်တော်တို့ကြားမှာတော့ ဆက်ဆံရေးထိခိုက်ပျက်ပြားသွားစေနိုင်တာမျိုး မရှိနိုင်ဘူး မဟုတ်လားဟင်။ ဘယ်လိုအခြေအနေမျိုးကိုပဲ ထပ်ကြုံရကြုံရပေါ့ ... ဟင် ! ဝတ်ဆံ"

ဝတ်ဆံမှာ တိုက်တိုင်းရဲ့စကားများကြောင့် ရင်ထဲမှာ ပူနွေးသွားရပြီး ကြည်နူးဝမ်းနည်းမှုတွေပင် ဖြစ်ပေါ်လာရပေမယ့် မူနွဲ့ကာ ဆိုးကြည့်လိုက်ချင်သေးတာမို့ ...

"အဲဒါကြောင့် ရှင်က မလိုမ့်တပတ်တွေလုပ်ပြီး အဖြစ်မှန်ထက် ပိုပိုသာသာလေး ဆာဒါးဖွက်ထားတာပေါ့လေ ... ဟုတ်လား။ ကလေးနှစ်ယောက်က ကျွန်မတို့ကို ခု ဘယ်လိုထင်နေကြသလဲ ... ဟင်း ! "

မိန်းကလေးတစ်ယောက်က အဲဒီလို ပြောလိုက်ရင် အခွင့်ကောင်း ချောင်းနေတဲ့ ယောကျ်ားသားက ဘယ်လိုပြန်ပြောသင့်သလဲ။ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆိုရင် ...

"ဒီလိုဆိုလည်း အထင်မှားပြီးသား ဖြစ်နေတဲ့အတူတူ အဲဒီလိုပဲ တကယ်ပဲ ဖြစ်နေကြပြီလို့ သဘောထားလိုက်ကြရအောင်ပါဗျာ။ မထူးတော့ပါဘူး။ ဝတ်ဆံ ကျွန်တော့်ကို အဖြေပေးပြီးပြီလို့ပဲ သဘောထားလိုက်ပါ" ဘာဘာညာညာ ဖွတ်တစွတ်ကလေး "နော်... နော် ... နော်"လို့ နားပူနားဆာ တိုက်လိုက်ရင် မိန်းကလေးကလည်း "ဟွန်း ... လူလည်ကြီး"ဆိုပြီး ရှက်လို့ခေါင်းငုံ့လိုက်သလိုလိုနဲ့ ခေါင်းကို တစ်ချက်နှစ်ချက်လောက် မြန်မြန်ညိတ်ပြလိုက်မှာပေါ့။ ခုတော့ ...။

"ဟာ ... တောင်းပန်ပါတယ်ဗျာ။ မဝတ်ဆံက ကျွန်တော့်ကို ဘယ်လိုမှ သဘောမထားသေးတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ အဲလိုမှ ပြောမထားရင် အလတ်မက တကယ်မလွယ်လို့ပါ။ ကျွန်တော် ဘာပြန်လုပ်ပေးရမလဲ။ တောင်းပန်ပါတယ်ဗျာ"





မဟားဒရား ဖွတ်လို့ချည်း တောင်းပန်နေတဲ့ သူ ဘစ်ယောက်ကို အလစ်မှာ ခေါင်းမြန်မြန်ညိတ်ပြလို့ ရနိုင်ပါ သလား။ ကျွတ် ...။ တလွဲချည်းပဲ။ သူ့ညီမလုပ်သလို သူ့အိမ်ကို အတင်းဖုန်းလှမ်းဆက်။ လာကိုင်တဲ့ အဒေါ်တစ်ယောက်ကို အော် ဒေါက်ပြီး "အဖြေပေးမလို့ ... အဖြေပေးမလို့"လို့ အခြေအနေ ဘစ်ခုကို ဖန်တီးယူလိုက်လို့ ရရင်လည်း ခပ်ကောင်းကောင်းပေါ့။ ခုတော့ သေချင်တယ်။

"ကျွန်တော်တော့ ပိုက်ဆံစုထားကြည့်ရတော့မယ်ပဲနဲ့တူပါတယ်"

သူ့အတွက်တော့မဟုတ်။ ကိုယ်နဲ့စကားပြောနေမယ့် ကိုယ့်အတွက်ကား ပို၍ပင် မဟုတ်နိုင်။ သူ့ညီမအတွက်။

"ကျွန်မလည်း ရှာကြည့်လိုက်တော့မယ်"

ဒါလည်း ကိုယ့်အတွက်မဟုတ်။ (သူ့အတွက်လည်း ဟုတ်ချင်တာတောင် ဟုတ်ခွင့်ရ,မရ မမှန်းနိုင်။) ဝေဠုအတွက်။

ကံဆိုတာကလည်း ကွက်ကျားမိုးလိုပဲနော်။ ဖွတ် ဗှာချင်နေတဲ့သူ့အပေါ်ပဲ ဖွတ်စက်ရွာပေးနေတော့တာ။ နိုင်နိုင်မြဲမြဲ သေသေချာချာ ရီးမြေကျမယ်လို့ ယုံကြည်ရတဲ့သူတွေမှာတော့ ဖြေ ခွင့်တောင်မရှိသေး။ "ငါ့တာဝန် နင်တို့ထမ်း"ဆိုတဲ့ သူမျိုးတွေကျ တော့ ဘာမဆို ခုဖြစ်ချင် ခုချက်ချင်းနော်။

♥ ✉ ♥

## အခန်း(၃)

အုန်းကျုံကြော်ငြာရိုက်ကူးနေကြသော မင်းသားနှင့် မော်ဒယ်လ်မလေးတို့ကို ထိုင်ခုံပေါ်မှ စောင့်ကြည့်နေကြရင်း တိုက်တိုင်းရော ဝတ်ဆံပါ စိတ်ကလေးတွေ နူးညံ့အရည်ပျော်ပြီး ကိုယ်တွေပါ အလိုလိုနေရင်း ကြည်နူးရင်ခုန်လာကြရပါသည်။

မျက်လုံးအား တကယ်ကောင်းလှတဲ့ မင်းသားရဲ့ အကြည့်စူးစူးတွေမှာ မော်ဒယ်လ်ကောင်မလေးလည်း ခံနိုင်ရည်မရှိ။ ခေါင်းကြီးစောင်း၊ လည်ပင်းကြီးလိမ်ပြီး ရှက်အားတွေပိုနေတတ်တာမို့ ကင်မရာဆရာနဲ့ ဒါရိုက်တာတို့ထံမှ "ကဲ … ကဲ … တဲ … မင်းသားက နည်းနည်းလျှော့ပေးလိုက်ပါခင်ဗျာ၊ နို့မို့မိုး ချုပ်သွားမယ်ခင်ဗျ။ တို့မင်းသမီးကတော့ နည်းနည်းတင်" ဆိုတဲ့ အသံတွေ ထွက်နေရပါသည်။

မော်ဒယ်လ်မိန်းကလေးကတော့ ဘယ့်နှယ်နေမယ် မသိ ဝတ်ဆံမှာ ရင်ထဲ "ဒုတ် … ဒုတ်" နှင့် အကျယ်ကြီးမြည်ဟီး





ဘာရတာကို ဘေးနားက တိုက်တိုင်းပင် ကြားသွားမှာ စိုးရိမ်လာရသည်။ တိုက်တိုင်းလည်း မင်းသားလောက်တော့ မျက်လုံးလှတာပဲ။ မင်းသားကမှ လုပ်တတ်တာ အားထည့်တတ်တာသာလျှင်ဖြစ်လျက် တိုက်တိုင်းကား ပြောစမှတ်ပြုရလောက်အောင်ကို မျက်လုံးကလှသာ။

ခဲနဲ့ဆွဲထားသလို အမည်းဘောင်ကွပ်ထားတဲ့ သူ့မျက်လုံးလျှားလျှားကြီးကြီးတို့ဟာ ထူထဲရှည်လျားလှတဲ့ မျက်တောင်ကြီးတွေနဲ့ပါ အနားသပ်ထားသေးတဲ့အခါ သူသာ မင်းသားလောက် လုပ်တတ်၊ ကြည့်တတ်ရင် အကြည့်ခံလိုက်ရတဲ့ မိန်းကလေးတော့ "ခေါက်" ခနဲ ပုံရက်သားကလေးပင် သတိမေ့သွားလောက်နိုင်သည်။ သို့သော် တိုက်တိုင်းရဲ့မျက်ဝန်းတို့ဟာ စူးရဲအားကောင်းနေဖို့ထက် အကြင်နာကရုဏာရိပ်တို့သာ လျှံကျနေတတ်တဲ့ အေးချမ်းတဲ့ မျက်ဝန်းမျိုးပဲ ဖြစ်နေတတ်တာ။ မိဘမဲ့ညီမတွေတွေကို အုပ်ထိန်းနေရတဲ့ အစ်ကိုကြီးတစ်ယောက်မို့ ထင်ပါရဲ့။

ခုနေများ နံဘေးမှာထိုင်နေတဲ့ တိုက်တိုင်းက အဲဒီမင်းသားလို ဝတ်ဆံကို ဖျတ်ခနဲ တစ်ချက်လောက် လှည့်ကြည့်လိုက်ရင် ဝတ်ဆံဟာ ဘာမစဉ်းစား၊ ညာမစဉ်းစား၊ ဘယ်သူ့ကိုမှလဲ ငဲ့မနေနိုင်၊ အရှက်တွေ သိက္ခာတွေဆိုတာလည်း ဘေးချိတ်၊ သူကလည်း ဘာမှထပ်ပြောပြော မပြောပြော၊ ဘာမှမေးမေး မမေးမေး မျက်စိကိုစုံမှိတ်ပြီးတော့ "ရှင့်ကို ကျွန်မသိပ်ချစ်တာပဲ တိုက်တိုင်း" လို့ ပြောကိုပြောချလိုက်မိတော့မည် ထင်သည်။

ဝတ်ဆံရဲ့နံဘေးမှာရှိနေရတဲ့ တိုက်တိုင်းသည်လည်း ကြည်နူးရင်ခုန်နေရခြင်းမှာ ခြေဖျားလက်ဖျားတွေပင် အေးစက်ထုံကျင်လာရပါသည်။ ဒီလိုလေး ပန်းခြံတစ်ခုရဲ့ မြက်ခင်းပြင်စိမ်းမြမြပေါ်မှာ သက်သောင့်သက်သာ ယှဉ်တွဲထိုင်နေခွင့်ဆိုတာ နတ်မင်းများက မနေနိုင်လို့ ကြည့်ရှုစီမံပေးလိုက်ကြတဲ့ ကံကြမ္မာသက်သက်ပဲ။

အလကားသက်သက်ကြီးတော့ လာအချိန်ဖြုန်းကြည်နူးနေကြရတာတော့ မဟုတ်ဘူးလေ။ အလုပ်ကိစ္စတော့ပါတယ်လေ။ ကိုယ့်စက်ရုံက ဝတ်စုံတွေအတွက် တီဗီနဲ့မဂ္ဂဇင်းကြော်ငြာများ ရိုက်ကူးတဲ့အစီအစဉ်မှာ ခါတိုင်းဆို ဝတ်ဆံတစ်ဦးတည်း လုပ်ဆောင်နေသလားတော့ မသိပေမယ့် ခုနောက်ပိုင်းမှာ အလုပ်ရှင် ဘော့စ်က တိုက်တိုင်းကို ဆယ့်နှစ်မျိုးချင်းသုပ်လို ကိစ္စတိုင်းမှာ အားကိုးထည့်သွင်းလို့ချည်းနေတာ မဟုတ်လား။

သမာဒေဝနတ်ကောင်းနတ်မြတ် တစ်ပါးပါးများ အလုပ်ရှင်ကိုယ်ထဲ ဝင်ပူးလိုက်လေသလား။ တိုက်တိုင်းကား **Lap top** တစ်ခုနှင့် မျက်နှာအပ်ကာ မစိုးကြီးနဲ့ပဲ နှစ်ပါးသွားနေရမယ့်အစား ဝတ်ဆံနှင့်အတူတူ ပန်းခြံတစ်ခုထဲမှာ ဘာလိုလို ညာလိုလိုပုံစံနဲ့ ယှဉ်တွဲလျက်သားကလေးဖြစ်လို့။

အခြေအနေ၊ အခါအခွင့်တို့က တိုက်တိုင်းကို ကျောကုန်းကနေ ပိတ်ပိတ်တွန်းကာ "ငအ ... အခွင့်အရေးဆိုတာ နှစ်ခါမလာဘူးနော်။ ခုလို အခြေအနေမျိုးမှာတောင် ပိတ်နေတိတ်နေ





လိုက်ရင် မင်း နောင်ဘယ်တော့မှ ဇွတ်တောင်းဆိုရဲတော့မှာ မဟုတ်ဘူး။ လုပ်လိုက်တော့ စပစ်"စသဖြင့် သွေးထိုးလှုံ့ဆော်လို့ နေပါသည်။

မျက်လွှာလေးချလိုက်၊ မရဲတရဲလေး ပြန်ဝင့်ကြည့်လိုက်နှင့် ရှက်အားပိုရခြင်း သရုပ်သကန်ကို ဟန်ဆောင်နေတာလား၊ တကယ်ပဲလား မသိတဲ့ သရုပ်ဆောင်ကောင်မလေးကလည်းပဲ တိုက်တိုင်းရဲ့ရင်ကို ကလိ ကလိနဲ့ လာရိနေသလို ဖြစ်နေသည်။ ဒါပေမဲ့ကွာ ဟန်များများနဲ့ ယောကျ်ားတိုင်း အသည်းယားရမယ့်အကြည့်တွေ အမူအရာတွေက ငြိမ်းချမ်းပြီး အေးမြနေတတ်တဲ့ စိတ်သဏ္ဍာန်ပိုင်ရှင်တစ်ယောက်လိုတော့ တိုက်တိုင်းရဲ့နှလုံးသားကို မငြိစေနိုင်ပါဘူး။

မေတ္တာတရားနဲ့ ပေးဆပ်ခြင်း ဆိုတာတွေကို ကိုယ့်ဘက်ကချည်း တစ်သက်လုံးပေးလို့ချည်း နေခဲ့ဖူးတဲ့ တိုက်တိုင်းဟာ မိခင်ဆန်တဲ့မျက်နှာမျိုးနဲ့ နှလုံးသားမျိုးကိုသာ နှစ်လိုတပ်မက်မိတာပါ။ အဲဒီခံစားချက်ကို အစ်မကြီး အမိရာလို ဖြစ်နေတဲ့ ဝတ်ဆံဆီကရသည်။

အဲဒီလို တည်ငြိမ်တဲ့ ဣန္ဒြေရှင်တစ်ယောက်အပေါ် ကိုယ်က အားမနာပါးမနာ အလိုက်မသိ၊ လူကြီးလူကောင်းမဆန်တကျီတည်းကျီပြီး နားပူနားဆာတိုက်နေလို့ ကောင်းပါ့မလား။ သူ့ကိုမြင်လိုက်ရတိုင်း မထိန်းနိုင် မသိမ်းနိုင် ရှန်းကန်ပေါက်ကွဲပစ်လိုက်ချင်တဲ့စိတ်ရိုးကို "ကိုယ့်မိန်းကလေးက အဲဒီလိုအစားထဲ

က မဟုတ်ဘူး မှားသွားမယ်၊ ဒုက္ခရောက်သွားလိမ့်မယ်"ဆိုတဲ့ အသိတရားတစ်ခုနဲ့ ချွန်းနှာနှာ ပြန့်ပြန့်အုပ်ထားရတာ အင်မတန်မှ ပင်ပန်းဆင်းရဲလှသည်။

ခုတော့ အခြေအနေကလည်း တအားဆောင်ကျဉ်းပေးထားသလို ဖြစ်နေသည်။ ရှေ့ကမင်းသားနဲ့ မင်းသမီးတို့ကလည်းပဲ လူတကာ အရည်ပျော် ယိမ်းယိုင်ကျလောက်အောင် မှုဟန်ပိုကဲ ရွှမ်းဆောင်နိုင်ကြပါပေသည်။ ဝတ်ဆံဘက်ကို မသိမသာ နိုးကြည့်လိုက်မိတော့ မျက်လွှာကလေး စင်းစင်းချကာ ဒါရိုက်တာကြီးရှေ့က တီဗီမော်နီတာငယ်လေးတစ်ခုဆီ ငေးမောငြိမ်သက်လျက်သား။

ခုနေခါမှာ အလုပ်ပစ်လိုက်ချင်ဆုံးကတော့ ခပ်တင်းတင်း မွေ့ဖက်ချုပ်နှောင်ပစ်လိုက်ပြီး "ခင်ဗျား အခု ကျွန်တော့်ကို ချစ်တယ်လို့ ပြောဗျာ"လို့ အတင်းရောအဓမ္မ အဖြေတောင်းပြီး ပိုင်ပိုင်နိုင်နိုင်သာ ရှိလိုက်ချင်တာပါပဲ။ ထိတ်လန့်တကြားတော့ ဖြစ်သွားနိုင်ပေမယ့် "မဖြစ်နိုင်ဘူး"ဆိုတာမျိုးအထိတော့ ရက်ရက်စက်စက် ပြန်မပြောဘူးပဲ မဟုတ်လား ဝတ်ဆံ။

သူ့မောင်နဲ့ ကိုယ့်ညီမပင်လျှင် တစ်ပတ်အတွင်း အလုပ်ဖြစ်၊ အခြေအနေပြောင်းလဲသွားကြလျှင် ကိုယ်တို့ရဲ့နှစ်ပေါက်လုမတတ် တောင်းဆိုချက်တစ်ခုဟာလည်း ခုလောက်ရှိ အရာထင်ကာ အဆင်ပြေပြီး ဖြစ်နေသင့်ပြီပေါ့။ ခုပဲ ပြတ်ပြတ်သားသား ဖွင့်မေးကြည့်လိုက်ရင် ကောင်းမလား။ ရင်ထဲရှိတဲ့အတိုင်း အကြမ်း





ပတမ်းနိုင် ပေါက်ကွဲပစ်လိုက်ဖို့ကိုတော့ ဝတ်ဆံကလည်း လက်ခံကျေနပ်နိုင်မှာ မဟုတ်သလို၊ တိုက်တိုင်း ကိုယ်၌ကလည်း မလုပ်ရဲ။

လက်ဖျားကလေးလောက်ကို လှမ်းဆုပ်လိုက်လိုက်လျှင်တော့ ပန်းခြံထဲ၊ ကြော်ငြာရိုက်ကူးရေးအဖွဲ့သားတွေရှေ့၊ ရှုံးက အကူကောင်လေးနှစ်ယောက်နဲ့ ကောင်မလေးနှစ်ယောက်တို့နဲ့လည်း နီးနေပေမယ့် သိပ်မရိုင်းလောက်၊ အမြင်မတင့်တာမျိုး မဖြစ်နိုင်လောက်ဘူးနဲ့ တူပါရဲ့။ ဒါမှမဟုတ် သူ့ဆံစပ်နားရွက်ဖျားလေးလောက်အထိ ကိုယ့်ခေါင်းကို အသာငုံ့လို့ တိုးတိုးကလေး မသိသလို၊ သိသလို အလုပ်အကြောင်းပဲ ပြောလိုက်သလိုလိုနဲ့ "ဝတ်ဆံဆီက တိကျတဲ့အဖြေကို လိုချင်ပြီ"လို့ ပြောကြည့်လိုက်ရင်ကော။

"ကတ် ...။ ဒီနောက်တစ်ဆင်းန်းပြီးမှ လိုကေးရှင်းပြောင်းမယ်။ မင်းသမီးနှစ်ယောက်စလုံးနဲ့ မင်းသား တစ်စုံစီလောက် ထပ်လဲပေးပါ။ နည်းနည်းလွှင်လွှင်ကလေးတွေဆိုရင် ကောင်းမယ် အစ်မတို့ရေ၊ အဖြူနဲ့အမည်းချည်းနှစ်စုံဖြစ်နေပြီ"

ဝတ်ဆံမှာ သက်ပြင်းမောတစ်ခုနှင့် ထိုင်နေရာမှ ထရပ်လိုက်ရပါတော့သည်။ ခေါင်းထဲမှာ အလုပ်ပဲရှိနေဟန်တူတဲ့ လူရှိုးလူအကြီးဟာ သူ့နံဘေးမှာ နီးနီးကပ်ကပ်ရှိနေတဲ့ ဝတ်ဆံကို ကျော်ပြီး မင်းသမီးမော်ဒယ်လ်ကလေးကိုပဲ မျက်တောင်မခတ်နိုင်

ဖြစ်နေတာတော့ မဟုတ်ဘူး မဟုတ်လား။ အခွင့်အရေးကိုမမြင်တတ်၊ မယူတတ်တဲ့သူ။ ဒီလောက် အခြေအနေပေးနေတာကိုတောင် အရအမိ မဆုပ်ကိုင်တတ်ရင် ရှေ့လျှောက်တော့ ပိုး,ပိုပြီးခက်ရချေရဲ့။

ဝတ်ဆံထထွက်သွားတော့ တိုက်တိုင်းဆီက "ရှူး" မနဲ့ သက်ပြင်းကြီးတစ်ခု ထွက်ပေါ်လာပါသည်။ သူ ကျောတွန်းနေတုန်း လှုပ်ရှားဖို့ တွန့်ဆုတ်ဖင့်လေးနေတဲ့ တိုက်တိုင်းကို နတ်ကောင်းနတ်မြတ်ကလည်း မကြည်ဖြူ၊ ကြည့်မရတော့ဘူးနဲ့ တူပါရဲ့။ ဒါပေမဲ့ ခင်ဗျားကြီး တွန်းတိုင်း အဟုတ်ကြီးလိုက်မှတ်လို့ကော ရနိုင်ရဲ့လားခင်ဗျာ။ သေချာလို့လား။ ခေါင်းထဲမှာအလုပ်ကိစ္စတစ်ခုပဲ ရှိနေဟန်တူတဲ့ မန်နေဂျာမကလေးက ပတ်ဝန်းကျင်ရဲ့သာယာမှုနဲ့ အခြေအနေရဲ့ လိုက်လျောညီထွေရှိနေမှုကို သတိမှုမိရဲ့လားမှ မသိတာကို။

"ဒီတစ်ဆင်းနဲ့က ဒီဝတ်စုံနဲ့ပဲ သီချင်းနှစ်မျိုးစလုံးရော စတေလ်တွေရော ရိုက်လိုက်ဦးမယ်ပြောတယ်။ နောက်နေရာတစ်ခုကိုမပြောင်းခင် Lunch break ပေးလိုက်မယ်တဲ့။ ပြီးမှ နေရာပြောင်းရင် ညနေစောင်းလောက်တော့ ရောက်သွားဦးမှာပဲ"

အဝတ်အစား သွားစီစဉ်လာခဲ့ပြီး ပြန်ရောက်လာတဲ့ဝတ်ဆံက အလုပ်ကိစ္စ ပြောသလိုလိုနဲ့ သူ အချိန်ဘယ်လောက်ရမရကို တွက်တတ်အောင် သတိပေးသလို ဆိုလိုက်ပါသည်။





သီချင်းကနှစ်ပုဒ်၊ အလှုပ်မဟုတ်ဘဲ တည်ရိုက်မယ့် စတေလ်ကပါသေးတယ်ဆိုရင် ခုနက ရိုက်ပြီးသားတွေနဲ့ ပြန်တွက်ရင် သူ့မှာ အခွင့်အရေးကောင်းအတွက် အချိန်အများကြီး ထပ်ရသေးတယ်နော်ဟု သိစေလိုက်တာပါ။

ရုံးကမိန်းကလေးနှစ်ယောက်က ကုမ္ပဏီက အဝတ်အစားများကို ပြင်ဆင်သိမ်းဆည်း စောင့်ကြပ်နေရမည်။ ကောင်လေးနှစ်ယောက်က နေ့လယ်စာအတွက် စီစဉ်ရတော့မယ့်သူနဲ့၊ Lunch တော့ အတူလာစားလိုက်မယ်ဆိုတဲ့ ဘော့စ်ကို သွားကြိုပေးရတော့မယ့်သူနဲ့။ ကဲ ...။

"ဝတ်ဆံ ဆာနေပြီမို့လို့လား။ သီချင်းနှစ်ပုဒ်စလုံး ပြန်ရိုက်ဦးမယ်ဆိုရင် ကြာမှာလေ။ နေ့လယ်စာစားပြီးမှ ပြန်စလိုက်ကြရင် ကောင်းမလားလို့။ ဒါရိုက်တာကို သွားညှိပေးရမလား"

အမိပွာယ်ကောက်ကလည်း လွဲလိုက်တာ။ "ဗိုက်ဆာတယ်၊ ခေါင်းကိုက်တယ်၊ ခြေနာတယ်"ပဲ အမြဲပူဆာနေကြတဲ့ ညီမနှစ်ယောက်ကို အရိပ်ကြည့်ပြုစု ဖြည့်ဆည်းပေးနေတဲ့သူဆိုတော့ အကွက်ထွင်ပေးတဲ့ အချိန်အခါ အခြေအနေကိုကျတော့ အရိပ်ပြလို့မှ အကောင်မမြင်။ ကလေးဆိုးကြီးလို ဗိုက်ဆာလို့ လာခွင့်တောင်း အပူကပ်နေတယ်ပဲ ထင်တတ်နေသည်။ ရည်းစားစကားပြော အဖြေတောင်းဖို့ထက် ထမင်းနယ်ပေးဖို့လောက်ပဲ ခေါင်းထဲရှိမှာလား။

အင်း ... ဝတ်ဆံက ထမင်းဆာပြီဆိုရင်တော့ အခွင့်အရေးလေးတစ်ချို့ဆိုတာကတော့ သွားပြန်ပြီပေါ့။ လူငယ်ပဲရှိသေးတဲ့ ဘော့စ်ဟာ ဒီလောက်အလုပ်တွေများ ရှုပ်နေတဲ့ကြားက နေ့လယ်စာအတူလာစားပါမယ်ဆိုတာ တိုက်တိုင်းနဲ့ ဝတ်ဆံတို့ကို အလုပ်ကိစ္စအတွက် စိတ်မချနိုင်လို့မှ မဖြစ်နိုင်ဘဲ။ ပြီးရင် ထမင်းစားချိန်ပြီးလည်း ပြန်ချင်မှ ပြန်တော့မှာ။ မော်ဒယ်လ်မင်းသမီးလေးနှစ်ယောက်ရဲ့အမေကြီးတွေနဲ့ ဝမ်းသာအားရ မိတ်ဖွဲ့ခင်မင်နေတာနဲ့တင် ညနေထိတိုင်ရင်လည်း တိုင်သွားမှာ။ အဲဒီနှစ်ယောက်ထဲက တစ်ယောက်ဟာ ဘော့စ်အင်မတန် အားပေးချင်တဲ့အသည်းစွဲကလေး ဆိုလား။

အေးလေ ... ကိုယ်ကတော့ သူ့နံဘေးမှာရှိနေရရုံနဲ့ ဆာဖို့ကိုလည်း သတိမရနိုင်။ ရင်ဘတ်ကြီးတစ်ခုလုံး ဘာတွေနဲ့ပြည့်မှန်းမသိ၊ ရင်ပြည့်ရင်ကယ်တောင် ဖြစ်နေရပေမယ့် သူကတော့ ကြည်နူးရင်ခုန်သာယာဖို့ထက် ဗိုက်ဆာတာကိုပဲ ပိုသတိရမိနိုင်တဲ့ အရိုးခံဖြူစင်၊ စိတ်ရှင်းရှင်းကြီးလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ သို့သော်လည်း ဒေါ်ဝတ်ဆံရယ် ... မိနစ်နဲ့အမျှ ပါးစပ်ထဲ တစ်ခုခုထည့်လို့ချည်းနေတဲ့ ကျွန်တော့်ညီမတောင် ပါးစပ်နဲ့အစာအိမ် ခဏနားချိန်မှာ နှလုံးသားကို အလှည့်ပေးဖို့ ဦးနှောက်ကတောင်းဆိုသိတတ်လာပါသေးတယ်ဗျာ။

"ကျွန်မ ဗိုက်မဆာပါဘူး။ ဗိုက်ဆာတယ်လို့ ပြောနေတာမဟုတ်ဘူး"





"ဒါ ... ဒါဆိုလည်း ရိုက်ကွင်းပဲ ပြန်စလိုက်မှာလား"

"အဲဒါကိုပဲ ပြောနေတာပဲဟာ"

"လိုကေးရှင်း(Location)မပြောင်းသေးဘူးတဲ့လေ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"ဟို ... ဒါရိုက်တာရဲ့မော်နီတာကို ဒီနားကပဲလည်း မြင်ရပါတယ်"

ရှင်က ကျွန်မကို ခုနကလိုပဲ ရှင့်နံဘေးမှာပဲ မသိမသာလိုလိုနဲ့ ပြန်ဝင်ထိုင်စေချင်နေတာလား။ အဲဒါဆိုရင် ဒီတစ်ခါတော့ အချိန်ရှိခိုက် လုံ့လစိုက်၊ မိုးရွာတုန်းရေခံ၊ အချိန်အခါနဲ့ အခြေအနေကို အကျိုးရှိရှိကလေး အသုံးချတော့မယ်ပေါ့ ဟုတ်လား။ ရိုက်ကွင်းဆီကိုပဲ ပါးစပ်အဟောင်းသားကြီးနဲ့ ငြိမ်ငြိမ်စိုက်စိုက်ကြီး ဖြစ်မနေတော့ဘူးပေါ့လေ။

ဗိုက်ဆာလို့ ပြောနေတာလည်း မဟုတ်ဘဲနဲ့ ရိုက်ကွင်းက ပြန်စတော့မှာကို ခုနနေရာမှာပဲ အေးအေးဆေးဆေးပြန်ဝင်မထိုင်နိုင်ရတော့တာက ဘာသဘောပါလိမ့်။ ခုနကတော့ သူကတော့ ဒီလိုပဲ မော်နီတာကို လှမ်းမြင်နေနိုင်တဲ့နေရာမှာ ထိုင်ချလိုက်တာဖြစ်ပြီး၊ ကိုယ်ကတော့ သူ့နံဘေးမှာ မသိသလိုသိသလိုနဲ့ လိုက်ဝင်ထိုင်လိုက်တာဆိုတော့ "ဒီလူတော့ အခြေအနေမဟန်ဘူးထင်တယ်၊ ရလာတဲ့အခွင့်အရေးကို ဖမ်းဆုပ်ထားချင်လို့ အလစ်ချောင်းနေတာကိုး"လို့ ခုမှထရိပ်မိသွားတာများလား။

ရုံးက ကလေးမလေးတွေနဲ့ အဝတ်အစားကိစ္စသွားစီစဉ်ပေးနေရတုန်း ခေတ်ကာလသမီး ဂျူလယ်လေးတွေဖြစ်တဲ့ ဟိုဟာမကလေးတွေက အံကွက်မြင်မြင်နဲ့ ဘာများသတိပေးပြောလွှတ်လိုက်ကြမှန်းမှ မသိတာ။ ပြန်ရောက်လာကတည်းက ထိုင်ဖို့ကိစ္စ ပြန်ပါမလာသလို မတ်တတ်ကြီး ဖြစ်နေတော့တာဟာ အခြေအနေမကောင်းတဲ့ သဘောမျိုးပဲလို့ တွက်ရတော့မည်။ အဲဒါကြောင့် "အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး"လို့ ဆိုကြတာပေါ့။

တိုက်တိုင်းနဲ့ ဝတ်ဆံတို့ ချိတုံချတုံ ရှိုးတီးရားတားတွေ ဖြစ်နေကြဆဲ နှစ်ယောက်စလုံးတို့ရဲ့ဖုန်းတွေက ရုတ်တရက်ထမြည်လာပါသည်။ "ဘော့စ်ဆီကများလား"လို့ ဆိုလိုက်တဲ့ တိုက်တိုင်းကို ဝတ်ဆံက ဒီတစ်ခါတော့ သိသိသာသာကြီးကို မျက်စောင်းထိုးပစ်လိုက်မိတော့သည်။ ဒါပေမဲ့ ဘော့စ်ဆီကတော့ မဟုတ်ပါ။ တိုက်တိုင်းရဲ့ဖုန်းက အလစ်မဆီက။ ဝတ်ဆံရဲ့ဖုန်းက ဝေဠုဆီက။

"ကိုတိုက် ... ပိုက်တို့ဆိုင်ကို မြန်မြန်လာခဲ့ပါဦး။ ဒီမှာ ဟိုအကောင်လေ ဒေါသတွေထွက်ပြီး ပိုက်ကိုအော်ဟစ်ဆူနေတာဆိုတာ ရစရာကို မရှိဘူး။ ကြာကြာနေရင် မီးဖိုထဲက သားလှီးဓားနဲ့တောင် ထခုတ်တော့မလား မသိဘူး။ လူပါးဝတဲ့ကောင်၊ ကိုတိုက်ကိုတော့ သူက ရှိန်မှာပါ။ ကိုတိုက် အမြန်ရောက်လာမှဖြစ်မယ်"





"ဟ ... ငါက အလုပ်ချိန်ကြီးလေ"

"ဒါပေမဲ့ ဟိုအချစ်တုံးကြီးနဲ့ အတူတူရှိနေချိန်မို့ ထွက်မလာချင်တာ မဟုတ်လား"

"မဟုတ်ဘူး၊ ခုဟာက ကြော်ငြာရိုက်ကွင်း ..."

"မခွဲနိုင်မခွာရက် ဖြစ်နေရင် သူ့ပါခေါ်လာခဲ့လိုက်ပေါ့။ ဒါမှ သူ့မောင် ဘယ်လောက်ထိ မိုက်ရိုင်းနေသလဲဆိုတာ သူပါ တစ်ခါတည်း သဘောပေါက်သွားမယ်။ ကိုတိုက် မြန်မြန်တော့လာနော်။ မလာလို့ မဖြစ်ဘူး။ ကိုတိုက်နောက်ကျနေရင် ပိုက်ကို ဆာလာအိတ်နဲ့ အပိုင်းလိုက်၊ အတုံးလိုက်သာ လိုက်ကောက်ပေတော့ပဲ။ အဲဒီကောင်က သိပ်သွေးဆိုးတာ။ ခုမှ သိတယ်"

ပိုက်ပိုက်ထံမှ ဖုန်းချသွားလျှင် တိုက်တိုင်းမှာ မျက်နှာပုံပု အားနာနာနဲ့ပဲ ဘော့စ်ဆီကို ဖုန်းနှိပ်လိုက်ရပါတော့သည်။ ဒီတစ်ဖက်မှာလည်း ဝတ်ဆံမှာ ...

"မမ ... မမ ... ကျွန်တော့်ဆိုင်ကို ခုအမြန်ဆုံး အမြန်လာပါ"

"ဟဲ့ ... မထိတ်သာ မလန့်သာ ဘာဖြစ်တာလဲ။ ပိုက်ပိုက် ဘာဖြစ်လို့လဲ"

"အဲဒီဟာမက ဘာမှမဖြစ်ဘူး။ သူ လုပ်လို့သာ အားလုံး တစ်ခုခုဖြစ်ကြတော့မှာ။ ဒီမှာ မမ ဝယ်ပေးထားတဲ့ ပန်းကန်တွေ တစ်ခုမှ အကောင်းမကျန်တော့ဘူး။ သူခွဲလို့ကုန်

ပြီ။ ပန်းကန်တွေပြီးရင်တော့ ကျွန်တော့အလှည့်ပဲလည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ ခုနလည်း ဖန်ခွက်အကွဲနဲ့လှမ်း ပေါက်တာ၊ ရှောင်နိုင်လို့သာ လွတ်သွားတာ။ ခုလည်း နောက်အကွဲတစ်ခုကို ကောက်ကိုင်ထားတာ၊ လက်ထဲမှာ တဆဆနဲ့။ ဆိုင်တစ်ခုလုံးလည်း မွှမွှကိုကြဲနေတာ၊ ဂေါ်ရီ လာကောင်တွေ အုပ်လိုက်ချီ ဝင်မွှေသွားရင်တောင် ခုလောက် ထိ မဆိုးနိုင်တော့ဘူး"

"ဟဲ့ ... ဘယ်လိုဖြစ်ရတာလဲ။ သူက အဲဒီလိုဆိုတော့ ငါ က နင့်ဘက်က တပ်ကူလိုလုပ်ပြီး ပြေးလာလို့ကောင်းပါ့ မလား။ ကျွတ် ... စိတ်ညစ်လိုက်တာ"

"မမ လာရင် မမလူကြီးပါ,ပါလာမှာပေါ့။ နှစ်ယောက်တစ် ယောက် အနိုင်ကျင့်ရာ မကျတော့ဘူး၊ နှစ်ယောက်ချင်းပဲ"

"ဟဲ့ ..."

ဝတ်ဆံမှာ ဘာမှထပ်မပြောလိုက်နိုင်ကင် ဝေဠုက ဖုန်းချသွားခဲ့ပါပြီ။ တိုက်တိုင်းဘက်ကို စိတ်ရှုပ်မျက်နှာပူစွာ လှည့်ကြည့်လိုက်မိလျှင်တော့ ...

"သေရေးရှင်ရေးကိစ္စဆိုတော့ ချက်ချင်းပဲ သွားလိုက်ကြပါ။ သူက ရိုက်ကွင်းကိုလာနေပြီ။ ရောက်တောင်ရောက်တော့ မှာလို့ ဘော့စ်က ပြောပါတယ်"

"သေရေးရှင်ရေးလို့ ရှင်က ဘော့စ်ကို ပြောလိုက်တယ် ပေါ့"





"စိတ်မဆိုးနဲ့နော်၊ လန့်လည်းမသွားနဲ့၊ ဝေဠုက သားလှီး ဓားနဲ့ဆိုလား"

"ဘုရားရေ ... သူကပြောတော့ ပိုက်ပိုက်ကသာ လက်ထဲ မယ် ဖန်ခွက်အကွဲကြီးနဲ့တဲ့"

"ဒါဆိုရင်တော့ အခြေအနေက ထင်တာထက်ဆိုးမယ်။ ဆိုင်တောင် အကောင်းမှ ကျန်နိုင်သေးရဲ့လား"

"အိုးခွက်ပန်းကန်တွေတော့ ကုန်ပြီတဲ့"

"ဝတ်ဆံရဲ့ကားကို ဒီမှာပဲ ထားခဲ့လိုက်တော့လေ၊ ကောင် လေးတစ်ယောက်ကို ရုံးကိုပဲ ပြန်မောင်းသွားခိုင်းလိုက် တော့မယ်၊ ကျွန်တော်တို့နှစ်ယောက်လုံး ပြိုင်တူရောက်ကြမှ ကို ဖြစ်မှာ"

နှစ်ယောက်လုံး လမ်းမှာတော့ ဘာစကားမှ ထပ် မဆိုဖြစ်ကြပေ။ ရင်ထဲကိုယ်စီမှာတော့ ရှောင်စုံပန်းခင်းတွေနဲ့ လှပတဲ့ပန်းခြံတစ်ခုရယ်။ မြက်ခင်းစိမ်းစိမ်းတွေရယ်၊ မျက်လုံးအား ကောင်းကောင်းနဲ့ လူတကာကို စိတ်ကူးတွေ ဆန်းကြယ်လာအောင် လှည့်ဖြားညှို့ငင်တတ်တဲ့ မင်းသားရယ်၊ ဟန်ဆောင်ကာမှုပို၊ နွဲ့ ဘဲ့တဲ့နဲ့ အသည်းယား စိတ်ပြောင်းစေနိုင်တဲ့ မော်ဒယ်လ်မကလေး တွေရယ်။

ငါ ဖြစ်လို့ စိတ်ကူးထဲပေါ်ရင် ပေါ်လာတဲ့အချိန် မှာ အကောင်အထည် မဖော်ဖြစ်နိုင်လိုက်ပါလိမ့်။ ငအ ... မင်း "ငအ"ပဲ တိုက်တိုင်း။

ကိုယ့်ကို ချစ်ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက် ကိုယ့်နံဘေးမှာ နီးနီးနားနား ပူးပူးကပ်ကပ် ရှိနေခဲ့တာတောင် အခြေအနေထပ်တူးလာအောင် မစွမ်းဆောင်နိုင်လိုက်တဲ့မိန်းမ ညံ့ပါ ...။ တုံးပါ ဝတ်ဆံရယ်။

♥ ✉ ♥

တိုက်တိုင်း အလုပ်ထိုင်လုပ်နေသည့် နံဘေးမှာ အငယ်မက ကြော်ငြာစာရွက် pamphlet တွေကို ကောက်ကိုင်ကြည့်လိုက်၊ ပွဲတစ်ပွဲရဲ့ ကုန်ကျစရိတ်တွေကို တွက်ပြထားတဲ့ ခန့်မှန်းကုန်ကျစရိတ် estimate စာရင်းတွေကို ယူဖတ်လိုက်နှင့် တကပ်ကပ်လေး လုပ်နေပါသည်။

"အငယ်မ ... ကျူရှင်မရှိဘူးလား ဒီနေ့"

"ဆရာမနေမကောင်းလို့ တစ်ရက်နားထားတယ် ကိုကိုကြီး"

"ဒါဖြင့် စာကျက်စရာကော မရှိဘူးလား။ ငါ့ဘာလာရှုပ်နေတာလဲ"

"စာကကြိုဖန်ကျက်မယ် ဆိုရင်တော့ ကျက်စရာတွေ တစ်ပုံကြီးပေါ့၊ ဒါပေမဲ့ ကိုကိုကြီးနား ခဏနေချင်လို့ပါ။ ကိုကိုကြီးကလည်း ကိုယ့်အလုပ်နဲ့ကိုယ်၊ မီးမီးကလည်း ကျောင်းနဲ့ ကျူရှင်နဲ့။ မပိုက်ကလည်း သူ့ဆိုင်ကိစ္စတွေနဲ့ ဒီမောင်နှမလေး သုံးယောက်ရှိတာ အချင်းချင်း အေးအေး ဆေးဆေး မတွေ့ကြရတာ ဘယ်လောက်ကြာနေပြီလဲ"





"အလတ်မ ရှိတယ်မဟုတ်လား။ ဒီနေ့လည်း ကောင်လေးနဲ့ စိတ်ကောက်ထားကြပြန်လို့ ဆိုင်မသွားဘူးလိုလို ငါ ရုံးက သတင်းကြားခဲ့တယ်"

အငယ်မက အသံတိတ် တွန့်လိမ်ရှုံ့တွပြလိုက်ပြီးမှ အတိုးဖွဆုံးလေသံကလေးနဲ့ ...

"ရှိလည်း ဘာလုပ်ရမှာလဲ၊ သူနဲ့က စကားပြောလို့မှမရတဲ့ဟာပဲ။ ဘာမှအကျိုးမရှိတဲ့အပြင် အသားနာပြီး ပြန်ခဲ့ရတာပဲ အဖတ်တင်မယ့်ဟာ။ သူနဲ့တော့ သွားပြောမနေချင်ပါဘူး"

တိုက်တိုင်းမှာ အငယ်မရဲ့အပြောလေးကို သနားသွားသမယ့် "အဲဒီလို မပြောရဘူးလေ"ဟု ခပ်တိုးတိုး ဟန့်လိုက်ပါသည်။ လုပ်လက်စ အလုပ်တွေကိုလည်း ခဏတဖြုတ် ရပ်တန့်ပြီးကာ Lap top ကိုပါ ပိတ်လိုက်ပြီး "ကဲ ... ဘာလိုချင်နေလို့လဲ။ ဘာပူဆာချင်တာလဲ"ဟုပါ မေးလိုက်ပါသည်။

"တကယ် စကားပဲပြောချင်တာပါဆို။ ကိုကိုကြီး အခုရှုပ်ပွေနေတာ ဟိုတယ်တစ်ခုခုမှာ ပွဲတစ်ခုခုလုပ်ဖို့ ကိစ္စများလား"

တိုက်တိုင်းက ခေါင်းညိတ်ပြလိုက်လျှင် အငယ်မက တိုက်တိုင်းထိုင်နေတဲ့ တစ်ယောက်ထိုင် ကုလားထိုင်ပေါ်သို့ ဝုန်းခနဲ အတင်းဝင်ထိုင်ချလိုက်ကာ သူ နေရာတကျဖြစ်အောင် ခပ်ကြမ်းကြမ်း ကျပ်ကျပ်တည်းတည်း တိုးဝှေ့လိုက်သည်။

"ဟဲ့ ... ကောင်မလေး၊ ဘာလုပ်တာလဲ၊ ကျပ်လိုက်တာ ဖယ်စမ်း။ နင်မဖယ်ရင် ငါဖယ်ပေးမယ် ခဏထဦး"

"ကိုကိုကြီးနော် ... မီးမီးကို အမှန်အတိုင်းပြော၊ ပွဲလုပ် တော့မယ် မှတ်လား"

"ဩော် ... လုပ်ပါမယ်ဆိုတာ ဘယ်နှခါပြောရမှာလဲ။ ထဲ နင်မဖယ်ဘူးလား"

"မဖယ်ဘူး။ ပွဲလုပ်မယ့်ကိစ္စကို စီစဉ်ဆုံးဖြတ်ပြီးနေတာ တောင် မီးမီးတို့ကို တစ်လုံးတစ်ပါဒမှ တစ်ခွန်းမှမဟာဘူး တကယ်ဆို မပိုက်ကတော့ ဖြောင်းဆန်ကန့်ကွက်နေမှာ လို့ လျှို့ဝှက်ထားတယ် ဆိုရင်တောင် မီးမီးကိုတော့ စေ စာလေး ပေးသိသင့်ပါတယ်။ မီးမီးက ကိုကိုကြီးကို ဘာ များ နှောင့်ယှက်မှာမို့လို့လဲ။ ခုကတည်းက ညီမလေးကို အရေးအရာ မထားတော့ဘူးပေါ့။ ဝမ်းနည်းလိုက်တာ ဟီး"

"ဟ ... ဟ ... ဘာလို့ ငိုချတာလဲ၊ ဘာလို့ တကယ်ကြီး ငိုနေရတာလဲ"

"ကိုကိုကြီးက မီးမီးကို ဘာဖြစ်ဖြစ်ဆိုပြီး ချန်ထားခဲ့ပြီး ကိုယ်လွတ်ရုန်းသွားဖို့ကြံတာ။ ဟီး ... မီးမီး ... မပိုက်နဲ့ မနေခဲ့နိုင်ဘူး ... ဟီး"

"ဟဲ့ ... ကောင်မလေး၊ ဘာတွေပြောနေတာလဲ၊ ငါကဘာ သွားမှာမို့လို့လဲ"





"ဟိုတယ်ကြီးတစ်ခုမှာ ဒီလောက်ပွဲကြီးတစ်ခု စီစဉ်ဖို့လုံး ပမ်းနေတာ။ ကိုကိုကြီးနဲ့ ဟိုအစ်မကြီးနဲ့ မင်္ဂလာဆောင်ကြ တော့မလို့ မဟုတ်လား ... ဟီး"

"ဟာ ... အရူးမ၊ ဟိုတယ်မှာ ပွဲလုပ်မယ်ဆိုတိုင်း ငါ့ မင်္ဂလာပွဲပဲ ဖြစ်ရတော့မလား"

"ဒါဖြင့် ဘာလဲ။ Brithday Party လား၊ ကိုကိုကြီးမွေးနေ့ က အဝေးကြီး လိုသေးတယ်၊ ကိုကိုကြီးနော် ... ညာမယ် ဆိုလည်း ပိပိရိရိတော့ ညာပေါ့"

"နင့်ဘာသာနင် ရူးရုံမကလို့ ငါ့ပါ ငပေါစာရင်းသွင်းနေ ပြန်ပြီ။ ငါက အဲဒီလောက် ဟိုတယ်ကြီးမှာ ကြီးတောင့် ကြီးမားနဲ့ မွေးနေ့ပွဲလုပ်ရအောင် မင်းသားလား၊ အဆိုတော် လား"

တိုက်တိုင်းမှာ အငယ်မရဲ့ခေါင်းကို လက်ဝါးနဲ့အုပ် မိုးလှုပ်ကိုင် ခါပစ်လိုက်ရင်း ...

"နင့်ဘာသာနင် အရူးထတာက အရေးမကြီးဘူး၊ တော်တော် ကြာ အလတ်မ ကြားသွားလို့ ဘယ်လိုမှ ရှင်းမရ ပြုမရ မယုံမကြည်နဲ့ ငါ ညအိပ်လို့တောင် ကောင်းကောင်းမရဖြစ် နေပါ့မယ် မီးမီးရယ်။ ဒါ ကိုကိုကြီးတို့ရုံးကိစ္စပါ။ ရုံးက ဖိနပ်တွေ၊ အထည်တွေကိစ္စနဲ့ Desingner Show ပွဲတစ်ခု လုပ်ဖို့ပါ"

တတ်လည်း တတ်နိုင်တဲ့ အငယ်မမှာ ဆယ်ကျော်သက် ကလေးမငယ်တို့ရဲ့ထုံးစံ ရတ်တရက်ပင် "ဟီး"ခနဲ အငိုတိတ်သွားရရင်း ခုနကထက်တောင် ပိုမိုတိုးဝှေ့ချွဲနွဲ့လိုက်သေးတာ။

"ဟီး ဟီး ဟီး ... လန့်သွားတာပဲ။ အဲဒါကိုမှ မတွေးမိတာကို။ ဒါဖြင့် အဲဒီပွဲကို မီးမီးတို့ရော ကြည့်လို့ရမလား။ ရမယ်ဆိုရင် မီးမီးသူငယ်ချင်းဖို့ပါ လက်မှတ်နှစ်စောင်လုပ်ပေးနော်။ နော် ... နော် ... ကိုကိုကြီး"

"နင့်အစ်ကိုအရင်းကြီး လက်ထပ်မှာပဲဟာ နင်က လက်မှတ်မလိုပါဘူး၊ ဒီတိုင်းလာလည်း ရပါတယ်"

"ဟီး ဟီး ဟီး ... ကိုကိုကြီးက သိပ်ရယ်ရတာပဲ"

"နောက်မှရယ် ... ဖယ်စမ်း။ ငါ အလုပ်ဆက်လုပ်လိုက်ဦးမယ်"

အငယ်မက တိုက်တိုင်းနဲ့ ခုံတစ်လုံးတည်း အတင်းတိုးဝှေ့ထိုင်နေရာကနေ ပြန်ထပေးလိုက်ပါသည်။ ကြော်ငြာလက်ကမ်းစာစောင်တွေထဲက ပုံတွေကိုကြည့်လိုက်၊ ဈေးတွေတွက်ပြထားတာကို ကြည့်လိုက်နှင့် ...

"မီးမီးသာဆိုရင်တော့ အဲဒီလောက် ပိုက်ဆံကြီးတွေအကုန်ခံပြီး ဟိုတယ်ကြီးတွေမှာ ပွဲမလုပ်တော့ဘူးသိလား ကိုကိုကြီး။ မီးမီးအလှည့်ကျရင် ပွဲမလုပ်ဘူးဆိုရင် အဲဒီအတွက် ကုန်ကျမယ့်စရိတ်အတိုင်း မီးမီးကို ကိုကိုကြီးက ချီးမြှင့်ဆုချတဲ့အနေနဲ့ ပေးမလား"





"အောင်မာ ... လိမ္မာသလိုလိုနဲ့ ကိုယ်ကျိုးတွက် တွက်တတ်လိုက်တာ၊ ကလေး ... ကလေးလိုနေစမ်း၊ ဘာနင့်အလှည့်လဲ။ အနှစ်(၂၀)လောက် လိုသေးတယ်၊ သွား ... သွား"

တဟီးဟီး တဟားဟားနဲ့ တစ်ကိုယ်လုံး ယိမ်းထိုးနောက်လှန် ခေါင်းမော့ရယ်လိုက်တဲ့ မီးမီးဟာ ကိုယ်ကိုပြန်အမတ်ဟတော့ အိပ်ခန်းဘက်ကနေ စိုက်စိုက်ကြီး (ချောင်း)ကြည့်နေတဲ့ အလတ်မရဲ့မျက်ဝန်းများနဲ့ တန်းတိုးပါသည်။ မမြင်ချင်ယောင်ဆောင်ပစ်လိုက်ဖို့ ပြင်လိုက်ပေမယ့် အမြဲတစေ ကြောက်နေရမြဲယ်ကြောက်အရှိန်က မျက်နှာချင်းဆိုင်မိပြီးဖြစ်တဲ့ ထိုမျက်ဝန်းတွေကို နောက်တစ်ကြိမ် ထပ်မကြည့်တော့ဘဲလည်း ဟန်ဆောင်မျက်နှာလွှဲမနေရဲ။ အလတ်မက မီးမီးကို "လာခဲ့ဦး"ဟု မျက်ရိပ်ပြကာ လှမ်းခေါ်ပါသည်။

ပုံစံက အိပ်ခန်းထဲကနေ ပုန်းကွယ်ချောင်းမြောင်းပြီး လုပ်ပြနေသယောင်ရှိရာ ကိုကိုကြီး မသိစေချင်ဘူးဆိုတာသချာနေတာမို့ အငယ်မမျာ သိအောင်မလှုပ်ရှားရဲပါ။ သူဖြစ်စေချင်တာ၊ ဖြစ်စေချင်တာတွေကို ပြောနေစရာမလိုဘဲအလိုက်တသိနဲ့ မဖြစ်အောင်၊ ဖြစ်အောင် ဆောင်ရွက်မပေးနိုင်င် ပေါက်ကွဲပစ်တတ်တဲ့ အစ်မလုပ်သူရဲ့ဒေါသတွေကို အမြဲခံနေရကျ မီးမီးသာလျှင် အသိဆုံး။ မီးမီးက ကိုကိုကြီး မသိအောင်ဘာလိုလိုနဲ့ ထိုင်ရာက ထရပ်ကာ မပိုက်ထံ ထွက်လာခဲ့ရပါသည်။

Laptop ကိုပြန်ဖွင့်၊ မျက်နှာအပ်ကာ သူ့အလုပ်ထဲ သူပြန်စိတ်ဝင်စားနေသည့် တိုက်တိုင်းအောင်ကလည်း ခပ်လည်လည် အကွက်မြင်မြင်ထဲက မဟုတ်လေရာ တိတ်တိတ်ထွက်သွားတဲ့ မီးမီးရဲ့အပြုအမူကိုလည်း မရိပ်မိပါ။

"ငတုံးမ ... နင့်ကို ငါ အဲဒီစားပွဲပေါ်က စာရွက်တွေပါ ကောက်ယူလာခဲ့လို့ မျက်ရိပ်ပြနေတာ။ ဒါလေးတောင် နားမလည်ဘူး။ ဒီဉာဏ်ရည်နဲ့များ ကိုးတန်းက ဖြေဦးမယ်"

ဘာမှမဆိုင်ဘဲ အပြောအဆိုခံရပြီး ခေါင်းခေါက်ပါ တစ်ချက်ခံလိုက်ရသေးလျှင် အငယ်မဟာ အစ်မလုပ်သူကို တော်တော်ကြီး မြင်ပြင်းကတ်သွားရပါသည်။ ဒါပေမဲ့လည်း မျက်နှာထားကိုတော့ ယောင်လို့တောင် မစူပုပ်၊ မကောက်ချိတ်လိုက်ရဲ။ ဆေးနေရင် အကုန်လုပ်ရဲပေမယ့် နီးနေရင်တော့ ကိုယ့်အန္တရာယ်ကိုယ်ပဲ ကြည့်ရှောင်တတ်ရမည်လေ။

"နင်နဲ့ နင့်အစ်ကိုနဲ့ ကျိတ်ကျိတ်၊ တိုးတိုးတွေ လုပ်နေကြတာ ဘာကိစ္စလဲ။ အဲဒီစားပွဲပေါ်က စာရွက်တွေက ဟိုတယ်ကြီးတွေက လက်ကမ်းကြော်ငြာ pamphlet တွေမဟုတ်လား"

မပိုက်လည်း မီးမီးနဲ့ တစ်ပုံစံတည်း၊ တစ်သဝေမတိမ်း ကိုကိုကြီးကို အထင်မှားပြီဆိုတာ မီးမီးက ရိပ်မိလိုက်သည်။

"ဘာပါးစပ်ပိတ်နေတာလဲ။ နင်တို့မောင်နှမလောက်မှ မလည်ရင် ငါက ဒီအိမ်မှာ တစ်ယောက်တည်း တစ်ဂိုဏ်းဖွဲ့ပြီးတော့တောင် မနေဘူး သိရဲ့လား။ အဲဒါ နင့်အစ်ကို





ပွဲလုပ်တော့မယ့် အစီအစဉ်တွေ မဟုတ်လား။ စေ့စပ်ပွဲလား မင်္ဂလာပွဲလား ဘာတဲ့လဲ"

"သူ ... သူတို့ ... ရုံး ... ရုံးကကိစ္စတဲ့"

မီးမီးက တမင်ပင် လေသံကို အ,အ ... ထစ်,ထစ်နှင့် တမင်လုပ်ပြောလိုက်သည်။

"နင်လည်း မယုံဘဲနဲ့ ငါကယုံမယ်လို့ထင်ပြီး လာလိမ်ဖို့ကြိုးစားမနေနဲ့။ သူတို့ရုံးကများ ဟိုတယ်မှာ ဘာပွဲလုပ်ရမှာလဲ။ လုပ်ခဲ့သည်ရှိတောင် သူ့ကိစ္စလား၊ operating manager တွေ တစ်ပုံကြီးရှိတဲ့ဟာ၊ Accountant ကိစ္စ ဘာမှမရှိနိုင်ဘူး။ အဲဒါ ရုံးကိစ္စ ဟုတ်ကိုမဟုတ်ဘူး၊ သူ့ကိစ္စပဲ"

"မပိုက်တို့အတွက် စုံစမ်းပေးနေတာ ဆိုရင်ကော"

"ဟား ဟား ဟား ဟား ... အမယ်လေး ... နင်တို့မောင်နှမဟာလေ။ ငါ့ကိုများ နှစ်ယောက်ပေါင်းဉာဏ်နဲ့ လိမ်လို့ ကျော်လို့ ရမယ်ထင်နေကြသေးတယ်။ နင့်အစ်ကိုများညီမအတွက် အဲဒီလောက် ဝီရိယရှိရှိ၊ သိသိတတ်တတ်ဖြစ်နေရင် ဘုရားတောင်ပွင့်နေပါဦးမယ် သိုက်သိုက်ရယ်။ အပိုတွေ"

မီးမီးမှာ "ရုံးကိစ္စမို့ ရုံးကိစ္စလို့ ပြောတာလည်း မယုံဘူး"ဟုသာ ညည်းတွားပြနေလိုက်ပါသည်။ ရင်ထဲမှာတော့ ကလိ ကလိနှင့် အင်မတန် ရယ်ချင်နေသည်။ အမြဲတမ်းလိုလို

ဗိုလ်ကျခံနေရတဲ့သူဆိုတော့ ခုလောက်လေး မလိုမ့်တပတ် လှည့်ဖြားလိုက်ရရင်ပဲ ဟာသကား(၁၀၀)လောက် တစ်ပြိုင်နက်ကြည့်လိုက်ရသလို အူရွှင်မြူးထူးနေရတော့သည်။ မပိုက်တော့ ကိုကိုကြီးက သူ့ထက်အရင်ကျောလက်ထပ်လို့ရအောင် ကျိတ်စီစဉ်နေပြီဟု ပိုလို့ပင် ခိုင်ခိုင်မာမာ ယုံကြည်သွားပြီလေ။

စားပွဲပေါ်က သူ့ဟန်းဖုန်းလေးကို ကောက်ကိုင်လိုက်ပြီး မီးမီးကို "သွားတော့"ဟု နှင်လွှတ်လိုက်လျှင်တော့ အငယ်မဟာ အခန်းထဲကနေ ခုန်ပေါက် ခုန်ပေါက်လေးပင် ပြန်ပြေးထွက်လာခဲ့ပြီး မီးဖိုဘက် အမြန်ပြေးကာ ကျိတ်ရယ်ရသည်။ မပိုက်တော့ အံပိုအလုပ်တွေရှုပ်ပြီး ဗျာများတော့မည်။ ကိုကိုကြီးထက်အရင်ကျောနိုင်အောင် သူ့လူနဲ့ပဲဖြစ်ဖြစ်၊ ဒေါ်လေးနဲ့ပဲဖြစ်ဖြစ် တရစပ်တိုင်ပင်ကာ အကြံတွေထုတ်ရတော့မှာပေါ့။

အရင်ကတော့ အဲဒီဟန်းဖုန်းကိုမြင်တိုင်း မပိုက်ကို ကျိတ်မျက်စောင်းထိုးကာ မျက်မုန်းကျိုးရတဲ့ အငယ်မဟာ ခုတော့ အူယားနေချိန်မို့ ခါတိုင်းလိုတောင် မနာလိုဖြစ်ဖို့ အချိန်မရှိပါ။ "စီးပွားရေးလုပ်မယ်၊ ဆိုင်ဖွင့်ပေး"ဆိုပြီး မိဘအမွေအနှစ်တွေကို ရောင်းချစရိတ်ရှာပေးရတဲ့ အစ်ကိုကြီးဖြစ်သူကို ဘာမှမတိုင်မပင် ခွင့်မတောင်းဘဲ ရလာတဲ့ပိုက်ဆံတွေထဲကနေ အရင်ဆုံးဝယ်ကိုင်ပစ်လိုက်တဲ့ ဟန်းဖုန်းလေ။ ကိုကိုကြီးခမျာ အင်မတန် စိတ်ပျက်ပုံရပေမယ့် သက်ပြင်းတစ်လုံးနဲ့ပဲ ဘာမှမပြောသာတော့တဲ့ ဟန်းဖုန်း။





ကောင်းတယ်။ ခုတော့ အဲဒီဖုန်းနဲ့ပဲ ပိုက်ဆံတွေကုန်ပြီး ဗျာများရတော့မယ်။

မီးမီး ထင်တဲ့အတိုင်းပင် အလတ်မဟာ ကိုတိုက်ရဲ့ကိစ္စကို အဒေါ်ဖြစ်သူထံ ဖုန်းဆက်တိုင်ပင်လိုက်ခြင်း ဖြစ်ပါသည်။ ဝေဠုနှင့်ကတော့ စိတ်ကောက်ထားကြပြီး ဆိုင်ကိုတောင် မသွားဘဲ ပစ်ထားချိန်မို့ "နင့်အစ်မလုပ်ပုံက ကောင်းရဲ့လား"ဆိုတာကို အပြစ်ပြောချင်တာတောင် ဖုန်းစဆက်ရသူဖြစ်မှာစိုးလို့ မဆက်ချင်၊ မဆက်ရဲ။ ပုလင်းတူဘူးဆို့ဖြစ်လိုက်၊ ရန်ဘက်ဖြစ်လိုက်နဲ့ တည့်တယ်လည်း သိပ်မရှိလှတဲ့ အဒေါ်ဖြစ်သူထံသာ ဖုန်းလှည့်လိုက်သည်။

အဲဒီအဒေါ်ကလည်းပဲ တူမလုပ်သူကို "သူ့လိုအပျိုကြီး မလုပ်ရကောင်းလား"ဟု အမြဲစိတ်လုပ်နေချိန်မို့ သိပ်အဘက်မလုပ်ချင်ပေမယ့် အရေးကြုံတော့လည်း လူတကာနဲ့ မတည့်လှတဲ့ ပိုက်ပိုက်မှာ အဲဒီကလေးဆန်ပြီး စိတ်ကမမှန် ယူကြီးမဆန်သော အဒေါ်တစ်ယောက်ပဲ စိတ်တူကိုယ်တူ တိုင်ပင်လို့ရမယ့်သူရှိသည်။

"ဒေါ်လေး ... ဟိုတယ်ကြီးတွေမှာ ပွဲတစ်ခုလုပ်ဖို့ အခမ်းအနားကိစ္စ၊ ကုန်ကျစရိတ်၊ အဆိုတော်ကိစ္စတွေ လိုက်စုံစမ်းနေတယ်ဆိုရင် အဲဒါ ဘာဖြစ်နိုင်လဲ"

"ကြည့်စမ်း မိပိုက်၊ နင် ငါဒီလောက်ပြောနေတဲ့ကြားတည်းက နင်က ဘယ်လောက်မှ မကြာသေးတဲ့ ခုနစ်ရက်နဲ့

တစ်ပိုင်းအချိန်လောက်နဲ့တင် ဒီ ဃရာဝါသထဲ ခုန်ဆင်းပစ်တော့မယ်ပေါ့လေ"

"ပိုက် မဟုတ်ပါဘူး၊ ကိုတိုက်ပါ"

"ဩော် ... ဒါလား၊ ဒါဆို သူလည်း အဲဒီကိစ္စပဲပေါ့၊ ဘာရှိမှာလဲ"

"သူက ရုံးကိစ္စလို့ ပြောနေတယ်"

"အစိပ္ပာယ်မရှိပါဘူး"

"အေးလေ ... နော်"

တကယ်ဆိုတော့ ဒေါ်လေးသာ လူကြီးဆန်သူဖြစ်ခဲ့ရင် "တိုက်တိုင်းက သူ့မှာကိစ္စတစ်ခုခု ထူးထူးခြားခြားရှိပြီဆိုရင် ငါ့မပြောတောင် သူ့ကြီးတော်ကိုတော့ အရင်ဦးဆုံး လာဖွင့်ပြောတိုင်ပင်မှာပေါ့ ပိုက်ပိုက်ရယ်။ ဒီလောက်ကိစ္စကြီးကို အမျိုးထဲမှာ အရင်းဆုံး အကြီးဆုံးဖြစ်တဲ့ မမကိုတော့ အရင်ဦးဆုံး အသိမပေးဘဲ နေပါ့မလား"ဆိုတာမျိုး ပြန်ပြောရမှာပင်။ သို့သော် မပြောပါ။ ဒေါ်လေးက ပိုက်ပိုက်လောက်နဲ့ပဲ သူ့မသာကိုယ်မသာ အသိဉာဏ်နဲ့ စိတ်ဓာတ်ရှိတဲ့လူ။

"ဒေါ်လေး ပြောလို့လေ၊ နမလည်မောင်လည်ဆိုရင် နောက်အတွဲက ဒုက္ခရောက်ပါမယ်ဆိုလို့ ပိုက်တို့ အရင်လုပ်မယ်ဆိုတာ အတိအလင်းကို အရေးဆိုထားပြီးသား။ အဲဒီတုန်းကတော့ ကောင်းပြီကောင်းရဲ့နဲ့ ခုမှ ခိုးကြောင်ခိုးဝှက်မလိုမ့်တပတ်နဲ့ ထကျောချင်တာ ကောင်းသလား ဒေါ်လေး





ရဲ့။ ကိုတိုက်က ပိုက်ကို မပြောနဲ့ အငယ်မကိုတောင် လှို့ဝှက်ထားချင်သေးတာ ထင်တယ်။ သူ့အစီအစဉ်တွေ ကျိတ်လုပ်နေတုန်း အငယ်မ အနားသွားတော့ ကြော်ငြာစာရွက်တွေ ကောက်သိမ်း၊ ကွန်ပျူတာတွေပိတ်ပစ် လုပ်တာ"

"ရှင်းရှင်းမပြောဘဲနဲ့ ခိုးပြီး ကျောလုပ်ဖို့ ကြံတာတော့ အစ်ကိုမပီသတာပေါ့ဟဲ့"

"အဲဒါကို ပြောတာလေ၊ အဲဒီတော့ ပိုက် ဘာလုပ်ရမလဲ"

"ဘာလုပ်ရမှာလဲ၊ သူတို့ကိစ္စကို မလုပ်ဖြစ်အောင် ရရင်ရတဲ့နည်းနဲ့ တားဆီးထားဖို့ ကြံပေါ့ဟဲ့"

"အဲဒါ ဘယ်လိုလုပ်ရမလဲလို့ ဒေါ်လေးကို မေးနေတာ"

"အဲဒီဘက်မှာ လူကြီးတွေ ဘာတွေ ဘယ်သူရှိလဲ။ အဲဒီလူကြီးတစ်ယောက်ယောက်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုခုလုပ်လိုက်နိုင်ရင်တော့ အဲဒီကိစ္စမျိုးက ခဏတော့ တန့်သွားမှာပေါ့"

"ဟင် ... ! ဒါဖြင့် ပိုက်အလှည့်ကျတော့ရော အဲဒီလူကြီးက စိတ်အနှောင့်အယှက် ဆက်ဖြစ်မနေပေဘူးလား။ ကိုတိုက်တို့ မလုပ်ဖြစ်ရုံနဲ့ ပြီးသွားတာ မဟုတ်ဘူးလေ။ ပိုက်တို့ ဆက်လုပ်ဖြစ်ကြဖို့ကလည်း ရှိသေးတယ်လေ"

"နင်ကလည်း တစ်မျိုး။ သိပ်ဖြစ်ချင်နေတယ် ဟုတ်လား။ တော်တော်(−)တဲ့မိန်းမ။ အဲဒီလောက်(−)နေမှာတော့ ကိုယ့်

လူ ကိုယ်ပိုင်အောင်လုပ်လေ၊ နင့်လူ နင်ပိုင်ရင် သူတို့လူကြီး ဘာဖြစ်ဖြစ်၊ နင့်လူကမှ ဂရုမစိုက်ရင် နင်လည်းဘာဂရုစိုက်နေစရာလိုသလဲ။ ကိုယ့်လူမှ ကိုယ်မပိုင်ရင်တော့ ငါလည်း ဘာမှလာပြောမနေနဲ့တော့၊ အကြံပေးရတာ ဦးနှောက်ပွန်းတယ်၊ လေကုန်တယ်"

ပိုက်ပိုက်က ဒေါ်လေးကို အသံတိတ် ကျိတ်ရေရွတ်ကျိန်ဆဲလိုက်ပါသည်။ ဝေဠုမှာလည်း အတူနေ အဒေါ်တစ်ယောက်ပဲ လူကြီးရှိတာ။ အဲဒီအဒေါ်လောက်ကတော့ ဝေဠုက ချေးနိုင်အီးနိုင် အနိုင်ယူနေကျမို့ ကိုယ့်လူကိုယ်မပိုင်တဲ့ ကိစ္စဆိုတာမျိုးတော့ ဖြစ်လာနိုင်စရာ မရှိဘူးပေါ့။ ဒါပေမဲ့ ကိုတိုက်တို့ကိစ္စမှာရော အဲဒီအဒေါ်က အရေးပါပါ့မလား။ ဒါဆိုရင် ဒေါ်လေးပြောသလို သူ စိတ်အနှောင့်အယှက်ရှိရုံနဲ့ အစီအစဉ်ကြီးတစ်ခုလုံး နောက်ဆုတ်သွားနိုင်လောက်အောင် အဆင်ပြေပြေမှ ဖြစ်လာပါ့မလား။

"သူတို့မှာက အတူနေတဲ့ အဒေါ်တစ်ယောက်ပဲ လူကြီးရှိတာ"

"အဒေါ် ... ! ဘယ်သူတဲ့လဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ"

"ဒေါ်ဝါဝါတဲ့ ... ဒေါ်လေးလိုပဲ အပျိုကြီးလေ၊ ယုဇနပလာဇာထဲမှာ ဆိုင်ရှိတယ်တဲ့"

"ဘာရယ် ... ဘာရယ်။ သတ္တုဗေဒနဲ့ ကျောင်းပြီးထားတဲ့ ဝါဝါလား၊ နဖူးမှာ မှဲ့သီးလေးနဲ့လေ။ ပိန်ပိန်ပါးပါး အသားဖြူဖြူ"





"သတ္တုဗေဒနဲ့ ပြီးမပြီးကတော့ မသိဘူး။ ကျန်တာတွေတော့ ဟုတ်တယ်"

"ဪ"

"ဘာလဲ ... အသံကြီးက။ ကျောင်းတော်က ရန်စမှဟုတ်ရဲ့လား"

"လက်စသတ်တော့ သူများရည်းစားကို လုသွားတဲ့မိန်းမကလည်း ခုထက်ထိ အပျိုကြီးပဲ ရှိနေသေးတာကိုး"

"ဘယ်သူ့ရည်းစားလဲ၊ ဒေါ်လေးရည်းစားလား၊ ဒေါ်လေးပဲပြောတော့ ဃရာဝါသကို စိတ်ကိုမဝင်စားလို့ အပျိုကြီးပဲလုပ်တာဆို၊ အပျိုကြီးဖြစ်တာ မဟုတ်ဘူးဆို။ ခုတော့ ကျန်ရစ်ကြီးဆိုရင့် လုပ်တာမဟုတ်ဘဲ ဖြစ်သွားတာပေါ့"

"(-)ကောင်မလေး။ လူကို အကူအညီတွေလည်း လာတောင်းသေးပြီး ဆရာတင်နေသေးတယ်။ အခွင့်သာရင်လည် နက်လိုက်ချင်သေးတယ်။ နင့်အတွက် ပိုင်းစဉ်းစားပေးရတာ ဘာအကျိုးမှ မရှိတဲ့ပြင် မကောင်းဘဲအပြောခံရတယ်၊ ဦးနှောက်နာလိုက်တာ"

"ဒါပေမဲ့ ဒေါ်ဝါဝါ့တူမ ဖြစ်နေတာတစ်ခုနဲ့တင် ဒေါ်လေး ပိုက်ကို ကူတော့မယ် မဟုတ်လား ... ဟဲငဲ့ငဲ့ငဲ့ ..."

"ကောင်မလေးနာမည်ကကော ဘာတဲ့"

"တစ်ခါပြောထားပြီးသားလည်း မှတ်မထားဘူး၊ ဝတ်ဆံတဲ့ ... ဝတ်ဆံ"

"ဘယ်လိုလုပ် မှတ်မိနိုင်ပါ့မလဲဟဲ့၊ ဝတ်မှုန်ဖြင့် ဝတ်မှုန်၊ ဝတ်ရည်ဖြင့် ဝတ်ရည်။ လူတ ဘမှည့်လေ့ရှိတာမျိုးတွေ မှည့်ထားတာမှ မပ က်ဘဲ။ ကပ်သီးကပ်သတ်တော်။ ဝတ်ဆံရယ်လို့ပဲ။ ငါ အတပ်ပြောလိုက်မယ်ဟေ့၊ နာမည်က အဲဒီလောက် ကတ်သီးကတ်သတ် ဖြစ်နေရင် လူကလည်း ကတ်ဖိုးကတ်ဖဲ့ထဲက နေမှာပဲ"

"မသိဘူး ဒါတော့။ ဒါပေမဲ့နော် ဒေါ်လေး၊ ပိုက်သေချာပြောတယ်။ ပိုက်တို့အတွဲက ပထမပဲ ဖြစ်ရမယ်။ ဘယ်နည်းနဲ့မှ ဒုတိယမဖြစ်ချင်ဘူး။ အဲဒါ ဒေါ်လေးတာဝန်ပဲ၊ ဒေါ်လေးပဲ ကြည့်လုပ်ပေး"

"လူကို လိုတရ ဆေးကြိမ်လုံးကိုင်ထားတဲ့ မော်ဆရာမကြီးများ ထင်နေလားဟဲ့"

ဘာပဲဖြစ်ဖြစ် ဒေါ်လေးရဲ့လေသံဟာ နှစ်ထောင်းအားရသံ ပေါက်နေတယ်ဆိုတာ ပိုက်ပိုက်က ရိပ်မိနိုင်ပြီး ဖြစ်ပါသည်။ ဒေါ်လေး တစ်ခုခုတော့ လုပ်ကိုလုပ်ပေးလိမ့်မယ်။

♥ ✉ ♥

"အန်တီလေး ပြောချင်တာကတော့ သမီးတို့ ခပ်မြန်မြန်သာ ယူလိုက်ကြတော့ဖို့ပဲ ဝတ်"

"အာ ... အန်တီလေးကလည်း"





ယူဖို့အတွက်က အဖြေတောင်မှ မပေးရသေးတာ အန်တီလေးမသိ။ ဘယ်သူမှလဲ မသိ။ သူတို့အထင်တွေနဲ့ ရမ်းသမ်းမှန်းပြီးတော့ အလုအယက်တွေ ဖြစ်နေကြတာ ရယ်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်း အင်မတန်ကောင်းလှပါသည်။

ဒေါ်ဝါဝါမှာ ရှုံ့တွနေတဲ့ တူမဖြစ်သူကိုကြည့်ပြီး ပြဿနာရဲ့အဖြေကို ဘယ်လိုရှာထုတ်ရမလဲဆိုတာ စဉ်းစားမရ ဖြစ်နေပါသည်။ ဒီတူမချောတစ်ယောက်ကို "အပျိုကြီးပဲ လုပ်ပါသမီးရယ်၊ အိမ်ထောင်ရေးဆိုတာ နက်ရှိုင်းကျယ်ပြန့်သလောက် ကလိမ်ကကျစ် ကွေ့တိကွေ့ကောက်လည်း နိုင်လွန်းလှပါတယ်။ အဆုံးသတ်မတော့ စိတ်မာတ်ပျော့ညံ့တဲ့သူသာ ခံစားရစမြဲပါပဲ။ ဝတ်နဲ့တော့ ဖြစ်မယ်ကို မထင်ပါဘူး"လို့ အကြိမ်ကြိမ် နားချခဲ့ဖူးတာလည်း ကိုယ်ပဲဖြစ်နေခဲ့တာကိုး။

အခုဟာကတော့ တစ်ဖက်က ကောင်ကလေးကိုလည်း စိတ်တိုင်းကျ ကျေနပ်စွာ လိုလိုလားလား ရှိမိတာအပြင် ဘယ်တစ်ထောင့်တစ်နေရာကနေ တစ္ဆေခြောက်သလို "ဘွား"ခနဲပေါ်လာမှန်းမသိတဲ့ ဟိုမိန်းမတစ်ယောက်ကိုလည်း မကျေနပ်လွန်းလို့ပါ။

"ဘယ်သူလဲ မှတ်ပါတယ်၊ သူများရည်းစား လုပြေးပြီး ကိုယ်လည်း ရအောင်မယူနိုင်တဲ့ မိန်းမမျိုးရဲ့တူမမှ လာဖြစ်နေတာကိုး၊ နင့်တူမကို နင့်အကျင့်စရိုက်မျိုးတွေ ဘယ်လောက်များ ရိုက်သွင်းထားသလဲ ဒေါ်အဌာရေ။ ငါ့တူက

ငါပြောရင် တစ်ချက်ပဲ။ နင့်လို အခေါ်တူ တူမဆိုရင်တော့ ငါ့တူ သန့်သန့်စင်စင် မွန်မွန်မြတ်မြတ် အမျိုးကောင်းသားကလေးနဲ့ တူတယ်တန်တယ် မမှတ်ဘူးဟေ့၊ မပေးစားနိုင်ဘူး"

ပြောပုံလေ။ ယုဇနပလာဇာက ဝါဝါ့ဆိုင်ခန်းကို တမင်သက်သက် အရောက်လှမ်းလာပြီးတော့ကို ပြောထွက်တာမျိုးပါ။

ကျောင်းတုန်းကတည်းက မကြည်လင်တာလေးတွေ၊ အထင်မှားစရာလေးတွေ၊ ပေါင်းမကောင်းတာလေးတွေ ရှိနေပေမယ့် ငယ်ငယ်က သိကျွမ်းဖူးသူဆိုတဲ့ တစ်ချက်နဲ့ ဝါဝါ့မှာတော့ (သူ့ရဲ့လာရင်းရည်ရွယ်ချက်ကိုလည်း မသိရသေးလေတော့) Ice coffee တို့ puff တို့နဲ့ကြီးများတောင် ညှိခံမိတာပေါ့။ မိန်းမကျေးတာတွေကို ပါးဖြန်းအားဖြံ စားနေစဉ်မှာကို ဒါမျိုးတွေကိုပြောထွက်တာ။

"သူများရည်းစား လုပြေးပြီး ကိုယ်လည်းရအောင် မယူနိုင်ဘူး"တဲ့။ လူကြားရင် အဟုတ်ထင်ပြီး ရှက်စရာကြီး။ ဝါဝါတို့က အိမ်ထောင့်ကိုမပြုချင်လွန်းလို့ အမေတို့ အစ်မတို့တွေက ကောင်းနိုးရာရာတွေနဲ့ ဖွတ်စိစဉ်ကြတာကိုတောင် ငိုယိုပြီး "အိမ်ကထွက်ပြေးပစ်မယ်"ဘာညာ ခြိမ်းခြောက်ပြီးတော့ကို ငြင်းဆန်ပစ်ခဲ့တဲ့သူပါ။ အဲဒီလိုလူကလား သူ့ရည်းစားဆိုတာကြီးကို လုယူရမှာ။





လုရအောင်လို့ အဲဒါကြီးကလည်း ကောင်းရှာတာကိုး။ ရုပ်ကလည်းနှာ၊ ပညာကလည်းချာ၊ ဂုဏ်ပကာသန အသိုင်းအဝိုင်းကလည်း ဇလာဆိုတာကြီးကိုပဲ ဝါဝါတို့က လုပြေးရဦးမယ်လို့။ သဘောကောင်းပြီး ခင်မင်ချင်စဖွယ်ရှိလို့ စိတ်ရှင်းရှင်းနဲ့ ရိုးရိုးသားသား ပေါင်းနေမိတာကိုပဲ မခွဲနိုင်မခွာရက် တကောက်ကောက် တကပ်ကပ်ကြီးတွေ ဖြစ်လာလို့ မနည်းကြီး ကိုယ်လွတ်ရုန်း၊ နည်းကုန်သုံးပြီး ပြန်ခွာပြေးယူခဲ့ရတာပါ။

သူ့မတော့ အဲဒါကြီးလောက်ကိုပဲ အကောင်းဆုံးထင်ကာ မိုးတစ်လုံး မြေတစ်လုံး ရည်မှန်းချက်တွေ ကြီးနေခဲ့သူဆိုတော့ ဟိုက သူတော့စိတ်မဝင်စားဘဲ ဝါဝါမှ ဝါဝါဆိုတဲ့အခါ "သူများရည်းစားလုသလေး၊ မရအရ ဒဿကချိုင်သလေး"နဲ့ အဲဒီတည်းက သူမို့ မရှက်မကြောက် ဟိုက "ဘာမှမဆိုင်ပါဘူး"ဟု အကြိမ်ကြိမ် လာဖြေရှင်းပြနေရတာနဲ့ သူ့ရည်းစားချည်းပဲ တတွင်တွင် ကြွေးကြော်နေခဲ့တာမျိုးပါ။ ခုထိလည်း အဲဒီကြွေးကြော်သံက မလျှော့နိုင်သေး။ ဟိုလူကြီးပင် လူပျိုဖားဖား သားကြီးနှစ်ယောက်ရဲ့အဖေ ဖြစ်နေပြီ။

"ဒီမှာ ငါ့တူက ယောကျ်ားလေးဆိုတော့ ဘယ်မိန်းမမျိုးကို ခေါင်းခေါက်ယူယူဆိုတာ နင်လည်း သဘောပေါက်မှာပါ"

ပေါ်တင်ကြီး ရိုင်းလာရင်တော့ ဝါဝါကလည်း ကျောက်ရုပ်တော့ မဟုတ်ဘူးလေ။ လူကြီးမိဘက သင်ကြားထားလို့ ကိုယ်က စမရိုင်းမိအောင်သာ နေရင်နေမည်။ ရန်စရိုင်းပျလာတာ

ကိုတော့ ငြိမ်ခံနေလို့ ဘယ်ဖြစ်ပါ့မလဲ။ လောကမှာ ကိုယ့်အပေါ် နိုင့်ထက်စီးနင်း ရှိသော်လည်း ဝါဝါ တစ်ယောက် အောက်ကျို့ သည်းခံစွာ မေတ္တာမပျက်နိုင်တာဆိုလို့ ဝေဠုတစ်ယောက်ပဲ ရှိတာကို။

"နင့်တင်တူ ရှိတာလား။ အဲဒီကလေးတွေက တစ်ဖက်သတ်တည်း ပြောနေလို့ရတဲ့ အခြေအနေလား။ စကားပြောရင် ရှေ့နောက်ဆင်ခြင်ပြီးမှ ပြောလေ၊ ငါတို့လည်းယောကျ်ားလေးရှင်ပါပဲ။ ငါ့မလည်း တူရှိတာပဲ"

"ဟား ဟား ... စုံစမ်းလိုက်ဦးလေ။ ငါ့တူက လူအေး။ အခေါ်ပြောရင် တစ်ခွန်း။ နင့်တူကတော့ ငါ့တူမမှ ငါ့တူမ ငမ်းငမ်းတက်။ ပြီးကျတော့ နင် ဘာပြောပြောမရတဲ့ အပြင် နင့်ကိုတောင်မှ ပြန်နိုင်နေလိုက်သေးတဲ့ နှစ်ဆောင်ပြိုင်၊ ကဲ ...။ နင် ဘာပြောဦးမလဲ"

"ကိုယ့်ကိစ္စလည်း မဟုတ်ဘဲနဲ့ ငါက စကားကုန်ကြီးလုံးဝမပြောချင်ဘူး။ အချိန်က စကားပြောပါလိမ့်မယ်။ စောင့်ကြည့်ကြရုံပဲ။ တစ်ခုပဲ မှာချင်တာက အရင်ဘဝကလည်း နင် ဒီလိုပဲ သူများတကာကိစ္စတွေကြားထဲ လိုက်ရှုပ်ဖျက်ဆီးခဲ့လို့ ဒီဘဝမှာ လိုတာမရ ဖြစ်ခဲ့ရပြီးပြီ။ မမှတ်သေးဘူးလား။ မကြောက်ဘူးလား။ တော်ကြာနောင်ဘဝပါဆက်ပြီး မဖြစ်ချင်တဲ့ ဒီဘဝ ဒီအဖြစ်ကြီးပဲဆက်ဖြစ်နေပါဦးမယ်"





"(-)ကောင်မ။ နင်က ငါ့ကို ဒီလိုပြောရအောင် နင်ကကော ဘာမို့လဲဟဲ့"

"ဒါကတော့ ကိုယ့်လိပ်ပြာ ကိုယ်အသိဆုံးပဲလေဟယ်၊ ငါက ဒီဘဝကိုပဲ ခံမင်တွယ်တာလွန်းလို့ကို ရွေးချယ်ခဲ့တာ"

"အေး ... ကြည့်ထား။ နင့်တူမလည်း နင့်လမ်းပဲလိုက်ကို လိုက်စေရမယ်၊ ငါ လုပ်ပြမယ်"

ဒေါ်ဝါဝါတို့နှစ်ယောက်သားဟာ ကြီးကောင်ကြီးမားလေးဆယ်ကျော် ငါးဆယ်နီးအရွယ်ကြီးတွေကျမှ ထမသတ်ရုံ တစ်မယ်ကို အော်ကြီးဟစ်ကျယ်တွေ ဖြစ်ခဲ့ရတာပါ။ ကိုယ်ကတော့ ကိုယ့်ဆိုင်ပရဝုဏ်လည်း ဖြစ်နေတော့ (နဂိုကလည်း အဘွားကပွဲပြင်ဆုံးမထားတာရှိတော့) ခပ်တိုးတိုးပေါ့။ ဒါပေမဲ့ သာသာနဲ့နာနာ။ သူကတော့ အသံကျယ်လည်း၊ လူကြည့်လည်း မရှက်ပါဘူးဆိုတဲ့ အစားထဲကမို့ ပတ်ဝန်းကျင်က အော်နေတဲ့လူကိုပဲ အနိုင်ရတယ်ထင်ပြီး လေးစားအားကျ ချီးကျူးကြမယ်လို့ ယူဆနေတဲ့ပုံပင်။

အဲဒီမိန်းမ ထပြန်သွားတော့ ကိုယ့်တူမကလေး ဝတ်ဆံလည်း အတော်ကြီးနှစ်သက်မြတ်နိုးနေပုံရတဲ့ အဲဒီ တိုက်တိုင်းဆိုတဲ့ ကောင်ကလေးနဲ့ ဝတ်ဆံတို့ အမြန်အကြောင်းပါကြရေးတို့အရေး ... လို့တောင် ဝါဝါ့မှာ ဖြစ်လာသည်။

"ငါ့တူက ငါ့တစ်ခွန်းပဲ၊ လုံးဝမရစေရအောင် ငါလုပ်ပြမယ်ဆိုပဲ ဝတ်ဆံရေ။ အဲဒီမိန်းမက စိတ်ကောင်းကို မရှိလွန်းလို့ အမျိုးချင်း ဟိုဘက်ဒီဘက် တော်စပ်နေရမှာတော့ ရင်လေးစရာကြီး။ ဒါပေမဲ့ ဟိုတစ်တွဲကလည်း ရှိနေသေးတော့ မတော်မဖြစ် တော်ကိုတော်ရတော့မယ်ဆိုရင် ငါ့တူမကိုလည်း သူ့ကြောင့်တော့ ကြားလူဖျက်လို့ ပျက်တာမျိုး မဖြစ်စေချင်ဘူး။ အဲဒါကြောင့် ပြောနေတာ။ အချိန်ဆွဲမနေနဲ့တော့။ လူအေးတွေက တွေဝေတတ်တယ်။ ကိုယ်ကပဲ တွန်းတွန်းတိုက်တိုက်ကလေး ဆိုတာမျိုးကို ပညာသားပါပါကလေး လုပ်ဖို့လိုနေရင်လည်း လုပ်လိုက်တော့။ မြန်မြန်သာ စီစဉ်ပြီး ယူလိုက်ကြတော့"

အင်း ... ဘယ်လိုပြောရပါမလဲ။ အဖြေပြန်ပေးခွင့်ရဖို့ကိုတောင် မစွမ်းဆောင်နိုင်သေးတဲ့ မိန်းမတစ်ယောက်ကိုများ အန်တီလေးက အထင်တွေကြီးပြီး "စွမ်းဆောင်ရှင်"ကြီးများထင်နေသေးသည်။

"ဝေဠု ကောင်မလေးက ပြောနေတယ်၊ မောင်လည်းနှမလည်းဆိုရင် နောက်မှလက်ထပ်တဲ့အတွဲက ဒဏ်ပိပြီး မကောင်းတာမှန်သမျှ အကုန်ဖြစ်မှာတဲ့။ အဲဒါကြောင့်မို့ သူတို့အရင် အဆင်ပြေပြီးမှ အကြီးတွေက နောက်ကလိုက်ရမယ်တဲ့ အန်တီလေးရဲ့"





"ဟင် ! ကြည့်စမ်း။ အဲဒီလိုကို ပြောရဲတယ်။ အဲဒါဘာမှ မယုံမရှိနဲ့၊ ဟိုမိန်းမ သင်ပေးထားတာပဲ ဖြစ်မယ်။ အဲဒီ 'ဒေစီ'ဆိုတဲ့ မိန်းမဟာ ဘယ်သူနဲ့ ဘယ်သူနဲ့ အဆင်ပြေနေပါ့မလဲ၊ ငါဖျက်ဆီးလိုက်ချင်တယ်ဆိုတဲ့ စိတ်ရိုင်းတွေ ထ,ထလာတတ်တဲ့ အရူးမမျိုးလေ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ အဲဒီ ပိုက်ပိုက်ဆိုတဲ့ တစ်ယောက်ဟာလည်း သူ့အဒေါ်ဆီက အရူးပိုးတွေ ကူးစက်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဘယ်လောက်အထိတောင် ပေါ်တင်ပြောသလဲဆိုရင် 'နောက်အတွဲက ဒုက္ခရောက်တယ်ဆိုတာ ရှေ့အတွဲရဲ့ လုပ်ပုံကိုင်ပုံတွေ မဟုတ်လို့ အဆင်ပြေအောင် ညှိမရတော့တာ၊ နားလည်မှုတွေ လွဲကုန်ပြီး ကွဲကြပြတ်ကြရတာမျိုးကို ပြောနေတာလည်း ဖြစ်နိုင်တာပဲ'လို့ ဝတ်က ပြန်ပြောပစ်လိုက်တော့ ...

အဲဒါ ဆိုရင် သူ့အစ်ကိုက ယောက်ျားတဲ့၊ ဒီတစ်ယောက်နဲ့ပြတ်ရင် နောက်တစ်ယောက် ထပ်ရှာလို့ ရသေးတယ်တဲ့၊ သူ ကတော့ မိန်းမသားမို့ အစ်ကိုကတော့ ညီမကို ဘယ်လိုနည်းနဲ့မဆို ဦးစားပေးရမှာပဲတဲ့ ... ကဲ"

"အေးလေ ... ဒါတော့လည်း သူပြောတာလည်း အဟုတ်သားပဲ ဝတ်ရဲ့၊ သူ့လို ရုပ်ဆိုး၊ သဘောပုပ်၊ စိတ်ထားမဖြူစင်ဘဲ၊ အိမ်ထောင်မှုထိန်းသိမ်းမှုတာလည်း ညံ့ဖျင်းဦးမယ့် ဖဏ်တီးမကို အိမ်ကတစ်ယောက်တောင်မှ ရှုးလို့

သွားကြိုက်ထားတာကိုး။ သူ့မှာ နောက်တစ်ယောက် ဘယ်လိုလုပ် ထပ်ရနိုင်တော့မလဲ"

"အန်တီလေးတောင် သူ့အခေါ်နဲ့ တစ်ရက်ပဲ ရင်ဆိုင်ရသေး၊ ဒါမျိုးတွေ ပြောတတ်လာပြီ။ အသွားသာရှိသေးရင် ဗိုက်ခေါက်လိမ်ဆွဲတော့ ခံရတော့မှာပဲ"

"နောင်လည်း တစ်သက်လုံး ဒီလိုပဲ စကားပြိုင်သွားကြရတော့မှာ သေချာနေမှတော့ အမေလည်း မရှိတော့တာပဲ ကောင်းပါတယ်။ ဒါပဲနော် ဝတ်၊ အန်တီလေး ရှုံးနိမ့်ပြီး ခေါင်းမဖော်နိုင်အောင်တော့ သမီးက မလုပ်ဘူး၊ မညံ့ဘူး မဟုတ်လား"

အာ ... ညံ့တယ် ... ညံ့တယ်။ ဘယ်လိုပြောရမလဲ ညံ့ကိုညံ့တာ။ ဒုက္ခပါပဲ။

"အန်တီရေလး"

"ဘာတုန်း ဝတ်ရယ်။ သမီးတစ်သက်လုံး အန်တီလေးပဲ ပုံပြင်ဆုံးမလာတာပါ။ ဣန္ဒြေပျက်စေမယ့် ကလက်ရမယ့် ရှက်ရမယ့် အလုပ်မျိုးတွေကို လုပ်နိုင်းနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မိန်းမသားတစ်ယောက်မှာ ကိုယ့်ဣန္ဒြေ သိက္ခာကို တစ်စက်မှ အစွန်းမခံဘဲ ကိုယ့်စကားအောင်၊ အောင် လုပ်နိုင်တဲ့နည်းလမ်းတွေ တစ်ပုံကြီးရယ်လေ သမီးရဲ့။ ဒုက္ခပဲ ... ညည်းကို ကျုပ်က ဒါတွေပါ လက်ထပ်သင်နေရဦးမှာလား"





"မဟုတ်ဘူး အန်တီလေးရဲ့၊ ဝတ် ... ဝတ်တို့ကလေ ..."

ရှိရှိသမျှ လူတကာအထင်မှားနေကြတဲ့ ကိစ္စကြီးကို ဝတ်က အန်တီလေးအပေါ်မှာတော့ ခပ်တည်တည်ကြီး မိန်းပြီး က်ဆည်မနေချင်တော့ပါဘူး။

"ဝတ်တို့က သမီးရည်းစားစုံတွဲ ချစ်သူတွေမှ မဟုတ်ကြတာ အန်တီလေးရဲ့၊ အန်တီလေး ပြောသလို လုပ်လို့မရဘူး"

"အလို ... ဘယ့်နှယ်"

"ဝတ်က သူ့ကို အဖြေမပေးရသေးဘူး"

"ဒါ ... ဒါဖြင့် သူကတော့ ဝတ်ကို ဖွင့်တော့ဖွင့်ပြောထားတယ်ပေါ့၊ ဖွင့်တောင်မပြောထားဘူးလား"

"ပြောတော့ ပြောတာပေါ့"

"ဒါဆို ဝတ်က ဘာလုပ်နေတာလဲ။ ကိုယ်လည်း သဘောကျနိုင်ရက်နဲ့ ဘာကိစ္စနဲ့ ဘာတွေကို နှောင့်နှေးနေတာလဲ။ ဝေဠုတို့လောက် ဂျက်လေယာဉ်စီးပြီး ကျော်တက်တာကိုလည်း ကြည့်မရပါဘူး။ ဒါပေမဲ့ အလကားနေရင်း အချိန်ဆွဲထားပြန်တော့လည်း မိန်းကလေးတစ်ယောက်က ပိုတန်ဖိုးတက်လာမယ် ထင်လို့လား။ ဒုက္ခပြန်ရောက်သွားနိုင်တာတွေတောင် ရှိတယ်"

"အဲဒီလို ဒုက္ခရောက်နေတာပဲပေါ့လို့"

ဝတ်ဆံမှာ မရှက်နိုင် မပြုံနိုင် အဒေါ်ဖြစ်သူကိုပဲ ငြူစူရန်လုပ်ကာ ဆောင့်ကြီး အောင့်ကြီးနှင့် ပြောပြလိုက်ပါတော့သည်။ အန်တီလေးခမျာ ဝတ်ဆံရဲ့စကားအဆုံး ဝတ်ဆံဒုက္ခ သူ့ဒုက္ခဖြစ်ကာ သူလည်းစဉ်းစားမရ၊ အကြံရကျပ်လျက် အိုက်လျက်။ ဒေါ်ဝါဝါ့ အမျိုးသက်တမ်းတစ်လျှောက် လူတကာကို ငြင်းပယ်လို့ချည်း ထုတ်ခဲ့သည်ဖြစ်ရာ အဖြေပြန်ပေးဖို့ရာအတွက် ဒုက္ခရောက်နေရတဲ့ အဖြစ်မျိုးကို ကြုံလည်းမကြုံဖူး။ စဉ်းတောင်မစဉ်းစားမိဖူး။ အဲဒါကြောင့်လည်းပဲ ဖျစ်ညှစ်ကာ ဝိုင်းကူစဉ်းစားပါသော်လည်း စိတ်ကူးကောင်းကောင်းနှင့် လုပ်နည်းလုပ်ကွက်ကလေးများက စိုးစဉ်းမျှ ထွက်ပေါ်မလာပေ။

"ဒုက္ခပဲ ... ငါတို့အကောင်ကကျတော့ ငမ်းငမ်းတက်တဲ့ဟာ။ ငမ်းငမ်းတက်တဲ့။ အမယ်လေးနော်"

အဲသလိုကြီး အငယ်အတွဲနဲ့ လိုက်ပြိုင်နေဖို့ရာကျတော့လည်း ရှက်စရာလိုလိုကြီး။ ဒါပေမဲ့ "ငမ်းငမ်းတက်"ဆိုတဲ့ စကားလုံးဟာ ပြောမကောင်း၊ ကြားမကောင်းသာရှိမှာ။ ကိုယ်ချစ်ရတဲ့သူက ကိုယ့်အပေါ်ထားနေတဲ့ ခံစားချက်ဆိုရင်တော့လည်း ဂုဏ်တက်ရမလိုလိုကြီးရယ်ပေါ့။ တကယ်ပဲ သူတို့ပြောတဲ့အတိုင်း (ငပျင်း)ဝေဠုကပါ ငမ်းငမ်းတက်ပဲ ဆိုရင်တော့ သူတို့ချင်းက နှစ်ဦးနှစ်ဖက်ညီပြီး အပြိုင်ဂုဏ်ရှိနေကြပြီ။ ဝတ်ဆံတို့မှာသာ ကိုယ့်ဘက်ကလည်း ထကြွေညာဖို့ရာ (တိတ်တခိုးဆိုရင်တောင်မှ) တော် တော်ဝန်လေးစရာ။ သူ့ဘက်ကတော့ အဝေးကြီးပဲ နေလိမ့်





မည်။ "မရှုံးချင်ဘူးနော်" ဆိုတဲ့ အန်တီလေးတော့ သူ့အသိ(စိတ်ပုပ်)အဒေါ်ကြီးကို ရှုံးရှာတော့မည် ထင်ပါရဲ့။

"ငါ့နယ်နော် ...။ ဒီလောက်အပြိုင် စိတ်ပုပ်၊ ရိုင်းစိုင်းနေကြတဲ့ ခွေးမျိုးတွေတဲ့မှာ နောက်ဆုံးပေါ်မှာမှ ပေါက်လာတဲ့ ခွေးကြာပန်းတော့ မှန်ပါရဲ့။ ဒါပေမဲ့ မပွင့်တော့မယ့် အင်္ ကြီးဆိုရင်တော့ ဘယ့်နှယ်လုပ်ရပါ့"

စိတ်ပျက်လက်ပျက်ကြီး ညည်းတွားလိုက်သော အန်တီလေးရဲ့စကားလုံးတွေဟာ ကိုယ့်ကိစ္စမဟုတ်ရင်တော့ တော် တော်ရယ်စရာကောင်းမယ့် အကွက်ကျကျ ထိထိမိမိများပင်။ ဖင် ရုံးက မစိုးကြီးကိုပင် ပြေးသတိရမိသေးတော့။

"မစိုး ကြိမ်စကြာ ရိုက်လိုက်လို့ထင်တယ်၊ အဲဒီ အလတ်မနဲ့ အိမ်ကဥူနဲ့ ကြိုက်သွားကြပြီ။ ဝတ် လက်ချက် လုံးဝ မပါဘူး၊ လုံးဝတိုက်ဆိုင်မှုသက်သက်"ဆိုတော့ သူ့ရင်ဘတ်ကြီးကို စုံဖိပစ်လိုက်ပြီး ..."ဘုရားရေ ကိုယ့်အစုတ်ထုပ်ကြီး ဝန်ပေါ့သွားတာလား။ နောက်တစ်ထုပ်ပါ ထပ်တိုးလာပြီး အင့်ခနဲ နင် ဇက် ကျိုးရတော့မှာလား"တဲ့။

မစိုးကလည်းပဲ မျက်လုံးပြူး မျက်ဆံပြူးနဲ့ "နင် အမြန်အဖြေပေးလိုက်တော့လေ အခြေအနေမကောင်းဘူး။ မြန်မြန်သာ ခေါင်းပြန်ညိတ်ထားလိုက်"တဲ့။ သေချင်သည်။

♥ ✉ ♥

## အခန်း(၄)

"အဒေါ်နှစ်ယောက်ကလေ အတော်လေးကြီးတဲ့ ပြဿနာတစ်ခုနဲ့ ကျောင်းတုန်းကတည်းက မတည့်ကြဘူးတဲ့ တိုက်တိုင်းရဲ့"

"ဟင်း ဟင်း ဟင်း ... ကျွန်တော်လည်း ကြားပြီးပြီ"

"အဲဒါ ကလေးတွေရဲ့ကိစ္စ အပေါ်မှာတော့ ဆိုးကျိုးတစ်ခုခု သက်ရောက်လာစေနိုင်တာမျိုး မရှိနိုင်ပါဘူးနော် ... ဟုတ်လား"

တကယ်မေးကြည့်ချင်တာကတော့ "ရှင့်အဒေါ်က ရှင့်ကို ဘယ်လိုပြောပြီး ဟန့်တားနှောင့်ယှက်ထားလိုက်ပြီလဲ။ ရှင်ကကော သူပြောရင် ပြောတဲ့အတိုင်း လက်ခံလိုက်တော့မှာလား"လို့ပင်။ ဒါပေမဲ့ အဲဒီလိုကြီး လုပ်လို့မှ မရနိုင်တာ။ သူတို့ချင်းလည်း ကနေ့နက်ဖြန် လည်ပင်းကိုယ်စီထညှစ်ပြီး ကိုယ့်ပယောဂတွေနဲ့ကိုယ် ကွဲချင်လည်းကွဲ ပြတ်သွားနိုင်တဲ့ ဟိုနှစ်ယောက်ကိုပဲ စိတ်ပူစိုးရိမ်သလိုလိုနဲ့ ပြောရတာပေါ့လေ။





"ဒေါ်လေးကတော့ ဟိုလိုဒီလို လျှောက်ပြောချင်လည်းပြောမှာပေါ့။ အဓိက,ကတော့ ကိုယ့်စိတ်ကိုယ့်သဘော ကိုယ့်ဆန္ဒကို ကိုယ်သေချာသိဖို့ပါပဲ၊ မဟုတ်ဘူးလား။ ပေါင်းကြရမှာကလည်း အဲဒီအဒေါ်တွေမှ မဟုတ်ဘဲ။ ပြတ်စဲသွားကြရင် ခံစားကြရမှာကလည်း သူတို့မဟုတ်ဘူးလေ၊ ကိုယ်ကသာ ကာယကံရှင်ဆိုတာ ကိုယ့်ဘာသာသိနေဖို့ အရေးကြီးတာပေါ့"

တိုက်တိုင်းကလည်း ကလေးတွေအကြောင်းကို ပြောသလိုလိုနဲ့ ဝက်ဆံကို ရည်ရွယ်ပြီးတော့ပဲ ပြန်ပြောလိုက်ပါသည်။

"သွှာ အောက်ကျခံမနေနဲ့ ကိုတိုက်ရေ။ သူ့မောင်ကသာ သူ့အဒေါ်အကြောင်းကို သိနေလို့ အဒေါ့်စကားတွေဆို ခေါင်းထဲမထည့်တာမျိုး ရှိချင်ရှိမယ်၊ အဲဒီတူမကတော့ အဒေါ့်လမ်းစဉ်မှ အဒေါ့်လမ်းစဉ်တဲ့။ သူ့အဒေါ်က သူ့တူမကို သူ့လိုပဲ အပျိုကြီး ဖြစ်ကိုဖြစ်စေရမယ်လို့ ငါ့ကို ရဲရဲကြီး စိန်ခေါ်လိုက်ပြီဆိုတော့ မင်းဘက်က အကြင်နာပိုပါတယ်ဆိုလေ သူတို့မှာ ဟားစရာသတ္တဝါကြီးတစ်ကောင်ရပြီး အူတက်မတတ် သဘောကျလေ ဖြစ်နေကြမှာ။ သူ့အဒေါ်လည်း အဲဒီအတိုင်းပဲဟာ။ ကြိုက်သလို ကစားပြီးမှ ထား,ထားခဲ့တာချည်းပဲ။ မင်း ခံလိုက်ရမှာစိုးလို့ ဒေါ်လေးက ပြောနေရတာ"

ဒေါ်လေးလို လူကတော့ သူနဲ့မတည့်တဲ့သူမှန်ရင် ငါးဆယ်ဖိုးကို တစ်ရာဖိုးလောက် ပိုပိုသာသာ အပြစ်ရှာမှာမဲ ဆိုတာကတော့ တိုက်တိုင်းက သိပါသည်။ ဒါပေမဲ့လည်း ဒေါ်လေးရဲ့စကားတွေဟာ လုံးဝဥဿုံ အမှားတွေချည်းပဲတော့လည်း ဟုတ်ချင်မှဟုတ်မှာ။ ဒေါ်လေးသည်လည်းပဲ အဖြေမရသေးဘူးဆိုတာကိုမှ သိမထားတာပဲ။

နို့မို့ဆိုရင် စိတ်သဘောထား နူးညံ့ကာ ချစ်ခင်နှစ်လိုချင်စဖွယ်ရုပ်ရည်နဲ့ အရည်အချင်းပညာလည်း ပြည့်စုံတဲ့ မိန်းမတစ်ယောက်ဟာ အသက်သုံးဆယ်နား နီးလာတဲ့အထိ ဘယ်သကောင့်သား တစ်ယောက်ယောက်ကမှ မချဉ်းကပ်၊ မတောင်းဆိုဖူးလို့ ခုထိ တစ်ကိုယ်တည်း လွတ်လပ်စွာ ကျန်ရှိနေတာမျိုးတော့ ဖြစ်နိုင်ပါ့မလား။

ဝတ်ဆံဟာ အိမ်ထောင်မှုကို ဝါသနာကို မပါသူများလား။ ဘယ်သူပဲ ချဉ်းကပ်လာလာ မထုံတက်တေးနဲ့ အင်းမလှုပ်အဲမလှုပ်ပုံစံနဲ့ပဲ တပ်လန်နောက်ဆုတ်ခိုင်းတတ်သူမျိုးလား။ ဖွတ်ဆန်ပစ်လိုက်ရင် လူကြီးလူကောင်းမဆန်၊ မပီသရာကျမှာစိုးလို့ အေးအေးဆေးဆေး အချိန်ယူ ခိုင်းထားသည်ကိုပဲ လုံးဝခေါင်းထဲတောင် မထည့်ကာ မေ့နေ၊ ဂရုမထားနေသူမျိုးလား။ သူ့အခေါ်ကလည်း သူ့တူမကို သူ့လိုအပျိုကြီးပဲ လုပ်ခိုင်းမှာတဲ့။ အင်း ... ကဲ ... မထူးဘူးကွာ။





"ဝတ်ဆံ ကျွန်တော့်ကို အဖြေတစ်ခုခု ပေးသင့်ပြီထင်တယ်"

"ရှင်"

ဒီလောက်လေး ပြောမိတာကိုပင် လူသတ်သမားနဲ့ ၇င်ဆိုင်လိုက်ရသလို ရုတ်တရက် ထိတ်လန့်တကြား၊ မျက်လုံး ၈ျက်ဆံပြူးထွက်သွားသည့် ဝတ်ဆံကိုကြည့်ကာ တိုက်တိုင်းမှာ ်တ်မောတ်ကျရပါသည်။

"ရှင် ... ရှင် ... အခု ဘာပြောလိုက်တယ်"

"ဟိုလေ ... ဝတ်ဆံ ကျွန်တော့်ကို ပြန်စဉ်းစားနေတာပဲ နှစ်ဝက်လောက်တော့ ရှိပြီဆိုတော့ ကောင်းကွက်ဆိုးကွက်တွေလည်း သိသင့်သလောက်တော့ သိပြီးနေလောက်ပြီ ဖြစ်မှာပါ။ ခေါင်းထဲမှာလည်း တိကျတဲ့ အဖြေတစ်ခုခုတော့ ရှိပြီးလောက်ပြီလို့ ထင်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် အခု သိခွင့်ရမလား"

ကဲ ... ဘာတတ်နိုင်သေးလဲ။ တခြားကောင်တွေ ဘိသာမထုံတက်တေး၊ မလှုပ်တလှုပ်ပုံစံနဲ့ ပုတ်ထုတ်ခဲ့လို့ ရချင်မယ်။ တိုက်တိုင်းကတော့ "စကားမစပ်"တွေ ဘာတွေလဲ လုပ်နေချင်ဘူးတော့။ လူကြီးလူကောင်း မပီသဘူးလို့ ထင်လည်း ဘာအရေးလဲ။ "ချစ်တယ်"ဆိုရင် သူဖြည်တွေးပေးလိမ့်မည်။ "ဟင့်အင်း"ဆိုလည်း အငြင်းတောင်ခံနေရမှာတော့ ဘာထင်ထင်ပေါ့၊ ဒင်ချင်ရာသာ ထင်ပေတော့။

ပေဟာတော့။ မြွတ်စွာဘုရား။ ဆိုင်းမဆင့် ဗုံမဆင့် ဒါ အဖြေတောင်းတာ။ သေချာပေါက် နောက်တစ်ကြိမ် ပွင့်ဟလာတာ။ သူ့အဒေါ်ရဲ့တိုက်စစ်ဟာ အနုတ်လက္ခဏာဘက်ကို မသွားဘဲ အပေါင်းဘက်ပဲ ရုတ်တရက် ပြေးကပ်သွားပါကလား။ ငါ ဘာလုပ်ရမလဲ။ ဘာလုပ်ရမှာလဲ။ ခေါင်းညိတ်လိုက်ရမလား။ ခေါင်းညိတ်လိုက်လေ။ ပါးစပ်နဲ့ ပြန်ပြောရမှာက ပိုခက်လိမ့်မယ် ထင်တယ်။ ခေါင်းသာ မြန်မြန်ပြန်ညိတ်လိုက်။ သူ ပြောလာပြီ။

နေပါဦး။ သူ ပြောသွားတဲ့ပုံက ခေါင်းညိတ်လိုက်တာလောက်နဲ့ ကိုက်ပါ့မလား။ အဓိပ္ပာယ်ပေါ်ပါ့မလား။ ဟင် ... ဇက်ကလည်း နာလာသလိုပဲ။ ဇက်ခိုင်နေသလိုကြီးတောင် ဖြစ်နေပြီ။ သူက ရုတ်တရက် ပြောချပစ်လိုက်တာဆိုတော့ အဲဒီစကားနဲ့ ပြန်ဖြေချိန်နဲ့ မိနစ်ဆိုင်းသွားရင် မကောင်းဘူးလေ။ "ဟို ... ဟို ... ခုနကဟာ"လို့ ပြန်ကောက်နေရရင်လည်း ရှက်စရာကြီး။ ခုပဲဖြေလိုက်။ ဇက်ခိုင်နေရင် "အင်း"တစ်လုံးပဲ မြန်မြန်ပြောထွက်လိုက်။

တကယ်ကြုံရတော့ တော်တော်ခက်ပါလား။ အဖြေ ထပ်မတောင်းပြန်တော့လည်း တောင်းမလာတဲ့သူကို စိတ်တိုတယ်။ ခုဟာကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ တအားဒေါသထွက်တယ်။ ဘာဖြစ်နေတာလဲဟဲ့။ သေမတတ် မြတ်နိုးတွယ်တာမိနေတာက ဘယ်သူလဲ။ နင်ပဲ စက္ကန့်နဲ့လိုက်ပြီး ထပ်မျှော်စောင့်နေတာလေ။ နင် ဘာတွေခက်ခဲ အားမရ ဖြစ်နေတာလဲ။





အို ... သူက ရုတ်တရက်ကြီးဆိုတော့ ခက်တာပေါ့။ ထမင်းတောင် တအားဆာနေတဲ့ အချိန်မှာ အားရပါးရ မြိုချလို့ ရသလား။ ရင်ဝတင် အလုံးကြီးဆို့ပြီး တစ်နေတတ်တဲ့ဥစ္စာ။ ဟာ ... ဒါပေမဲ့ ဒါက ထမင်းဆာနေတာမှ မဟုတ်တာ။ ထမင်းက ခုမမျိုလိုက်လည်း နောက်ဘယ်တော့မျိုမျို ရတယ်။ ဒါက ခုမှခု။ နည်းနည်းကြာသွားရင်တောင် မလွယ်တော့ဘူး။ ခုတောင် မိနစ်နဲ့ချီသွားပြီဆိုတော့ တော်တော်ခက်နေပြီ။

ချွေးတွေတောင် ပြန်လာပြီး တလှုပ်လှုပ် တရွရွ၊ ဂနာမငြိမ် ဖြစ်နေတဲ့ ဝတ်ဆံကိုကြည့်ကာ တိုက်တိုင်းရဲ့စိတ်ခာတ်တွေ မိနစ်နဲ့အမျှ ပို့ပိုကျလာရသည်။ သိပ်တော့ မကြုံဖူးဘူးပေါ့။ ဒါပေမဲ့ အပျိုကြီးပဲ လုပ်ချင်တဲ့ မိန်းမသားများရဲ့ တုံ့ပြန်မှုက ဒီလိုတွေပဲများလား။ သူများတကာတွေကို လုပ်ခဲ့သလို ချက်ချင်း ခေါင်းခါလွှတ်ပြီး နင်ပဲငဆ "ဘူး"တစ်လုံး ဆောင်လိုက်ဖို့ကကျတော့ တစ်ရုံးတည်းသားချင်း လုပ်ဖော်ကိုင်ဖက် လူခင်တွေဖြစ်နေတယ်လေ။ အငြင်းရခက်နေတဲ့ လှုပ်ရှားမှုတွေဆိုတာ မျက်နှာပျက်၊ ခြေမကိုင်မိ လက်မကိုင်မိဖြစ်၊ ဇောချွေးတွေပြန်၊ "ဟို"တွေ "ဒီ"တွေ အ,ထစ်။ အဲဒီလိုတွေချည်းပဲ ဖြစ်နေတတ်တာလား။

ဖွတ်တရွတ်၊ ရုတ်တရက် "ဖြတ်ခနဲ တောင်းဆိုပစ်လိုက်တဲ့နည်း ကလည်းပဲ တကယ်တမ်းကျတော့ သိပ်ကြီးမစွံပါလား။ ခေါင်းပြန်ညိတ်ဖို့ ဆန္ဒမရှိသူ၊ စိတ်သဘောကိုက ရိုးရိုး

ရှင်းရှင်းကြီး ဖြစ်နေသူမှန်ရင် ရုတ်တရက် အလစ်အငိုက်ပဲ ဖမ်းဖမ်း၊ အချိန်တွေ အကြာကြီးပဲ ပေးထား ဘား၊ သူ့ခေါင်းထဲမှာက "ဘူး"တစ်လုံးနဲ့ "အိမ်ထောင်မှုဆိုတာ ရှုံစရာကြီး"လို့ မြင်ထားရင် ဘာများထူးမှာမို့လို့လဲ။

"ဆောရီးပဲ"

"ဟင် ... ! ဘာ ... ဘာကိုလဲ"

"ကျွန်တော်က ဝတ်ဆံကို အားနာလို့ပါ"

"ဟုတ် ... ဟုတ်တယ်၊ ကျွန်မလည်း အားနာလိုက်တာ"

"ကျွန်တော့်တော့ အားမနာပါနဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

"ဟင် ! ... ဘာကို သဘောပေါက်သွားတာလဲ။ ဘာမှလဲ မပြောရသေးဘဲနဲ့"

"မပြောချင်ဘူး ဆိုတာကို နားလည်ပေးနိုင်တာပါ"

"မပြောချင်ဘူး မဟုတ်ပါဘူး။ ပြောချင်ပါတယ်။ မပြောချင်ဘူးလို့ ဘယ်သူပြောသလဲ။ နားလည်မှု လွဲနေပြီထင်တယ်။ ပြောလို့ရပါတယ်"

ကျွတ် ...။ တစ်ကွေ့တစ်ဝိုက်၊ ဇောလည်ကြောင်ပတ်တွေကိုကျတော့ ရှည်ရှည်ဝေးဝေး ရဲရဲတင်းတင်းကြီး တတွတ်တွတ်လျှောက်ထွက်နေရဲရက်နဲ့ အရေးကြီး အဓိကအသားပါတဲ့ဟာကို အဲဒီ ဇောလည်ကြောင်ပတ်တွေထဲမှာပဲ ဘာလိုလိုနဲ့ ကြားညှပ်ထည့်ရင် ထည့်လိုက်လေ။ ဟာ ... မလွယ်ဘူး။ ဘာဆိုင်လို့လဲ။ ရှေ့





ဆီ တစ်သားတည်းဖြစ်၊ မသိသာအောင် ရောထည့်လို့ ရလို့လား။ အသိသာကြီး ပေါ်တင်ကြီး ဖြစ်နေမယ့်ဟာ ရှက်စရာကြီး။

ဟာ ... ဟုတ်တယ်။ ဝတ်ဆံ ရှက်နေတာ။ တအားကို ရုပ်ပျက်ဆင်းပျက်၊ ဘာအလုပ်မှ မဖြစ်တော့အောင် ရှက်နေခဲ့ပြာပေါ့။

နားလည်တတ်ရင်၊ သဘောပေါက်တတ်ရင် အဲဒါကို သိလိုက်လေ။ တခြားဟာတွေ လိုက်ထင်မနေနဲ့။

ဘာမှရှက်နေစရာ မရှိဘူး။ ရှက်နေ နှုတ်ဆွံ့နေရင် နင် တည့်တည့်တိုးရက်နဲ့ ဒီတစ်ချီလည်း ထပ်လွဲဦးတော့မယ်။ အချိန်တွေကို ဟိုးထိပ်"တစ်"ကစပြီး ပြန်စောင့်နေချင်သေးလို့လား။ ပိတ်ပိတ်ကြီးနဲ့ အမြဲသွေးအေးနေတတ်တဲ့ သူက နောက်တစ်ချီ၊ နောက်တစ်ခါ နှုတ်သွက်သွက်နဲ့ ဝုန်းဒိုင်းကြဲ လာပါဦးမယ်လို့ အပိုင်တွက်လို့ ရနိုင်လို့လား။ ခုပဲဖြေလိုက်။ ဖြေလိုက်လေ ဝတ်ဆံ။

"ဟိုတစ်ခါလို ဖုန်းသံတွေ ပေါ်လာပြီး နှောင့်ယှက်ကြဦးမယ်လို့ ထင်နေတာများလား။ သူတို့ကို ခေါင်းထဲတအားထည့်နေရလို့ မဖြေနိုင်တာလား ဝတ်ဆံ"

ဟင် ... ! ဒါဖြင့် အဲဒီတစ်ခါတည်းက ဖုန်းသံတွေသာ ပေါ်မလာခဲ့ရင် သူ ဒီလိုပဲ ရုတ်တရက်၊ ဆိုင်းမပါ ဗုံမပါ မေးချလိုက်ဖို့ ရည်ရွယ်ပြီးသားပေါ့။

"ဟုတ်ပါရဲ့ ... ပေါ်လာကြဦးမလား မသိဘူး"

ကျွတ် ...။ ဘာဖြစ်လို့ ထွက်ချင် ပြောလိုက်ချင်တာတွေက ပါးစောင်ကပ်ကျန်ပြီး အရေးမပါတာတွေချည်း အလွယ်တကူ ရွှတ်,ရွှတ်နဲ့ ပြန်,ပြန်ပြောထွက်နေမိပါလိမ့်။

"ဒါဖြင့် နာရီဝက်လောက် အချိန်စောင့်ပြီး ဖုန်းမလာရင် ကျွန်တော့်ကို အဖြေပြန်ပေးနိုင်လိမ့်မယ်ပေါ့။ ဒီလိုလား"

ဒါဟာ"အဒေါ်ရဲ့လမ်းစဉ်ကိုပဲ လိုက်ချင်နေတယ်" ဆိုတဲ့ အပျိုကြီးပေါက်စတစ်ယောက်အတွက် တိုက်တိုင်းအောင်ရဲ့ နောက်ဆုံးမျှော်လင့်ချက်ပဲလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ "ငါ တကယ် အပျိုကြီးပဲ ဖြစ်ချင်နေတာလား"ဆိုတာကို ဒီနာရီဝက်အတွင်း (မများမနည်း အချိန်ကာလလောက်မှာ)အဖြေပေါ်နိုင်ပါစေ။

"ဟို ... ကျွန်မ ... ဝတ် ... အဲ ... ဝတ်ဆံ ... ကိုယ့်အခန်းဘက် ကိုယ်ပြန်သွားပြီး စဉ်းစားလိုက်မယ်နော်။ နာရီဝက် ... ဟုတ်လား ... နာရီဝက်"

"ပြန်ကော ပေါ်လာဦးမှာလား"

အမယ်လေး ...။ "ခင်ဗျားက မယုံရလောက်ပါဘူး။ ယုံရမှာလား"လို့ ကျီစယ်လိုက်လိုဟန်ရွက်တဲ့ ရုပ်ရည်ကလေးက စွဲမက်ရူးသွပ်ဖို့ကောင်းလိုက်တာ။ သူနဲ့ မျက်နှာချင်းဆိုင် ဆက်ကြာကြာရပ်နေမိရင် တကယ်ပဲ ရူးသွားမိတော့မလား မသိပါဘူး။ နာရီဝက်ပဲ စောင့်မယ်တဲ့။ ကလေးတွေဆီကဖုန်းကို အကြောင်းပြလိုက်ပြီး ဝတ်ဆံကို အတိအကျ Target Time တစ်ခုနဲ့ ချုပ်ပစ်





ဒိက်တာပေါ့။ လုပ်တတ်လိုက်တာ။ ဒီလိုကျတော့လည်း သူက ရင့်တဲ့ စစ်သူကြီးတစ်ပါးအလား။ ဝတ်ဆံကသာ ကြောက်တတ် က်တတ်တဲ့ ကြွက်စုတ်လို ဖြစ်နေမိတာပါ။

ဒါပေမဲ့ ဒီတစ်ခါတော့ ကြွက်စုတ်လည်း ဉာဏ်တော့ ဒတ်သုံးရမှာပဲ။ နို့မို့ဖြင့် အန်တီလေးတို့ မစိုးတို့လက်ချက်နဲ့ ဒသက်ထွက်လိမ့်မည် ထင်သည်။ မဟုတ်ဘူး၊ သူတို့လက်ချက် -မီခင် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက် ယူကျုံးမရမိတာတွေနဲ့ ဆုံ့သေမှာ။ ခုလို မျက်နှာချင်း ဆက်မဆိုင်တော့ဘဲ လှည့်ထွက် ဘလိုက်တော့ ရက်ရ မျက်နှာပူရတာတွေ လျော့ကျသွားပြီး ဒသွးတွေပူမွေး၊ နှလုံးသားက တဖျပ်ဖျပ်ခုန်ကာ ကိုယ်လည်းသူ့ ဒ်ပဲ ရဲရင့်ဝံ့လာပြီ။

နာရီဝက်တဲ့။ ဆယ့်ငါးမိနစ်လောက်များ ပြောပါ ဘော့။ အဲဒီလူကလည်းပဲ။ ဝတ်ဆံက လှည့်ထွက်လိုက်တာနဲ့ ဘည်ငြိမ်နိုင်ပြီ။ နာရီထိုင်ကြည့်နေပြီးတာနဲ့ အချိန်မစေ့ခင် အကူ ံန်းကလေးကိုခေါ်ပြီး သူ့ထံ ဖိုင်လ်တစ်ခု ပို့လွှတ်လိုက်မည်။ က်နိုင်စရာလည်း လိုဘူး။ မပြောဝံ့တာတွေ အာခေါင်ကပ်ပြီး လိုအပ်တာတွေချည်း ထွက်နေစရာလည်း မလိုဘူး။

"စာပြန်တယ်"ဆိုတာ အဘွားတို့ခေတ်ကနည်းတွေ ါလို့ ကဲ့ရဲ့မယ့်သူရှိလည်း အရေးမစိုက်ပေါင်။ အဲဒါက မျက်နှာပူ အရှက်ရ သက်သာပြီး အလွယ်ကူဆုံး တုံ့ပြန်နိုင်ခြင်းပဲ။ e-mail ့လိုက်ရင်တောင် နာရီဝက်ပြည့်ရက် သူက ဖွင့်မကြည့်မှာစိုးလို့

ကြားလူမသုံးချင်လည်း သုံးတော့ သုံးရဦးမှာပေါ့။ ကောင်မလေး ကတော့ ကြားထဲ လမ်းတစ်နေရာမှာ ဖွင့်မကြည့်လောက်ပါဘူး။ နာရီဝက်ပြည့်ပြည့်ချင်း ဆက်သွယ်လာမှုဖြစ်ပါရက် "ဘာဖိုင်လဲ ကြီးပါလိမ့်"လို့ သူဆက်အ,နေမယ် ဆိုရင်တော့ သူ့ကံ၊ ကိုယ့်ကံ ပင်။

ချွေးတွေပြန်ပြီး ဂနာမငြိမ်နိုင် ဖြစ်နေခဲ့တာဟာ မျက်နှာချင်းဆိုင် ငြင်းပစ်ရမှာ အားနာလို့ မဟုတ်ဘဲ အပျိုကြီး ပေါက်စရဲ့ ရှက်ရွံ့စိုးထိတ်နေမှုများ ဖြစ်နေရင် ဘယ်လိုလုပ်ပါ့မလဲ။ တိုက်တိုင်းကတော့ အဲဒီမျှော်လင့်ချက်ကို ဖမ်းဆုပ်ကြည့်လိုက်တာပင်။ နာရီဝက်ပြည့်လို့ အငြင်းစကားထွက်မလာဘဲ "ကျွန်မ ထပ်စဉ်းစားပါဦးမယ်"ဆိုရင်တောင် "သူ့အဒေါ်လိုပဲ အပျိုကြီး လုပ်ကိုလုပ်မယ့်သူတော့ မဟုတ်လောက်တော့ဘူး"ရယ်လို့ ဝမ်း သာလို့ရနိုင်မယ်ပဲ မဟုတ်လား။

"အပျိုကြီးလုပ်ကို လုပ်မယ့်သူ"မှန်ရင် တစ်ရုံးတည်း သားချင်း၊ ခင်မင်ရာမိတ်ဆွေချင်း၊ ကလေးတွေနဲ့ ပတ်သက်လို့ အမျိုးပါတော်ကြရတော့မယ့်သူချင်း "စဉ်းစားပါဦးမယ်" လို့တော့ ထပ်မပြောလောက်တော့ဘူး ထင်တာပါပဲ။ 'ကြိုက်သလို ကစား မှထား,ထားခဲ့တာချည်းပဲ'ဆိုတာ ဒေါ်လေး အပိုစွက်တဲ့ အ,မနာ စကားမျိုးဟုပဲ ဖွတ်ယုံကြည်ကြည့်ထားပြီပဲ ဆိုပါတော့။

တိုက်တိုင်းက ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကို သိပ်အားရ ကျေနပ်နေမိသည်။ သူ့ဘက်က ဘယ်လိုတုံ့ပြန်မှု





ဲ ပြန်လာလာလေ။ ရုတ်တရက် တိုက်ကွက်ဟာ စွံစွံမစွံစွံ တိုက် တိုင်းအတွက်ကတော့ ကိုယ်က အလိုဆန္ဒတစ်ခု ရှိနေတယ်မဟုတ် လား။ ရဲဝံ့သတ္တိရှိရမည်။ ရလဒ်က ဘာဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရပြီး ကျန်ရစ်ခဲ့နိုင်ရင် ကိုယ့်ဘာသာ အပြစ်တွေထိုင် ဘင်ပြီး အားမလိုအားမရ ဖြစ်နေရတာထက်တော့ အများကြီး ကောင်းနေနိုင်သေးတာပေါ့။ သူလည်း နာရီဝက်ပြည့်ရင်တော့ ပြန်ပေါ်ကို ပေါ်လာမှာပါ။

တိုက်တိုင်း ခန့်မှန်းတာ မှန်ပါသည်။ ဝတ်ဆံဟာ နာရီဝက်တောင်မှ မပြည့်သေးခင် သူ့အခန်းထဲက ပြန်ထွက်လာ ခဲ့ပါသည်။ "ချပ်"ခနဲ မြည်သွားတဲ့ တံခါးဖွင့်သံဟာ မျက်နှာငုံ့ ပြီး အလုပ်လုပ်နေခဲ့တဲ့ တိုက်တိုင်းရဲ့ဦးခေါင်းကို ပင့်ဆွဲမော့နိုင် လိုက်ပြီးတဲ့ သကာလ၊ တိုက်တိုင်းက ကိုယ့်ရဲ့အောင်စာရင်းကို ဝတ်ဆံရဲ့မျက်နှာပြင်ပေါ်မှာ ခပ်မြန်မြန်ပဲ ရှာဖွေလိုက်ပါသည်။ နီရဲရှက်ရွံ့နေတာလည်းမဟုတ်။ ခပ်တည်တည်ကြီးပဲလည်း မဟုတ် ပြန်။ ငိုမလို ရယ်မလို အီလည်လည်ရုပ်နဲ့ ဘာလဲကွာ။ ပြီးကျတော့ နာရီဝက်ကလည်း မပြည့်သေးဘူးလေ။

"တိုက်တိုင်းရေ"

"အဖြေကောင်း မဟုတ်နိုင်ရင်တော့ နာရီဝက်မပြည့်သေး တဲ့အတွက် အတည်မယူပါဘူး။ အချိန်ထပ်ယူနိုင်ပါတယ်"

"ယူလို့ မရတော့ဘူး။ နာရီဝက်အတွင်းမှာ ဖုန်းမလာမှ အဖြေပေးလို့ ရမှာလေ။ ခုဟာက ဖုန်းလာပြီ"

"ဟင် ! ဟုတ်ရဲ့လား၊ ကျွန်တော့်ဆီကိုတော့ မလာပါလား"

"ကျွန်မအဒေါ်ဆီကပါ၊ အိမ်ကနေ ဆက်လိုက်တာ"

ဝတ်ဆံရဲ့ ငိုမလို ရယ်မလို အီလည်လည်ရုပ်က ပိုမိုသိသာ ထင်ရှားလာသည်။

"ဟိုဟာလေ ... ကျွန်မတော့ လိုက်သွားမှဖြစ်လိမ့်မယ်"

"ကလေးတွေ ကိစ္စများလား၊ ဒါဆိုရင် ကျွန်တော့်ကိုလည်း ပြောဦးမှပေါ့။ အလတ်မက ဒီတစ်ခါတော့ ကျွန်တော့်ဆီ ဘာလို့ ဖုန်းမဆက်ပါလိမ့်။ ဟာ ... ! သူ ... သူများ တစ်ခုခု ..."

ဝတ်ဆံမှာ တိုက်တိုင်းကို ချေသချာတောင် ရင်ဆိုင်မကြည့်ရဲတော့ဘဲ မျက်နှာခပ်လွှဲလွှဲနှင့်ပင် ...

"ဟုတ် ... တစ်ခုခုတော့ တစ်ခုခုပဲရှင့်။ အခု ပိုက်ပိုက်က ကျွန်မတို့အိမ်ကို ရောက်နေတာ။ ဝေဠုရဲ့အခန်းထဲကို ဝင်သွားပြီး အထဲကနေ ချက်ချထားတယ်တဲ့။ ဘယ်သူဘာပြောပြော ဘယ်လိုထင်ထင် ပြန်ကိုမပြန်တော့ဘူးတဲ့ရှင်"

တိုက်တိုင်း တစ်ယောက် ပါးစပ်အဟောင်းသားကြီး ပွင့်ဟသွားပြီး မျက်နှာကလည်း နီရဲပျက်ယွင်းလို့သွားပါသည်။ စားပွဲပေါ်က Laptop ကို အယောင်ယောင် အမှားမှားနဲ့ ဖြန်းခနဲ ပိတ်ချလိုက်ပြီး ထိုင်ရာမှပါ ဝုန်းခနဲ ထရပ်လိုက်လျှင် ဝတ်ဆံမှာ စိုးရိမ်တကြီး မျက်လုံးပြူးပြူးလေးနှင့် ...





"စိတ်လိုက်မာန်ပါတွေတော့ ဘာမှလျှောက်လုပ်လို့ မဖြစ်ဘူးရှင့်"

"ဒါပေမဲ့ ဒီကိစ္စမှာ ဝတ်ဆံ တစ်ယောက်တည်း ပြန်သွားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်ပါ မဖြစ်မနေ ပါရတော့မယ်၊ ကျွတ် ... ဘာလုပ်တာလဲကွာ"

ဝတ်ဆံနှင့် တိုက်တိုင်းတို့ တစ်ယောက်ကိုတစ်ယောက် အားနာမျက်နှာပူ ရှက်ရွံ့နေကြရတာမို့ အချင်းချင်းဘာစကားမှ ထပ်မဆိုဖြစ်ကြတော့ပါ။ "နာရီဝက်လောက် အချိန်စောင့်ပြီးမှ ဖုန်းမလာရင် ကျွန်တော့်ကို အဖြေပြန်ပေးပါ" လို့ ပြောတာကတော့ ပြောမိတာပေါ့။ ဒါပေမဲ့ ဖုန်းလာသွားတော့ကော့ "အဲဒါကြောင့် ပြန်မဖြေနိုင်တော့တာ" လို့ လွဲချလိုက်မယ့်အစား၊ ဖုန်းလာတာကသပ်သပ်၊ ပြန်ဖြေပေးလိုက်တာကသပ်သပ် တစ်ကန့်စီလုပ်လိုက်လို့ မရနိုင်ဘူးလားဟု တိုက်တိုင်းက တွေးမိနေသလို ...။

ဝတ်ဆံကလည်း "နာရီဝက်မပြည့်ခင် ဖုန်းလာလို့ပေမယ့် အဲဒီကို မလိုက်ကြရခင် တစ်ခုခု ရှင်းရှင်းကလေး သိသွားရအောင် ခုပဲပြောလိုက်ပါလားဗျာ" လို့ သူက ထပ်ေ◌ာင်းဆိုလိုက်ရမှာပေါ့ ... ဟု တွေးနေမိပါသည်။ ခုနကတော့ ဇွတ်မှဇွတ်ပဲလိုလိုနဲ့ သူ့ညီမကိစ္စပေါ်လာလိုက်တာနဲ့ပဲ ငါ့ကို ခေါင်းထဲတောင် မထည့်နိုင်တော့ဘူးနဲ့ တူပါရဲ့။ ပိုက်ပိုက်ရဲ့အရေးကိစ္စနဲ့ယှဉ်တော့ ဒီအဖြေကိုလည်း ယူမနေ၊ တောင်းခံမနေချင်တော့ဘူးနဲ့ တူပါရဲ့ ... ဟု ဝမ်းနည်းပက်လက်လည်း ဖြစ်ချင်နေမိသည်။

ဝတ်ဆံတို့အိမ်ရောက်တော့ တော်တော်ကြီး ပေကပ်ကပ်နဲ့ နားပင်းချင်ယောင်ဆောင်ထားသော ပိုက်ပိုက်နှင့် ဝေဠုတို့ကို အခန်းထဲကနေ မနည်းကြီး တံခါးခေါက်ပြီးထုထုတ်ယူရပါသည်။

"ငါပါ ပါလာပါတယ်ဆိုမှ ငါ့ကို လူလို့မထင်ကြတာလား"ဆိုတဲ့ တိုက်တိုင်းရဲ့ နောက်ဆုံးဒေါသသံကြီးကိုကြားမှ တံခါးက ဟစိကလေး နည်းနည်းပွင့်လာသည်။

"ဘယ်လိုဖြစ်ကြတာလဲ ... ပြောစမ်း"

ပိုက်ပိုက်က နားရွက်ကနေလိမ်ဆွဲပြီး အကျယ်ကြီး အော်မေးလိုက်တဲ့ တိုက်တိုင်းကို "အား"ခနဲ ပိုကျယ်တဲ့အသံကြီးနဲ့ တုံ့ပြန်လိုက်ပြီးမှ "ဟိုတစ်ယောက်ကျတော့ သူ့အစ်မက ဘာမှ မလုပ်ဘူး တွေ့လား။ ကိုတိုက် မတရားသဖြင့်တွေ အနိုင်ယူပြီး ပိုက်ရဲ့အရှက်ကို သူများတွေရှေ့မှာ မခွဲနဲ့"တဲ့ ...။

"နင်က မိန်းကလေး ... မိန်းကလေး။ ယောကျ်ားလေးကို သူ့အစ်မက ဘာမှလုပ်လုပ် မလုပ်လုပ် ငါအစ်ကိုကတော့ နင့်ကို သတ်ချင်လည်းသတ်မှာပဲ၊ ပြော ... ပြော ... အခု ပြော၊ နင် ဒါဘာလုပ်တာလဲ"

"တိုက်တိုင်းရယ် ... လက်မပါပါနဲ့၊ အေးအေးမေးမြန်းကြရအောင်ပါ"

"ပိုက်တို့မောင်နှမ နှစ်ယောက်ကြားထဲမှာ မဝတ်ဆံ ဝင်မပါပါနဲ့။ ထပ်ပြောလိုက်ဦးမယ်။ ပိုက်နဲ့ ဠုကြားထဲလည်း ဘာမှဝင်မပါနဲ့။ မကြိုက်ဘူး။ ခုဟာက ပိုက်တို့က မယူ





လို့မဖြစ်တော့ဘူး။ အဲဒါကြောင့် ပြောစကားလည်းမတည်။ သစ္စာလည်း မရှိကြဘဲ ခိုးကြောင်ခိုးဝှက်နဲ့ အရင်ဦးဖို့ ကြိုးစားနေကြတဲ့လူတွေကို ဒီလိုနည်းနဲ့ပဲ ခံသိပေးရတော့ မယ်လို့ ဆုံးဖြတ်လိုက်ကြတာပဲ"

"ဘာ ... ! ဘာပြောတယ် ... ! မယူလို့ မဖြစ်တော့ဘူး ဆိုတာက ဘာလဲ ... ဘာလဲ ..."

ဝဲပျံတက်လာတဲ့ တိုက်တိုင်းရဲ့လက်သီးဆုပ်ကို ဝတ်ဆံက အမိအရ မဦး့ဦးအောင် ဖမ်းချုပ်ဆုပ်ကိုင်ထားလိုက်ပါသည်။ လက်သုံးဖက်တို့ရဲ့ အချုပ်အကိုင်၊ အပူးအထိတို့မှာ တိုက်တိုင်းရော ဝတ်ဆံပါ နှစ်ယောက်လုံး တစ်မျိုးကြီးတွေပင် ဖြစ်သွားကြရတာမို့ နှစ်ယောက်သားတို့ရဲ့ မျက်ဝန်းတွေဟာ ဘင်းတင်းကျပ်ကျပ် မိမိရရ ဖြစ်နေတဲ့ လက်သုံးဖက်တို့ပေါ်မှာ။ အဲဒီပုံစံကြီးနဲ့ပဲ ခဏမျှ ငြိမ်သက်သွားကြပြီးလျှင်တော့ ဝတ်ဆံက ရုက်လန့်တကြားနှင့် တိုက်တိုင်းရဲ့လက်သီးဆုပ်ကို ကိုယ့်လက်တွေထဲကနေ တွန်းထုတ်ပစ်လိုက်ပါသည်။ တိုက်တိုင်းကတော့ ကိုယ့်ရဲ့ညာလက်ကို ဘယ်လက်နဲ့ အကြိမ်ကြိမ် ပြန်ဆုပ်ကိုင်မိနေရင်း မျက်စိမျက်နှာကတော့ အပျက်ပျက်နှင့် ...။

"မယူလို့ မဖြစ်တော့ဘူးဆိုတာ အရမ်းချစ်နေကြပြီ၊ သိပ်ချစ်နေကြပြီ၊ ခုဆိုခု မခွဲနိုင်မခွာရက်တွေ ဖြစ်နေကြပြီလို့ ဆိုလိုတာလေ။ ဘာလို့ ညစ်တီးညစ်ပတ်တွေ လျှောက်စဉ်းစားနေကြတာလဲ။ လူဆိုတာ 'ကိုယ့်စိတ်နဲ့နှိုင်း မရိုင်း'

ဆိုပေမယ့် ဒါမျိုးလာတွေးပြီး နှိုင်းနေရင်တော့ ရိုင်းမှာပဲ နော် ... ဒါပဲ"

ပိုက်ပိုက်က အလွန်အင်မတန် ရိုက်ချင်စရာကောင်းတဲ့ မျက်နှာကလေးနဲ့ ပြောလိုက်လျှင် ဝေဇျူကလည်း ဘာကိုမှ ခေါင်းထဲမထား၊ ဂရုမစိုက်တဲ့ ရုပ်တည်မျက်နှာသေကလေးနဲ့ ...

"ကျွန်တော်တို့ကို ဆိုင်ဖွင့်ပြီး စီးပွားရေးလုပ်ငန်း စတင်ပေးလိုက်ရတဲ့အတွက် တော်တော်လေး ဝန်ကြီးသွားကြမယ်ဆိုတာတော့ နားလည်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိစ္စကိုယ်တောင် ဟိုတယ်ကြီးတွေမှာပဲ လုပ်ဖြစ်ဖို့ စုံစမ်းစီစဉ်နေကြသေးတယ်ဆိုတော့ လုပ်နိုင်လို့၊ အဆင်ပြေနေကြသေးလို့ပဲ ဖြစ်မှာပေါ့။ ကျွန်တော်တို့လည်း ကိုယ့်ဂုဏ်နဲ့ကိုယ်ညီအောင်တော့ အဲဒီလို ဟိုတယ်ကြီးတွေမှာပဲ လုပ်ချင်တယ်။ လုပ်မယ်"

တိုက်တိုင်းနှင့် ဝတ်ဆံတို့ တစ်ယောက်မျက်နှာတစ်ယောက် (လုံးဝထပ်မကြည့်ချင်၊ မကြည့်ရဲကြတော့ပေမယ့်) ခပ်မြန်မြန်ပဲ ကြည့်လိုက်မိကြပါသည်။ ကုမ္ပဏီကိစ္စနဲ့ ဟိုတယ်ကြီးတွေကို လိုက်စုံစမ်းနေရတဲ့ အဖြစ်ကို သူတို့အထင်လွဲပြီး ဒီလိုလုပ်ချပစ်လိုက်ကြတာပဲ ဆိုတာကိုလည်း နှစ်ယောက်လုံးပြိုင်တူပင် နားလည်လိုက်ကြရသည်။

"ဘယ်မှာနေကြမလဲတို့၊ စီးပွားရေးကိစ္စကို ဘယ်လိုဆက်လုပ်ကြမလဲတို့၊ မင်္ဂလာကိစ္စတင်မကသေးဘူး။ နေရေး





ထိုင်ရေး၊ စားသောက်ရေး အကုန်ပြန်ညှိကြရမှာလေ။ မထူးပါဘူး။ တစ်လက်စတည်း ခုပဲ အပြီး တစ်ထိုင်တည်းထိုင်ပြော ထိုင်ညှိလိုက်ကြတာပေါ့။ အချိန်ရကြတယ်မဟုတ်လား။ ကျွန်တော်တို့တော့ ဒီနေ့ ဆိုင်ပိတ်ထားတယ်"

တိုက်တိုင်းနဲ့ ဝတ်ဆံတို့ တစ်ယောက်နဲ့တစ်ယောက် ခုထက်ထိ မျက်လုံးချင်း၊ မျက်နှာချင်း ပြန်မလွှဲကြရသေး။

♥·✉♥

"ငါတို့တိုက်ခန်းက အိပ်ခန်းနှစ်ခန်းပဲရှိတယ်။ နင်တို့ကို တစ်ခန်းပေးလိုက်ရရင် ငါနဲ့ မီးမီးနဲ့က တစ်ခန်းနေနေရမလို ဖြစ်နေတယ်။ အဲဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပြီးတော့ ဒီတိုက်ခန်းကလေးတစ်ခုထဲမှာ ခယ်မနဲ့ခဲအိုနဲ့ ယောက်ဖနဲ့ အဲဒီပုံစံတွေကလည်း သိပ်မသင့်တော်ဘူးထင်တယ်"

"အို ... ပိုက်ပိုက်က ဋ္ဌတို့အိမ်တော့ လိုက်မနေနိုင်ပါဘူး။ ယောက်မတွေ အဒေါ်တွေနဲ့ ဘယ်လိုလုပ်နေလို့ရမလဲ၊ မနေဘူး ... လုံးဝပဲ"

ဝတ်ဆံနဲ့ ဒေါ်ဝါဝါတို့နှစ်ယောက်မှာ လူကြီးပီပီတွေမို့ သူ့လို ခေါင်းပဲနစ်ရှဲ ပေါ်တင်ထုတ်ဖော်ပြောဝံ့ခြင်း မရှိပေမယ့် စိတ်ထဲကိုယ်စီမတော့ "ငါတို့ကလည်း လုံးဝမခေါ်ထားချင်ပါဘူး၊

လုံးဝမှ … နင့်ထက်တောင် ပိုလုံးဝသေးတယ်”ဟု ဖြိုင်တူပြောမိပြီးရက်သား ဖြစ်ပါသည်။

“ဝတ်ဆံကလည်း ခုရှုပ်မှ နောင်ရှင်း၊ ပွင့်ပွင့်လင်းလင်းပဲ ပြောရမှာ တိုက်တိုင်းရေ။ ဝတ်ဆံတို့က ယောက်ျားလေးရှင် ဆိုတော့ မင်္ဂလာကိစ္စကို ဆောင်ရွက်ပေးဖို့က ကိုယ့်တာဝန် ဖြစ်လာမှာ။ သူတို့က ဟိုတယ်မှာဟိုတယ်၊ တစ်ပြားမှမလျှော့နိုင် မဆင်ခြင်နိုင်ပါဘူးလို့လည်း ပြောနေကြတာဆိုတော့ မင်္ဂလာပွဲပြီးရင် နေရေးအတွက်ကတော့ သိပ်အဆင်ပြေနိုင်မှာ မဟုတ်ဘူးထင်တယ်။ ဝယ်ပေးနိုင်ဖို့နေနေ ငှားပေးဖို့ဆိုရင်တောင် စပေါ်တို့၊ တစ်နှစ်စာ တစ်ခါတည်း ပုံပေးလိုက်ဖို့တို့က မစွမ်းနိုင်ဘူး။ သူတို့ကလည်း တော်ရုံနေရာတို့ ရပ်ကွက်တို့ဆို ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတာက လာကြဦးမှာလေ”

“မဝတ်ဆံက အဲဒီလို ပြောရအောင် မဝတ်ဆံ ဆိုရင်ကော (…)တို့၊ (…)တို့မှာ တဲအိမ်ပုပ်နဲ့တို့၊ ခတ်လှေကားမပါတဲ့ မိုးမျှော်တိုက်ရဲ့ အပေါ်ဆုံးထပ်တို့မှာ သွားနေနိုင်လို့လား”

“အဲဒီလို ယှဉ်ပြောလို့တော့ မရဘူး။ တို့က တို့မိဘလက်ငုတ်လက်ရင်းအိမ်မှာပဲ အဆင်မပြေ့ပြေအောင် နေမှာလေ”

“ပိုက်လည်း အဲဒီလို နေလို့ရတယ်။ အဲဒါကို နေလို့မရဘူး အဆင်မပြေဘူးလို့ ပိတ်ပြီးကြိုပြောနေတာက ဘယ်သူလဲ၊ ရှင့်လူပဲဟာ။ အဲဒါကိုလည်း ထည့်တွက်ဦး”





“မဟုတ်ဘူးလေ အလတ်မ၊ ဝေမျှတို့ဘက်က မင်္ဂလာကိစ္စ စီစဉ်နေမှတော့ ငါတို့ဘက်က နင်တို့နေရေးထိုင်ရေးကို တာဝန်ယူရုံ ရှိတော့တာပေါ့။ နင်တို့နှစ်ယောက်ကို ငါ တိုက်ခန်းတစ်ခု စီစဉ်ပေးမယ်။ ဝယ်ပေးမှာ မဟုတ်ဘူးနော်၊ ငါလည်း အဲဒီလောက် မနိုင်ဘူး။ ငှားပေးမှာ။ အဲဒီတော့ ခုလောလောဆယ် တစ်နှစ်စာကတော့ ငါ့တာဝန်ဆိုရင် နောင်ဆက်တိုက်နှစ်တွေ အဆင်ဆက်ပြေဖို့ကတော့ မယူလို့မဖြစ်တော့ဘူးဆိုတဲ့ နင်တို့နှစ်ယောက် ကိုယ့်တာဝန် ကိုယ်ဆက်ယူရလိမ့်မယ်။ နင့်တို့ကို သီးသန့်စီးပွားရေးလည်း လုပ်ပေးပြီးသားဆိုတော့”

“တူတူပူးမနေနိုင်ရင် ပူးမနေနိုင်ပါဘူးဆိုတဲ့ လူကသာ သီးသန့်သွားငှားနေပေါ့။ ပိုက်ကတော့ မိဘတွေအိမ်မှာပဲ နေမယ်။ ဒီလိုလူလည်းကျချင်လို့ ရမလား။ မတတ်နိုင်ပါဘူးဆိုပြီး အမြင့်ကြီးမှာလည်း တက်ငှားပေးဦးမှာ၊ နောင်လည်း နေတဲ့လူကပဲ လခက ဆက်ပေးနေရဦးမယ်။ အဲဒီလောက် တစ်ဖက်သတ် မမျှတတဲ့အလုပ် ကိုတိုက်ပဲလုပ်။ ပိုက်ကိုများ အချဉ်မှတ်နေလို့လား”

“နင် ကျူးရှင်က ပြန်လာရင် အိမ်ကိုပြန်မသွားနဲ့၊ ဒီကိုလာခဲ့”ဟု တိုက်တိုင်းက လှမ်းခေါ်ထားသဖြင့် စကားဝိုင်းထဲ လာရောက်နေရသော မီးမီးက “ဟင် … ဘယ်ဖြစ်မလဲ”ဟု ညည်းတွားလိုက်ပါသည်။

"မီးမီးက အဲဒီအိမ်လေးနဲ့မှ မခွဲချင်ဘဲ"

"အဲဒါဆိုလည်း ငါနဲ့ပဲ နေခဲ့လေ။ တောင် အဖော်ရသေး တယ်။ နင့်ကို ကိုတိုက်နဲ့ပဲလိုက်သွားလို့ ငါက ဖွတ်တွန်း လွှတ်နေတာမှ မဟုတ်ဘဲ"

ဒီလိုဆိုတော့လည်း မီးမီးခမျာ စိန်စားပြီး သေရ၊ သေရ။ ဒီအစ်ကိုနဲ့ဝေးပြီး ဒီအစ်မနဲ့ပဲ ကျန်ရစ်ဖို့ကိစ္စကတော့ မဖြစ်ရေးချ၊ မဖြစ်နိုင်ပြီတည်း။

တိုက်တိုင်းမှာ မျက်နှာတည်နှင့်သာ ငြိမ်သက်နေမိသည်။ နောက်ဆုံးတော့လည်း အဲဒီလိုပဲ လုပ်ရမှာပဲ။ မီးမီးကိုပဲ ချော့မော့ဖျောင်းဖျရတော့မှာပေါ့။ အလတ်မ ပြောသလိုပဲလေ။ ကိုယ်တွေကလည်း သွားရေးလာရေး လွယ်ကူနိုင်မယ့် မြို့ထဲရပ်ကွက်တွေထဲကဆိုရင် မြေညီထပ်တို့ ပထမထပ်တို့ကိုမှ ငှားပေးနိုင်တော့မှာမှ မဟုတ်ဘဲ။ ခြေညောင်းစရာ၊ ပိုက်ဆံဆက်ကုန်ကျစရာရှိ အစ်ကိုကြီးက ညီမငယ်ကိုပဲ ညှာရတော့မှာပေါ့။ မီးမီးကတော့ အစ်ကိုနဲ့ လိုက်နေမှဖြစ်မယ့်ဟာ ညီမငယ် ဖြစ်နေပေမယ့် သူ့အတွက်ပဲ သူ စဉ်းစားတတ်တဲ့ အစ်မကိုသာ ညှာလိုက်ပေတော့ပေါ့။

"သူ့အလှည့်ကျတော့ တိတ်နေတာပဲ တွေ့လား။ သိပ်တရားကျဖို့ ကောင်းတာပဲ။ ဒီလောက်တောင်ဖြစ်နေရင် တိုက်ခန်းလည်း တစ်နှစ်စာတွေ ဘာတွေ ချုပ်မနေနဲ့၊ ခြောက်လစာသာချုပ်ပြီး ငှားလိုက်။ ခြောက်လလောက်





တော့ အပင်ပန်းခံပေါ့။ အဲဒီခြောက်လအတွင်း ကိုယ့်အလှည့်၊ ကိုယ့်အိမ်ထောင်ရေးကိစ္စ ကိုယ်ဖြစ်အောင် ဆက်စီစဉ်၊ ထပ်စီစဉ်ကြလေ့။ ကိုတိုက်ကတော့ လက်ထပ်ပြီးရင် မဝတ်ဆံတို့ အိမ်ပေါ်တန်းတက် သွားလို့ရမှာပါ။ ပိုက်တို့ကျ ခေါ်ထားချင်မှာမဟုတ်တဲ့ အခေါ်ကလည်း တူသမက်လေးကျတော့ Welcome ပဲနေမှာပဲဟာ"

"နင် ဘာတွေပြောနေတာလဲ"

တိုက်တိုင်းက ပိုက်ပိုက်ကို ကျူးအော်လိုက်သည်။ အထိနာသွားတဲ့ ဝတ်ဆံနှင့် အကြောင်းသိ အန်တီလေးတို့လည်း သူ့ကိုယ်မကြည့်ရဲ၊ ကိုယ့်သူမကြည့်ရဲနှင့် တလှုပ်လှုပ် တရှရှ။

"မြန်မြန်အဆင်ပြေချင်ရင် မြန်မြန်ဆက်စီစဉ်လို့ အကောင်းပြောနေတာလေ။ တကယ့်တကယ်တမ်းက လပိုင်းပဲခြားပေမယ့် သက္ကရာဇ်အရ နှစ်ခြားသွားရင် အဆင်ပြေပြီ။ လုပ်လို့ရပြီတဲ့။ ဘာမှမဖြစ်ဘူး အဲဒီလိုပဲ လုပ်လိုက်"

"မိပိုက် ... နင် ပြောလေ ဆိုးလေပါလား"

"ဒီလောက်လေး ပြောတာများ ဘာဖြစ်လဲ။ မလုပ်ကြတော့မယ့်ကိစ္စမို့လို့လား။ သူတို့ကျတော့ ခုရှပ်မှ နောင်ရှင်းပြောတဲ့လူနဲ့ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောထွက်တဲ့လူနဲ့။ သူများကျမှ ဒါလေးပြောတာနဲ့ မခံမရပ်နိုင်တွေ ဖြစ်ပြနေကြတယ်။ မယူကြတော့ဘူးဆိုလည်း ပြီးရောပေါ့။ ပိုးတောင် ရှင်းသေးတယ်။ ယူလည်းယူကြမယ့်ဟာများ

ဣန္ဒြေ့ရှင်ကြီးလိုလို အအောက်မခံနိုင်သလိုလို ဖြစ်ပြနေကြတာက ဘာ့အတွက်လဲ။ ေ ဘန့်လား"

ပြောလေ ပိုဆိုးလေ ထိန်းမနိုင် သိမ်းမရ ဖြစ်လာမည့် ပိုက်ပိုက်ရဲ့ပါးစပ်ကို ကြောက်လှသဖြင့် တိုက်တိုင်းက သူ့ကိုတော့ ဘာမှထပ်ပြောမနေတော့ဘဲ ဝတ်ဆံကိုသာ "ဆောရီး" ဟု မပွင့်တပွင့် ခပ်မြန်မြန် တောင်းပန်လိုက်ပါသည်။ ဝတ်ဆံသည်လည်း တိုက်တိုင်းကို "ရပါတယ်၊ နားလည်ပါတယ်"ဟု သော အကြည့်နှင့်သာ တုံ့ပြန်လိုက်သည်။ အဲဒါကို အဓိပ္ပာယ်ကောက် လွဲသွားတဲ့ သိုက်သိုက်က တခြားလူတွေ စကားပြတ်တုန်းလေး မြန်မြန်ကြားဖြတ်ဝင်ပြီး တစ်စခန်း ထလာကာ ...

"ကိုကိုကြီး ... အဲဒီလိုဆိုရင်တော့ မီးမီးကိုလည်း နည်းနည်းတော့ ထည့်စဉ်းစားပေးဦးမှ ဖြစ်မှာနော်။ မီးမီးက မဝတ်ဆံတို့ ဟိုကြီးကြီးတို့နဲ့ ဘာမှမှမတော်ဘဲ အဲဒီအိမ်မှာ လိုက်နေလို့ ဖြစ်ပါ့မလား။ ကိုကိုကြီးကတော့ ယောကျ်ား တော်တယ်၊ တူသမက်တော်တယ်လေ။ မီးမီးက အလကား သက်သက်ကြီး ဖြစ်နေတဲ့ဥစ္စာ ...

အဲဒီလို အချိန်မဆိုင်းဘဲ ဆက်စီစဉ်ကြမယ်၊ ဟိုဘက်ဒီဘက် အိမ်တွေမှာ ခွဲခြားပြီး လိုက်နေကြမယ်ဆိုရင် ခုတည်းက မပိုက်တို့က ကိုဝေဠုတို့အိမ်မှာ သွားနေလိုက်ပေါ့၊ ယောက်မနဲ့ မနေချင်လည်း ဓဏာတော့ သည်းခံလိုက်။ ပြီးရင် မဝတ်ဆံက ကိုကိုကြီးနဲ့ ယူလိုက်တော့မယ်ဆိုတော့





အဲဒီမှာ ဆက်မနေတော့လည်း ရတာပဲ။ မဝတ်ဆံက မီးမီးတို့အိမ်ဘက်ကိုပဲ လာခဲ့လိုက်ပါ။ ဒါမှ မီးမီးလည်း ကိုယ့်အိမ်ကိုယ့်ရာမှာ ဘယ်မှလဲ ထပ်မပြောင်းရတော့ဘဲ အဆင်ပြေမယ်။ နော် ... မဝတ်ဆံ၊ အဲဒီလို လုပ်လို့မရဘူးလား။ မီးမီးတို့အိမ်ကို ပြောင်းလာခဲ့ရမယ် ဆိုပေမယ့် မီးမီးက မဝတ်ဆံနဲ့ အဆင်ပြေအောင် နေမှာပါ။ နော် ... မမ နော်"

မီးမီးက ကိုယ့်လက်ကို လာကိုင်၊ကိုင်လှုပ်လို့ချည်းပြောနေတော့ပေရာ ဝတ်ဆံမှာ တော်တော့်ကို အခက်အခဲနဲ့ ရင်ဆိုင်သွားရတော့တာပင်။ "အေး ... အေး၊ မီးမီး အဆင်ပြေအောင် မမ ကြည့်လုပ်ပေးပါ့မယ်ကွယ်"လို့ ပြန်ဖြေလို့ရော ရမလား။ "အဲဒီလိုလုပ်လို့ မရဘူးကွယ့်"လို့ ဟုတ်တိုင်းမှန်ရာကို ပြောလို့လည်း မဖြစ်ပြန်။ "ပြေလည်ပါ့မယ် ချစ်ခင်ပါ့မယ်"ဆိုလာသူကို ဆီးတွန်းလွှတ်သလို စကားမျိုးကို မပြောချင်တဲ့ပြင်၊ ပါးစပ်ပိတ်နေပြန်တော့လည်း ကလေးမလေးက ကိုယ့်ကို အထင်လွဲဦးမည်။

တူမချောရဲ့ အခက်တွေ့နေတဲ့ မျက်နှာကိုကြည့်ပြီး အရိပ်အကဲဖမ်းကာ ဘုရားတနေရသူကတော့ ဒေါ်ဝါဝါပင်ဖြစ်သည်။ သိုက်သိုက် ဆိုတဲ့ ကလေးမလေး လျှောက်စီစဉ်နေတာတွေက တကယ်တမ်း ဖြစ်မလာနိုင်သေးတာတွေမှန်းတော့ သိတာပေါ့။ ကိုယ့်တူမနဲ့ ဟိုတစ်ယောက်နဲ့က အဲဒီလို လုပ်လို့ရတဲ့အနေအထားမှ မဟုတ်ကြသေးတာ။ ဒါပေမဲ့ ကလေးမလေးရဲ့ အတင်းအကျပ်

ဆန်နေမှုကို ပြီး,ပြီးရော နှစ်သိမ့်လိုတဲ့သဘောနဲ့၊ "အေးပါကွယ် ... အေးပါ"လို့ လွှတ်ခနဲ ပြန်ပြောလိုက်မိလို့ကတော့ ပြီးပါလေရော။

ဟိုဘက်က တိုက်တိုင်းအောင်ကတော့ အဖြေလည်းရ၊ အဆင်လည်းပြေ၊ ဖိုးကျိုင်းတုပ်ပဲ ဖြစ်နေမှာပေါ့။ ခုထိအဖြေပေးခွင့် မရသေးလို့ စိတ်မော့လူမော ဖြစ်နေရရှာတဲ့ ဝတ်ဆံမှာလည်း "မီးမီးကြောင့်"လို့ လွှဲချပြီး မသိမသာ အဖြေပေးလိုက်လို့ရပြီ။ ဒေါ်ဝါဝါ့မှာသာ ဒီပုံအတိုင်းဆို အစုတ်ထုပ်နှစ်ထုပ်နဲ့ တစ်အိမ်တည်းမှာ သောင်တင်ကျန်ရစ်ပြီး အသက်မှရှည်ရှည် နေရပါတော့မလား။ ကိုယ့်အတွက်ချည်း ကိုယ်ကြည့်တတ်ကြတဲ့ ဟိုနှစ်ကောင်သားကလည်း တိုက်ခန်းဆိုတာထက် ခြံကလေး ဝင်းကလေးနဲ့ လုံးချင်းအိမ်ကလေးဘက်မှာ ကိုယ့်မင်းကိုယ့်ချင်းနေရမယ်ဆိုရင် ပိုမကျေနပ်ဘဲ နေကြမလား။

ဒေါ်ဝါဝါတော့ သူတို့က ဂရုစိုက်စရာ၊ စိတ်ထဲထည့်စရာလို့ မှတ်ကြမှာမှ မဟုတ်တာ။

"ဟာ ... အဲဒီလိုတွေ ကိုယ့်စိတ်ကိုယ့်သဘော တစ်ခုတည်းတွေ လျှောက်ပြော၊ ဦးစားပေးစေချင်လို့ ဖြစ်မလား။ နောင်ဖြစ်လာမှာတွေက နောင်ခါလာ နောင်ခါချေး။ မီးမီး လူကြီးတွေ ခေါင်းရှုပ်နေတုန်း နင်ကလည်း တစ်ထောင့်တစ်နေရာက တစ်စခန်း ထမလာစမ်းပါနဲ့၊ ငါ ဘာလုပ်လုပ် နင့်ကို အမြဲထည့်တွက်မယ်ဆိုရင် ပြီးရောမှတ်လား။ လူကြီး





ကို သွားဂျီကျမနေနဲ့တော့ ... တော့်ပြီ။ ကဲ ... ကိစ္စကိုဒီမှာ တင်ဖြတ်မယ်။ အလတ်မနဲ့ မောင်ဝေဠု ငါတို့အိမ်မှာနေ။ မီးမီးနဲ့ ငါနဲ့ အိမ်ပြောင်းမယ်"

တိုက်တိုင်းက အခြေအနေကို ခပ်မြန်မြန်ဝင်ထိန်းလိုက်သဖြင့် ဝတ်ဆံရော ဒေါ်ဝါဝါပါ သက်ပြင်းသက်မကြီးတွေ ကိုယ်စီကျနိုင်သွားကြပါသည်။

မီးမီးမျက်နှာလေး ညှိုးသွားချိန်မှာ "အေး ... အဲဒါ ပိုကောင်းတယ်၊ နင် ငါ့အိမ်ကို ခဏတော့ လိုက်ခဲ့ပေါ့"လို့ သူ့လှသူ ဂျီကျနေသည့် ဝေဠုလည်း ပါးစပ်ခပ်ပိတ်ပိတ် ဖြစ်သွားသည်။ ကိုယ်နဲ့ အသက်လည်းကွာတဲ့ ယောက်ဖလောင်းရဲ့မျက်နှာက ခပ်တည်တည်မို့ ဝေဠုလည်း သိပ်တော့ စောဒကမတက်ရဲပါ။ သို့သော် ပိုက်ပိုက်နဲ့ နှစ်ယောက်တည်း တစ်အိမ်နေလို့ကတော့ အန်တီလေးတို့ မမတို့နဲ့တုန်းကလို ဖိမ်ကျကျနဲ့ နပ်နေလို့ရတော့မှာ မဟုတ် ဆိုတာတော့ ခေါင်းထဲမှာ အန္တရာယ်အချက်ပေး ခေါင်းလောင်းက မြည်နေသလို တဝီဝီနဲ့ စိတ်ကုန်စရာဖြစ်နေပါသည်။

ထမင်းတောင်မှ နပ်မှန်ပါ့မလား။ ကိုယ့်ဆိုင်က Snacks လိုဟာမျိုးတွေနဲ့ပဲ အမြဲဖြေရှင်းနေရတော့မည် ထင်သည်။

ဝေဠုတစ်ယောက် စိတ်ရှုပ်နေဆဲ ပိုက်ပိုက်က ခါးကို တံတောင်နဲ့တွက်ထည့်လိုက်ကာ ...

"ဟဲ့ ... ကား"

"အား ... ဟုတ်တယ်၊ ကားကိစ္စကရော၊ ကျွန်တော်တို့အတွက် သွားရေးလာရေး ကားကိစ္စက ဘယ်လိုစီစဉ်ပေးကြဖို့ စိတ်ကူးထားကြသလဲ"

"နင် ကားမောင်းသင်မယ်ဆိုရင် ကျွမ်းကျင်လာပြီဆိုရင် ငါမောင်းနေတဲ့ကား ယူသွားလိုက်တော့။ မကျွမ်းကျင်သေးတုန်းတော့ ခဏသည်းခံကြမှဖြစ်မယ်။ အသက်အန္တရာယ်ကြုံနိုင်တဲ့ကိစ္စမျိုးကိုတော့ မျက်စိမှိတ်ပြီး အလိုမလိုက်ဘူး"

တိုက်တိုင်းတို့ခမျာ သူတို့အိမ်ပေါ်ကတောင် ဆင်းပေးကြရတော့မယ့်ကိစ္စ၊ ဝတ်ဆံက ကားကိုလိုက်ကပ်နေလို့ ရပါ့မလား။ မောင်နဲ့ ယောက်မတို့ရဲ့ အားမနာ လျှာမကျိုး ငြင်ငြင်ငြင်ငြင် စကားတွေကိုလည်း ထပ်မကြားချင်တော့တာမို့ ခပ်မြန်မြန်ဖြေရှင်းပေးလိုက်ပေမယ့် ...

"ကျွမ်းကျင်မှ စီးခွင့်ရမယ် ဆိုရင်တော့ ဌာတို့ အပျင်းကြီးပုံနဲ့ ဒီတစ်သက်တော့ ကားစီးရဖို့ မမြင်ပါဘူး။ ကိုယ့်အသက်ကိုလည်း သူ့လက်ထဲတော့ ရဲရဲတင်းတင်း ဝကွက်မအပ်ရဲဘူးလေ။ ပိုက်တို့က ဒရိုင်ဘာငှားမှာပါ။ ရပါတယ်"

ကဲ ... ဘာများ ထပ်ပြောနိုင်ဦးမှာတဲ့လဲ။ မိဘလက်ထက်က ကားပေမယ့် ကိုယ့်လုပ်အားဝင်ငွေလေးတွေလည်းတစ်စိတ်တစ်ပိုင်းပါဝင်ကာ ဝယ်ထားရသောကားလေးကို "အဝေးရောက်ဘုံ"ပဲ လုပ်လိုက်ရရုံ။ ပွဲကိစ္စ၊ အိမ်ကိစ္စ၊ ကားကိစ္စ အဆင်ပြေပြီးစီးပြီဆိုတော့ ပြီးပြီမျှား ထင်ကြပါပြီလား။ ခုနတစ်ခါ ဝေရွှကို





တံတောင်နဲ့တွက်ထားသူမှာ ပိုက်ပိုက်ဖြစ်လျှင် ဒီတစ်ခါ ပိုက်ပိုက်ကို လက်တစ်ကုတ်ကုတ်နဲ့ "ပြောစရာကျန်သေးတယ်လေ၊ ငါတို့တိုင်ပင်ထားတဲ့အထဲမှာ"ဟု သတိပေးလိုက်သူမှာ ဝေရွှ ဖြစ်နေပြန်ပါသည်။

"ဪ ... ဟုတ်သားပဲ၊ ကျန်သေးတာပဲ။ ပိုက်တို့လည်းအစ်ကိုတွေ အစ်မတွေ လုပ်တတ်ကြတဲ့ နည်းလမ်းကိုလိုက်ပြီး ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်။ ခုနေခါမှာ ဆိုင်ကလည်း အစဖြစ်နေသေးတာရယ်၊ ပိုက်တို့အနေနဲ့ကလည်းနှစ်ယောက်စလုံး စီးပွားရေးဆိုတာကို ခုမှ စထိတွေ့ဖူးကြတာရယ်နဲ့ဆိုတော့ ဆိုင်က မိသားတစ်စု ကောင်းကောင်းရပ်တည်နိုင်တဲ့ အနေအထားမျိုးအထိ ရောက်မလာသေးတာတော့ အမှန်ပဲ။ ဒါကလည်း အစမို့ပါ၊ နောင်တော့ဒီထက်တိုးတက်လာအောင် ပိုက်တို့လည်း ကြိုးစားနေကြတယ်လေ။ အမြဲတော့လည်း ဒီလိုချည်းပဲ မဖြစ်နိုင်ပါဘူး"

"နင် ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုတာက ဘာလဲ၊ လိုရင်းကိုပဲ ပြောတော့"

အတော်ကြီး စိတ်တိုနေပြီဖြစ်တဲ့ တိုက်တိုင်းကခပ်ဆတ်ဆတ် ဝင်အော်လိုက်ရာ ပိုက်ပိုက်က "အိုးကေ"ဟု လက်ဘစ်ချက် ကာပြလိုက်ရင်း ...

"လောလောဆယ် နေထိုင်ရပ်တည်ဖို့ရယ်၊ ခရီးလေး ဘာလေး ထွက်ဖြစ်ဖို့ရယ်အတွက် ပိုက်တို့လက်ထဲကိုတော့

နှစ်ဖက်လုံးက ပမာဏတစ်ခုခုစီ လုံလုံလောက်လောက် ထည့်ပေးလိုက်မှ အဆင်ပြေလိမ့်မယ်။ ခုနကကိစ္စတွေလို နင်က ဒီတာဝန်ယူရင် ငါက ဒီတာဝန်လို့ ကိုယ့်စိတ်နဲ့ ကိုယ် ခွဲဝေခွဲလိုက်ကြတာမျိုး မလုပ်ပါနဲ့။ နှစ်ဖက်လုံးကပဲ ပေးလိုက်ကြပါ။ ဝေျပဲ ရလာရင် ပိုက်က သူ့ဆီက လက်ဖြန့်တောင်းသုံးဖို့ ဘယ်လိုမှ အဆင်မပြေဘူး၊ ပိုက်ပဲ ရလာရင်လည်း သူ ဂဒီး ဂဒီး လဏ်လာ,လာဖြန့်နေရင် ပိုက်က ခံနိုင်မှာ စိတ်ရှည်တော့မှာ မဟုတ်ဘူးလေ။ ဟုတ်တယ် … ဒါ ရှင်းရှင်းပဲ ပြောထားတာ"

"လောလောဆယ် နေထိုင်ရပ်တည်ဖို့ ဆိုတာကတော့ ဟုတ်ပါပြီ။ ဒါတောင် နင်တို့ကို ရှိတာလေးတွေ ထုခွဲရောင်းချပြီး စီးပွားရေးတစ်ခု အစောကြီးကတည်းက ထူထောင်ပေးပြီးခဲ့သားကို သိတတ်မယ်ဆိုရင် ထပ်တောင်းနေဖို့တောင် မကောင်းဘူး။ ဒါပေမဲ့ ထားပါ၊ နှစ်လ သုံးလလောက် အထိ တာဝန်ဆက်ယူလိုက်ရမယ်ဆိုလည်း ယူလိုက်ပါမယ်"

"ပိုက်တို့က ကိုတိုက်တို့လို လက်ထပ်ပြီးပြီးချင်း ဝင်ငွေ ပုံမှန်တန်းရှိမယ့် လခစားနှစ်ယောက်မှ မဟုတ်တာ။ လက်ထဲ ဘယ်လောက်ရှိမယ်။ လကုန်ရင် ဘယ်လောက်ရလာမယ် ဆိုတာ အသေတွက်ထားနိုင်မှာ မဟုတ်တော့ အဦးအစမှာ အဆင်မပြေနိုင်သေးမှာကတော့ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ဒါ ဘာမှ ရှုံ့ရှုံ့မဲ့မဲ့ကြီး ပြောနေစရာ မလိုပါဘူး"





"အဲဒီလို ဝင်ငွေပုံမှန် တန်းရှိချင်ရင် အစောတည်းက လခစားပဲ ဘာလို့ မလုပ်ခဲ့သေးလဲ။ အဲဒီတုန်းကတော့ ဒီ လခစားအလုပ်ကိုပဲ နင်တို့တွေ ဘာဖြစ်သလေး၊ ညာဖြစ်သလေးဆို။ ပြီးတော့ နင်တို့ရဲ့ စီးပွားရေးကို ငါတို့က ခပ်စောစောကတည်းက ကြိုစပေးထားတာပဲဟာ။ လက်ထပ်,ထပ်ချင်းမှ စထောင်တဲ့ အဦးအစမှ မဟုတ်တာ၊ တကယ်တမ်း လုပ်တတ်မယ်ဆိုရင် ခုလောက်ရှိ ပုံမှန်လည်ပတ်နေနိုင်လောက်ပြီ မဟုတ်လား"

"စီးပွားရေးပညာရှင်တွေမှ မဟုတ်တာ၊ လုပ်သမျှ တန်းအောင်မြင်နိုင်မလား။ ဘာလဲ … မပေးချင်တာလား"

"လောလောဆယ် နေထိုင်ရပ်တည်ဖို့ နှစ်လတန်သည် သုံးလတန်သည်အတွက် ထည့်ပေးလိုက်မယ်လို့ ပြောပြီးပြီ။ ဒါပေမဲ့ ရေရှည်မှာတော့ လုပ်ပါဦး၊ ထောက်ပါဦး ဆိုတာမျိုးကို ကိုယ့်အသိစိတ်တွေနဲ့ပဲ ကိုယ်ဆင်ခြင်စေချင်တယ်၊ ဒါမျိုး အမြဲအားကိုးနေဖို့ စဉ်းစားထားမယ် ဆိုရင်တော့ နင်တို့တွေ မင်းတို့တွေ အိမ်ထောင်တစ်ခုပြုကြဖို့ အချိန်မကျသေးဘူးလို့ပဲ ငါက ယူဆရမှာပဲ"

"သူတို့ အရင်မလုပ်ရလို့"

"ပါးစပ်ပိတ်ထား၊ ကိုယ့်အားကိုယ်မကိုးနိုင်ရင် အိမ်ထောင် မပြုသင့်သေးဘူးဆိုတာ လူကြီးတိုင်းပြောကြမယ့် စကားပဲ။ နင်ပြောနေတာနဲ့ ဘာမှမဆိုင်ဘူး။ ပြီးတော့ ဒီလောက်

စီးပွားရေးတစ်ခု ထူထောင်ပေးဖို့ကိစ္စ၊ အိမ်ကိစ္စ၊ ကားကိစ္စ၊ ပွဲကိစ္စ၊ လောလောလတ်လတ်သုံးဖို့စွဲဖို့အထိပါ ထည့်ပေးလိုက်ရဦးမှာ၊ ခရီးထွက်ဖို့ဆိုတာက ဘယ်ကပါလာရပြန်တာလဲ၊ မပေးနိုင်ဘူး။ ငါတို့ကို ဘီလျံနာတွေလို့ ထင်မနေနဲ့။ အဲဒီတစ်ခုအတွက် လုံးဝထပ်မပေးတော့ဘူး"

တိုက်တိုင်းက အပြတ်ဆိုလိုက်လျှင် ဝေမျှက သူ့အစ်မနဲ့ သူ့အဒေါ်တို့ကို မျက်မှောင်ကုတ်ကြီးနှင့်ကြည့်ကာ "လက်ထပ်ပြီးတဲ့လူတိုင်း ဟန်းနီးမွန်းခရီးဆိုတာကတော့ ထွက်ကြတာပဲမဟုတ်လား"ဟု ခပ်ဆတ်ဆတ် ပြောလိုက်ပါသည်။ ဝတ်ဆံမှာ တိုက်တိုင်းရဲ့ မျှတပြီး လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်ကို မဆန့်ကျင်ချင်တာမို့ ဝေမျှရဲ့စကားကို မသိကျိုးကျွန်ပဲ ပြုံနေလိုက်တော့သည်။

ဒေါ်ဝါဝါကတော့ ဝေမျှရဲ့အကြည့်ကြီးကို ရင်မဆိုင်နိုင်စွာ တလှူပ်လှူပ် တရှုရှုနှင့်ပါ။ အစ်ကိုနဲ့အစ်မက ဘာတာဝန်ညာတာဝန် ခွဲဝေနေကြတော့ "ဟန်းနီးမွန်းခရီးစရိတ်ကတော့ ငါတာဝန်သာထားလိုက်ပေ့"လို့ ဝင်ပြောပေးလိုက်ရရင် ကောင်းမလား။ အကြီးနှစ်ယောက်ကို ထဆန့်ကျင်လိုက်ရာ ကျသွားမှာစိုးလို့ ခုမပြောဘဲ နောက်မှကျိတ်ပေးရင် ကောင်းမလားဟု ဂနာမငြိမ်စွာ ဆုံးဖြတ်မရ ဖြစ်နေပါသည်။

"ဒါဖြင့် ကိုတိုက်တို့အလှည့်ကျရင်လည်း ဟန်းနီးမွန်းမထွက်ဘူးပေါ့။ သေချာသလား"





"ကိုယ့်အလှည့်ကျတော့ တစ်မျိုး၊ ကိုယ့်မောင်ညီမတွေအလှည့်မှာတော့ တစ်မျိုးဆိုရင် ဒီအကြီးတွေက တရားမျှတပါတယ်လို့ ဆိုနိုင်ရဲ့လား။ မိဘတွေက ယုံကြည်လို့စိတ်ချသွားကြတဲ့ အကြီးတွေနေရာကို ပြောနေတာနော်"

လိုက်လည်းလိုက်တဲ့ နှစ်ယောက်ပင်။ တက်ညီလက်ညီကို ရှိကြပါပေသည်။ ဝေမျှကတောင်မှ ပိုပြီး အကွက်ကျကျချိန်နှင်နှက်နိုင်နေသေးသည်။

"ငါ့အလှည့်ကျရင် လုပ်ချင်လုပ်မယ်၊ မလုပ်ချင် မလုပ်ဘူး။ အဲဒါက ငါ့လက်ထဲမှာ ငါရှာထားတဲ့ ငါ့ကိုယ်ပိုင်ဝင်ငွေ ဘယ်လောက်ရှိသလဲ၊ ဘာကိစ္စမှာ ငါ ဘယ်လိုဘယ်လောက် သုံးမလဲဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာပဲ တည်လိမ့်မယ်။ အရာရာမှာ သူက ဒီလိုမို့ ငါကလည်း ဒီလိုပဲ ဖြစ်ရမယ်လို့ လိုက်နှိုင်းယှဉ်လို့တော့ မရနိုင်ဘူး။ လူတွေမှာ တစ်ဦးချင်းစီရဲ့ ဒီပြင်အခြေခံအချက်တွေလည်း အများကြီးရှိသေးတယ်။ မတူနိုင်ကြဘူး"

တစ်ခါမှ အဲဒီလောက် ခပ်မာမာ ခပ်ပြတ်ပြတ်သေချာမဆုံးမ၊ မဆူပူဘူးတဲ့အတွက် တိုက်တိုင်းရဲ့စကားများဟာ ပိုက်ပိုက်ကို အညာကနေ ကိုင်လှုပ်ပြီး ဖွဲ့ခြွခံနေရသလို အံ့မတန် အခံရခက်နေစေပါသည်။ ဘယ်လောက်ပဲ သမာသမတ်ကျအောင် ပြောပြော၊ သူ့ဟာမကြီးရှေ့မှာ ဂုဏ်လုပ်တယ်၊ ပါဝါပြတယ်၊ အရှက်ခွဲတယ်ဟုပဲ ထင်မြင်နေမိသည်။

တိုက်တိုင်းကလည်း အလတ်မရဲ့ခံစားချက် မျက်နှာကို ရိပ်မိပါသည်။ သို့သော် ဒီတစ်ချီလိုမှာမှ ပြတ်ပြတ်သားသား ဖေက်ကိုင်မထားနိုင်လိုက်လျှင် ကိုယ့်အိုးကိုယ့်အိမ် ကိုယ့် မိသားစုနဲ့ ဖြစ်သွားတော့မယ့်၊ ကိုယ်နဲ့ကင်းကွာသွားတော့မယ့် ဒီညီမတစ်ယောက်ကို ခေါင်းကလွှတ်လိုက်တော့တဲ့ မြင်းပမာ ဘယ်လိုများ ပြန်ချုပ်လို့ ရနိုင်ပါတော့မည်နည်း။ အပျိုဘဝထက် ပိုဆိုးသွားဖို့ပဲ ရှိတော့မှာ။ ဒီအစ်ကိုတစ်ယောက်ဟာ တကယ့် တကယ်ကိစ္စတွေ ကျရင်တော့ စည်းစနစ်ကြီးကို အဖျက်ဆီးခံပြီး အလိုမလိုက်တော့ဘူး၊ ခပ်ပြတ်ပြတ်ပဲဆိုတာ သင်းခေါင်းထဲ ထည့်ပေးနိုင်လိုက်မှ ဖြစ်မှာပေါ့။

"လောလောဆယ် သုံးစွဲဖို့ကျတော့လည်း မဖြစ်စလောက် မစို့မပို့ပဲ ပေးလိုက်မယ်၊ နောက်ထပ်လည်း ဘာမှထပ်မရနိုင်တော့ဘူးဆိုရင် ကိုတိုက်က မိဘတွေကျန်ခဲ့တဲ့ အမွေအနှစ်တွေကို တစ်ယောက်တည်း အုပ်စီးပစ်လိုက်ဖို့ပဲ ရည်ရွယ်တဲ့သဘောလား။ ဒါဆိုရင်တော့ ခုကတည်းက တစ်ခါတည်း ရှင်းရှင်းပြတ်ပြတ် အမွေပါခွဲထားပေးလိုက်ရင် ပိုကောင်းမယ်။ ခုတောင် ဒီလောက်ဆိုရင် နောင်သူစိမ်းဖက်လာပြီးရင် ပိုဆိုးနေမှာပေါ့၊ မဖြစ်ဘူး"

"ရတယ်လေ၊ အခုနေနေတဲ့အိမ်ကို ရောင်းလိုက်မယ်။ ကားကိုလည်း ရောင်းလိုက်မယ်။ ပိုက်ဆံငွေကြေးကတော့ ငွေသားအနေနဲ့ ဘာမှမကျန်ခဲ့လို့ ထည့်တွက်လို့ မရနိုင်ဘူး။





မေမေ့အတွင်းပစ္စည်းတွေ ရှိတယ်။ နှင့်ဆိုင်အတွက် ဟိုတလောက သုံးစွဲလိုက်ရတဲ့ ပမာဏလောက်ကို အငယ်မအတွက် ဖယ်ထုတ်လိုက်ပြီးရင် ကျန်တာတွေကိုလည်း အားလုံးရောင်းခွဲ။ ရတယ် ... လုပ်မလား၊ ငါလုပ်ပေးမယ်"

အလတ်မ တွေဝေသွားသည်။ ဒါဆို ခုနေဖို့အိမ်ပါ ပျောက်သွားမှာပေါ့။ ဒါကိုမှ မတွက်မိဘာ။ ကိုယ်က အဲဒီအိမ်ပေါ်မှာနေနေပြီး တခြားဟာတွေကိုပဲ ခွဲရမယ်လို့ စိတ်ထဲ ကမူး ရှူးထိုးတွက်လိုက်မိတာကိုး။ ဘယ်ဖြစ်မလဲ။ မဖြစ်သေးဘူး။ ပြီးရင် ဟိုအငယ်မကလည်း သူ့ကိုကိုကြီးမှ ကိုကိုကြီးဆိုတော့ သူတို့မှာတော့ နှစ်ယောက်ပေါင်းအားနဲ့ ဘာမှအလုံးအရပ် သိပ်မလျော့ချိန်မှာ ကိုယ့်မတော့ ဘုံပျောက်သွားရမယ့်ကိစ္စ။ မဖြစ်သေးပါဘူးလေ။

အလတ်မတစ်ယောက် ဘာမှမပြောတော့ဘဲ ငြိမ်နေတော့ တိုက်တိုင်းကလည်း ဘာမှထပ်အတွန့်မတက်၊ မရှည်လျားနေတော့ပေ။ စိတ်ထဲမှာတော့ ဒါမျိုးတွေအထိပါ ပြောထွက်လာတဲ့ အလတ်မအတွက် ဝတ်ဆံကို မျက်နှာပူကာ ရှက်ရွံ့နေမိသည်။ ကိုယ်ကတော့ ငယ်ကတည်းက သူ့အချိုးကို သိခဲ့သူပီပီ ဒီလောက်ထိ ပြောထွက်လည်း သူ့အကျင့်ပဲဟု သဘောထားနိုင်ပေမယ့် ဝတ်ဆံကတော့ တော်ရတော့မယ့် ယောက်မကို အလန့်ကြီးလန့်နေလောက်ပြီ။ ဒီလိုယောက်မမျိုး တစ်ခါတော်လိုက်ရတာနဲ့ပဲ လုံလောက်ပါပြီ။ နှစ်ခါတော့ ထပ်မတော်ချင်တော့ပါဘူးလို့များ

လား။ ဒါမှမဟုတ် သူ့မောင်အတွက်နဲ့ မတော်
ပြီးရရင် တိုက်တိုင်းအတွက် ထပ်တော်လည်း
ာတော့ပါဘူး။ ဒါ ... ဒါပါပဲလို့ပဲ တွက်ချင်နေ

ာ်ရှိတာ အားလုံးကုန်ပြီဆိုရင် ဝါမဝင်ခင်ပဲ စီစဉ်
ါ"

က်ပိုက်ရဲ့စကားပြောဘင့် ဝေဠုတစ်ယောက် မျက်လုံး
ာက်ရှုလျှင် ဒီတစ်ချက်ကိုတော့ သူတို့နှစ်ယောက်
ဲ့ရသေးတာ သေချာပြီ။ ဝတ်ဆံမှာ ကိုယ့်အပေါ်
ယ့် တစ်ယောက်တည်းရှိတဲ့ မောင်ငယ်လေးကို
ပ်လေးနဲ့ အိမ်ထောင်ရက်သား ချပေးလိုက်ရမယ့်
နမြောပြီး ဝမ်းနည်းသလိုလိုတွေ ဖြစ်နေမိပါ

ှ ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်ဘူးဆိုတာ
သိနေရက်နဲ့ ဖွတ်မတားဘဲ ခေါင်းညိတ်လက်ခံ
ာတ်လိုက်မိတာ အစ်မကြီးကောင်း ပီသပါရဲ့လား။
ယုံကြည်စိတ်ချစွာ မျက်စိမှိတ်သွားကြတဲ့ မိဘ
ာ တာဝန်ကျေတယ်လို့ ပြောနိုင်ပါ့မလား။
ဝေဠုလိုကောင်လေးမျိုးဟာ သူလုပ်ချင်ပြီဆိုတဲ့ ကိစ္စ
ားမရ၊ ဆီးမရ အတင်းအကျပ် ဖွတ်လုပ်မှာပဲ
တ်ပေမယ့် ဒီလို မိန်းကလေးမျိုးနဲ့ဆို တိုက်တိုင်း



ညီမသာ ဖြစ်မနေခဲ့ရင် ဝတ်ဆံက အသေအကျေ မီးကုန်ယမ်း
ကုန်ကို တားမြစ်ကန့်ကွက်မှာလေ။ နောက်ဆုံး မရကာမှမရရော
ဘတွေအပေါ်မှာတော့ "သမီး နောက်ဆုံးအချိန်အထိ ကယ်တင်
တ်ထုတ်ဖို့ ကြိုးစားကြည့်ခဲ့ပါသေးတယ်"ဆိုတာလောက် လိပ်ပြာ
သန့်စွာ ပြောနိုင်ဦးမည်။

ခုဟာကတော့ တိုက်တိုင်းရဲ့ညီမမို့ ဝတ်ဆံက နှုတ်ပိတ်ရှောင်နေမိတာ။ ငါတရားရဲ့လား။ မောင်ငယ်လေးအပေါ် ာ တရားရဲ့လား။ ဒါ့အပြင် တိုက်တိုင်းကသာ "အမြဲအားကိုးနေဖို့ချည်း တွက်မထားကြနဲ့"ဆိုပေမယ့် ဘာကိစ္စ တစ်ခုလေးပဲ အသေးအမွှားလေးပဲဖြစ်ဖြစ်။ ချေးကအစ သေးကအစ ကိုယ့်ဘာဝန်ချည်းပဲ ဖြစ်လာတော့မှာကို ဝတ်ဆံက ခံနိုင်ရည်ရှိမယ်လို့ သင်နေတာလား။

"ခဲအိုနဲ့ ခယ်မနဲ့ ယောက်ဖနဲ့ တစ်အိမ်တည်း မတင့်တယ်ပါဘူး"ဆိုပေမယ့် တိုက်တိုင်းဟာ ဝေဠုကိုပါ ဖွန်ဘပ်ခွန့်ကျွေးနေရဦးမှာစိုးလို့ အနေအထိုင် အပင်ပန်းခံပြီး ဖွတ်ပြောင်းပြေးမှာမျိုးပင်။ တကယ်ပဲ လက်ထပ်ချင်စိတ်၊ အိမ်ထောင်ပြုချင်စိတ် ရှိပြီလား မသေချာတဲ့ ဠုကလေး ... ထမင်းမှဝဝစားရပါ့မလား။

♥ ✉ ♥

"ခင်ဗျားတို့က အတော်နောက်တဲ့လူတွေဗျာ။ မင်္ဂလာဆောင် ဖိတ်စာရတော့ ခင်ဗျားတို့များလားလို့၊ ပြီးမှကြည့်လိုက်တော့ မောင်နဲ့ညီမတဲ့။ ခင်ဗျားတို့ကတော့ ရုံးကလူတွေကို မျက်စိလှည့် တစ်ပတ်ရိုက်နိုင်လိုက်လို့ အတော်ကျေနပ်နေကြမှာပဲ။ တကယ်ဆိုးတဲ့လူတွေ။ ကဲ ... လုပ်ပါဦး။ ဒီတစ်ခါတော့ မလှည့်ကြနဲ့တော့၊ အတိအကျမဟုတ်တောင် ခန့်မှန်းချေပေါ့၊ ခင်ဗျားတို့အလှည့်ကရော ဘယ်တော့လဲ"

ရွယ်တူချင်းမို့ တရင်းတနှီးပင် နေတတ်လေ့ရှိသော ဘော့စ်ရဲ့တဟီးဟီး တဟားဟား အမေးမှာ နှစ်ယောက်စလုံး ကြက်ကြီးတွေ လည်လိမ်ထားသလို စောင်းငိုင်ငိုင်ကြီးတွေ ဖြစ်နေကြပါသည်။ "တိုက်တိုင်းနဲ့ ဝတ်ဆံ"ဆိုတဲ့ အတွဲအဖက် ဆက်စပ်မှုဟာ သူတို့ဘက်က ကြေညာလျှောက်ပြောထားတာလည်း မဟုတ်။ အနေအထိုင်တွေလည်း ပိပိရိရိနဲ့ ဆင်ခြင်နေထိုင်ကြပါရက် ဘော့စ်ကိုယ်တိုင်သိနေတဲ့အထိပင် သတင်းပျံ့ကျော်စောနေတော့တာကိုး။ ပြီးကျတော့ နှစ်ဖက်အမျိုးတွေ အားလုံးနဲ့တစ်ပုံစံတည်း သတင်းမှား။

"ပြောကြလေဗျာ"

"အဲဒီလိုမျိုး အစီအစဉ်မရှိပါဘူး"





တိုက်တိုင်းဘက်က ထငြင်းနေရရင် မကောင်းတတ်လို့ ငြိမ်နေရတာပဲ ဖြစ်မည်ဖြစ်ရာ ဝတ်ဆံကပဲ မြန်မြန်အဖြေပေးလိုက်ရပါသည်။

"ဘာမရှိဘူးလဲဗျ၊ မရှိသေးဘူးလုပ်ပါ။ ဟုတ်တော့လည်း ဟုတ်တယ်ဗျ။ မြန်မာတွေမှာ အယူတွေ၊ ထုံးစံတွေ၊ အလေ့တွေ ရှုပ်နေတာပဲနော်။ တစ်နှစ်တည်း နှစ်မင်္ဂလာမလုပ်ရဘူးဆိုလား။ အဲ ... အဲဒီလို မဟုတ်လားဗျ။ ဓမ္မနေ့မင်္ဂလာပွဲတစ်ခုလောက် ထလုပ်လိုက်ကြလေဗျာ။ နှစ်မင်္ဂလာသာမရတာ၊ သုံးမင်္ဂလာဖြစ်သွားရင်တော့ ပြန်ရမြန်ရောတဲ့။ ဟား ဟား ဟား"

တိုက်တိုင်းက ခပ်ဝေးဝေးသို့ မျက်နှာလွှဲထားသည့် ဝတ်ဆံကို ကာယကံရှင်ရော၊ ဘော့စ်ပါမရိပ်မိအောင် မသိမသာလေး ချောင်းငေးနေမိသည်။ အတော်ကြီး အလုပ်ရှုပ် ပင်ပန်းသွားလို့ထင်ပါရဲ့။ ဝတ်ဆံလေး ပိန်ကျသွားလိုက်တာ။ နဂိုတည်းက သွယ်လျလျ ပါးပါးကလေးဟာ ခုဆို လှပ်လှပ်ပဲ ကျန်တယ်ဟု ပြောလို့ရနေသည်။ ပင်ပန်းလို့မှ ဟုတ်ရဲ့လား။ စိတ်ဆင်းရဲရတာတွေကြောင့်လည်း ပါမည်ထင်ပါရဲ့။ သူ့မောင်၊ ကိုယ့်ညီမ ပေးလိုက်ကြတဲ့ ဒုက္ခတွေလေ။ မင်္ဂလာပွဲလည်းပြီးရော အုပ်ထိန်းသူ အစ်ကို၊ အစ်မတို့မှာ မသေရုံတမယ်ပဲကျန်တယ် ပြောပါတော့။ တိုက်တိုင်းက ယောကျ်ားသားမို့ စိတ်ဓာတ်ရောလူပါ ဝတ်ဆံထက် ပိုကြံ့ခိုင်လို့ တော်သေးတာပေါ့။ ဝတ်ဆံခမျာတော့ တကယ့်ကို ပါးလုပ်ပိန်ညှောင်ချိနဲ့လို့။ အားနာလိုက်တာ။

"အကောင်းမေးနေတာဗျ။ ကျွန်တော့်မှာ အစီအစဉ်တစ်ခု ရှိနေတယ်၊ Garment နဲ့ပတ်သက်တဲ့ ဒီပလိုမာ Training တစ်ခုလွှတ်ဖို့ ရှိနေတယ်။ ဟိုဘက်က သင့်လျော်မယ့်လူ တစ်ယောက် လွှတ်ပေးပါလို့ ဖိတ်လာတာဗျ။ ကျွန်တော် က ခင်ဗျားတို့နှစ်ယောက်ကိုပဲ ပြေးမြင်တယ်လေ။ သူများ တွေကိုပါ လျှောက်စဉ်းစားပေးနေရရင် အငြင်းပွားတာ တွေ၊ အပြိုင်ဖြစ်တာတွေ၊ အင်တာဗျူးထိုင်စစ်ဆေး ... ဟာ ... အများကြီး ရှုပ်လာဦးမယ် ...

ဒီတော့ ခင်ဗျားတို့နှစ်ယောက်ထဲက တစ်ယောက် ကိုယ့်ဘာသာပဲ ညှိပြီးဆုံးဖြတ်လိုက်ကြပေါ့။ Training ဆိုပေမယ့် ဒီပလိုမာလည်း ပေးမှာဆိုတော့ လနဲ့ချီပြီးတော့ ကြာမှာ။ ခင်ဗျားတို့ လက်ထပ်ဖို့ကိစ္စနဲ့လည်း ရက်သွားငြိ နေမှာ ကျွန်တော်က စိုးတယ်။ ဟိုမှာကတော့ သင်တန်းက တစ်သုတ်ပြီးတစ်သုတ် ရှိနေမှာဆိုတော့ ဘယ် Batch ကိုမီမီ လွှတ်လို့ရတာမျိုးလည်း ရှိတယ်လေ။ ကျွန်တော်က ခင်ဗျားတို့လက်ထပ်ပွဲပြီးမှ လွှတ်တော့မယ်လို့ပဲ ဆုံးဖြတ် လိုက်တော့တယ် ...

ဘယ်သူဆို ပိုအဆင်ပြေမလဲ၊ ခင်ဗျားတို့ချင်းက ပိုသိပါတယ်။ တချို့ကျတော့လည်း မင်္ဂလာဦးကာလတွေ မှာ သွားချင်းသွား ယောကျ်ားကထွက်သွားတာပဲ အဆင် ပြေမယ်လို့ ထင်ကြပေမယ့် တချို့ကျတော့လည်း ယောကျ်ား





လေးဆိုတာ နောက်ပိုင်း ဘယ်ချိန်မဆို အခွင့်အရေးထပ် ပေါ်လာလည်း အဆင်ပြေတယ်။ မိန်းကလေးကျတော့ အိမ်ထောင်မှုနဲ့ ကလေးကိစ္စနဲ့ဆိုရင် နောင်မှဆို ဘယ်လိုမှ ထွက်ဖြစ်မှာ မဟုတ်တော့ဘူးဆိုတော့ ခုအရင်ပဲ သွားထား လိုက်မယ်လို့ တွက်တာမျိုး ရှိမယ်လေ ...

ဆုံးဖြတ်လိုက်ကြပါ။ ချက်ချင်းပြန်ပြောပြီး စီစဉ်ကြ ဖို့တော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ လက်ထပ်ဖြစ်မယ့် ရက်ကော၊ ဘယ်သူထွက်လိုက်မလဲ ဆိုတာပါ ကျွန်တော့် ကို တိတိကျကျလေးတော့ ပြန်ပြောပေးကြပါ။ ဟုတ်ပြီလား၊ နင်သွားမယ် ငါသွားမယ် ရန်တော့ထမဖြစ်ကြလောက်ဘူး မဟုတ်လား ... ဟား ဟား ဟား ဟား"

ဘော့စ်က ရယ်ရယ်မောမောနှင့် ထွက်ခွာသွားလျှင် ဆင်းငိုင်ငေါင်ငူနေသော ဝတ်ဆံမှာ ရုတ်တရက် အသက်သွင်းခံလိုက် ရတဲ့ စက်ရုပ်လို လှုပ်လှုပ်ရှားရှား လျင်လျင်မြန်မြန်ဖြင့် ...

"တိုက်တိုင်းပဲ သွားလိုက်ပေါ့။ နောက် Batch တွေအထိ လွှဲဖို့မလိုပါဘူး၊ ခုလွှတ် ခုသွားနိုင်တယ်လို့ ဒီနေ့ပဲ အကြောင်းပြန်ပေးလိုက်လေ"

"ဟင့်အင်း ... ကျွန်တော်က ဝတ်ဆံပဲသွားမှ အဆင်ပြေ မယ်လို့ ပြောမလို့"

"ကျွန်မက ခရီးထွက်ရမှာလည်း ဝါသနာမပါဘူး။ ပြီးတော့ ဘော့စ်ကသာ ထည့်မပြောသွားတာ၊ သွားရမယ့်နိုင်ငံက

ဂျပန်ပဲ ဖြစ်လိမ့်မယ်။ ကျွန်မအတွက်ဆို ဘာသာစကား လည်း အခက်အခဲ ရှိနေမှာ၊ တိုက်တိုင်းက ဂျပန်လိုလည်း အနည်းအကျဉ်း ရနေတယ်ဆိုတော့ ပိုအဆင်ပြေတယ်"

"ဒါပေမဲ့ ခုမှ အိမ်သစ် နေရာသစ်မှာ ကိုယ့်တောင် သိပ် အခြေမကျလှသေးတဲ့ ဝတ်ဆံရယ်။ အငယ်မက ပိုဆိုးနေ တာပေါ့။ သူ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ဖို့လည်း အဆင်မပြေဘူး"

"ဟိုနှစ်ယောက်ရဲ့အိမ်ကိုလည်း မပို့ပစ်ခဲ့ချင်ဘူး" ဆိုတာကတော့ ထည့်ပြောနေစရာတောင်မလိုတဲ့ စကားမျိုးပေါ့။ တိုက်တိုင်းနဲ့ သိုက်သိုက်တို့ အိမ်ပြောင်းကြမယ့်နေ့က ဝတ်ဆံက ဆွေရယ်မျိုးရယ်ဆိုတဲ့ သဘောနဲ့ ထုပ်ပိုးပြောင်းရွှေ့မှုတွေကို သွားကူပေးခဲ့ပါသည်။ "ဟိုပစ္စည်းလည်း ယူမသွားရ၊ ဒီပစ္စည်းလည်း ထားခဲ့"နဲ့ ယုတ်စွအဆုံး မောင်နှမသုံးဦးလုံးပိုင်တဲ့ပစ္စည်း၊ ညီအစ်မ နှစ်ယောက် စပ်တူသုံးနေရတဲ့ ပစ္စည်းတွေဆိုမပြောနဲ့ သိုက်သိုက် တစ်ဦးတည်းနဲ့သာ သက်ဆိုင်နေတဲ့ စာကြည့်စားပွဲတို့၊ မီးအိမ်တို့ ကအစ အလတ်မက လိုက်ငြိုငြင်နေတာကို တွေ့ရသည်။

ကိုယ့်မောင်ကလည်း တစ်မျိုး။ အလတ်မလို မောင်း ပဲနစ္စဲ၊ မကျေမနပ် မောဟမော၊ စားမနှံ့ပုတ်နှင့်နေတဲ့ ပုံမျိုးတော့မဟုတ်ပေ မယ့် ခင်သလို မင်သလိုနဲ့ ...

"ယောက်ဖကြီး ဒါလေးတော့ ထားခဲ့ပါလား၊ ကျွန်တော် ကြိုက်လို့"





ဝတ်ဆံမှာ ကိုယ့်မောင်ကိုယ် ကျိတ်သတိပေးနေတာ ...ပင် မဟုတ်တော့ဘဲ ပေါ်တင်ပဲထုရိုက်ကာ ဟန့်ရပါသည်။ ...ပြီးသတ်ကျတော့ ပြောင်းရွှေ့ရမယ့်လူတွေမှာ တစ်ကိုယ်ရည် ...ပစ္စည်းပစ္စယ်များနဲ့ အကျီအဝတ်အစားတွေကလွဲရင် ဘာမှပင် ...သေချာမပါ။ ဝတ်ဆံမှာ ကိုယ်ပဲအပြစ်ရှိသလိုလိုနဲ့ အဲဒီအဖြစ် ...ပျက်ကြီးမှာ ကိုယ်ပဲ မျက်နှာတွေပူလို့နေရသည်။

အဲဒီတော့ အိမ်တစ်လုံးမှာ တစ်ယောက်တည်းကျန် ...နေခဲ့ဖို့မဖြစ်တဲ့ အငယ်မ မီးမီးဟာ အဲဒီလို အစ်မနဲ့ အဲဒီလိုခဲအို ...ရဲ့အိမ်မှာလည်း ဘယ်နည်းနဲ့မှ လေး,ငါး,ခြောက်လ အဆင် ...ပြေနေခဲ့နိုင်မှာ မဟုတ်ပါ။ ဖြစ်များဖြစ်နိုင်ရင် ဝတ်ဆံဟာ ... "အဲဒီသင်တန်းကာလအတွင်း မီးမီးကို ကျွန်မတို့အိမ် ပို့ခဲ့လေ။ ...လေးအဆင်ပြေအောင် စီစဉ်ပေးနိုင်ပါတယ်"လို့ ကမ်းလှမ်းလိုက် ...င်တာပါ။ ကလေးက "ကိုကိုကြီးလက်ထပ်ပြီးရင် မီးမီးက ...သည်သူစိမ်းကြီးနှစ်ယောက်အိမ် လိုက်နေရမှာ အဆင်ပြေပါ့မ ...ား"လို့ ပြောထားဖူးတာကိုလည်း မေ့မယူပါ။ နားလည်ပေးနိုင် ...သည်။ မီးမီးဟာ ဝတ်ဆံအတွက် အဆင်ပြေပြေပေါင်းလို့သင်း ...ရမယ့် ကလေးမမျိုးလေးပဲ ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ်ရော၊ ...ကလေးကိုပါ ယုံကြည်သည်။

ဒါပေမဲ့ ဘာမှမဆိုင်ဘူးလေ၊ မပတ်သက်ဘူး။ ...ဒီလိုကမ်းလှမ်းခွင့် ရှိရအောင် ဒီနှစ်ယောက်ကြားထဲက ပတ် ...က်မှုက ဘာမို့လဲကွယ်။

"အင်းပေါ့လေ ... အဲဒီလိုဆိုတော့လည်း တိုက်တိုင်းမှာက အဆင်ဘယ်လိုမှ မပြေနိုင်တာမျိုးကြီးနဲ့ဆိုတော့ ဟုတ်တာ ပေါ့။ ထားခဲ့လို့က ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီး ဖြစ် နေတာကိုး"

"ခေါ်သွားလို့ကလည်း မဖြစ်နိုင်ဘူးလေ"

တိုက်တိုင်းက ကိုယ့်အတွက် စိတ်မကောင်းဖြစ်နေ နေပုံပေါက်နေတဲ့ ဝတ်ဆံကို ခပ်နောက်နောက်ကလေး ပြောလိုက် ပါသည်။ ဝတ်ဆံက တိုက်တိုင်းရဲ့စကားကြောင့် တိုက်တိုင်းကို ခပ်အေးအေးလေးပြုံးကာ ကြည့်လာသည်။

"ငါ့ဘာလုပ်လုပ် နင့်အတွက် အမြဲထည့်တွက် စဉ်းစား မယ်လို့ ကလေးကို ကတိပေးထားတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သူ့အတွက် စဉ်းစားတယ်ဆိုလည်း တစ်ဖက် တည်းတော့ တစ်ယူသန်ဦးထည်မိမနေစေနဲ့ပေါ့၊ ကျန်တဲ့ ဘက်တွေမှာလည်း အဆင်ပြေနိုင်မယ့် နည်းလမ်းတွေရှိနေ နိုင်တယ်ဆိုတာလေးပါ သိထားရင် ပိုကောင်းတာပေါ့လေ။ ဥပမာ ... ဒီကိစ္စမှာတော့ မီးမီးကိုပါ ဂျပန်ကို အပါခေါ် သွားလို့ မရနိုင်ပေမယ့် တချို့ကိစ္စမျိုးတွေကျတော့ ကိုယ် သွားလေရာ မီးမီးကိုထည့်ခေါ်၊ အပါခေါ်သွားလို့ ရနိုင် တာမျိုးတွေလည်း ရှိကိုရှိမှာပါ"

သွက်သွက်လက်လက်နဲ့ သူများတကာကို အရိပ် အကဲသိ၊ ထွင်းဖောက်မြင်ကြည့်နိုင်ဖို့ နေရာတွေမှာတော့ အတော်





ကြီးညံ့ရော်နေတတ်မြဲ တိုက်တိုင်းဟာ ဝတ်ဆံရဲ့စကားအဓိပ္ပာယ် ... ဘာကိုဦးတည်လိုက်တာလဲ ဆိုတာကို အတိအကျ မရိပ်မိ ...က်နိုင်ပါ။ (ပြောရရင်တော့ ညံ့တယ်၊ အ,တယ်ပဲ ပြောပါတော့) ...မင်ရာ ခင်မင်ကြောင်း မိတ်ဆွေအချင်းချင်း အကြံဉာဏ်ပေး ...ယ်၊ အားပေးတယ်ဆိုတာမျိုးလောက်ပဲ ထင်မြင်နေသည်။

တကယ်ကတော့ နဂိုနေနဲ့တောင် နှုတ်ပိတ်သွေးအေး ...နေတတ်တဲ့ တိုက်တိုင်းတစ်ယောက် "မီးမီးအတွက်"လို့ချည်း ...စ်ယူသန်တွေးပြီး တခြားဘာကိုမှ ခေါင်းထဲထည့်မစဉ်းစားမိ ...တော့မှာကို ဝတ်ဆံက ကြောက်လွန်းလို့ပါ။ ကိုယ့်အိမ်ကလည်း ...င်းလာရပြီဖြစ်တဲ့ မီးမီးက သူတစ်ပါးရဲ့အိမ်ကိုလည်း မလိုက် ...င်ပါဘူးဆိုရင် တိုက်တိုင်းဟာ ဒီညီမငယ်အတွက် သူ့ရဲ့ဦးတည် ...နဲ့ လိုအင်ဆန္ဒတစ်ခုကို ဦးစားမပေးတော့ဘဲ ပယ်ဖျက်လိုက် ... စိုးလွန်းလို့ပါ။ ဘွာပြန်ခတ်နေဖို့တောင် မလိုပါဘူးလေ။ ...လိုပဲ ပိတ်ပိတ်ကြီး တစ်သက်လုံး ဆက်နေနေလိုက်ရုံနဲ့ ဝတ်ဆံ ...ို့ရဲ့ဇာတ်မျောကြီးက ရှေ့ဆက်တိုးလာနိုင်ဖို့ ရှိတော့မှာမှ မဟုတ် ...ာ။

"ရှင် ဂျပန်သွားနေတုန်းခဏ အစမ်းသဘောမျိုးနဲ့ ထား ရစ်ခဲ့ကြည့်ပြီး အဆင်ပြေတယ်ဆိုရင် ရှေ့ဆက်တိုးကြစို့"

ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတစ်ယောက်အတွက် အဲဒီလိုကြီး ခပ်ရဲရဲနဲ့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောဝံ့၊ ဖွင့်ပြောခွင့်ရှိ ...င်လည်း အကောင်းသားလေ။ ရှင်းရှင်းကြီး ပြောထည့်လိုက်ခွင့်

မရှိတဲ့ဘဝမှာ ကိုယ်က ဒီလောက် အဓိပ္ပာယ်ပါပါလေး ပြောနေပ ရက် တမင်ဘဲ မသိချင်ယောင်ဆောင်နေတာလား (ဒါဆိုရင်တော့ စိုးရိမ်ရသည်။ အန္တရာယ်ရှိသည်။ ပြီးကျတော့ မုန်းစရာကောင်း ထိုက်ပြီ) ဒါမှမဟုတ် တကယ်ပဲ လူအ,ကြီးမို့လို့ အဓိပ္ပာယ် ပေါက် မရိပ်မိနိုင်ရတာလား။ (အဲဒီလိုဆိုရင်လည်း မုန်းစရာ တော့ ဘယ်လိုနည်းနဲ့မဆို ကောင်းနေတော့တာပဲ။)

"ဝတ်ဆံပဲ သွားလိုက်တော့နော်။ အဲဒါက ပိုအဆင်ပြေ လို့ပါ။ ဘာသာစကားကတော့ ဒီလိုပဲ ပြောရင်းဆိုရင်း ရသွားမှာပါ။ အင်္ဂလိပ်လိုပြောလို့မရရင်လည်း လက်ဟန် ခြေဟန်ပေါ့"

"ဘော့စ်ကို ဘယ်လိုသွားပြောရမှာလဲ"

"ကျွန်မသွားတာက ပိုအဆင်ပြေပါလိမ့်မယ်လို့ပဲ ပြောလိုက် ပေါ့၊ ကျွန်တော်လည်း ညီမနဲ့မို့ အဆင်မပြေနိုင်တာကို ပြောလိုက်ပါ့မယ်"

"အာ ... အဲဒါဆိုရင်တော့ ကျွန်မသွားမယ်ဆိုတာရော ရှင်မသွားဘူးဆိုတာရော ရှင်ပဲပြောလိုက်တော့"

"ဘာလို့လဲ။ တကယ်သွားဖြစ်မယ့် ကာယကံရှင်ကလည်း သေချာအောင်တော့ သွားပြောဦးမှပေါ့"

"ကျွတ် ... ရှင်က သိပ်ခက်တာပဲ။ ဘော့စ်က ဒီတိုင်းငြိမ် နေမယ်များ ထင်နေလား။ ရှင်မသွားဖြစ်တာက ညီမကြောင့် ဆိုရင် အဲဒီညီမက ကျွန်မနဲ့နေခဲ့လို့ မရလို့လားတွေ ဘာ





တွေ ရှင့်ကိုမပြောဘူး၊ မလုပ်ဘူးလို့ ပြောနိုင်လား။ ကျွန်မကိုကော ခုပဲသွားမယ်ဆိုရင် ပွဲမတိုင်ခင်တော့ ကြို မသွားပါနဲ့၊ ပွဲပြီးမှပဲ သွားပါတွေ ဘာတွေ လုပ်ကိုလုပ်မှာ။ ပွဲပြီးမှသွားလို့ တစ်ခွန်းတည်း အမိန့်ချလိုက်ရင် ကျွန်မ က ဘယ်တော့မှ သွားရတော့မှာလဲ။ အဲဒါတွေကြောင့် ဘော့စ်ကို ကျွန်မတော့ ရင်ဆိုင်ပြီး မပြောချင်ဘူး။ ရှင်ပဲ အကုန်ရှင်းပြလိုက်။ ပြီးရင်ရအောင်ပြော ယုံအောင်ပြော"

"အဲ ..."

ကဲ ... ဒီတစ်ခါက်တော့ ဝေ့လည်ကြောင်ပတ်လေး တွေ၊ အဓိပ္ပာယ်တွေ၊ အထာတွေနဲ့ ပြောနေတာ မဟုတ်တော့ဘူး လေ။ ကိုယ်လည်း ဣန္ဒြေမပျက်စေရမယ့် နည်းလမ်းနဲ့ တည့်တည့် ကြီးကို တိတိလင်းလင်း ပြောချပစ်လိုက်တာပဲ။ ရှင် ... ဟိုတစ်ခါ ကလို ရှင့်အဒေါ်ရဲ့သွေးထိုးလှုံ့ဆော်မှုကို ခံလာရတုန်းကလို ရဲရဲ ဝံ့ဝံ့ကြီး ရတ်တရက် ပြောချပစ်လိုက်ချင်သေးတယ်ဆိုရင် အခု ပြောလို့ရပြီလေ။ အကွက်ဝင်ပြီလေ။ "ဒီလိုဆိုရင်တော့ဗျာ ဘော့စ် ပြောသလိုပဲ တကယ်လုပ်လိုက်ခွင့်ရော မရှိဘူးလား။ အဲဒီကိစ္စ ပြီးမှပဲ နိုင်ငံခြားသင်တန်းကိစ္စကို ဆက်စဉ်းစားကြလို့ မရနိုင်ဘူး လား"လို့ ပြောလိုက်လေ။ ကဲ ... ပြောရမယ့်စကားကိုတောင် ဒိတ်ကူးနဲ့ စာစီပေးပြီးပြီကွယ်။ ပြောတော့။

ရှင် မပြောဘူး မဟုတ်လား။ ရှင့်ခေါင်းထဲမှာ အိမ် ပြောင်းထားရလို့ အားငယ်စိတ်ညစ်နေတဲ့ ညီမနဲ့၊ သူ့အိပျင်းထူမှု

နဲ့သူ ဗိုက်ပေါင်းလောင်းနဲ့ အိမ်လည်း လောက်တက်နေနိုင်တဲ့ ညီမ။ ဒီနှစ်ယောက်ပဲ ရှိတော့တယ်။

ရှင့်အဒေါ်ရဲ့ရိုက်ချက်က တိုက်ရိုက်မဟုတ်ပေမယ့် သွားထိမှန်တာက တစ်နေရာ၊ ပြန်လွင့်စဉ်လာတာကို ခံရတာက တစ်ယောက်။ Ricochet (ထိမှန်ပြီးမှ ပြန်လွင့်စဉ်သည်။ ထောက်ပြန်သည်)အကွက်ကလေးနဲ့ တော်တော်ထိရောက်ပြင်းထန်တာပေါ့နော်။ ပိုက်ပိုက်ကို တိုက်တိုက်တွန်းတွန်းလေး လုပ်လိုက်ရုံနဲ့ ဒီလိုမျိုးတွေ ဆက်တိုက်ဆက်ဖြစ်လာခဲ့တော့တာဆိုတော့ "ငါ့တူက ငါပြောရင်တစ်ခွန်း"၊ ဆိုတာကတော့ မဟုတ်ဘူးပဲထား။ ဒေါ်ဝါဝါ့တူမကတော့ ထိကိုထိပြီ။

• "နင့်တူမကိုလည်း နင့်လိုပဲ အပျိုကြီးဖြစ်စေရအောင် ငါလုပ်ပြမယ်"ဆိုတာ ဒီလို Ricochet တိုက်ကွက်လေးကိုပဲ ဆိုလိုတာ ထင်ပါရဲ့။ ခုလောလောဆယ် အခြေအနေမှာတောင်မှ ရှင့်ရဲ့ကမူးရှူးထိုး၊ ရုတ်တရက် စကားမျိုးက နောက်တစ်ကြိမ်ပေါ်မလာနိုင်ဘူးဆိုရင် ဘယ်ချိန်လောက်မှာများ ထပ်ပေါ်နိုင်တော့မယ်လို့ ထင်လဲဟင်။ သွေးအေးအေး ခေါင်းအေးအေးနဲ့ပဲ ထိုင်စဉ်းစားနေတော့မယ်ဆိုရင် ရှေ့ဇာနှစ်ယောက် ပေါက်ကရဖြစ်ကြလုပ်ကြတော့မယ့်ပုံနဲ့၊ နောက်ကနှစ်ယောက်က ဆက်လက်ဇာတ်လမ်းဖြစ်၊ ပေါင်းဖက်ကြရဦးမယ်လို့ ပြောမှပြောနိုင်ပါတော့မလား။

♥ ✉ ♥





## အခန်း(၅)

ကားဂိုဒေါင်ထဲကို ကားမောင်းဝင်၊ ဂိုဒေါင်တံခါးကို အထဲကနေပဲ ပိတ်လိုက်ပြီးတဲ့အခါ ဂိုဒေါင်နဲ့အိမ်မကြီးနဲ့ဆက်ထားတဲ့ မလွှယ်ပေါက်ကနေပဲ အိမ်ထဲသို့လှမ်းဝင်ဖို့ ခြေလှမ်းပြင်လိုက်တဲ့ ဝတ်ဆံက တစ်စုံတစ်ရာကြောင့် ခြေလှမ်းတုံ့သွားခဲ့ရပါသည်။ ခြံထဲမှာလူ။ တိတိကျကျပြောရရင် ဂိတ်တံခါးပေါက်နဲ့ကပ်ရပ်က ပိတောက်ပင်အောက်မှ ဒန်းကလေးပေါ်မှာ လူတစ်ယောက်။

နဂိုကတည်းက ဝေဠုကို ယောကျ်ားသားလေးတစ်ယောက်လို ဘယ်လိုမှ အားကိုးအားထားအဖြစ် ထည့်စဉ်းစားထားလို့မရနိုင်တဲ့ ဝတ်ဆံတို့အိမ်ဟာ ဂိုဒေါင်တံခါးဆိုလည်း အပြင်ပိတ်မဟုတ်ဘဲ အထဲပိတ်။ ခြံတံခါးဆိုလည်း ဂိုဒေါင်ထဲကနေ ခလုတ်နဲ့ လှမ်းပိတ်ရတဲ့ Hydraulic (စက်နှင့်ရွေ့လျားစေသော) ဂိတ်တံခါးမျိုးကိုပဲ တတ်ဆင်ထားခဲ့တာပါ။ ခုလို မသင်္ကာစရာတစ်ခုခုတွေ့ရင် ကိုယ့်အိမ်ထဲကနေပဲ တံခါးအားလုံးကို ပိတ်ထား

လိုက်နိုင်တာမို့ အပြင်ကသူစိမ်းအတွက်လည်း ရုတ်တရက်မလွယ်စေ။ ကိုယ်တွေအတွက်လည်း ပိုမိုလုံခြုံစေ။

ခုတော့ဖြင့် ဝတ်ဆံဟာ ဒန်းပေါ်က လူရိပ်ကို မှန်းနိုင်လိုက်ချိန်မှာ အထဲကနေ ပိတ်ထားပြီးသား ဂိုဒေါင်တံခါးကိုပဲ ပြန်ဆွဲဖွင့်လိုက်ရကာ ခြံထဲသို့ ဆင်းလာခဲ့ရပါပြီ။ ညဘက် ခြံထဲ မီးထွန်းမထားရသေးတာရယ်၊ ပိတောက်ပင်ရဲ့အရိပ်အာဝါသရယ်ကြောင့် မှောင်အုံ့နေတဲ့ ဒါန်းပေါ်မြင်ကွင်းဟာ ဝတ်ဆံရဲ့မေတ္တာနဲ့ နှလုံးသားကိုတော့ ကွယ်အုပ်မထားနိုင်ပါဘူး။ ဘာမှအမြင်မရှင်းစရာလည်း မရှိပါ။ ဒန်းပေါ်လူဟာ ဝေမျှပါပဲ။

"မျှ"

ဒန်းနားမရောက်ခင်တည်းက လှမ်းအော်ခေါ်လိုက်တော့ ဝေမျှဆီက "မမ ပြန်လာတာ နောက်ကျလှချေလား။ ရုံးမှာ ဘယ်ချိန်ထိ အိုဗာတိုင်ဆက်ဆင်းပေးနေရလို့လဲ"ဟု ပြန်မေးလိုက်သံ ခပ်တိုးတိုးကို ကြားရသည်။

"အိုဗာတိုင်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါခရီးသွားစရာတစ်ခုရှိတယ်လေ။ ဂျပန်ကို လေးငါးလလောက် ကြာမှာဆိုတော့ အဲဒီအတွက် စီစဉ်စရာရှိတာတွေရယ်။ ရုံးက ငါနဲ့ဆိုင်တဲ့ အလုပ်တွေကို ငါမသွားခင် ဖြတ်ပေးခဲ့ချင်တာရယ်။ ပြီးတော့ စက်မှုဇုံက စက်ရုံထဲလည်း သွား,သွားကြည့်ပေးနေရသေးတာဆိုတော့ ခုတလော ငါ ဒီအချိန်လောက်မှပဲ အမြဲအိမ်ပြန်နိုင်တယ်"





"ဂျပန်သွားရမယ် ... ဟုတ်လား"

ဝတ်ဆံက ဝေမျှရဲ့နံဘေးက လွတ်နေတဲ့ ဒန်းပေါ်တစ်နေရာကို ဝင်ထိုင်လိုက်ရင်း "နင်ကကော ဒီအချိန်ကြီး ဒီကို ဘာလာလုပ်တာလဲ။ ပိုက်ပိုက်ကော မပါဘူးလား"ဟု မေးလိုက်ပါသည်။ မေးသာမေးလိုက်ရ ပိုက်ပိုက်ပါမလာတာ ကိုယ့်အတွက် ပိုစိတ်ချမ်းသာစရာ ကောင်းနေလိမ့်မည်ဆိုတာ ကိုယ့်စိတ်ထဲက ကိုယ့်ဘာသာပဲ သိနေပါသည်။

အိမ်ထောင်ကျပြီး အိမ်ခွဲသွားခဲ့တဲ့ မောင်ကလေးက ကိုယ့်အိမ်ကိုယ့်ယာကို ပြန်လာလည်တယ်ဆိုတာကို ကြည်နူးစိတ်နဲ့ ဝမ်းသာရပါသည်။ ယောက်ဓီတော် ပါမလာတဲ့အတွက် ပိုဝမ်းသာရတယ်ဆိုတာ သိပ်တော့မကောင်းပေမယ့် အဲဒါလည်း အဖြစ်မှန်ပဲမို့ မဖုံးကွယ်နိုင်ပါ။ ဒါပေမဲ့ ဒီအချိန်အခါကြီးက ဘယ်လိုကြီးလဲ။ ပြီးကျတော့ ဝေမျှရဲ့မျက်နှာထားကရော ဘယ်လိုမျိုးလဲ။ တစ်မျိုးပဲ။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဘာလို့လဲ"

"မျက်နှာက နွမ်းသလားလို့။ ဆိုင်မှာပင်ပန်းလို့လား။ လာလေ ... ဒီမှာ ခြင်ကိုက်ပါတယ်၊ အိမ်ထဲပဲ ဝင်လိုက်ရအောင်။ အိမ်ထဲမှာ အန်တီလေးရှိနေရက်နဲ့ နင်က အထဲတော့ မဝင်ဘဲ ရောက်ကတည်းက ဒီမှာပဲ ထိုင်နေရသလား၊ ဘယ်ကောင်းမလဲ။ ဟိုကဖြင့် နင့်ကို တဖွဖွ တသသ ဖြစ်နေတာ"

ဝေဠု ရောက်နေတာ အန်တီလေးသာ သိလို့ကတော့ ဒီလိုမှောင်မည်းကြီးထဲမှာ တစ်ယောက်တည်း ငုတ်တုတ်ဘယ် အဖြစ်ခံထားပါ့မလဲ ဆိုတာကို အတပ်သိစွာ ဝတ်ဆံက ဆိုလိုက်ပါသည်။ ဟီးနေသော ထမင်းဝိုင်းမျိုးနဲ့ တည်ခင်းနေပြီး၊ ထမင်းစားနေတဲ့လူရဲ့ အင်္ကျီစဖြစ်ဖြစ်၊ လက်မောင်းတစ်ဖက်လောက်ကို ပဲဖြစ်ဖြစ် ထိကိုင်ထားမှာ သေချာတဲ့ အန်တီလေးဟာ သူ့ကိုလာဝင်မတွေ့ဘဲ ဒန်းပေါ်မှာ မှောင်မည်းကြီးထဲမှာပဲ တစ်ယောက်တည်း လာထိုင်နေတာကိုသာသိရင် ဝုန်းခနဲတောင် လဲသေသွားနိုင်သည်။

"မမကား မတွေ့သေးလို့ မမ ပြန်မရောက်နိုင်သေးဘူးလို့ သိလို့ပါ"

"နင့်ကားကကော ..."

"မသိဘူး"

ဝတ်ဆံမှာ ဘာမှပြောမနေတော့ဘဲ သက်ပြင်းတစ်ခုကိုသာ ကျိတ်ချကာ ကိုယ်လည်း ဒန်းပေါ်က ပြန်ထရင်း ဝေဠုကိုလည်း ဆွဲထူလိုက်သည်။ သူတို့နှစ်ယောက် စီးကြဖို့ ထည့်ပေးလိုက်ရတဲ့အပြင် ဒရိုင်ဘာပါ မဖြစ်မနေ ရှာထည့်ငှားပေးလိုက်ရတဲ့ ကားကလေးဟာ ဒီအချိန်ကြီး အပြင်ထွက်တဲ့ ဝေဠုအတွက် "မသိဘူး"ဆိုတဲ့ အခြေအနေမျိုး ဖြစ်နေစရာလား။

ဝတ်ဆံတို့မှာတော့ အိမ်မှာ ကားတစ်စီးကလည်း မဖြစ်မနေ လိုသည်ပဲဖြစ်ရာ အန်တီလေးနဲ့ ဝတ်ဆံတို့ ပိုင်သမျှ၊





တတ်နိုင်သမျှတွေကို ထုခွဲပြီး နောက်ထပ်ကားတစ်စီးကို မရမက စီစဉ်လိုက်ရတာပင်။ ဝတ်ဆံတို့ ကားထပ်ဝယ်သည် သတင်းကြား၍ "သူ့ကားနဲ့ ဘယ်လိုနေမလဲ"လို့ လာအကဲခတ်တဲ့ ယောက်မပင် မော်ဒယ်ဟောင်း၊ ပုံဟောင်း၊ ဘော်ဒီဟောင်း၊ ဆေးဟောင်း၊ ကွက်ပျောက် ဝတ်ဆံရဲ့ကားအသစ်ကိုကြည့်ပြီး မျက်နှာကရှုံ့တွသလိုလို ရယ်ချင်သလိုလို ဖြစ်နေခဲ့သေးသည်။

"မမကားက စီးရမှာတောင် ရှက်စရာ၊ အဲဒီလောက် အသရေမထွက်တဲ့ကားမျိုး ဘယ်ကများ သွားရှာဝယ်လာသလဲ"

"ကျွန်မတို့က ဒီလောက်ပဲ တတ်နိုင်တော့တာကိုး သူဌေးမင်းရဲ့။ ဘာဘယ်လောက်စုတ်စုတ်၊ စက်ကောင်းနေဖို့ကလိုရင်းပဲဟာ။ ပိုက်ဆံလေးနည်းနည်း အဆင်ပြေလာရင်တော့ ဘော်ဒီနဲ့ဆေးကို ပြန်လုပ်လိုက်မှာပေါ့။ စီးရမှာရှက်ရအောင် နင့်ကိုရော ဘယ်သူက ဒီကားယူ၊ ဒီကားစီးလို့ ပြောနေသေးလို့လဲ"

ဝေဠုနဲ့ ခပ်ငေါ့ငေါ့တွေတောင် ပြောဖြစ်ခဲ့သေးသည်လေ။ အဲဒီလို အနစ်နာခံထားတဲ့အတွက် ရလဒ်က အချိန်မတော်ကြီး ဝေဠု အပြင်ထွက်လာချိန်မှာ ကားက"မသိဘူး"တဲ့။ ဒရိုင်ဘာပြန်သွားချိန်မို့လို့တော့ ဖြစ်မည်မထင်။ သင်းတို့ဟာ သဘောကောင်းတဲ့ ဒရိုင်ဘာကြီးကို အချိန်မတော် အချိန်တော်တွေထိ နေ့တိုင်း ခိုင်းကြတယ်ဆိုတာ ဝတ်ဆံက သိပြီးသား။ အဘိုးကြီး

က ဝတ်ဆံကို ဖုန်းဆက်တိုင်လာလို့ "ညနေခြောက်နာရီကျော်ရင် အိုဗာတိုင်ကြေး တစ်နာရီ ဘယ်လောက်ပေးနိုင်မှ ခိုင်းကြ" ဟု တည်လား မတည်သလား မသိတဲ့ ဥပေဒကို ထုတ်ပေးခဲ့ရပြီးသား။

ဝတ်ဆံရဲ့ကား ... ဂိုဒေါင်ထဲ ဝင်လာသံကြားလိုက်ပြီး အိမ်ပေါ်ကို လူရောက်မလာ၍ "ဘာဖြစ်သလဲ"လာထွက်ကြည့်တဲ့ အန်တီလေးက ပေါ်တီကိုဘက်ကို လမ်းပြန်လျှောက်လာကြတဲ့ မောင်နှမနှစ်ယောက်ကို အမြင်မှာတော့ "အမယ်လေး ... ဘာလေး"အော်ကာ ပြေးလာပါသည်။

"ဟဲ့ ... အမယ်လေး၊ ကြားသားမိုးကြိုး။ ဝေဠုက ဒီကိုလာလည်တာလား။ သားလေး ဘာအဆင်မပြေတာရှိလို့လဲ။ ပိုက်ဆံလိုလို့လား"

ဝေဠုတော့မသိ။ ဝတ်ဆံပင် တော်တော်စိတ်မကောင်းဖြစ်သွားရပါသည်။ လက်ထပ်ပြီး အိမ်ခွဲသွားတဲ့ အငယ်ဆုံးကလေး အိမ်လာတာကို "အဆင်မပြေမှု၊ ပိုက်ဆံလိုမှု"တွေနဲ့ပဲ တွဲမြင်တတ်နေရတာ အခြေအနေကတော့ မကောင်း။ ဒါပေမဲ့ အဲဒီလိုမြင်တတ်သူကိုလည်း အပြစ်ဆိုလို့မရနိုင်ပါ။ ဝတ်ဆံပင် "ဘာများဖြစ်လို့လဲ"ဆိုတာကို အတော်ကြီး စိတ်ကသိကအောက်ဖြစ်၊ သိချင်လို့နေပြီ။

ဝတ်ဆံနဲ့ အန်တီလေးတို့နှစ်ယောက် ဝေဠုကို လူမမာတစ်ယောက်လို လက်တစ်ဖက်တစ်ချက်စီက ကိုင်တွဲလာခဲ့





မိကြပြီး အိမ်ထဲရောက်ရောက်ချင်း တစ်ခဏတွင်းမှာပင် ဝေဠုက "အန်တီလေး ... မမ ... ကျွန်တော် သူနဲ့မပေါင်းနိုင်တော့ဘူး၊ ကွဲတော့မယ်၊ အဲဒါ လာပြောတာပဲ"ဟု ပြောချလိုက်ပါသည်။

"ဟဲ့"

"အမယ်လေး ... ဘုရား ... ဘုရား ... ဘုရား"

"ဝေဠုရေ ... ထစ်လကျော်ပဲ ရှိသေးတယ်လေ"

"လူကြားလို့မှ မကောင်းကွယ်၊ အခိပ္ပာယ်လည်း မရှိတာကြီး"

"ခုဒါဆိုဒါ။ ချက်ချင်း ဒါပဲ။ ခုနေခေါင်းထဲပေါ်လာတဲ့ဟာကိုပဲ လုပ်မယ်ဆိုတဲ့ ကလေးဆန်တဲ့ စိတ်ထားမျိုးတွေ ထားလို့မရနိုင်တော့ဘူးလေ မောင်လေး။ မင်းကအိမ်ထောင်သည် တစ်ယောက်ဖြစ်နေပြီ"

"ပြဿနာတွေ တက်နိုင်တယ်ဆိုတာတော့ အန်တီလေးတို့လည်း ကြိုမှန်းပြီးသားပါကွယ်။ ဒါပေမဲ့ အိမ်ထောင်သည်ဘဝမှာ အဲဒီလို အဆင်မပြေ ဖြစ်လာတိုင်း ဒါမျိုးကြီးနဲ့ပဲ ခပ်မြန်မြန် အဖြေထုတ် အဆုံးသတ်ပစ်လိုက်ရမှာ မဟုတ်ဘူးလေ"

ဝေဠုက တစ်ယောက်တစ်ခွန်း၊ မနားတမ်း၊ ချက်ကျလက်ကျ တက်ညီလက်ညီ ဖြစ်နေကြသော ဒေါ်ဝါဝါနဲ့ ဝတ်ဆံတို့ကို "ဟာ ... ... ..."ဟု သံရှည်ပြင်းပြင်းကြီးတစ်ချက်နှင့် ဟန့်တားပစ်လိုက်သည်။

"ကိုယ်တိုင်ကြုံရတာလည်း မဟုတ်ဘဲနဲ့ ကာယကံရှင်မဟုတ်ဘဲနဲ့ ဘာတွေ ဝင်ပြောနေကြ ာလဲ။ သိသလား ...။ ဆက်မပေါင်းနိုင်လောက်အောင်၊ ဘယ်လိုမှ သည်းခံနေလို့ မရလောက်အောင် ဘာတွေ ဘယ်လို ဘယ်လောက် စိတ်ကုန်ဖို့ ကောင်းတယ်ဆိုတာ အတိအကျ သိကြသလား။ သိလည်း မသိကြဘဲနဲ့များ ဆုံးမသလိုလိုတွေ၊ အကြံပေးသလိုလိုတွေ၊ ရှေးစကားတွေ လာလုပ်မနေကြနဲ့။ ကိုယ်ချင်းစာလို့ရအောင် သွားပေါင်းကြည့်ကြပြီးမှ လာပြောရင်ပြောကြ"

အန်တီလေးကတော့ လူကြီးပီပီ"နင့်မလည်း အစ်မတွေ၊ အဒေါ်တွေ ရှိနေတာ မိန်းကလေးတစ်ယောက်ကို ဒီလိုလုပ်ချင်လို့ ရမလားဟဲ့"တွေ၊ "နင်လည်း အကောင်းစား အမှန်စားကြီးမှ မဟုတ်တာ။ လူဆိုတာ ဒီလိုပဲ သူ့ဆိုးကွက်၊ ကိုယ့်ဆိုးကွက်တွေ ရှိနေနိုင်တယ်ဆိုတာ နားလည်ရမှာပေါ့"တွေ တဖျစ်တောက်တောက်နှင့် ဆက်ပြောနေပါသည်။

ဝဏ်ဆံကတော့ "နင်ပဲ မရရင် မဖြစ်တော့ပါဘူးလို့ ဖျပ်ဖျပ်လူး ရွေးချယ်ခဲ့တာလေ"ဟုသာ ပြောဖြစ်လိုက်ပါသည်။ ထင်တော့ ထင်သားပဲနော်။ ပြောမကောင်းလို့သာ၊ ဒီအဖြစ်မျိုး တစ်နေ့တော့ ဖြစ်ကိုဖြစ်လာလိမ့်မယ်လို့ ကြိုထင်နေမိတာ အပြစ်မကင်းစိတ်တောင်မှ ဖြစ်ရသည်။ ဒါပေမဲ့ ခုဟာကတော့ စောလွန်းနေလို့ပါ။ စောလွန်းအားကြီးမနေဘူးလား။





"ဟုတ်တယ် ... ဘယ်သူမှ ရိုက်ပေးစားထားတာ မဟုတ်ပါဘူး။ အဲ ... ပတ်ဝန်းကျင်ဘေးပယောဂကတော့ မကင်းခဲ့ဘူးပေါ့လေ။ ဒါပေမဲ့ ထားပါ၊ ကိုယ့်ဘာသာပဲ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခဲ့တာပါ။ ဝန်ခံပါတယ်။ ခုပြောနေတာက အဲဒီရွေးချယ်မှု၊ ဆုံးဖြတ်မှုက မှားသွားပြီ။ သူ့ကို လက်ထပ်ခဲ့မိတာ၊ မှားကို မှားတယ်၊ လုံးဝမှားတယ်၊ အကြီးအကျယ် မှားတယ်"

ဒေါ်ကြီးမောကြီးနဲ့ ကျုံးအော်နေသော ဝေဠုဟာ သူ့စကားအဆုံးမှာ ငိုသံပါကြီးနဲ့ ...

"လူဆိုတာ အမှားတစ်ခု ကျူးလွန်မိရင် မှားမှန်းသိတဲ့အချိန်မှာ ပြုပြင်လိုက်၊ ဘယ်တော့မှ အချိန်နှောင်းတယ်ဆိုတာ မရှိဘူး။ ပြင်လို့ရတယ်။ ပြင်ချင်စိတ်ရှိဖို့ပဲ လိုတယ်ဆို။ ပျက်အစဉ် ပြင်လိုက်ရင်တော့ ခဏပဲဆို။ မှားနေမှန်းသိလာဖို့ပဲ အရေးကြီးတာ၊ သိပြီဆိုရင် တစ်ဝက်တော့ အမှန်ဖြစ်နိုင်ပြီဆို။ ပြင်ပါ ပြင်ယူလိုက်နိုင်ရင် လုံးဝလူဟုတ်တစ်ယောက်အဖြစ် အောင်မြင်လိုက်နိုင်ပြီဆို။ အဲဒီလိုတွေ တစ်သက်လုံး တောက်လျှောက် ဆုံးမလာခဲ့ကြတာ ဘယ်သူတွေလဲ။ ဒီ နှစ်ယောက်ပဲ မဟုတ်လား ...

ကဲ ... အခု မှားမှန်းသိပြီလေ။ လုံးဝမှားမိပါတယ်လို့ကို ဝန်ခံပြီလေ။ အမှန်ရောက်အောင် ပြန်ပြင်ခွင့်မရှိဘူးလား။ ဒီကိစ္စတစ်ခုတည်းကျမှ ကွက်ပြီးအချိန်နှောင်း

ပြီ၊ ပြန်ပြင်လို့ မရနိုင်တော့ဘူးဆိုတာ ရှိသလား။ ဒါဆို ဒီလိုပဲ မှားမှားကြီးနဲ့ တစ်သက်လုံး သေတဲ့အထိ မှားယွင်း စုတ်ပြတ်ပြီး ဆက်နေသွားရမှာလား"

ဒေါ်ဝါဝါရော ဝတ်ဆံပါ ဆက်ပြောစရာစကား လုံးမရှိတော့နိုင်အောင် ဖြစ်သွားကြရပါသည်။ ဝေဠုရဲ့မျက်နှာထားကို ကြည့်နေရရုံနဲ့ "ဘာတွေဖြစ်နေလို့လဲ"လို့တောင် မေး ကြည့်နေချင်စရာ မရှိတော့ဘဲ ရင်ထဲကိုယ်စီမှာ ဆို့နင့်ပင်ပန်းကာ ဝမ်းနည်းလို့ နေကြရသည်။ ဒါပေမဲ့လည်း "အေး ... ဟုတ်ပါပြီ၊ ဒီလောက်ထိ ဖြစ်နေရင်လည်း ကွဲလိုက်ကြပါတော့"လို့ ပြောလိုက်လို့ကတော့ ဖြစ်မလား။

အဆင်မပြေမှုတွေကတော့ မိုးလင်းကနေ မိုးချုပ် မျက်စိနှစ်လုံး စပွင့်လာကတည်းကနေ ပြန်မှိတ်သွားတဲ့အထိ ဖြစ်နေမည်ပင်။ အဲဒီလောက် အပျင်းကြီးတဲ့ ယောက်မဖြစ်သူနဲ့ ရှင်သန်နေရတဲ့ မောင်ငယ်အတွက် သူတို့တစ်အိမ်လုံး ဘာတွေ ဘယ်လောက် ဖြောင်းဆန် ကမောက်ကမ ဖြစ်နေမလဲဆိုတာ အမြဲ ခေါင်းထဲရောက်နေရတဲ့ ဝတ်ဆံက တစ်ပတ်တစ်ခါလောက် စနေ၊ တနင်္ဂနွေတွေ အဲဒီအိမ်ကို ငါ သွားရရင်ကောင်းမလားဆို တဲ့ အထိပင် ့တွေးမိပါရဲ့။

• တစ်ပတ်စာလုံး ဖြစ်ချင်တိုင်းဖြစ် ပွရှုပ်နေမည့် အိမ်ကိုရှင်း။ ဝတ်ပြီးသား အဝတ်အညစ်အပေါင်းတွေကို အခန်း ပေါင်းစုံထဲကနေ လိုက်ကောက်ပြီး လျှော်ဖွပ်မီးပူတိုက်။ ရှိ





သမျှ အိုးခွက်ပန်းကန် အားလုံးကို ထုတ်ထုတ်စားပြီး မဆေးဘဲ စုပုံထားသမျှ မှိုတက်နံစော်တွေကိုဆေး။ တစ်ပတ်လုံးထုတ်ပြီး နွေးနွေးစားဖို့ ဟင်းတွေကို တစ်ပတ်စာချက်ပြီး ရေခဲသေတ္တာထဲ မှာ အေးခဲပေးထားခဲ့။

"အဲဒီလိုတွေ ငါသွား,သွားလုပ်နေမှ ဖြစ်မယ်"ဆို တာကို ဝတ်ဆံ ရှာဖွေပြီး ပို့,ပို့ပေးတဲ့ အိမ်အကူကလေးမလေး တွေ အတော်များများ နှစ်ပတ်အတွင်း ဆက်တိုက် တစ်ယောက် ပြီးတစ်ယောက် အလုပ်ထွက်သွားကြပြီးကတည်းက စဉ်းစားနေမိ တာ ခုထိပင်။ ကိုယ်က တစ်ယောက်ပို့လိုက် ပိုက်ပိုက်က ထုတ် ပစ်လိုက်။ (သူ့ထက်ချောနေလို့)။ ကိုယ်က ထပ်ပို့လိုက် ကလေးမလေးက"ပါးစပ်ကဆိုရင် ကြိုက်သလိုပြောပါ။ လက်ပါ တာတော့ မခံနိုင်ဘူး"ဆိုကာ ထွက်လိုက်။ နောက်တစ်ယောက်ပို့ လိုက်၊ အိမ်အကူကတောင်မှ "အဲဒီလောက်ညစ်ပတ်တဲ့အိမ်မှာ မ နေနိုင်ပါ၊ ရွံတယ်"ဆိုကာ ထွက်လိုက်။ နောက်တစ်ယောက်ပို့ လိုက်၊ ရုပ်ဆိုးသော်လည်း "ဝေဠုနှင့်စကားပြောတည့် လေမေး ဖြောင့်လွန်းလို့"ဟုဆိုကာ ပိုက်ပိုက်က ထုတ်လိုက်။

ကြာကြာနေမှတော့ ဘယ်ပွဲစား၊ ဘယ်အကျိုးဆောင် ကမှလဲ စိတ်မရှည်တော့ပြီ။ ဝတ်ဆံလည်း ဘယ်နေရာမှာမှ သွား ထပ်မရှာရဲအောင် မျက်နှာကပူပြီ။ တစ်ပတ်တစ်ကြိမ် ကိုယ့်ဘာ သာပဲ သွားလုပ်ကိုင်ပေးနေချင်စိတ်ကို ကိုယ့်သိက္ခာ၊ ကိုယ့်မာနကို ငဲ့ရတာထက် အဲဒီလိုကြီးပဲ ဘဝတစ်သက်လုံး အသားကျ၊ အပိုး

ကျိုးသွားတော့မှာ စိုးလွန်းလို့ကိုပဲ ရင်ထဲမချိတဲ့ကြားက ဇွတ်မျို သိပ်ထားခဲ့ရတာပါ။

အံ့ဩစရာ ...။ ဝတ်ဆံကသာ မရောက်ဖြစ်ပေမယ့် ဒီအတောအတွင်း တစ်လကျော် နှစ်လနီးပါးမှာ ပိုက်ပိုက်ရဲ့အစ်ကိုတော်ကြီးကတော့ နှစ်ခေါက်ရောက်ဖြစ်ကာ ဝတ်ဆံဇွတ်မျိုသိပ်ထားတဲ့ ဆန္ဒတွေကို သူကတော့ လာ,လာအကောင်အထည်ဖော်သွားတယ်ဆိုလား။

အပျင်းကြီးတဲ့ ညစ်ပတ်တဲ့ ဝေဠုဟာ သူ့လိုပဲ ဘဝတူ အပျင်းကြီး ညစ်ပတ်ကိုကျတော့ သည်းညည်းမခံနိုင်တာလား။ အဲဒီလောက်တော့ က,မည်မထင်ပါ။ စိတ်ဓာတ်ကလည်း မကောင်းသေး။ ဘယ်နေရာလေးမဆို သူကချည်း ကျောလိုက်ရမှ အနိုင်ယူလိုက်ရမှ ဆိုတာက ရှိသေး။ စကားပြောတော့လည်း အာပြီချက်လန် နူးနူးညံ့ညံ့မရှိ။ ဘယ်သူဘာပြောပြော အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ဆန့်ကျင်ရမှဆိုတဲ့ စိတ်ဓာတ်ကလည်း ရှိ။ ကိုယ်နဲ့ တစ်မိတည်းပေါက်မဟုတ်တဲ့ အဲဒီလို သူစိမ်းတစ်ယောက်နဲ့ကတော့ တစ်လကျော်မပြောနဲ့ တစ်ပတ်လောက်ပင် ပျော်ပျော်ရွှင်ရွှင် အတူနေနိုင်ဖို့ ခဲယဉ်းဦးမည်ဖြစ်ရာ "တစ်သက်လုံး သေတဲ့အထိ မှားယွင်းစုတ်ပြတ်သွားရမှာလား" ဆိုတဲ့ မောင်လေးကို ဝတ်ဆံက ဘယ်လိုပြောရမလဲ။

ယောက်ျားတစ်ယောက်ဟာ သူ့အကျင့်ဆိုးတွေကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့တော့ အလုံးစုံပြုပြင်ပစ်လိုက်နိုင်ဖို့ ခဲယဉ်း



တယ်။ မဖြစ်နိုင်ဘူးတဲ့။ မိန်းကလေး ဆိုရင်တော့ "ချစ်စိတ်" ဟာ လူကို ပြုပြင်ပြောင်းလဲနိုင်စွမ်းများ ရှိမလားလို့ပါ။ ဝတ်ဆံက အဲသလိုလေး မျှော်လင့်ခဲ့မိဖူးတာ။

"ကလေးကလားပဲ ပြောတယ်ဆိုဆို၊ အပြစ်ဆိုတာတွေဟာ အချစ်နဲ့ ဖြေတွေးဖျောက်ကြည့်နိုင်လို့ ရတယ်ဆို မောင်လေးရယ် ... ဟင် ... ! "

"ကျွန်တော် သူ့ကို မချစ်ဘူး"

"ဟင် ... နင် ချစ်တယ်လို့ သွားပြောထားတာလေ"

"အဲဒီကတည်းက မမကိုထင်တာပဲလို့ပဲ ပြန်ပြောခဲ့တာလေ"

"ကဲ ... ကဲ ... ကဲ ... ထား ... ထား ... နင်ကမချစ်ရင်တောင် သူကတော့ နင့်ကိုချစ်လို့သာ ပြန်လက်ခံခဲ့တာပဲ။ နင်က ချစ်စရာလေးပဲဟာ။ သူ ချစ်မှာပါ။ သူ့မှာ အချစ်ရှိရင် အခုကလေးဆန်နေတဲ့ မကောင်းကွက်တွေကို အဲဒီ အချစ်နဲ့ သူ့ဘာသာ တဖြည်းဖြည်း ဖျောက်ယူနိုင်ဖို့ အချိန်စောင့် ..."

"သူလည်း ကျွန်တော့်ကို မချစ်ပါဘူး။ ရှင်းရှင်းပြောရရင် သူက ယောက်ျားယူချင်တာပါ"

ကိုယ်တိုင်တွေကလည်း အဲဒီလို အတင်းတုပ်ခဲ့ကြပေမယ့် ဝေဠုက တဲ့တိုးကြီး ဆိုချလိုက်တော့ အပျိုကြီးဒေါ်ဝါဝါရော၊ အပျိုမကြီးတကြီး ဝတ်ဆံရော "ပဲ့" တွေ၊ အမယ်လေး" တွေ ဖြစ်ကုန်ကြရပါသည်။

"ငါ သိတ်တိုလာပြီ၊ နင်တို့ ဒီလောက်ထိ မြန်မြန်ဆန်ဆန်၊ ခုမှခု၊ ဝုန်းဒိုင်းထလုပ်ပြီး လက်မထပ်ကြခင် အဲဒီကောင်မလေးက အကယ်ဒမီမင်းသမီးလို သူ့အပြစ်တွေအားလုံး နင်မရိပ်မိအောင် ဖုံးဖိဟန်ဆောင်ထားနိုင်တာမို့လို့လား။ ဒီလောက် မြင်သာထင်သာကြီးကို နင် အဲဒီတုန်းကတော့ ဘာလို့ ဖြစ်ပါ့မလားဆိုတာမျိုး တစ်ချက်မတွေးကြည့်ခဲ့သလဲ"

"ဝုန်းဒိုင်းမြန်ဆန်တာကလည်း သူ့အကြံ၊ သူ့အစီအစဉ်တွေချည်းပါ"

"အေး ... ဒါဖြင့် နင် ဘာလို့ သူ့စကားအောင်သလဲ၊ လက်ခံခဲ့သလဲ။ သူကစတဲ့ အစီအစဉ်တွေပဲ ဖြစ်ပါစေဦး နင်လည်း တစ်ချိန်လုံး ဝင်အော်နေခဲ့တာပဲဟာ၊ နင်က ရှင်းရှင်းပြောလို့ ငါကလည်း ရှင်းရှင်းလိုက်ပြောရရင် နင်ကလည်း အိမ်ထောင်တစ်ခု ထူထောင်ချင်တာ မဟုတ်ဘဲ မိန်းမပဲ ယူကြည့်ချင်တာ မဟုတ်လား။ ဒါဆိုလည်း ဘာဖြစ်လို့ မိသားဖသားပီပီတွေ၊ ရပ်သိရွာကျော်တွေ၊ ပွဲကြီးလမ်းကြီးတွေနဲ့ ဒုက္ခများအောင် လုပ်ခဲ့သလဲဟဲ့။ အိမ်ထောင်မှုဆိုတဲ့ ကိစ္စကို အမှားပဲ ဘယ်ချိန်ပြင်ပြင်လို့ ဆုံးဖြတ်မယ်ဆိုရင် အစောကတည်းက တိတ်တိတ်ပုန်းတို့၊ တရားမဝင် အတည်မဟုတ်တို့ အဲဒီလို မိန်းမမျိုးတွေကိုပဲ နင် စဉ်းစားပတ်သက်ခဲ့ပါလား"





"ဟာ ... ... ... စိတ်ဆင်းရဲလွန်းလို့ ကိုယ့်အဒေါ်၊ ကိုယ့်အစ်မဆီ အားကိုးတကြီး ပြေးလာတာ။ ဖေးမမယ်၊ အကြံကောင်းပေးမယ်၊ ဖိုင်းကူမယ်တော့ မစဉ်းစားဘဲ ဘာလို့ အပြစ်ပြော ဆူပူဖို့ပဲ လုပ်နေတာလဲ။ ခုချိန်က အရင်က ဘာလို့အဲဒီလိုလုပ်လဲ၊ မလုပ်လဲ ဆိုတာတွေကို မေးနေရမယ့်အချိန်မဟုတ်ဘူး။ မှားပါပြီလို့ စိတ်ဓာတ်ကျနေတဲ့လူကို ထူမ,ရမယ့်အချိန်"

ဝေဠုက သူ့စကားသူ "ဒီမှာဖြင့် မိုးလင်းကတည်းက ခုချိန်ထိ ဗိုက်ထဲတောင် ဘာတစ်ခုမှ မထည့်ရသေးဘူး။ အဲဒီလောက်ကို ဒုက္ခများနေတာ သိပြီလား"ဟု ကလေးကြီးတစ်ယောက်လို ငိုချင်းမချရုံတမယ်နဲ့ အဆုံးသတ်လိုက်ပါသည်။

"ဟင် ! ဘာကိစ္စ တစ်နေကုန် ဗိုက်ဟောင်းလောင်းနဲ့ ဖြစ်နေရတာလဲ။ နင့်အိမ်မှာ ဘာမှမရှိနိုင်ဘူး ဆိုတာကတော့ ငါလည်း စဉ်းစားမိပါတယ်။ ဒါပေမဲ့ အပြင်မှာ ဝယ်စားပါလားဟဲ့။ နင်တို့ဆိုင်ကဟာတွေ ဗိုက်ထဲကောက်ထည့်ထားပါလားဟဲ့"

"ဝယ်စားရအောင်က ဘယ်မှာလဲ ပိုက်ဆံ ! ...။ ဆိုင်ကလည်း ပိတ်ထားတာ တစ်ပတ်ရှိပြီ"

အန်တီလေးမှာ "ဟယ်"ခနဲ အသက်ထွက်မတတ်ဖြစ်သွားတော့ကာ နောက်မေးဘက် အပြေးပင်လှမ်းဝင်သွားချေ

တော့ပြီ။ ဝတ်ဆံကတော့ ဝေဠုရဲ့မျက်လုံးထဲကို စေ့စေ့ကြည့်ကာ အကဲခတ် စဉ်းစားသည်။ "သုံးလေးငါးလတော့ ဒါနဲ့လောက် အောင်သုံးပေါ့"လို့ ပေးထားရတဲ့ ပိုက်ဆံတွေ နှစ်လမပြည့်ခင် လက်ထဲ တစ်ပြားမှမကျန်အောင် ကုန်သွားပြီမို့လို့ ဒါမျိုးစကား တွေ ထွက်လာတာများလား။ အိတ်ပြန်ဖောင်းရင် စိတ်ပြန်ပြောင်း နိုင်ဦးမလား။

ဒုက္ခမခံဘူးတဲ့ ငပျော့ကောင်ကလေးဟာ သူ့ကို ပျော်ပျော်ကြီး သုံးလောက်အောင် အမြဲတစေ ဆက်ထောက်ထား နိုင်ရင် ဟိုဟာမကလေးရဲ့ "ပျင်းညစ်ပတ် စိတ်ပုပ်ပြဲလန်"ကို ခေါင်းထဲရှိတယ်တောင် မမှတ်ဘဲ "နင့်ဟာနင်နေ ငါ့ဟာငါနေ ပျော်ပျော်တွေပဲ"လို့ ဆက်များပေါင်းနေနိုင်ဦးမလား။ ဒါပေမဲ့ ခုး လောလောဆယ်လေးအတွက် ပြီးပြီးရော ဒီလိုမျိုး အပေါ်ယံ အလွယ်တကူ ဖြေရှင်းချက်ဟာ နောင်တစ်သက်တာအတွက် ပြည့်စုံကောင်းမွန်တဲ့ အဖြေမျိုး ဖြစ်လာနိုင်ပါ့မလား။

"အမှားဆိုတာ ပြင်လို့ရတယ် ပြင်ရမယ် ဆိုပေမယ့် အဲဒီ ကိုယ့်အမှားကြောင့် ဖြစ်လာတဲ့ နောက်ဆက်တွဲကို တာဝန် ယူမှုဆိုတာကလည်း ရှိသေးတယ် မောင်လေး။ ဘယ်အမှား မဆို ကျောကော့ပြီး 'ပြင်တယ်'လို့ လုပ်လိုက်လို့မရဘူး။ ဥပမာဆို နင်တို့လင်မယားမှာ ကလေးတွေ ဘာတွေဆိုတာ ရှိနေနိုင်တယ်။ အဲဒါဆို ဘယ်လိုလုပ်မလဲ"





"ဟာ ... မရှိပါဘူး"

"ဟဲ့ ... ရှိမရှိက နင်ပြောရမှာ မဟုတ်ဘူး၊ သူပြောမှရမှာ၊ နင့်မှာ ရှိလာမှာမှ မဟုတ်တာ။ သူက သေချာပြောပြနိုင်မှ ဒါအမှန်"

"သူ့သွားမေးလို့ကတော့ ကွဲချင်လို့ မေးမှန်းသိရင် ရှိတယ် ရှိနေပြီပဲ ပြန်ပြောမှာပဲ၊ သူက အဲဒီလိုမိန်းမမျိုး"

"ဟင်း ... ... တကယ်ရှိရင်လည်း ရှိနေမှာပေါ့ဟယ်၊ ငါ စိတ်ညစ်လိုက်တာ"

"ဝတ်ဆံ ... ဝတ်ဆံလည်း ညစာမစားရသေးဘူး မဟုတ် လား၊ လာ ... လာ ... ဝေဠုနဲ့ တစ်ခါတည်း ဝင်စားလိုက်။ အန်တီလေး ပြင်ထားပြီးပြီ"

သူလည်း ငိုမလို ရယ်မလိုနဲ့ စိတ်ဓာတ်ကျတာတွေ၊ စိတ်ဆင်းရဲတာတွေ ဖြစ်နေတဲ့ ဝေဠုက နောက်ဖေးဘက်သို့ ဝမ်း သာအားရ ပြေးဝင်သွားချိန်မှာ ဝတ်ဆံမှာတော့ "ဘာဆက်လုပ် ရမလဲ"ဆိုတာကို ခေါင်းမီးတောက်မျှ စဉ်းစားနေရပါပြီ။ ရှေ့ဘာ ဆက်လုပ်မလဲ ဆိုတာထက် လောလောဆယ်ကိစ္စကို တိုက်တိုင်း ထံ ဘယ်လိုသတင်းပို့ ပြောယူရမလဲ ဆိုတာကလည်း အရေးကြီး သေးသည်။

ဝေဠုက အဒေါ်လုပ်တဲ့လူကို "ဒီညတော့ ဒီမှာပဲ အိပ်ပ ၊ ၁၊ နောက်ရက်တွေလည်း ပြန်ပြန်လို့ အတင်းနှင်လွှတ်မယ် မကြံနဲ့။ ကိုယ့်ဘာသာ စဉ်းစားဆုံးဖြတ်ပြီး ကိုယ်လုပ်ချင်တာကို ပဲလုပ်မယ်"ဟု ဂျစ်ကျ ဆိုးနွဲ့ ရာဇသံပစ်လို့နေပြီလေ။

ဝတ်ဆံမှာ ဝေငြူနှင့်အတူ ညစာသွားမစားနိုင်သေးဘဲ တိုက်တိုင်းထံ ဖုန်းလှမ်းဆက်ရသည်။ သူ့ညီမကကော အစ်ကိုဆီပြေးပြီး သံတော်ဦး တင်ပြီးပြီလား။ သိပြီးရင်တော့ ကိစ္စမရှိ။ မသိသေးဘူးဆိုရင် ကြားကောင်းအောင် နားဝင်အောင် တစ်ဖက်လှည့်စကားလေးတွေနဲ့ အရင်စပြောမှ။

"တိုက်တိုင်း ... ကျွန်မပါ"

"ဪ ... ဝတ်ဆံ ... ဟုတ်ကဲ့၊ ဘာများလဲ မသိဘူး။ ဒီနေ့ ဝတ်ဆံသွားဖို့ကိစ္စအတွက်ကို ကျွန်တော် လိုအပ်မယ်ထင်တာတွေ အင်တာနက်ထဲကနေ ဒေါင်းလုပ် လုပ်ပြီး မစိုးကြီးနဲ့ ပေးခိုင်းလိုက်သေးတယ်၊ အဆင်ပြေလား မသိဘူး"

အင်း ...။ သူ ဘာမှမသိသေး။ သူ့ညီမက လောရှလာလတ်လတ်တော့ အစ်ကိုဆီ မပြေးသေး။

"တိုက်တိုင်းရေ ... အဲဒီကိစ္စအတွက်လည်းလေ ပြောစရာရှိလို့၊ ကျွန်မ မသွားဖြစ်တော့ဘူးလို့ ဘော့စ်ကို ငြင်းလိုက်တော့မလို့ပါ။ Brand Manager ဒေါ်မာလာကလည်းလေ သိပ်သွားချင်နေတာ၊ အဲဒါ သူ့ကိုပဲ အလှည့်ပေးလိုက်ပါလို့ ဘော့စ်ကို ပြောမယ်လို့ စိတ်ကူးတယ်"

"ဘာဖြစ်လို့လဲ ... အဓိပ္ပာယ်မရှိတာ။ အဲဒီမိန်းမကြီး ဘာပြောပြော ခေါ်မ်းထဲမထည့်နဲ့။ သူ့အတွက် လိုက်တွေးပေးနေစရာ ဘာလိုလို့လဲ။ ဘော့စ်က ကျွန်တော်တို့နှစ်ယောက်





ထဲက တစ်ယောက်ယောက်ကိုပဲ သွားစေချင်တာ။ ကျွန်တော်ကလည်း ကျွန်တော်မှ မသွားဖြစ်ရင်တော့ သွားမယ့်တစ်ယောက်ဟာ ဝတ်ဆံပဲ ဖြစ်စေချင်တာပေါ့။ ဒီပြင်လူအတွက်ဆိုရင်တော့ ကျွန်တော့်ဆုံးဖြတ်ချက်လည်း တစ်မျိုးဖြစ်ကောင်း ဖြစ်မှာပေါ့။ မီးမီးကို ကျွန်တော့်ကြီးတော်ရဲ့အိမ်ကိုပဲဖြစ်ဖြစ်၊ မျက်စိမှိတ် ဖွတ်ပို့ပစ်ခဲ့တာမျိုးဖြစ်ဖြစ် ..."

"တိုက်တိုင်း ... ရှင်လည်း ထွက်သွားလို့ မဖြစ်ဘူး"

"ဗျာ"

"ခုနေ ရှင်ရော ကျွန်မပါ တစ်ယောက်ယောက် မြန်မာပြည်ထဲကနေ လေးငါးလလောက် အပြင်ရောက်နေလိုက်ရင် ဒုက္ခများမှာပဲ။ နှစ်ယောက်လုံး ဘယ်မှပျောက်နေလို့ မဖြစ်ဘူး။ ဟိုနှစ်ယောက် ကွဲသွားလိမ့်မယ်"

တိုက်တိုင်းထံမှ "ဗျာ"ဟူသော အာမေဍိတ်ပင် ဘယ်ထွက်မလာတော့ပါ။ ဝတ်ဆံကသာ သက်ပြင်းတွေ သက်မဘွ တစ်ထွေးကြီးနှင့် ...

"အခု ဝေငြူက ကျွန်မအိမ်မှာ။ ပိုက်ပိုက်ကလည်း သူတို့အိမ်မှာ ရှိပုံမရဘူး။ ဝေငြူ အပြောအရတော့ ကားနဲ့အပြင်တစ်နေရာရာကို ထွက်နေပုံပဲ။ ဝေငြူက ဒီညတော့ ဘယ်နည်းနဲ့မဆို အိမ်မပြန်ဘူးချည်း လုပ်နေတယ်။ ကျွန်မထင်တာကတော့ လောလောလတ်လတ် ပြဿနာပြေလည်သွားအောင် သူ့ကို အတင်းအိမ်ပြန်ပို့လိုက်ဖို့ထက် နောင်အရှည်

သဖြင့်အတွက်ကိုပါ တစ်ခါတည်း ထည့်စဉ်းစားပြီး ဘယ်လိုစီစဉ်ပေးနိုင်ကြမလဲဆိုတာကို ဆုံးဖြတ်ကြဖို့ပဲ"

"ကျွန်တော် ပိုက်ပိုက်ကို လိုက်ရှာပြီး အဲဒီအိမ်ကို လိုက်လာရမလား"

"အဲဒီလို လုပ်မှာလား။ ပိုက်ပိုက်က အောက်တယ် မလိုက်နိုင်ဘူး ဆိုရင်ကော။ ဝေဠုက ဆင်းသွားလို့ ပိုက်ပိုက်က လိုက်ခေါ်ရမယ့် သဘောမျိုး ဖြစ်သွားရင် သူ လုပ်ချင်မယ်လို့ ကျွန်မ မထင်ဘူး"

"ဒါဖြင့် ပိုက်ပိုက်နဲ့တွေ့မှ စကားပြောကြည့်ပြီး ဘာလုပ်မလဲဆိုတာ ကျွန်တော် ဖုန်းပြန်ဆက်ပါ့မယ်။ ဒါနဲ့ ဝေဠုက ဘာပြောသလဲ"

အရမ်းအားနာ မျက်နှာပူရလွန်းလို့ ငိုတောင်ငိုချင်မိပါသည်။ ဒါပေမဲ့ ရင်ဆိုင်ရမှာပဲလေ။ ဘာတတ်နိုင်မှာလဲ။ ခု အချိန်ပိုင်းကလေး၊ ဒီအဖြစ်အပျက် တစ်ခုတည်းကလေးကိုတင် မဟုတ်၊ နောင်ဆက်ဖြစ်လာမယ့် နောက်ဆက်တွဲ အားလုံးကိုလည်း ဘယ်လိုပဲ ဝမ်းနည်း ငိုချင်ချင် မဖြစ်မနေ ရင်ဆိုင်ရတော့မှာပဲ။

"ဆက်မပေါင်းနိုင်ဘူး ကွဲမယ်တဲ့။ အဲဒါ စကားအဖြစ်ပြောနေကြမှာလား။ တကယ်ပဲ အဲဒီလောက်ကြီးအထိ ဖြစ်လာစရာကိစ္စရှိလို့လား ဆိုတာကို သိအောင် အရင်ဆုံး ကျွန်မတို့ စလုပ်ကြရမှာ"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"လို့ ပြောသွားတဲ့ သူ့ရဲ့နှစ်လုံးတည်းသောစကားနဲ့ လေသံလေးကို အရမ်းသနားပြီး အရမ်းလေးစားရပါသည်။ မိန်းကလေးရှင်ဖြစ်ရက် ဘာမှဝုန်းဒိုင်းကြဲနင်ပဲငဆဲတွေမရှိ။ နားလည်စာနာမှု အပြည့်အဝရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးပင်။ ကိုယ့်မှာအဲဒီလိုလူနဲ့ ပေါင်းရဖို့ကံ ဘာကြောင့်မပါရတာလဲ။

♥ ✉ ♥

တိုက်တိုင်း တစ်ယောက် ရှူးရှူးရှားရှားနှင့် ကိုယ့်ားပွဲဆီသို့ရောက်လာလျှင် ဝတ်ဆံသည် ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီးမို့ ဣန္ဒြေမပျက် ခပ်အေးအေးပင် ကြိုလင့်နေနိုင်ပါသည်။ ဟိုသတင်းကို သူလည်း ကြားသွားပြီ။ ဝတ်ဆံတို့ရဲ့ ုံးမှာတော့ အဲဒီသတင်းဟာ နောက်ဆုံးပေါ် Breaking News တစ်ခုဖြစ်လျက် ဒီကနေ့မနက်မှာတော့ လူတိုင်းရဲ့ပါးစပ်ဖျားမှာ ရှိနေနိုင်သောအရာတည်း။

သတင်းထဲမှာပါနေတဲ့ သတင်းရှင် ကာယကံရှင်ဟာ ကိုယ်သာမဟုတ်ဘဲ ဒီရုံးက တခြားတစ်ယောက်ယောက်ပဲ ဖြစ်နေခဲ့ရင် ကိုယ်သည်လည်း ဒီလိုသတင်းမျိုးကို ခုနေ ကိုယ်နဲ့ခင်တဲ့ တစ်ယောက် သုံးယောက်လောက်ဆီ ဆက်ဖြန့်ပြီး ဖြစ်နေမှာမို့ ျ့နေရတဲ့သတင်းအတွက် ဖြန့်နေကြတဲ့သူတွေကို ဝတ်ဆံက င်ဘ်ထဲ ဘယ်လိုမှမနေပါ။

တစ်ခုတော့ ရှိတာပေါ့နော်။ သတင်းရဲ့ အကြောင်းအရာကတော့ ဒါ,ဒါပဲဖြစ်ပေမယ့် ဘယ် ဘယ်ပုံ ဘယ် Version (တင်ဆက်မှုပုံစံ)မျိုးနဲ့ ပျံ့နေမလဲဆိုတာတော့ ဝတ်ဆံက မသိနိုင်သေး။ ကိုယ့်တော့ ကာယကံရှင်မို့ ဘယ်သူကမှ လာပြောနေကြတာမှ မဟုတ်တာ။ ကိုယ်က ပြန်မကြားရသေး။ သို့သော် စဖြန့်တဲ့လူကို ကိုယ်က သိနေရတာဆိုတော့ သတင်းဟာ သာယာမှာ ပျော်ဖွယ် ကိုယ့်ရဲ့ကောင်းကွက်ကလေးတွေနဲ့ပဲ ပြီးပြည့်စုံပြီး ပျံ့နေမှာ မဟုတ်တာတော့ သေချာပါသည်။

"တိုက်တိုင်းနဲ့ဝတ်ဆံ"ဆိုတဲ့ အတွဲအဖက်သတင်းသည်လည်း ဘယ်သူကစဖြန့်သည် မသိလိုက်ရဘဲ ဒီတစ်ရုံးတည်းအတွင်းမှာ အပျံ့ကြီးပျံ့နှံ့နေသည်ဖြစ်ရာ "ဘော့စ်က ဝတ်ဆံကိုသဘောကျလို့ ချစ်ခွင့်ပန်တယ်။ လက်ထပ်ခွင့်တောင်းတယ်"ဆိုတဲ့ အဖြစ်ဟာ နေ့မကူးခင်ပင် တစ်ရုံးလုံး မြန်မြန်ဆန်ဆန်ကြီးပျံ့နှံ့သွားချင်စရာ မဟုတ်လို့ ဘာများဖြစ်နိုင်မလဲ။

စဖြန့်သူက "သူ့ကိုပဲ အလှည့်ပေးလိုက်ပါ၊ ဂျပန်ကိုသူပဲသွားပါစေ"လို့ ဝတ်ဆံကိုယ်တိုင် တိုက်တိုက်တွန်းတွန်းထောက်ခံချက်ပေးနေတဲ့ Brand Manager ဒေါ်မာလာပင်။ ရုံးထဲမှာ ကြေညာပြောဆိုပြီး ရွေးချယ်ခဲ့တာမဟုတ်တဲ့ အခွင့်အရေးတစ်ခုမှာ မဲပေါက် ကံကောင်းသူက ဝတ်ဆံဆိုကတည်းက ကျေနပ်ဟန်မရှိတဲ့ ဒေါ်မာလာဟာ သူ့အတွက် ဝတ်ဆံက တိုက်တွန်းပြောဆိုပေးနေသည် ဆိုတာကိုလည်း မယုံကြည်သူ။ အဆိုးဆုံး





ကံတော့ ဘော့စ်က ဝတ်ဆံကို ကိုယ်တိုင်လာပြောခဲ့တဲ့ "ချစ်ခွင့်ပန်ခြင်း"ကို တိုက်တိုက်ရယ်မှဆိုင်ဆိုင် နားနဲ့ဆတ်ဆတ်ကြားသွားခဲ့သူက ဒေါ်မာလာတည်း။

ဘော့စ်ကတော့ "တိုက်တိုင်းနဲ့ ဝတ်ဆံတို့ဟာဘာမှမဟုတ်ကြပါဘူး၊ နားလည်လက်ခံထားကြပြီးသား၊ မကြာခင်လက်ထပ်ထိမ်းမြားကာ အိမ်ရာထူထောင်ကြတော့မယ့် ချစ်သူစုံတွဲတွေ လုံးဝမဟုတ်ပါဘူး"ဆိုတဲ့ အငြင်းစကားကို ကာယကံရှင်နှစ်ယောက်လုံးထံက ကြားခဲ့ရပြီးမှ သူ့ဆန္ဒကို ထုတ်ဖော်လာခဲ့သူ။ သူ့ဟာနဲ့သူတော့ အပြစ်ကင်းတယ်။ လုပ်ပိုင်ခွင့်ရှိတယ်ပဲ ထင်ကာ ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်းပင် ဖြစ်နေမှာပေါ့။

ဒေါ်မာလာကတော့ အဲလိုမှ တိတိကျကျ သိမထားဘဲ။ သူ့အတွေးထဲမှာ တိုက်တိုင်းနဲ့ ဝတ်ဆံသည် ချစ်သူတွေ။ ဘော့စ်ကား စည်းမစောင့်ဘဲ ဖျာဝင်ခင်းသူ။ ဝတ်ဆံကတော့ ရည်းစားကြီး ငုတ်တုတ်ရှိနေရက် ဒီလိုအပြောခံရအောင် အနေအထိုင် မတတ်သူ၊ သာရာစီးကာ မျက်နှာလည်းပြောင်းချင်ပြောင်းဦးမယ့်သူ။ အင်း ... အဲဒီလိုတွေပဲ အပြောခံနေရမှာပါ။ တိုက်တိုင်း တစ်ယောက် ဘယ်လိုပေါက်ကွဲလိုက်မလဲ ဆိုတာကိုပါ ခုလောက်ရှိ လူတွေက အကဲခတ် ပွဲကြည့်ပရိသတ်လုပ်နေကြလောက်ပြီ။

မစိုးကြီးတို့လို အားလုံးအမှန်အတိုင်း သိနေတဲ့သူ၊ ကိုယ့်ဘက်ကလည်း ရပ်ပေးမယ့်သူမျိုးတော့ ရှိတာပေါ့။ ဒါပေမဲ့

သူကလည်း သူ့လာသတင်းပေးတဲ့ လူတွေကိုသာ ပြန်ရှင်းပြလိုက်နိုင်မှာ။ ကိုယ့်အလုပ်လည်း မဟုတ်တဲ့ကိစ္စ၊ ကြားဝင်ဖို့မကောင်းတဲ့ကိစ္စကို ရုံးတစ်ရုံးလုံး တစ်ခန်းဝင တစ်ခန်းထွက်ဖြစ်ဖြစ်၊ ဟောလ်ခန်းမထိပ်ကနေ ရပ်အော်လိုက်လို့ပဲဖြစ်ဖြစ်၊ အဲဒီလိုအားလုံးသိအောင် လုပ်ပေးချင်လို့ ရနိုင်ပါ့မလား။

ဝတ်ဆံက တိုက်တိုင်းနဲ့ ရင်ဆိုင်ဖို့ အသင့်ပြင်ထားပါသည်။ ပြင်ထားတာမှ ဒီဘော့စ်နဲ့ပတ်သက်တဲ့ တစ်ကိစ္စတည်းအတွက်မဟုတ်။ သူနဲ့ပတ်သက်တဲ့ နောက်တစ်ကိစ္စ၊ တအုံ့နွေးနွေး ဓာတ်မျောကြီးဖြစ်နေတဲ့ကိစ္စအတွက်ကိုပါ တစ်ပါတည်းစဉ်းစားအဖြေထုတ် အသင့်ပြင်ပြီး ဖြစ်နေပြီ။ တိုက်တိုင်း တစ်ယောက် တအားကြီး စိတ်မထိန်းနိုင်တာမျိုး၊ ပေါက်ပေါက်ကွဲကွဲနဲ့ လူသိရှင်ကြား ဖြစ်ကုန်တာမျိုးတွေ ဖြစ်မသွားပါစေနဲ့လို့ပဲ ဝတ်ဆံက ဆုတောင်းပါသည်။ လူတွေက ပေါ်တင်နီးပါးကို သတိထား စောင့်ကြည့်အကဲခတ်နေကြမှာလေ။

“ဝတ်ဆံ ပြောစရာရှိလို့ ကဲန်တင်းကို ခေါ်လိုက်ခဲ့မလား”

“ဒီမှာပဲ ပြောပါလား တိုက်တိုင်း၊ ကဲန်တင်းထဲမှာ ဒီအချိန်လောက်ဆို လူအတော်များနေလောက်ပြီ။ ကျွန်မရဲ့အခန်းထဲမှာပဲ ပိုကောင်းပါလိမ့်မယ်”

“ဒါဖြင့် ကျွန်တော် ဘာပြောမယ်ဆိုတာ ဝတ်ဆံ သိတယ်ပေါ့”

“သိတယ် ထင်တာပဲ”





“ဒါဖြင့် သိတယ်ဆိုလည်း နိဒါန်းပျိုးနေစရာ မလိုတော့ဘူးပေါ့။ ဝတ်ဆံ ကျွန်တော့်ကို အခုဖြေပေးပါ။ နာရီဝက်တွေ ဆယ့်ငါးမိနစ်တွေလည်း ဘာမှအချိန်ထပ်မပေးနိုင်တော့ဘူး။ ခုချက်ချင်းပဲ သိချင်တယ်။ ဘာဖုန်းလာလာ ဘယ်သူ ဘာဖြစ်ဖြစ်လဲ စိတ်မဝင်စားဘူး။ ခုဆိုခု ခုပဲ ချက်ချင်း ဝတ်ဆံ ခေါင်းထဲမှာ ရှိနေပြီးသား အဖြေကို ကျွန်တော့်ကို ပေးပါတော့”

ဝတ်ဆံရဲ့ရင်ထဲမှာ “ဟင်”ခနဲ တိုးတိတ်မြည်ဟီးသွားရကာ ရင်ခွင်တစ်ခုလုံး တင်းတင်းကျပ်ကျပ် နာ့နာ့ကျင်ကျင်ဖြစ်လို့လာသည်။ ဘော့စ်နဲ့ပတ်သက်တဲ့ မေးခွန်းမျိုးကိုပဲမေးကာ “ဘယ်လိုဖြစ်တာလဲ”လို့ ရန်လုပ်တော့မယ်ပဲ ထင်ထားခဲ့တာ။ ခုတော့“ခုချက်ချင်း အဖြေပြန်ပေးပါ”တဲ့။ မကြားရတော့ဘူးလို့ မှန်းထင်ခဲ့တဲ့စကားကို မထင်မှတ်တဲ့အချိန်မှာ ကြားလိုက်ရတာပါပဲ။

ဒါပေမဲ့ အခါနှောင်းခဲ့ပြီ တိုက်တိုင်းရေ။ အခါခါ အလီလီ အချိန်တိုင်း မျှော်လင့်ရူးသွပ်ခဲ့ဖူးတဲ့ ဒီမေးခွန်းအတွက် ခုချိန်မှာတော့ အဖြေက “ဟင့်အင်း”ရယ်၊ “No”ရယ်၊ “မဖြစ်နိုင်ဘူး”ရယ်၊ “ရှင့်ကို ကျွန်မ ငြင်းပါတယ်”ရယ်ကလွဲလို့ ဘာမှမရှိနိုင်တော့ပါ။ တိုက်တိုင်းကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တဲ့အထဲမှာ အဲဒါကလည်း တိတိကျကျကို ပါနေခဲ့ပြီ။

ဘာလို့ ဒီလောက် ကံဆိုးရတာလဲ။ အင်မတန် ကြားချင်ခဲ့တဲ့ ဒီစကားမျိုးကို ဒီ့ထက်စောစောကလေး ဘာလို့ကြားခွင့်၊ ဖြေခွင့်၊ အဆင်ပြေခွင့် မရခဲ့တာလဲ။ ဖြေခွင့်ရှိပြီး၊ ဖြေပြီးဖြစ်နေခဲ့ရင်တောင် ဆက်ဖြစ်လာတော့မယ့် ပြဿနာပေါင်းစုံသောင်းခြောက်ထောင်ကို ဝတ်ဆံက မျက်စိမှိတ်ပြီးပဲ ရင်ဆိုင်ဦးမလို့ပါ။ ခုတော့ စောစီးစွာဖြေခွင့်၊ ပျော်ခွင့်မရှိခဲ့တဲ့အတွက် ဖွတ်နစ် ထပ်မတိုးတော့ဖို့ ဝတ်ဆံက နိုင်မာစွာ ဆုံးဖြတ်ပြီး ဖြစ်နေခဲ့ပြီကွယ်။

"ဖြေပါ ဝတ်ဆံ၊ အိလေးအ,လေး ဟိုဒီနဲ့ အဖြေကိုမကြားလိုက်ရတာမျိုး ကျွန်တော် ထပ်ရင်မဆိုင်ချင်တော့ဘူး။ ခုတိကျမှ ဖြစ်မယ်"

ဩော် ... ဒါဖြင့် ခုထိဖြေခွင့်မရှိခဲ့ရသေးတာဟာ ဝတ်ဆံဘက်ကချည်း အိလေးအ,လေးနဲ့ အချိန်ဆွဲ၊ ကြိုးရှည်ရှည်လှန်ထားခဲ့လို့သာပေါ့နော်။

"မဖြစ်နိုင်ဘူး တိုက်တိုင်း"

"ဘာ ... ဘာဖြစ်တယ်"

"ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး။ လက်မခံဘူး၊ ငြင်းတယ်"

"မဖြစ်နိုင်တာလား၊ မဖြစ်နိုင်တော့တာလား ရှင်းရှင်းပြောပါ"

အင်မတန် အေးချမ်းတည်ငြိမ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်က စားပွဲမျက်နှာပြင်ကို လက်ဝါးနဲ့တဖြန်းဖြန်းရိုက်ကာ





ပြောလာတော့ သူ့လက်ဖဝါးချက်တွေဟာ ဝတ်ဆံရဲ့ရင်ခွင်ပေါ် ရိုက်ရိုက်ကျနေသလိုလို။ "တဖြန်းဖြန်း"သံဟာ ရင်ထဲက နှလုံးသည်းအူ ကလီစာပေါင်းစုံတွေ ကြေမွစုတ်ပြတ်ကုန်ကြလို့ပဲ ထွက်ပေါ်လာသလိုလို စိတ်ကထင်မြင်မိပါသည်။

"မဖြစ်နိုင်တော့တာ။ ဟုတ်တယ် ... ဒါအမှန်အတိုင်းပါပဲ၊ မဖြစ်နိုင်တော့တာ တိုက်တိုင်း"

"ဘာဖြစ်တယ် ! ဒါဖြင့် အဲဒါ တကယ်ပဲ ဘော့စ်ကြောင့်ပဲပေါ့၊ ဟုတ်လား"

"အိုး ... လွဲလိုက်တာ။ ရှင်က ကျွန်မကို ဘာကြောင့်အဲဒီလို စွပ်စွဲချင်ရတာလဲ။ ဟုတ်ပါတယ်၊ ရှင်ကြားလာခဲ့တဲ့ ဘော့စ်ရဲ့သတင်းက မှန်ပါတယ်။ အဲဒါနဲ့ပဲ မနေ့က ဘော့စ်က ဒီလိုဆိုတာနဲ့ပဲ ဒီနေ့ ကျွန်မက ရှင့်ကိုငြင်းရောတဲ့လား ... ကျွတ်"

"ဒါဆို ဘာ့ကြောင့်လဲ"

ရှင်က ဘယ်လိုမဆို မငြင်းနိုင်ဘူး။ ကြိုက်တဲ့အချိန်သမေးလိုက်။ ခေါင်းညိတ်တဲ့အဖြေကိုပဲ ပြန်ရမယ်လို့ တွက်ထားဘာပေါ့နော်။ ဘော့စ်ရယ်လို့ ကြားလူတစ်ယောက် ပေါ်မလာခဲ့ရင် အချိန်မရွေး ရှင်နဲ့ကျွန်မ ချစ်သူတွေဘဝပဲ ရောက်ကြရမယ်လို့ သေချာနေပြီးပြီပေါ့နော်။ ဟုတ်ပါတယ်။ ဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒါ အချိန်အတိုင်းအဟာ တစ်ခုအထိပဲ မှန်ခဲ့တယ်။ ချိန်မှာ မမှန်ကန်တော့ဘူး။

"ကလေးတွေကြောင့်လို့ ပြောချင်တာလား။ အဲဒါက... ထငြင်းလောက်စရာမို့လို့လား။ အဲဒီအခြေအနေကို ... လာကတည်းက ကျွန်တော်တို့ ဒီလိုပဲ ရင်ဆိုင်လာခဲ့... တာပဲ မဟုတ်လား"

"အဲဒါကြောင့် ကျွန်မက ခုမှပဲ 'မဖြစ်နိုင်တော့တာ' ... ဝန်ခံလိုက်တာပေါ့။ ခွင့်လွှတ်ပါ တိုက်တိုင်း။ ကျွန်မအတွက်... က တစ်ခါလောက်ဆိုရင် တော်တော်သဘောပေါက်ပါပြီ... ပိုက်ပိုက်ကို နှစ်ခါပြန်တော့ ယောက်မ,မတော်နိုင်တော့... ဘူး။ မတော်ပါရစေနဲ့။" ရှင့်အဒေါ်ကိုကျတော့ တစ်... လောက်တောင်မှ မတော်စပ်ပါရစေနဲ့။ ဒီလိုပြောရ... အတွက် စိတ်မကောင်းပါဘူး တကယ်ပါ။ ခွင့်မလွှတ်ချင်... လည်း ရပါတယ်"

တိုက်တိုင်း အနည်းငယ်တော့ ငြိမ်သွားသည်... "မင်းမောင်ကကော ဘယ်လောက်ကောင်းလို့လဲကွ"လို့ ပြော... ရင်လည်း ပြောလိုက်ပါ။ လက်ခံပါတယ်။ ဒါပေမဲ့ ရှင်လည်း... အဲဒီလောက်မကောင်းတဲ့ အကောင်စားမျိုးလေးကို နှစ်ခါပြ... နှစ်ထပ်ကွမ်း တော်စပ်ဖို့ စဉ်းစားမနေပါနဲ့တော့။

"ရှင်က ခုမှ သေချာပြော၊ တိတိကျကျပြော၊ ချက်ချ... ပြောဆိုလို့ ကျွန်မ ရှင့်ကို ခုမှငြင်းရတာပါ။ ဒါပေ... ဘော့စ်ကတော့ ချစ်ခွင့်ရယ်၊ အဖြေရယ်၊ လက်ထပ်... ရယ်ကို တစ်ကြိမ်တည်း တစ်လက်စတည်း တောင်းခဲ့တာ...





မို့လို့ တစ်ထိုင်တည်းနဲ့ ကျွန်မ ငြင်းပယ်ခွင့်ရလိုက်တာပါ။ ဘော့စ်ကြောင့် မဟုတ်ဘူး လုံးဝသေချာတယ်။ ရှင် သံသယမရှိနဲ့၊ ကျွန်မ အဲဒီလိုမိန်းမမျိုးမဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ့်စကားကိုတော့ ကိုယ်တိုင်လေးစားတဲ့၊ မပြင်ချင်တဲ့၊ နှုတ်ထွက်တည်တဲ့ မိန်းမမျိုး တော့ ဖြစ်ပါတယ်"

တိုက်တိုင်းက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီ ... သံသယမရှိပါဘူး။ ဘော့စ်ကြောင့်မဟုတ်ဘူး ဆိုတာကို ယုံပါပြီ။ ဒီလိုဆိုရင်တော့ ဒီနေ့ ခင်ဗျား ပြောခဲ့တဲ့ စကားတွေကို မကြားဘူး၊ အတည်မယူဘူး။ ခင်ဗျား လုံးဝမပြောခဲ့ဘူးလို့ပဲ သဘောထားလိုက်မယ် ဝတ်ဆံ"

ဝတ်ဆံမှာ "ဟင်"ခနဲ တိုးတိတ်သံလေး တစ်ချက် ...င့်ပင် လှည့်ထွက်သွားပြီဖြစ်သော တိုက်တိုင်းရဲ့ကျောပြင်ကို အငေးသားကြည့်ကာ ကျန်ရစ်ရပါသည်။ မကြားဘူး၊ အတည် ...ယူဘူး၊ ခင်ဗျားလုံးဝမပြောခဲ့ဘူးတဲ့လား တိုက်တိုင်းရယ်။ ခက်လိုက်တာ။ ရှင်ဘာမှမသိဘူးနော်။ တကယ်ပြောချင်တာကိုမှ ဘယ်လိုမှ ပြောမထွက်ချင်၊ ပြောမထွက်ရက်တာတွေကို ထုတ်ဖော်လိုက်ရတာ ဘာကြောင့်ဆိုတာ ရှင် လုံးဝမသိဘူးနော်။

ပြီးခဲ့တဲ့ နေ့ကပဲ ရှင့်ညီမနဲ့ ရှင့်အဒေါ်နဲ့ အိမ်ရောက်လာကြတယ်။ လာလည်တာ မဟုတ်ဘူး။ လာကြမ်းတာ။

“အိမ်ထောင်သည်ယောက်ျားတစ်ယောက်ကို အိမ်မပြန်နဲ့လို့ အတင်းနှားချ သိမ်းသွင်းထားကြတာ ဘာသဘောလဲ။ ဟင် ! ကိုယ့်ကိစ္စတွေ အဆင်မပြေကြတိုင်း သူများတကာ လင်မယားကိုပါ ကွဲပြီအောင် ယုတ်မာနေကြတာလား။ လူကြီးသူမ မိကောင်းဖခင်ပီသရင် မဖြစ်သင့်တာ မဖြစ်အောင် ဖေးဖေးမမ ဝိုင်းဆုံးမပေးကြရမှာကို မကွဲ့ကွဲအောင် လုပ်ပေးနေကြတာက ဘာသဘောလဲ”

စတင်အဖြေပေးတဲ့နေ့ကတောင်မှ အိမ်ကလူကြီးသူမကို ပမာမခန့်အော်ဟစ်သွားရဲသေးတဲ့ မိန်းကလေးမျိုးဟာ ဒီလိုကိစ္စမှာတော့ အိမ်ရှေ့ကြီးမှာတင် ရပ်ကျော်ရွာကျော် ခုနစ်သံချီ ဟစ်ငိုမည်ဆိုတာ ပြောနေစရာတောင်မလိုပေ။ မြို့နံးခနဲ ရောက်လာကြပြီး ဗြံခနဲ အော်ချပစ်လိုက်ကြတဲ့ကိစ္စကို ဘယ်လိုမှ နားမလည်သဘောမပေါက်နိုင်တဲ့ ဝတ်ဆံက အန်တီလေးကို အံ့ဩတကြီး အကူအညီတောင်းသလို လှည့်ကြည့်လိုက်ဖိတော့ အန်တီလေးက အပြစ်ရှိတဲ့ မသိုးမသန့်ရုပ်ရည်နဲ့။

အို ...။ ဝတ်ဆံမှာဖြင့် နားကျင်ကြေကွဲနေတဲ့ နှလုံးသားတစ်ခုကို မျက်ကွယ်ပြုပြီး ကိုယ့်မောင်လေးကိုယ် “အိမ်ပြန် ... အိမ်ပြန်။ နင် ဘယ်လိုမျိုး တာဝန်ယူနိုင်မယ်။ အပြစ်ချေနိုင်မယ် ဆိုတာ သေချာပြီဆိုမှ အမှားပြင်ဖို့ကိစ္စကို စဉ်းစားပါ။ ဒီကြားထဲမှာတော့ တာဝန်တွေပိုကြီးလာအောင်၊ အမှားပြန်ပြင်လို့မရနိုင်တော့လောက်အောင် အပိုတွေ ပေါက်ကရတွေကို လုံးဝရှောင်ပြီး





တော့သာ ဧနေထိုင်ပေတော့။ ခုတော့ မိကောင်းဖခင်သားသမီး ပီသချင်တယ်ဆိုရင် နင် အိမ်ပြန်ကို ပြန်ရမယ် မောင်လေး”လို့ နောက်တစ်နေ့မနက်မှာ ဖွတ်ပြောယူပြီး ကားပေါ်ပါတင်ခေါ်လာခဲ့ကာ သူတို့အိမ်ရှိရာ လမ်းထိပ်မှာ ရင်နာနာစနဲ့ ချထားပေးခဲ့ရတာပါ။

ကိုယ်တိုင်ချီထိန်းလာခဲ့တဲ့ မောင်လေးကို လောက်တဖွားဖွားထနေတဲ့ မစင်တွင်းထဲကို ကိုယ်တိုင်မျက်စိမှိတ်ပြီး ပစ်ချခဲ့ရတဲ့ ခံစားချက်မျိုး ခံစားရပေမယ် ဝတ်ဆံဟာ မိန်းကလေးချင်း ကိုယ်ချင်းမစာတတ်တဲ့ “ငါ့ဖို့”သမားကြီးမှ အဖြစ်မခံနိုင်ဘဲ။

“ပိုက်ပိုက် ပြောနေတာတွေ အစ်မ တစ်ခွန်းမှ နားမလည်ဘူး”

“သူများယောက်ျားကို မယားလုပ်သူရဲ့အိမ်ကနေ ပြန်ခေါ်ထားပြီး ဖွက်သိမ်းထားတဲ့ကိစ္စကို ပြောနေတာ”

“ဘာတွေပြောနေတာလဲ၊ ဝေဠုက ဒီအိမ်မှာမရှိဘူး။ ဟိုးတစ်နေ့က ပြဿနာဖြစ်ကြတာ သိတယ်၊ အဲဒီနေ့ညရဲ့ နောက်တစ်နေ့ မနက်မှာပဲ မင်းတို့အိမ်ထိပ်ထိအရောက် အစ်မ ပြန်ပို့ပေးခဲ့တယ်”

❋ ချက်ကျလက်ကျ ပြန်ရှင်းပြနေတဲ့ ဝတ်ဆံကို နောက်နားက အန်တီလေးက လက်တကုတ်ကုတ်နှင့် လာလုပ်နေပါသည်။

"ဟိုမှာတွေ့လား။ လက်ကုတ်နေတယ်။ စကားကို သူများယုံအောင် ပြောချင်ရင်လည်း လူညီအောင် အရင်လုပ်ပါ။ ခုနေ အိမ်ထဲဝင်ရှာပစ်လိုက်ရင် တွေ့မတွေ့ ဘာကြေးနဲ့ ကြေးထပ်လောင်းမလဲ ... ပြော။ အသက်ကြေးလောင်းရဲလား"

ဝတ်ဆံက အန်တီလေးကို အံ့ဩတကြီးကြည့်လိုက်မိလျှင် ဒေါ်ဝါဝါဟာ ဝတ်ဆံထံကိုတော့ မျက်နှာငယ်ကလေးနဲ့၊ ဟိုတူဝရီးဆီကိုတော့ စစ်မျက်နှာဖွင့်လျက် နှစ်မျိုးနှစ်ဖုံသော မျက်နှာပေးတို့နဲ့ ရင်ဆိုင်ပစ်လိုက်ကာ ...

"ဟုတ်တယ် ... သူ့အစ်မက ဖွတ်ပြန်ပို့လို့တဲ့ ချက်ချင်းကြောက်လန့်တကြား ပြန်ပြေးလာတာ၊ တက္ကစီခတောင် ဆီးရှင်းယူရတယ်။ ဘယ်လိုမှ သည်းညည်းမခံ၊ ဒဏ်မခံနိုင်လို့ အကြီးအကျယ် စိတ်ဓာတ်ကျနေတဲ့ ငါ့သားလေးက ငါ့ဆီကို အားကိုးတကြီး ပြန်ပြေးလာတာကို ငါက ရင်ဝဆောင့်ကန်ပြီး တွန်းလွှတ်ရမလား။ လူကြီးပဲဟဲ့ ... ရင်ကြီးဝမ်းရော ရှင်ငယ်ဝမ်းပါ ဝင်ခဲ့ပြီးပြီ။ ဘယ်သူဘယ်လိုဆိုတာ ကောင်းကောင်းသဘောပေါက်နိုင်တယ်။ ကိုယ့်ကလေး ဒုက္ခရောက်မယ့်ကိစ္စကိုပဲ ငါက မျက်စိမှိတ်ပြီး တားဆီးရမှာပဲ ...

ဟုတ်တယ် ဝတ်ဆံ။ သူက ညဘက်ဆို ဝတ်ဆံအိမ်ပြန်ရောက်လာခါနီး အချိန်လောက်ကျမှ မောင်အောင်





ကျော်တို့အိမ် သွား,သွားအိပ်နေတာ။ မနက်ကျ ဝတ်ဆံရုံးသွားပြီဆိုရင်တော့ ဒီမှာ တစ်နေကုန်ပဲ။ အန်တီလေးက သူ့ကို အိမ်သော့ပေးထားတယ်။ တစ်ခါတလေကျရင်တော့ မောင်အောင်ကျော်တို့ အိမ်ကနေ အန်တီလေးရဲ့ဆိုင်ကိုပဲ တန်းလိုက်လာပြီးမှ အတူပြန်ကြတာ။ ခုလည်း ဟိုအရင် တစ်ပတ်ကလိုပဲ ဝတ်ဆံ ဒီနေ့ပါ ရုံးသွားရမယ်မှတ်လို့ အစောကြီးကတည်းက ရောက်နေတာ။ အခု အခန်းထဲမှာ"

ဝတ်ဆံရဲ့မျက်ဝန်းတွေ ပြာသွားရချိန်မှာ ဟိုတူဝရီးအာကြမ်းလျှာကြမ်း နှစ်ယောက်ဆီကတော့ ဆက်တိုက်ဆိုသလိုပဲ မကြားဝံ့ မနာသာတွေက ကျယ်လောင်စွာ ထွက်ပေါ်လာနေပါတော့သည်။ အန်တီလေးကတော့ ကြားတယ်တောင်မှ ထင်ပုံမရတဲ့ရုပ်နဲ့ ဘယ်လိုနေနေနိုင်သည် မပြောတတ်ပေ။ ဝတ်ဆံမှာတော့ နားထဲ သံရည်ကျိုပြီး လောင်းထည့်ခံရရင်တောင် ဒီ့ထက်တော့ ဆိုးနိုင်မည် မထင်တော့ပါ။ ဝတ်ဆံက "ဝေစျ္ဈ ထွက်ခဲ့စမ်း"ဟု အတင်းကြီး ကျုံးအော်ပစ်လိုက်သည်။

"ရှင်းစမ်း နင့်ကိစ္စနင်။ ငါ့မှာတော့ ငါ့ဘဝအတွက် အင်မတန်အရေးပါနိုင်တဲ့၊ ငါကိုယ်တိုင်လည်း မက်မက်မောမောသွားချင်မိတဲ့ သင်တန်းခရီးစဉ်တစ်ခုကိုတောင်မှ နင်တို့နှစ်ယောက် ငါမရှိရင် ဒုက္ခများ ကွဲပြိုကုန်ကြမှာစိုးလို့ မျက်စိမှိတ် ငြင်းပြီးဖျက်ထားရတယ်။ ငါ့ရဲ့မေတ္တာစေတနာအတွက် ရလာတဲ့အကျိုးဆက်ကကျတော့ ဒီလိုတဲ့လား။

နင်တို့နှစ်ယောက်လုံး သိပ်စိတ်ပျက်ဖို့ကောင်းကြတဲ့ဟာ တွေ"

"တော်စမ်းပါ။ ဘာတွေအသံကောင်းဟစ်နေတာလဲ။ အဲဒါကိုတိုက်သွားရမယ့်ကိစ္စကြီးကို မသိဘူးများ မှတ်နေသလား"

"မင်းအစ်ကိုကလည်း အစကတော့ မီးမီးကို တစ်ယောက်တည်းထားခဲ့ရမှာစိုးလို့ မသွားတာ။ နောက်ကျတော့ မင်းတို့ကွဲကုန်ကြမှာကို ကြောက်လွန်းလို့ပဲ ငြင်းလိုက်တာ။ တူတူပဲ"

"အပိုတွေပြောမနေနဲ့၊ တကယ်တမ်း ပြန်ပေါင်းစေချင်တဲ့ အစ်မမျိုးဆိုရင် ယောက်မတစ်ယောက် အိမ်ပေါ်တက်လာတာကို ဒီလိုတောင် ဆီးမဆက်ဆံဘူး"

"မင်းကရော ... ဘယ်လိုအချိုးမျိုးနဲ့ တက်လာခဲ့တာလဲ ပိုက်ပိုက်၊ ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်ပြန်ငုံ့ကြည့်လိုက်ဦးလေ"

အလတ်မက ဝတ်ဆံကိုပဲ ဦးတည်တိုက်ခိုက်နေသည်ဖြစ်ရာ အမှန်ကတော့ ဟိုးကျောင်းတော်ကရန်စ ရှိကြတဲ့ အဒေါ်နှစ်ယောက်ရယ်၊ သူတို့လင်မယားချင်းရယ် တစ်တွဲစီ ဖြစ်နေရမယ့်တကယ့်တိုက်ပွဲက လွဲချော်လျက်၊ ဝတ်ဆံနဲ့ ပိုက်ပိုက်တို့ပဲ နှစ်ယောက်တည်း အဓိကထား တိုက်နေရသလို ဖြစ်နေပါသည်။ သူကကျတော့ ကက်ကက်လန်နေတဲ့ ပိုက်ပိုက်ဟာ ဝတ်ဆံကိုကျတော့ သူ ဘာပြောပြော ငြိမ်နားထောင်ရမယ်များ မှတ်ထားလေ





ရောသလား။ ဒီလောက်လေး ပြောလိုက်တာကိုပင် အသက်ထွက်တော့မတတ် တုန်တုန်ယင်ယင်တွေပင်ဖြစ်လျက် ...

"စောင့်ကြည့်လိုက်။ သူများတကာ လင်မယားကိစ္စမှာ ရှုပ်ရှုပ်ယှက်ယှက် ဝင်သွေးခွဲရင် ထပ်တူအကုသိုလ်မျိုးပြန်ရကို ရစေရမယ်။ ငါတစ်လ နှစ်လနဲ့ တစ်ခုလပ်ဖြစ်ရရင်ရင်လည်း တစ်လမပြည့်ခင် တစ်ခုလပ် တစ်လင်ကွာပြန်ဖြစ်ကို ဖြစ်စေရမယ်။ မယုံရင် စမ်းကြည့်လိုက်"

ဝေဠုက "ဟာ"ခနဲ အကျယ်ကြီး အော်ပစ်လိုက်ကာ ပိုက်ပိုက်ကို ခုန်အုပ်ထည့်လိုက်သဖြင့် ဝတ်ဆံနှင့် အန်တီလေးတို့မှာ ဝေဠုကိုပဲ ဆွဲကြလွဲကြရ၊ သူတို့နှစ်ယောက်ကြားထဲ ဝင်ရပ်နေရ။ ဝေဠုက ကိုယ့်အစ်မတွေ အဒေါ်တွေပါ ဘိကုန်မည်စိုး၍ အရှိန်လျှော့လိုက်သော်လည်း ဘယ်သူ့ထိထိဟု ယမ်းချင်တိုင်းယမ်းပြီး ကုတ်ခြစ်သတ်ပုတ်နေသည့် ပိုက်ပိုက်ရဲ့ဒဏ်တွေကို အလူးအလဲ ခံကြရ။

"နင်ကပါ မကြီးမငယ်နဲ့ ပိုင်းကူသတ်နေရင် ငါ အရပ်ကိုအကူအညီတောင်းပြီး ရဲပါတိုင်တော့မှာနော် ဒေစီ။ ပိုင်နက်ကျူးလွန်မှု၊ လက်ရောက်မှု၊ သူတစ်ပါးပစ္စည်းဖျက်ဆီးမှု၊ မတရားစွပ်စွဲသိက္ခာချ အသရေဖျက်မှု။ သူများတကာရဲ့ပိုင်နက်နေရာကြီးမှာ ငါတို့တူဝရီးနှစ်ယောက် ကိုယ်ပေါ်က ဒဏ်ရာတွေပါ ပြတိုင်လိုက်ရင် နင် အမှုရင်ဆိုင်ကိုရင်ဆိုင်ရမှာ၊ ဘယ်နည်းနဲ့မှ မလွတ်ဘူး"

မခံနိုင်တော့တဲ့ အန်တီလေးက အတင်းကျုံးအော်တာကြောင့်ရော၊ "သူ့အဒေါ်နဲ့ အစ်မကို မထိကြနဲ့"ဟု ဝေဠုက ယောက်ျားအားကြီးနဲ့ ဝင်ဖျက်တားဆီးတာကြောင့်ရော တစ်ရှိန်ထိုး သောင်းကျန်းနေကြတဲ့ ပိုက်ပိုက်နဲ့ သူ့အဒေါ်တို့ အသတ်အပုတ်တွေကိုတော့ ရပ်တန်းကရပ်ကာ စိတ်ကြိုက်ထပ်ပြောဆိုပြီးမှ ပြန်သွားကြပါသည်။

"ကျွန်တော် ဆုံးဖြတ်လိုက်ပြီ။ ခဏပြန်လိုက်သွားလိုက်ဦးမယ် မမ။ ကျွန်တော့်အတွက်ကြောင့် အစ်ကိုတိုက်တိုင်းဆီမှာ မမ မျက်နှာမငယ်ရအောင်အထိ သေချာတာဝန်ယူရှင်းလင်းနိုင်ပြီးရင်တော့ ကျွန်တော် ဒီကိုပြန်လာပါရစေ။ မမ ကျွန်တော့်ကို ပြန်လက်ခံပေးပါ"

ဝေဠုရဲ့စကားအရ ဘယ်လိုမဆို ရှင်းလင်းပြတ်သားမည်ဆိုတာကတော့ သေချာပေါက်ပင် မဟုတ်လား။ တကယ်တမ်း တိုက်တိုင်းနှင့်လည်း အဆင်ပြေစွာ သူတို့ညှိလို့ရခဲ့လျှင် ဝတ်ဆံဟာ ပိုက်ပိုက်ကို ယောက်မတော်ထားရခြင်း ဝဋ်ဆင်းရဲမှ ကင်းလွတ်ခွင့် ရနိုင်ပြီ။ (ပြောမကောင်းပေမယ့်) အင်မတန်စိတ်ကျေနပ်စရာကောင်းမယ့် ဒီအဖြစ်ကို ပြန်ရပြီးမှတော့ နောက်တစ်ကြိမ်၊ နောက်တစ်ခါ ကိုယ့်ဘာသာ ကိုယ့်သေတွင်းကိုယ်တူးပြီး ကိုယ့်ကြောင့်ပဲ ဒီဒဏ်မျိုးကို တစ်ဖန်ထပ်ခံဦးမှာလား။

တိုက်တိုင်းရေ။ နှစ်ခါပြန်လည်း ယောက်မ မတော်နိုင်ဘူး။ တစ်ကြိမ်တစ်ခါ ကင်းလွတ်ခဲ့ပြီးမှလည်း နောက်တစ်ဖန်





ထပ်မခံနိုင်တော့ဘူး။ "ဤဘဝ ဤမျှသာ"ဆိုတဲ့ စကားမျိုး ဘာ့ကြောင့် ပေါ်ပေါက်လာခဲ့ပြီး ရှေ့ရှေ့ကပြောဆိုခဲ့ဖူးတဲ့လူတွေ ဘယ်လို "ရင်"မျိုး "နှလုံးသား"မျိုးနဲ့ ပြောထွက်ခဲ့ကြရသလဲ။ ခုတော့ ဝတ်ဆံ သိပြီ။

သူ ဘာမှသိပ်သိပုံမရသေးတာ သူ့ညီမက သူ့အစ်ကိုကိုတော့ တီတီကျကျ ဘာမှမပြောပြလို့သာ ဖြစ်မှာပါ။ ဟိုတစ်ညက ဝတ်ဆံ ဖုန်းဆက်ပြောလို့ ညကြီးမင်းကြီး ကိုယ့်ညီမကိုယ်လိုက်ရှာ ဖျောင်းဖျ ဆုံးမခဲ့ရပြီးလျှင် ကိစ္စများက ခါတိုင်းလိုပြန်ငြိမ် အနည်ထိုင် အဆင်ပြေနေပြီလို့ သူ ထင်ကောင်းထင်နေလိမ့်မည်။ ဟန်ဆောင်ကောင်းလှတဲ့ ညီမဟာ သူ့အပေါ် ဒီလောက်ကောင်းနိုင်လှတဲ့ အစ်ကိုတစ်ယောက်အပေါ်မှာ ဘာ့ကြောင့်အခြေအနေမှန်တွေကို အရှိအတိုင်း၊ အရင်းအတိုင်း ပေးမသိထားသေးတာပါလိမ့်။

အဲဒါကြောင့်ပဲ ရှင်က ဝတ်ဆံရဲ့အငြင်းစကားများကို "မကြားဘူး၊ အတည်မယူဘူး၊ ခင်ဗျား လုံးဝမပြောခဲ့ဖူးဘူး"လို့ပဲ ဆက်သဘောထားနိုင်သေးတာပေါ့နော်။ မျှော်လင့်ရသူဆိုတာ ပင်ပန်းဆင်းရဲလှပါတယ်၊ ကိုယ်တွေ့ပါ။ ရှင့်မျှော်လင့်ချက်တွေကို ဒီနေရာတင်ရပ်တန်းကရပ်၊ စွန့်လွှတ်လိုက်တော့ဖို့ တောင်းပန်ချင်လိုက်တာ တိုက်တိုင်းရယ်။

♥ ✉ ♥

"အဲဒီနားပဲ ကိုကိုကြီး၊ အဲဒီနား ... အဲဒီနား ..."

"ဘယ်နားလဲ၊ အဲဒီနားလို့ လုပ်လို့မရဘူး။ ငါကကားရပ်နိုင်မယ့်နေရာကို ရအောင်ရှာရွေးရဦးမှာ၊ တိတိကျကျပြော ဘယ်ဘက်လား၊ ညာဘက်လား"

"ဘယ်ဘက်ထင်တယ်၊ ဘယ်ဘက်လိုင်းကို ယူလိုက်ပြီး ကပ်ရပ်လိုက်ရလို့ ရမလား"

"ကျွတ် ... ထင်တယ်ဆိုတာက ရှိသေးတယ်၊ နှစ်လမ်းမောင်းကြီးကို ဘယ်ဘက်တိုးလိုက်ပြီး ကပ်ရပ်လို့ရမလားဟ။ ဘာမှလဲ မသိဘူး"

တိုက်တိုင်းမှာ အငယ်မကို စိတ်ပျက်လက်ပျက်နှင့် ပြောဆိုလိုက်မိပြီးမှ နောက်ဆုံးစကားလုံးတွေကို ကိုယ့်ဘာသာ အရှိန်လျှော့၊ အသံလျှော့၊ ခပ်ဆတ်ဆတ် ဖြစ်နေနိုင်တာတွေကို ပါ စတဲ့ နောက်တဲ့ သဘောပဲရောက်အောင် ဖော့ပြောလိုက်ရင်း "ငတုံးမကလေး"ဟုပါ ချစ်စနိုး တမင်ပြောလိုက်ပါသည်။

စိတ်ပျက်စိတ်တိုနေရတာကတော့ ကိုယ့်ဘာသာနဂိုတည်းက ဖြစ်နေတာလေ။ အငယ်မမှာ ဘာမှအပြစ်မရှိ။ သူ့ကြောင့်မှ မဟုတ်တာ။ တိတိကျကျ ပြောရရင် အလတ်မကြောင့်၊ အလတ်မအပြစ်။ အစ်မလုပ်သူကြောင့် ဖြစ်နေရတဲ့ အစ်ကိုရဲ့





ဒေါသတွေကို ညီမအငယ်ဆုံးလေးက ခံရမယ်ဆိုတာတော့ သိပ်အလုပ်မဟုတ်လှဘူး မဟုတ်လား။ အငယ်မလေးခမျာ အစ်မလုပ်သူရဲ့ပြဿနာထဲ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို အလုပ်ရှုပ်ခံ၊ ကျောင်းအပျက်ခံပြီး ဝင်ပါနေရတာ။ အအော်အငေါက်ပါ ခံနေရဦးမည်ဆိုရင် သိပ်သနားစရာကောင်းသွားတော့မည်ပေါ့။

ဖြစ်ရပ်ကတော့ ဒီလမ်းထဲက အမျိုးသမီးတစ်ယောက်ရဲ့အိမ်ကို အလတ်မရဲ့ယောကျ်ား မောင်ဝေဠု မကြာခဏဆိုသလို ရောက်ရောက်လာတတ်တာ၊ အဲဒီအမျိုးသမီးနဲ့ ရယ်မောပြုံးရွှင်စွာ အပြင်က ပြန်လာလိုက်ကြ။ အပြင်ကိုထွက်သွားလိုက်ကြတွေလုပ်နေတာ မီးမီးက မျက်စိနဲ့တပ်အပ် မြင်ရတာ လေးငါးကြိမ်ပင် ရှိသတဲ့။ မီးမီးတို့ရဲ့ကျူရှင်တစ်ခုက ဟိုဘက်ကလမ်းထဲမှာဖြစ်ပြီး ဒီဘက်လမ်းထဲကိုတော့ မုန့်လာလာစားရင်း ရောက်ဖြစ်နေတာမျိုး။ မီးမီးခမျာ သူငယ်ချင်းတွေကလည်း ပါနေတော့ ခဲအိုလုပ်သူကို နှုတ်ဆက်ခေါ်ပြောပြီး အစ်အောက်တာမျိုးလည်း မလုပ်ရဲ။ သူ့ကို ခဲအိုတော် မမြင်အောင်ရယ်၊ ခဲအိုကို သူငယ်ချင်းတွေ မှတ်မိတွေ့ရှိမသွားအောင်ရယ် အမြဲအကျပ်ရိုက်ကာ စိတ်ညစ်ညစ် နေခဲ့ရတာ ကြာပါပြီတဲ့။

တိုက်တိုင်းကလည်း အလတ်မတို့ရဲ့အိမ်ထောင်ရေးက ခပ်လှုပ်လှုပ် ဆိုတာမျိုးကို ကလေးလို သဘောထားထားတဲ့ ညီမငယ်ကိုတော့ ဘယ်ပြောပြပါ့မလဲ။ အငယ်မကလည်း သူ့ပြဿနာကို အလတ်မကိုလည်း မပြောရဲ။ အစ်ကိုကြီးကိုလည်း

ပြောရကောင်းနိုး၊ မကောင်းနိုးနဲ့ ဟိုတစ်နေ့ကမှ အစ်ကိုနဲ့အစ်မ တို့ ဖုန်းပြောနေကြတာကို ကြားလိုက်ရမှ "ခပ်လှုပ်လှုပ် အချေ အနေ"ကို ရိပ်မိပြီး တိုက်တိုင်းထံ ဒီအကြောင်းကို ခုမှဖွင့်ပြော လာခဲ့တာပါ။

အလတ်မနဲ့ သူ့ခင်ပွန်းဖြစ်သူတို့-အဆင်မပြေကြမှု မှာ တိုက်တိုင်းဟာ မောင်ဝေဠုကို အပြစ်လည်းမမြင်။ စိတ်တို ဒေါသထွက်တာမျိုး၊ အကြောင်းပြ ဆုံးမချင်တာမျိုးလည်းမရှိ ဝတ်ဆံရဲ့မောင် ဖြစ်နေလို့ မဟုတ်ပါ။ အလတ်မဟာ ဘယ်လို ယောကျ်ားမျိုးနဲ့ ပေါင်းသင်း၊ ပေါင်းသင်း တော်ရုံခန္တီ မေတ္တာပါရမီ ရှင်မျိုး ဆိုရင်တောင် သူနဲ့တာ ဖြစ်မှာမဟုတ်တာ တိုက်တိုင်းက ကြိုတင်သိရှိထားသူမို့ပါပဲ။

ဒါပေမဲ့ ပြဿနာရယ်လို့ ဖြစ်ကြရင် အလတ်မရဲ့ အကျင့်စရိုက်တွေ၊ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေကြောင့် ယောကျ်ား လုပ်တဲ့သူက မခံနိုင်တော့တာမျိုးပင် ဖြစ်သင့်လျက် ဘယ်လောက် မှ မကြာမြင့်လှသေးတဲ့ အိမ်ထောင်သက်ကလေးတစ်ခုအတွင်း မှာ အဲဒီယောကျ်ားက အသစ်ရှာ ဖောက်ပြားသွားလို့ ပြီးကြ ပြတ်ကြ၊ ကွဲကြ ပြဲကြရတာမျိုးကတော့ မဖြစ်သင့်ဘူး မဟုတ် လား။ မဖြစ်သင့်တာကို မဖြစ်ရအောင် အစ်ကိုဖြစ်တဲ့ တိုက်တိုင်း ကပဲ ဝင်ရောက်စွက်ဖက် ဖြေရှင်းပေးဖို့ ဆုံးဖြတ်မိပါသည်။

အကျင့်စရိုက်တွေမှာ အလတ်မလိုနီးပါး ထပ်တူဖြစ် သော်လည်း စိတ်ဓာတ်ကလေးတစ်ခုကတော့ အလတ်မထက်





ည်းနည်းတော်တယ်။ အလတ်မလောက်မဆိုးဟု ပြောလို့ရတဲ့ ယောက်ဖကလေးကို ယောကျ်ားချင်း ဆွေးနွေးကြည့်ရှုရင်အဆင် ပြနိုင်လောက်တယ်လို့ပဲ တိုက်တိုင်းက ဖွတ်ယုံကြည်ကြည့်လိုက် တော့မည်။ အငယ်မပြောလာတဲ့ကိစ္စကို အလတ်မဆီ ပြန်ဖောက် သည်ချ အသိပေးလိုက်ဖို့ထက် ကိုယ့်ဘာသာ ဘယ်လိုလဲ အကဲ ခတ်။ သေချာအောင်လုပ်၊ မဟုတ်တရုတ် ဖြစ်ရိုးမှန်ရင် ယောက်ဖ နဲ့ဆွေးနွေး၊ ညှိနှိုင်းပြီး ပြန်တည့်ပေး။ ဒါမျိုးနည်းလမ်းနဲ့ပဲ ကိုင် တွယ်ဖြေရှင်းကြည့်ချင်ပါသည်။

"ဟိုနား ထင်တာပဲ၊ အဲဒီနားက တိုက်ပန်းရောင်။ အဲ ... ထင်တယ်ဆိုတာကြီးကို ပြောမိပြန်ပြီ"

"ဘာမှမပြောနဲ့တော့၊ ငါဘာသာငါပဲ ကြည့်လုပ်တော့မယ်၊ ငါတွေ့ပြီ"

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

"ပြူးပြူးပျာပျာတွေ ထအော်မနေနဲ့လေ၊ ငါတွေ့တာက နင့်ခဲအိုကို မဟုတ်ပါဘူး၊ ဟိုမှာတွေ့လား၊ ညည်းပြောတဲ့ တိုက်ပန်းရောင်ရှေ့မှာ ရပ်ထားတဲ့ကား"

တိုက်တိုင်းက ကိုယ့်ကားကို ကြုံရာလွတ်ရာ တစ်နေ ရာမှာပဲ ထိုးကပ်ရပ်ထားလိုက်သည်။ မီးမီးပြတဲ့ တိုက်ပန်းရောင် တစ်ခုရဲ့ရှေ့မှာတော့ ဘယ်ချိန်မြင်မြင် မှတ်မိနိုင်တဲ့၊ ဘယ်လိုမှ မှားနိုင်တဲ့ ဝတ်ဆံရဲ့ကားစုတ်ကြီးက အခန့်သားရပ်ထားလျက် ရှိသည်။ အဲဒီကားကိုမြင်တိုင်း တိုက်တိုင်းမှာ အလကားနေရင်း၊

နေရင်းထိုင်ရင်း အလိုလို မျက်နှာပူ အားနာလာရတတ်တာမို့ ရုံးမှာဆိုရင် ကားရပ်ရမယ့် ပါကင်နေရာတွေမှာ သူကတောင်ဆို ကိုယ်ကမြောက်။ သူက အရှေ့ဆို ကိုယ်ကအနောက်။ သူ ဘယ်မှာရပ်ထားပြီးပြီလဲ အမြဲချောင်းကာ အဝေးဆုံးနေရာကို တမင်ရှာရပ်သည်။

ကိုယ်ကတော့ ကိုယ့်အရင်ကားကို ဟန်မပျက် ကြော့ကြော့လေး ဆက်စီးနေနိုင်ချိန်မှာ သူ့ခမျာတော့ ကိုယ့်ညီမနဲ့ သူ့မောင်ရဲ့လက်ချက်နဲ့ ကားက "စိတ်ကုန်စရာကြီး" လို့ ပြောယူရလောက်အောင် စုတ်ပြတ်နံ့ချာသွားခဲ့တာ မဟုတ်လား။ သူ့ကြည့်ရတာတော့ စိတ်ထဲဘာမှဖြစ်ဟန် (ကိုယ့်ကိုလည်း အမနာပပြော၊ အပြစ်တင်လိုဟန်)မရှိပေမယ့် ကိုယ်က အလိုလိုနေရင်းကို နေမထိ ထိုင်မသာ Guilty (အပြစ်မကင်း)တွေ ဖြစ်နေရတာပါ။

အခု အဲဒီကားစုတ်ကြီးကိုတွေ့ပြီ။ တိုက်ဆိုင်တာလည်း မဖြစ်နိုင်ပါ။ ဝတ်ဆံသည်လည်း မီးမီးရထားသည့်သတင်းမျိုးကို ရပြီး သိပြီးပဲ ဖြစ်ရတော့မည်ပေါ့။ "ပိုက်ပိုက်ကိုယောက်မနှစ်ခါမတော်နိုင်လို့ပါ"ဆိုပြီး ကိုယ့်ကိုငြင်းခဲ့တဲ့ ဝတ်ဆံဟာ ကိုယ့်လိုပဲ သူ့မောင်ငယ်တို့ရဲ့ အိမ်ထောင်ရေးကိုသော့ ဖြစ်နိုင်ရင် ဝင်ထိန်းပေးချင်သူ၊ တည်မြဲနိုင်မာစေချင်သူပဲ ဖြစ်မည်ထင်ပါရဲ့။ သူလည်း ဝင်ပါတော့မယ်ပေါ့။

ကိုယ့်ကို သူ ငြင်းခဲ့စဉ်က တိုက်တိုင်းရဲ့ရင်မှာ အတိုင်းမသိ နာကျင်ကြေကွဲကာ ကံကြမ္မာကိုလည်း အငြိုးနဲ့အပြစ်





တင် ကျိန်ဆဲမိခဲ့ရသေးသည်။ အဲဒါကြောင့်ပဲ "ကြားလူဖျက်လို့ ပျက်မှာစိုး"ဆိုတာ ဖြစ်ကိုဖြစ်ခဲ့ကြလို့၊ ဖြစ်နေကြလို့ ပေါ်ပေါက်လာရတဲ့ စကားမျိုးပေါ့။ "အတည်မယူဘူး၊ မကြားဘူးလို့ပဲမှတ်ပါ့မယ်"လို့ ပြောပစ်ခဲ့ပေမယ့် ဒီပြဿနာမှာ ဘယ်လိုမှ ညှိလို့ပြုလို့ ပြန်လှယ်တော့မယ့် ပုစ္ဆာတစ်ပုဒ် မဟုတ်ဘူးဆိုတာ တိုက်တိုင်းက တွက်မိပြီးခဲ့ပြီ။

အဲဒါကြောင့်ပဲ "နှမလည်းမောင်လည်းတွေမှာ ဒုတိယအတွဲက ဒုက္ခရောက်တယ်"လို့ ပြောကြတာနေမှာပေါ့။ "ဒေါ်လေးဆယ်ခွန်းပြော၊ တစ်ခွန်းမှန်"ဆိုတာ ဒါမျိုးပဲဖြစ်မည်။ ဒီလိုမှန်းသာသိ၊ အကြီးမပီသလည်း အစ်ကိုမပီသလည်းနေ။ ပထမအတွဲမဖြစ်,ဖြစ်အောင် အတင်းအဓမ္မ အလုအယက် ကြိုးစားယူခဲ့ပါရဲ့။ ကိုယ်တို့အတွဲအတွက်ကြောင့်တော့ဖြင့် နောက်အတွဲက ဘာမှဖြစ်မှာမှ မဟုတ်တာ။ နောက်အတွဲကြောင့် ပထမအတွဲမှာ မျက်နှာပူဒုက္ခရောက်ရရင်လည်း ဝတ်ဆံလိုလူဟာ "ကြားလူ"အတွက်ကြောင့်တော့ ကိုယ့်အိမ်ထောင်ရေးကို အထိခိုက် အပျက်စီးခံမယ့်သူ မဟုတ်နိုင်ဘူးလေ။

အချစ်ရေးကိုကျတော့ အထိခိုက် အပျက်စီးခံခဲ့တယ် မဟုတ်လား။ ကိုယ် ဒီလိုမေးကြည့်ရင် သူ ဘယ်လိုများ ပြန်ဖြေချင်မည် မသိပေ။ "အပျိုကြီးလုပ်ချင်တဲ့ မိန်းမများ ဖြစ်နေလား" လို့ တစ်ချိန်လုံး မယုံကြည်ရဲ ဖြစ်နေရာက "သူ့ဆီမှာလည်း ကိုယ်နဲ့ထပ်တူညီနိုင်တဲ့ အချစ်မျိုးတွေ ရှိနေတယ်"ဆိုတာကို သိ

လိုက်ရတဲ့နေ့ဟာ သူက ကိုယ့်ကိုတရားဝင်၊ အပြီးအပိုင်ငြင်းပယ်လိုက်တဲ့နေ့ပဲ ဖြစ်နေရတာကတော့ တိုက်တိုင်းရဲ့ဆိုးဝါးလှတဲ့ ကံကြမ္မာပင်။

"ကိုကိုကြီး သွားမကြည့်ဘူးလား"

"အဲဒီ နင်ပြောတဲ့အိမ်ထဲမှာ နင်တို့အစ်မ ရှိနေနိုင်တယ်"

"ဟင် ! ဘယ်သူလဲ၊ ဘယ်သူ့ကို ပြောတာလဲ"

"ဝတ်ဆံ"

"ဟင် ! သူက ဘာလာလုပ်တာလဲ"

မေးပြီးမှ အငယ်မက "မဝတ်ဆံလည်း ကိုဝေ့ဗျူကိစ္စအတွက် အဲဒီကို လာနေတာပေါ့"ဟု သူ့ဘာသာ ပြန်အဖြေထွက်သွားသည်။

"ဘာလဲ ... အဲဒီတစ်ယောက်နဲ့ သဘောတူနိုင်လို့ လာညှိနေတာလား"

"ဟာ ... ညည်းကလည်း ဖြစ်နိုင်ချေရှိတာကိုပဲ ပိုစဉ်းစားစမ်းပါ။ ဝတ်ဆံလို မိန်းမမျိုးက အဲဒီလို အဓိပ္ပာယ်မရှိ၊ ကိုယ်ချင်းစာရာမကျတဲ့ အလုပ်မျိုးကို လုပ်ပါ့မလား"

"ဒါဖြင့် သူ့မောင်မှာ အိမ်ထောင်ရှိတယ်၊ မပတ်သက်ပါနဲ့ ရှောင်ပေးပါ ဒါမျိုးလာပြောတာလား"

"အဲဒါကမှ ဖြစ်နိုင်ချေနည်းနည်း ရှိသေးတယ်၊ ဒါပေမဲ့ အဲဒီလို တိုက်ရိုက်ကြီး သွားပြောတာမျိုးလည်း လုပ်ချင်မှ လုပ်မှာပါ။ တစ်ခုခုတော့ သူလုပ်ဖို့ စဉ်းစားပြီး လာတာပဲ





နေမှာပေါ့။ ညည်းတွေ့ခဲ့သလို မြင်ကွင်းမျိုးကို သူလည်းတွေ့ရင်၊ သတင်းသိုးသိုးသန့်သန့်ကြားရင် သူလည်းဘယ်ငြိမ်နေနိုင်ပါ့မလဲ။ အုပ်ထိန်းသူတို့ရဲ့ ခေါင်းပေါ်မှာတင်နေတဲ့ တာဝန်တွေဆိုတာ အဲဒါတွေပဲ၊ ညည်းတို့ သိထားကြဖို့က ..."

ဝတ်ဆံ ဝင်ပါနေပြီဆိုရင်တော့ ဒီကိစ္စမှာ ကိုယ်က မသိချင်ယောင်ဆောင်နေပြီး အသာပြန်လှည့်နေလိုက်ဖို့ပဲ တိုက်တိုင်းက ဆုံးဖြတ်လိုက်သည်။ ဝတ်ဆံ ဝင်လှုပ်ရှားနေတာက ပိုပြီးထိရောက် အကျိုးရှိနိုင်ပါတယ်။

"ငါတို့ ဆက်မကြည့်တော့ဘဲ ပြန်ပဲ ပြန်လိုက်ကြတော့မယ်၊ ပြီးမှ သူ့ဆီကပဲတစ်ဆင့် တီးခေါက်ကြည့်လိုက်တော့မယ်"

"သူ့မောင် မကောင်းတဲ့ကိစ္စဆိုရင် မဝတ်ဆံက ကိုကိုကြီးကို အမှန်အတိုင်း ပြောပါ့မလား"

"အမှန်အတိုင်း မပြောချင်ရင်တောင် ... ကောင်းအောင်တော့ သူ ကြည့်လုပ်လိုက်လိမ့်မှာပေါ့"

မီးမီးကား သိပ်တော့ ကျေနပ်သဘောတူလိုဟန်မရှိပေ။ သို့သော် တိုက်တိုင်းက ကားကိုစက်ပြန်နှိုးလိုက်ပြီ ဆိုရင်တော့ ဘာမှစောဒကထပ်မတက်တော့ဘဲ နှုတ်ဆိတ်လို့သာနေနေတော့သည်။ ထိုအခိုက်မှာပဲ ...

"ဟာ ... ဟာ ... ကိုကိုကြီး ... ဟိုမှာ ... ဟိုဟာ ... မပိုက်"

မီးမီးက အလန့်တကြား ထအော်လိုက်သည်။ တိုက်တိုင်းလည်း ရုတ်တရက် ယောင်ယမ်းပြီး ကားကို ရှေ့ခပ်လှမ်းလှမ်းအထိ မောင်းထွက်လိုက်မိပြီးမှ စက်ပြန်သတ်ကာ လှည့်ကြည့်လိုက်စဉ် ပိုက်ပိုက် တစ်ယောက်ဟာ ဒေါသတကြီး ကမူးရှူးထိုး ပုံစံနဲ့ အဲဒီ တိုက်ပန်းရောင်ရဲ့မြေညီထပ် အောက်ထပ်ထဲ ပြေးဝင်သွားတော့တာကို တွေ့မြင်လိုက်ရပါသည်။

"ဟာ ... ဒုက္ခပဲ၊ ပြဿနာတော့ လာရှာပြီ။ သူကတော့ ဘယ်လိုလုပ် သိသွားရတာလဲ။ ကျော့်မကောင်း ကြားမကောင်းတွေတော့ ဖြစ်ကုန်တော့မှာပဲ။ ဟဲ့ ... မီးမီး ဆင်းလေ ... ဆင်း။ နင့်အစ်မကို ရနိုင်သလောက် သွားတားထားချေ။ ငါလည်း လိုက်ခဲ့မယ်။ ကဲ ... လုပ် ... လုပ်"

ကားကို နေရာချ ပြန်ရပ်ပြီး တိုက်တိုင်းပါ အဲဒီ တိုက်ပန်းရောင်ထဲ ရောက်စဉ်မှာတော့ ဘယ်သူက ဘယ်သူ့ကို ဘာလုပ်နေကြမှန်းမသိသော မိန်းမထု အလုံးအထွေးကြီးနဲ့ ကြုံလိုက်ရပါတော့သည်။ ဗိုခနဲ လွင့်လွင့်လာပြီး ချော်လဲလို့ချည်းနေတဲ့ မီးမီးရယ်။ ကျားနာတစ်ကောင်လို မြင်မြင်သမျှ သဲမဲကြမ်းယမ်းပစ်နေတဲ့ ပိုက်ပိုက်ရယ်။ ဘာတွေမှန်းမသိ အော်ဟစ်နေတဲ့ သူစိမ်းမိန်းမရွယ်တစ်ယောက်ရယ်။ ပိုက်ပိုက်ကို ဆွဲလိုက်တွန်းလိုက် ဟိုမိန်းမကို ကာကွယ်လိုက် လုပ်နေရင်းကြားထဲကနေ သူချည်း အထိနာနေဟန်ရှိတဲ့ ဝတ်ဆံရယ်။





တိုက်တိုင်းက ပိုက်ပိုက်ကိုပဲ အရင်ဦးဆုံး ဝင်ဆွဲလိုက်ပါသည်။ မိမိရရ မချုပ်ကိုင်နိုင်သေးခင်မှာပင် ဘယ်တုန်းက အဲလောက်သန်မာလျင်မြန်နေသည်မသိသော ပိုက်ပိုက်ရဲ့လက်ဝါးတစ်ချက်က ဝတ်ဆံရဲ့နားထင်နဲ့ မျက်နှာပေါ်သို့ ဖြောင်းခနဲ။ ပုံလဲကျသွားချိန်မှာ ဝတ်ဆံရဲ့အကြည့်တို့က ပိုက်ပိုက်ထံမှာမရှိဘဲ တိုက်တိုင်းထံသို့သာ စိုက်ရောက်နေပါသည်။ တိုက်တိုင်းက ပိုက်ပိုက်ကို ဘယ်လိုမှ မလှုပ်သာအောင် အားကုန်သုံးပြီး နောက်ပြန်ချုပ်ထားပစ်လိုက်သည်။

ပိုက်ပိုက် တစ်ယောက် မလှုပ်သာတော့သောအခါမှာ သူစိမ်းမိန်းမက ပိုက်ပိုက်ကို တစ်ခုခုလုပ်ထည့်ပစ်ဖို့ ကြံစည်အနေအထားကပ်လာပါသေးသည်။

"ဒီမှာ ချုပ်ထားပြီလေ၊ ခင်ဗျားက ဘာဆက်ဖြစ်ချင်နေသေးတာလဲ"

"အင်မတန် မိုက်ရိုင်းတဲ့ အရိုင်းအစိုင်းမကို ဆုံးမချင်သေးတာ"

"ကျုပ် သူ့အစ်ကိုဗျ။ ကျုပ်ရှေ့မှာတော့ ကျုပ်ညီမကို ခင်ဗျား လုပ်ချင်တိုင်း လုပ်လို့ရမှာ မဟုတ်ဘူး"

"ဒါဖြင့် ရှင့်ညီမက သူများအိမ်ပေါ်တက် စော်ကားပြီး မိုက်ရိုင်းတာကျတော့ ဘယ်လိုလုပ်ပေးမှာလဲ"

"ဒါကတော့ ခင်ဗျားက ဘာလဲ၊ သူက ခင်ဗျားအပေါ် ဘာ့ကြောင့် ဒီလောက် ဒေါသထွက်တယ်၊ စိတ်ဆိုးရတယ်ဆိုတာကလည်း ရှိပါသေးတယ်"

"ဟင် ... ရှင် ... ရှင်ကပါ လူကြီးလူကောင်းလိုလိုပုံစံနဲ့ ကိုယ့်ညီမကိုယ် မဆုံးမမယ့်အပြင် ရှင်ကပါ ပေါက်လွှတ်ပဲစား အထင်အမြင်တွေနဲ့ သူတစ်ပါးကို စော်ကားမိုက်ရိုင်းဦးမယ်ပေါ့ ဟုတ်လား"

ဘာတစ်လုံးမှ ဝင်မပါဘဲ လဲနေရာမှထကာ ကုလားထိုင်တစ်လုံးထက် ခပ်အေးအေးပဲ ဝင်ထိုင်နေသည့် ဝတ်ဆံကို တိုက်တိုင်းက အကဲခတ်လိုက်သည်။ ဒီသူစိမ်းမိန်းမဟာ ဘာလဲ။ သူ့မောင် ဝေဠုနဲ့ ဖောက်ပြန်နေတဲ့မိန်းမတစ်ယောက် ဟုတ်သလား။ မဟုတ်ဘူးလား။ ဝတ်ဆံ ဘာများသိထားသလဲ။ ဘာတွေညှိပြီး ပြောပြီးကြပြီလဲ။ ပိုက်ပိုက် ရောက်ချလာလို့ အခြေအနေက အားလုံးရှုပ်ထွေးကုန်ရပေမယ့် ဒီမတိုင်ခင်ကတော့ ဒီတိုက်ခန်းထဲမှာ ဝတ်ဆံရယ်၊ အဲဒီသူစိမ်းမိန်းမတို့ရယ်ဟာ အခြေအနေက အေးအေးဆေးဆေး ဆွေးဆွေးနွေးနွေးပုံစံနဲ့ပဲ ရှိခဲ့ကြတာမဟုတ်လား။ ဘာသဘောလဲ။

ဝတ်ဆံရဲ့ပုံစံက ဘာတစ်ခွန်းမှ ဟလာမယ့်ပုံမရှိတော့သောအခါ တိုက်တိုင်းကပဲ ...

"အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် မေးကြည့်တာပါ၊ ကျုပ်ညီမ လွန်တယ်ဆိုရင် သူ့ကိုဆုံးမဖို့ ခုပဲပြန်ခေါ်သွားမယ်။ ဒါပေမဲ့ သိချင်တာတစ်ခုတော့ သိခွင့်ရမှဖြစ်မယ်။ ခင်ဗျားက မောင်ဝေဠုနဲ့ ဘယ်လိုပတ်သက်သလဲ"





"ကျွတ် ... ဘယ်လိုမောင်နှမ အတန်းအစားတွေလဲ မသိဘူး။ ဘာပတ်သက်ရမှာလဲ။ အလုပ်ကိစ္စရှိလို့ ဆက်ဆံတယ်၊ အလုပ်နဲ့ပဲ ပတ်သက်တယ် ဒါပဲ"

"အလုပ် ... ! ဘာအလုပ်လဲ၊ ခင်ဗျားက ဒါဖြင့် ဘာလဲ။ မောင်ဝေဠုရဲ့အလုပ်က စားသောက်ဆိုင် ဖွင့်ထားတာပဲဟာ"

"အဲဒါတွေ မသိဘူး၊ ကျွန်မက ကျွန်မတို့ကုမ္ပဏီက ကိုယ်စားလှယ် အေးဂျင့်ပဲ၊ ဝေဠုကို သူလုပ်ချင်တယ်ဆိုတဲ့ အလုပ်ရဖို့ ကူညီပေးနေတယ်၊ ဒါပဲ"

တိုက်တိုင်းရဲ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားပါသည်။ ဒါဆိုရင်တော့ ဘာများဆက်ပြောနေလို့ ရနိုင်စရာ ရှိတော့မလဲ။ အဲဒါ တကယ်ပဲ အဖြစ်မှန်ဆိုရင် ကိုယ့်လူက အရမ်းကိုလွန်နေပြီ။ လွန်တာကတော့ ဝေဠုဘက်က ဖောက်ပြန်တဲ့ဇာတ်လမ်းဆိုရင်တောင် ခုလိုပုံစံနဲ့ ဝုန်းဒိုင်းကြဲပြီးတော့ မဖြေရှင်းသင့်တာမို့ လွန်တာကတော့ ဘယ်လိုမဆို လွန်နေတာပါပဲ။ ဒါပေမဲ့ ခုဟာကတော့ လွန်လွန်းတာလိုလို ဖြစ်နေသည်။ ဒီလိုဆိုရင်တော့ ဝေဠုရဲ့အစ်မ ဝတ်ဆံဟာ သူ့မောင် အလုပ်ကောင်းတစ်ခု ရနိုင်ဖို့ကိစ္စအတွက်ပဲ ရောက်နေရတာဖြစ်ပြီး သိုးသိုးသန့်သန့် သတင်းကြားလို့ မဖြစ်သင့်တာ မဖြစ်အောင် လာညှိတာမျိုး မဟုတ်ဘူးပေါ့။

"ဒါ အမှန်အတိုင်းပဲပေါ့"

"ရှင့်ကိုလိမ်လို့ ကျွန်မ ဘာအကျိုးရှိသလဲဟင် ... ! ရှင်တို့လို ဘုမသိဘမသိ အလေနတော မောင်နှမတစ်သိုက်လို ကြောက်လို့ ပြေရာပြေကြောင်း၊ ကိစ္စပြီး ပြီးရော လိမ်ပြောနေမယ့်အစားထဲကများ မှတ်နေလို့လား။ ရှင့်ညီမ မပြောနဲ့ ရှင်နဲ့ပါ ရှင်းရမယ်ဆိုလည်း ဝဲလ်ကမ်းပဲ"

"မဟုတ်ဘူး၊ သူ လိမ်နေတာ ပြောင်လိမ်တာ။ သူနဲ့ဟီလာ တိုက်နေကြတာ ဒေါ်လေးမျက်စိနဲ့ မြင်တယ်လို့ကိုပြောတာ။ ဒေါ်လေးက လိမ်မလား၊ သူသာ လိမ်တာ။ သူစိမ်းက လိမ်တယ်ဆိုရင် သူ့စရိုက်နဲ့သူမို့ ခံနိုင်ရည်ရှိသေးတယ်၊ ကိုယ်နဲ့စပ်လို့ ပတ်သက်နေရတဲ့ အမျိုးစာရင်းဝင်ကြီးကပါ သူစိမ်းဘက်ပင်းပြီး ပူးပေါင်းလိမ်လည်ကြတာကတော့ အခံရအခက်ဆုံးပဲ။ သူကပါ အရင်လူထက် နောက်လူကသာတယ်ထင်လို့ သာကူးလုပ်ဖို့ သဘောတူနေတာ၊ ကူညီတာ။ တိတ်တဆိတ် ညှိနှိုင်းပြီး ဝင်ဖြေရှင်းပေးနေတာ"

တိုက်တိုင်းမှာ မီးမီးကို မျက်ရိပ်ပြပြီး ထပ်မံအော်ဟစ်သောင်းကျန်းလာပြန်တဲ့ ပိုက်ပိုက်ကိုသာ တအားကျုံးဆွဲပြီး လှည့်ပြန်ခဲ့ရပါတော့သည်။ ပိုက်ပိုက်ရဲ့စကားတွေကို "အလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်"ဆိုသူ မိန်းမကသာ ဆွေ့ဆွေ့ခုန်နေလျက် မတုန်မလှုပ်တဲ့ ကျောက်ရုပ်မကလေး ဝတ်ဆံကတော့ နားထဲတောင်မှ ဝင်ပါသေးရဲ့လား၊ ပိုက်ပိုက်ကိုပင် ရှိသည်ဟုမှ မှတ်ပါသေးရဲ့လားဟု ထင်ရပါသည်။





တိုက်တိုင်းမှာ ဝတ်ဆံကို သေသေချာချာ တောင်းပန်စကား ဆိုချင်ပါသော်လည်း သောင်းကျန်းနေတဲ့ ပိုက်ပိုက်ကို အလစ်ပေးလို့ မရတာမို့ ကိုယ့်ဆန္ဒကို မျက်နှာရိပ် မျက်နှာကဲနှင့်ပဲ သုတ်ဖော်ခွင့်ရှိကာ ဝတ်ဆံကို ဘာမှပြောခွင့်မရလိုက်ဘဲ လှည့်ကြည့်လှည့်ကြည့်နှင့်သာ ထိုတိုက်ခန်းထဲမှ ခွာခဲ့ရသည်။ တိုက်တိုင်းရဲ့အကြည့်တို့ကိုလည်း ဝတ်ဆံက မြင်တဲ့ပုံ မရပါ။

"နင် အဲဒီလောက် သောင်းကျန်းရသလား မိပိုက်၊ ကိုယ့်အထင်လွဲမှားတဲ့သူကို ယမ်းချင်တာနဲ့ ကြားထဲက ယောက်မကို ကိုယ်ထိလက်ရောက် ရိုက်နှက်မိတယ်ဆိုတာ ကောင်းသလား။ ခုကတော့ သူစိမ်းပါ ရှိနေလို့ ထားလိုက်တော့။ ဒါပြီးရင်တော့ နင် သူ့ကို ကန်တော့ပြီး သွားတောင်းပန်သင့်တယ်။ ကိုယ့်အပေါ်ကောင်းတဲ့ ယောက်မကြီးဆိုတာ ကိုယ့်အစ်မပဲ။ နင် စော်ကားသလို ဖြစ်မိလို့မရဘူး"

ကားမောင်းထွက်လာခဲ့ပြီးမှ တိုက်တိုင်းမှာ အလတ်မကို ဆုံးမစကား စဆိုရသည်။

"ကိုယ့်အပေါ်မှာမှ မကောင်းတာ၊ ဘယ်မှာကောင်းလို့လဲ။ သူ့မောင်ဘက်ကပဲ အမြဲကာဆီးကာဆီးနဲ့ သူများဆင်မယားကြား ဝင်,ဝင်ပါပြီး မကွဲ,ကွဲအောင် သွေးထိုးလှုံ့ဆော်နေတာ အစ်မအရာက ယောက်မလား။ တောင်းပန်ဖို့ နေနေ ထပ်တောင်ရိုက်ချင်သေးတာ။ ခုဟာက ဟိုဟာမကို လုပ်ရင်း ချော်ထိတယ်များ မှတ်နေလား။ ဘယ်သူ့ထိထိဆိုပြီး ရိုက်

တာပဲဟာ၊ သူ့ထိလည်း ကျေနပ်တယ်၊ ဟိုဟာမကိုထိလည်း အမြတ်ပဲ ...

ကန်တော့ဖို့များ လုံးဝခေါင်းထဲမထည့်နိုင်ဘူးမှတ်။ ဒါ့ ပထမအကြိမ်လည်း မဟုတ်ဘူး၊ ဟိုတလောကလည်း သူ့အိမ်ပေါ်ထိကို တက်ရိုက်ပစ်ခဲ့တာ သိရဲ့လား။ ဒါတောင် သူ့မောင်က အစ်မထိလို့မချိအောင်နာပြီး ဆွဲလားထိုးလား လုပ်လို့ ခုလို မိမိရရ မရှိလိုက်ရဘူး။ ဒီတစ်ချီတော့ အပိုင်ပဲ။ ဒါမျိုးမှမှတ်မှာ။ တစ်ခါတည်း ထိုင်ငိုင်ဆင်းသွားတာပဲ၊ တွေ့တယ်မဟုတ်လား။ အဲဒီလောက် အမှတ်ရှိထားမှ နောက်တစ်ခါ ဝင်မပါရဲတော့မှာ"

"ဟာ ..."

တိုက်တိုင်းမှာ "ဟာ"တစ်လုံးတည်းအပြင် ဘာမှကို ထပ်မပြောနိုင်ပါလေ့တော့။ မီးမီးကလည်း ရဲရဲတောက်နေတဲ့ သူ့အစ်မကို ကြောက်ရွံ့ထိတ်လန့်စွာ အလန့်တကြားဖြီး ကြည့်လို့နေပါသည်။

ဒါဖြင့် ပြဿနာတွေက ကြီးနေကြတာ ကြာပြီပေါ့။ ဒါကြောင့်မို့သာ ဝတ်ဆံက တိုက်တိုင်းကို အပြီးအပိုင်ငြင်းဆိုလိုက်တာပေါ့။ အလတ်မဟာ တိုက်တိုင်းကို ဘာမှမတိုင်ပင် ပြောမပြခဲ့တဲ့အတွက် အစ်ကိုတစ်ယောက်တန်မှဲ့ တော်တော်ကြီး ဆိုးနေကြပုံရတဲ့ အခြေအနေတွေကို တိုက်တိုင်းက တစ်ခုမှကို မသိနိုင်ခဲ့တာ။





"နင့်ကို ငါ ဘာမှ ပြောဆိုဆုံးမလို့ မရနိုင်ဘူးဆိုတာ ငါ သဘောပေါက်ပါပြီ။ ဒါပေမဲ့ ငါ တောင်းပန်တာပါ။ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့။ ရှေ့လျှောက်တော့ နင့်အိမ်ထောင်ကို နင်ကိုယ်တိုင် လိမ်လိမ်မာမာနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်မှ နင့်ဘဝလေးလည်း တည်ငြိမ်အဆင်ပြေနိုင်မယ် အလတ်မ။ ခုဆိုကြည့်စမ်း ... ကောင်လေးက အလုပ်အကိုင် အတည်တကျလုပ်ဖို့ စိတ်ကူးရှိလာပြီမို့လို့သာ ဒီလို အေဂျင်စီတွေနဲ့ ဆက်သွယ်တာပေါ့။ ဘာပဲပြောပြော သူက လူကြီးစိတ်ဝင်လာပြီဆိုရင် နင်ကလည်း အိမ်ထောင်ရေးတည်မြဲဖို့ကိုရော၊ အလုပ်ကိစ္စကိုရော ခေါင်းထဲ သေချာထည့်တော့"

"အိမ်ထောင်ရေး တည်မြဲဖို့ကို ... အခု သူက ဘယ်ရောက်နေမှန်းတောင် မသိဘူး။ အလုပ်ကိစ္စကလည်း အဲဒီဆိုင်က ပိတ်လိုက်တာဖြင့် ကြာပြီ။ ဆိုင်ထဲက ရှိရှိသမျှပစ္စည်းပစ္စယတွေပါ အကုန်ရောင်းစားပစ်လိုက်တဲ့အပြင် အခန်းအတွက် တင်ထားရတဲ့ စဘော်ငွေကိုလည်း ကိုယ်ပဲဦးအောင် သွားထုတ်ထားလိုက်တာပေါ့။ အဲဒီကောင်တော့ ထွန့်ထွန့်ကို လူးခါနေမှာ။ လိုချင်ရင် နံရံတွေမှာ ကပ်ထားတဲ့ Wall Paper တွေသာ ခွာယူပေတော့"

ဒီတစ်ချီတော့ "ဟာ"တောင်မှ ထွက်လာနိုင်စွမ်း ရှိတော့ပါ။ တိုက်တိုင်းက "နင် ငါတို့အိမ် လိုက်နေမလား၊ နင့်အိမ်ကို ငါတို့ ပြောင်းလာနေနေပေးရမလား"ဟုပဲ မေးလိုက်သည်။

"ကိစ္စမရှိဘူး၊ အခု ဒေါ်လေး ခဏလာနေပေးနေတယ်"

အဲဒါကြောင့်ပဲ ကိစ္စတွေက "တစ်ဆုံး"အထိရောက် သွားခြင်း နေမှာပေါ့။ ပိုက်ပိုက်က "အိမ်မှဲ ပြန်ပို့ပေးခဲ့၊ ပြီးရင် သွားကြတော့၊ နောက်လည်း ခုလိုနှစ်ယောက်တွဲကြီး ခိုးကြောင် ခိုးဝှက် ဝင်,ဝင်မပါကြစမ်းပါနဲ့။ စိတ်ကုန်ဖို့ ကောင်းလိုက်တာ" ဟု ဆိုသဖြင့် သူ့ကို အိမ်ရှေ့တင်ချခဲ့ကာ အိမ်ပေါ်ပင်မတက် တော့ဘဲ တိုက်တိုင်းတို့ ပြန်လာခဲ့ကြရပါသည်။

"ကိုကိုကြီး ... မပိုက်တို့က အပြီးကွဲသွားပြီလား"

"ငါ မသိဘူး အငယ်မ၊ ဒါပေမဲ့ ငါ တစ်ခုခုလုပ်ကြည့် ဦးမှာပါ"

"ဒါဖြင့် ကိုကိုကြီးနဲ့ မဝတ်ဆံနဲ့ကကော"

အဲဒါကိုကျတော့ "ငါ တစ်ခုခုလုပ်ကြည့်ဦးမှာပါ" ဟုပင် ပြောလို့ရနိုင်ပါတော့မလား။ တိုက်တိုင်းက ဘာမှပြန်မပြော ဘဲ နေလိုက်ပါသည်။ အိမ်ပြန်ရောက်တော့ ဝတ်ဆံဆီ ဖုန်းလှည့် ကြည့်သည်။ သူ့အန်တီလေးဖြစ်သူ ဒေါ်ဝါဝါသာလျှင် လာကိုင် ပြီး တိုက်တိုင်းဟု သိသည်နှင့် ...

"မောင်တိုက်တိုင်းရေ ... ရှိတော့ ရှိပါတယ်၊ အစောလေး တင်ကမှ အပြင်က ပြန်ရောက်လာတာ၊ ဒါပေမဲ့ သူပြော မှာမဟုတ်ဘူးကွယ့်။ အန်တီလေးကိုပဲ မှာခဲ့ပါ။ ဝေဠုတို့ ကိစ္စပဲ မဟုတ်လား။ သူ ဒီအိမ်မှာ မရှိပါဘူး"





"ဝေဠုတို့ကိစ္စချည်းအတွက်သက်သက် မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီကိစ္စအတွက်လည်း တိုင်ပင်ချင်ပါသေးတယ်။ အဓိက,ကတော့ ကျွန်တော့်ညီမကိုယ်စား သူ့ကို ကျွန်တော် က တောင်းပန်ချင်တာပါ။ အဲဒီကိစ္စလေးနစ်ခု သူ့ကိုပြော ပြထားပေးပါ ခင်ဗျာ"

နောက်ရက်များမှာလည်း ဝတ်ဆံက ရုံးသို့ပင် ရောက်မလာပါ။ စုံစမ်းကြည့်တော့ တစ်ပတ်ခွင့်တင်သွားသည်ဟု သိရသည်။ ဖုန်းလည်းမကိုင်။ အိမ်သို့တော့ လိုက်မသွားရဲ။ လူး နေအောင် ပူလောင်ပြင်းပြခံရတဲ့ ဝေဒနာဆိုတာ ငရဲပြည်ရောက် မှမဟုတ်။ လူ့ပြည်မှာတင်လည်း ရှိနိုင်သည်ဆိုတာ ခုမှသဘော ပေါက်တော့သည်။

♥ ✉ ♥

## အခန်း(၆)

ကိုယ့်မြင်လို့ ထွက်ပြေးဖို့ ကြိုးစားလိုက်တဲ့ ဝတ်ဆံကို တိုက်တိုင်းက နောက်ကနေ အတင်းပြေးလိုက်ကာ လက်ကောက်ဝတ်ကနေ ဆုပ်ကိုင်ဆွဲထားလိုက်သည်။ ဝတ်ဆံက သူ့လက်ကို တိုက်တိုင်းရဲ့လက်ထဲကနေ မရမက ဖွတ်လိမ်ရုန်းထွက်နေရင်း ...

"လွှတ် ... လွှတ် ... ရှင်နဲ့ ကျွန်မ စကားမပြောချင်ဘူး၊ ဘာမှပြောစရာ မရှိဘူး၊ လွှတ်နော် ... ရှင်"

"မပြောလို့ မရဘူး၊ ဒီမှာ မင်းမောင်က ဘာအချိုးလဲ ! မောင်ကတစ်မျိုး ချိုးသွားတာကို အစ်မက ဘာမှမပြောချင်ဘူးဆိုပြီး ရှောင်ပြေးလို့ ရသလားကွ"

ဝတ်ဆံက ရုန်းကန်နေမှုကို ရပ်တန့်လိုက်ပါသည်၊

"ဝေဠု ဒီမှာ မရှိတော့ဘူး၊ စင်ကာပူကို ထွက်သွားပြီ"

"အေး ... အဲဒီကိစ္စကိုပဲ ပြောတာ။ ဘာအချိုးလဲဆိုတာ အဲဒါကိုပဲ မေးနေတာ"





"ကျွန်မလည်း အဲဒါကို လွန်ခဲ့တဲ့ နှစ်ရက်ကမှ သိတယ်။ သူ့ဆီက အီးမေးလ်ရောက်လာမှ ဟယ်ခနဲ ထစ်စမ်းကြည့်ရတာ။ အဟုတ်ပဲ သူ မရှိတော့ဘူး"

"မောင်တစ်ယောက်လုံး နိုင်ငံခြား ထွက်သွားတာ အစ်မကလည်း လွန်ခဲ့တဲ့နှစ်ရက်ကမှ သိတယ် ... ! "

တိုက်တိုင်းက ဝတ်ဆံရဲ့လက်ကို ဆောင့်ပြီးလွှတ်...လိုက်ကာ လက်နှစ်ဖက်ကို ခါးထောက်လျက်ပုံစံနှင့် ဝတ်ဆံ...ပါ ရှေ့တည့်တည့်က ကြည့်မနေတော့ဘဲ ဘေးတိုက်မကျတကျ...ျာမခိုင်းတစ်ခိုင်း အနေအထားမျိုးနှင့် နေလိုက်သည်။ အဲဒီကိစ္စ...ဲ တိုက်တိုင်းက ခုမှသိရပါသည်။ သိသိချင်းပင် ဝတ်ဆံကို ...ဘယ်လိုနားလည်ယူရမည်မှန်း မသိနိုင်တော့။ တကယ်ဆို သူက ...ြန်ပြီး ရင်ကြားစေ့ ပေါင်းစည်းပေးချင်သူလား။ အလတ်မ ...ှုပ်ခွဲသလို မကွဲ့ကွဲအောင် ပြန်ခွဲပစ်ချင်သူလား။

ယောက်ျားတစ်ယောက်လုံး နိုင်ငံရပ်ခြားသို့ ထွက်...သွားမည့်ကိစ္စကို ခုထိ စာရင်းမရှင်း၊ မကွဲ၊ မပြတ်ရသေးသည့် ...ိန်းမဖြစ်သူထံ တစ်စက်မှ အကြောင်းမကြား၊ သတင်းမပေးဘဲ ...ျိတ်မြှိုထားခဲ့ရိုးမှန်ရင် ဒီလိုယောက်မျိုးဟာ အလတ်မရဲ့စွပ်စွဲ...ချက်နဲ့ ကိုက်ညီသူမျိုးပဲ ဖြစ်နေတော့မှာပေါ့။

"ရှင် ယုံကြည်တာ မယုံကြည်တာ ကျွန်မအလုပ် မဟုတ်ပါဘူး။ ရှင်တောင်မှ ရှင့်ညီမရဲ့အခြေအနေ ကိစ္စအားလုံးကို နေ့စဉ်နဲ့အမျှ သိကြားနေခဲ့ရလို့လား၊ ရှင့်မှာ ရှင့်ညီမနဲ့ပတ်

သက်တဲ့ သတင်းတွေ Up to date ခုထိ အပြည့်အစုံ သလား"

"ဒါပေမဲ့ကွာ ... သူ ထွက်သွားဖို့အတွက်က ဟိုအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီက မိန်းမနဲ့ကိစ္စကနေ ပြန်ကောက်တွေးရရင် မင်းပဲ အားလုံးလိုက်လုပ်ပေးနေခဲ့တာပဲ မဟုတ်လား။ ထွက်မယ့်ရက်ကို မသိရင်တောင်၊ အစီအစဉ်ရှိတာကိုတော့ မင်း အားလုံးကြိုသိတယ်လေ"

"အဲဒီမိန်းမကို ငွေချေရခါနီးကျမှ ကျွန်မကို လှမ်းအကြောင်းကြားပြီး သွားချေခိုင်းလို့ အဲဒီအိမ်ကို ကျွန်မရောက်သွားရတာလေ၊ အဲဒီအကြောင်းတွေကို ရှင့်ညီမကို ကျွန်မရှင်းပြတယ်လေ"

တိုက်ထိုင်း တစ်ယောက် နည်းနည်းတစ်မျိုးဖြစ်သွားသည်။

"မင်းတို့ချင်း ကြားကကိစ္စကို မင်းတို့ချင်းပဲ ညှိကြပါ။ တို့ ဘာမှဝင်မပါတော့ဘူးလို့လည်း ရှင့်ညီမကို ကျွန်မအပြတ်ပြောခဲ့ပြီးသား။ သူက ဝင်,ဝင်ပါတတ်တာကို မကြိုက်ဘူး။ ကျွန်မကလည်း အခါခါ ရိုက်နှက်စော်ကားခံနေရအောင် ရဟန္တာဖြစ်ခါနီး၊ တောထွက်ခါနီး ပါရမီရှင်မျိုး မဟုတ်ဘူး။ ကိုယ့်ကိစ္စ ကိုယ်ဆက်ဖန်တီးလို့ ပြောပြီးပြီ။ နိုင်ငံခြားမှာ အလုပ်ထွက်လုပ်ဖို့ အေဂျင်စီအပ်ပြီးကြိုးစားနေတယ်။ အင်တာဗျူးအောင်ပြီ။ ထွက်ရခါနီးပြီမို့





လို့ ငွေလာချေပေးနေရတယ်ဆိုတာ ပြောပြီးပြီ။ ဘာလိုသေးလဲ။ အဲဒါကို အလကားလုပ်ကြံဇာတ်ခင်းနေတာ၊ လိမ်နေတာ၊ အလုပ်ကိစ္စ မဟုတ်နိုင်ဘူး၊ ဖောက်ပြန်တာကို ဖုံးဖိကူညီတာပါလို့ချည်း ... ပြောနေတော့ ဘာထပ်ပြောရမလဲ"

ဒါပေမဲ့ ဝတ်ဆံ ...။ မင်းမှာ ငါ့ကိုငဲ့နေရဦးမယ်ဆိုရင် မင်းမောင်နဲ့ ပိုက်ပိုက်တို့ကိစ္စကို မင်း ဒီ့ထက်စေတနာထည့်ပြီး မဖြစ်,ဖြစ်အောင် ပြန်ရင်ကြားစေ့စေချင်လိမ့်မယ်။ ခုကျတော့ ငါ့ကိုလည်း အပြီးသတ် ငြင်းထုတ်လိုက်ပြီးပြီမို့ ဘာမှမသက်ဆိုင်ချင်လဲ ရပြီလို့ ဆုံးဖြတ်နိုင်လိုက်တဲ့ အခါကျတော့ ပူးပေါင်းရေးတို့၊ အဆင်ပြေရေးတို့ကို မင်း ထပ်မကြိုးစားချင်တော့ဘူးလို့ ငါ စွပ်စွဲချင်ရင် မင်း ဘာပြောမလဲ။

"ဒါ လူသိရှင်ကြား လက်ထပ်ပေါင်းသင်းထားတဲ့ မိန်းမတစ်ယောက်ဆီကနေ နောက်ကြောင်းပြန်မကြည့်စတမ်း ရှန်းထွက်ပြေးသွားတာကွ။ ယောက်ျားကောင်းတစ်ယောက်လုပ်ရမယ့် အလုပ်မျိုးလား။ ယောက်ျားပဲ လုံးဝမပေါင်းနိုင်တော့ဘူး ဆိုရင်လည်း ရှင်းရှင်းလင်းလင်းနဲ့ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းတော့ ရှိသင့်တယ်။ ခုဟာကဘာလဲ။ ငါ့ညီမက ယောက်ျားပစ်သွားတာ ခံလိုက်ရပြီလား။ သူ့ယောက်ျားက ဘူ့အတွက် တစ်ဝေးတစ်မြေမှာ သွားပြီးရှန်းကန်ကြိုးစား စီးပွားရှာပေးနေတာလား"

"ရှင်လည်း ယောက်ျားပဲ။ မိန်းမတစ်ယောက် ဆိုတာ ယောက်ျားတစ်ယောက်ကို ထွက်ပြေးလောက်အောင် တွန်းထုတ်သလို ဖြစ်စေတဲ့ အပြုအမူမျိုးတွေ မလုပ်ရဘူးဆိုတာ ရှင့်ညီမရှင် ဒီလောက်ချစ်ရင် သင်ထားပါလား"

"ဟာ ... ! ... ဒါ ... ဒါ ... မင်းပါးစပ်ကထွက်တဲ့ စကားလား။ မင်းကို ငါက အရမ်းအထင်ကြီးပြီး တန်းတစ်ခုမှာ ထားပြီး လေးစားနေရတာလေ ဝတ်ဆံ။ အဲဒီလိုမိန်းကလေးချင်း ကိုယ်ချင်းမစာ ပြောထွက်လာတာ မင်းလား။ အရမ်းအံ့ဩဖို့ကောင်းတယ်"

"အရာရာတိုင်းမှာ အတိုင်းအတာတစ်ခု ရှိတယ်။ အဲဒီအတိုင်းအတာကို လွန်သွားရင် ဘာမှလုပ်လို့ မရတော့ဘူး။ ရှင့်ညီမက လွန်သွားပြီ"

"မင်းက မင်းမောင် ယောက်ျားမဆန်တာကို ဖုံးဖိချင်တာနဲ့ပဲ ခုလို မင်းနဲ့မကိုက်ညီတဲ့ မင်းလို့တောင် မထင်ရတဲ့ စကားမျိုးတွေကို ပြောထွက်တယ်ပေါ့"

"ကျွန်မ ဝေဠုကို ဘယ်တုန်းကမှ ယောက်ျားကောင်း၊ ယောက်ျားမြတ် တစ်ယောက်လို့ မထင်ခဲ့ဘူး။ သတ်မှတ်မထားဘူး။ အဲဒါက သပ်သပ်တစ်ခုပါ။ သူ့လုပ်ရပ်တွေကို ဘယ်လိုမှ လက်မခံနိုင်တာကသပ်သပ်။ အတိုင်းအတာကျော်သွားတဲ့ ရှင့်ညီမကိုလည်း ကျွန်မရဲ့ရင်ထဲကပါ ထုတ်ပစ်လိုက်တာက သပ်သပ်ပဲ။ သူတို့နှစ်ယောက် ဘယ်သူ့





ဘဝက ဘယ်လိုဆက်ဖြစ်လာကြမလဲဆိုတာ ကျွန်မ ဘာမှ မပြောနိုင်ဘူး။ ဒါပေမဲ့ အဆိုးတွေဆက်ဖြစ်နေရင် အဲဒီအဆိုးတွေဟာ ကိုယ်တိုင်က ကိုယ့်ဘာသာ ပြန်လုပ်နေလို့ပဲ။ သူများကြောင့် မဟုတ်ဘူး"

"မင်းက ယောက်ျားလေးရှင်ဆိုပြီး ယောက်ျားလေးကတော့ ဒီတိုင်း ဖုတ်ဖက်ခါ ထထွက်သွားလို့ အချိန်မရွေးရတယ်၊ ဘဝမပျက်ဘူးလို့ ဆိုလိုချင်တာပေါ့"

"ရှင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်ကျ ဆက်ပေါင်းမရတဲ့ မိန်းမမျိုးနဲ့ ကွဲရကွာရတာမျိုး ကြုံဖူးလာဦးမယ်ဆိုရင် ရှင့်ဘဝမပျက်ပါဘူး၊ ဘာမှမဖြစ်ဘူး၊ မနစ်နာဘူးလို့ ခံစားနိုင်မယ်ပေါ့ ဟုတ်လား။ ယောက်ျားလေးဆိုတာ ဘာဘယ်လို အဖြစ်မျိုးနဲ့ ကြုံရ ကြုံရ ဘဝမပျက်ဘူးပေါ့၊ ဟုတ်လား"

"ဒါပေမဲ့ တစ်ခုခုတော့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား လုပ်ပေးဦးမှပေါ့ကွ၊ ဘာလဲ ... မင်းတို့ဟာက"

"ရှင့်ညီမက ကွာရှင်းစာချုပ် မလိုချင်ဘူး၊ လက်မှတ်မထိုးနိုင်ဘူးတဲ့"

သြော် ...။ အဲဒီလောက်အထိကို စီစဉ်ပြီး၊ ပြောဆိုပြီးကြပြီပေါ့၊ သူပြောသလိုပင် ကိုယ့်ညီမရဲ့အခြေအနေ ကိစ္စအားလုံးကို Up to date ဘာမှသိမထားတဲ့ တိုက်တိုင်းဟာ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ အညိုခံထားရတာကိုလည်း မသိပါ။

ဝတ်ဆံရဲ့လေသံကတော့ "ကျွန်မတို့နှစ်ယောက်လုံး နိုင်ငံခြားထွက်သွားကြလို့ မဖြစ်ဘူး တိုက်တိုင်း၊ ဟိုနှစ်ယောက် ကွဲသွားကြလိမ့်မယ်"လို့ ဆိုခဲ့ဖူးတဲ့ အနစ်နာခံ၊ မေတ္တာကရုဏာကြီးတဲ့ တာဝန်ရှိ အစ်မကြီးတစ်ယောက်ရဲ့လေသံမျိုးနဲ့ လုံးဝကွဲပြားသွားခဲ့ပြီ။ ဒီလိုပြောခဲ့ဖူးတဲ့လူနဲ့ ခုလိုပြောနေတဲ့လူနဲ့ တစ်ယောက်တည်းမှ ဟုတ်ပါလေစဟုပင် ထင်မှတ်ရမလိုဖြစ်သည်။

တိုက်တိုင်းမှာ ဘာမှ ပြောစရာစကား ထပ်မရှိနိုင်တော့လောက်အောင် ဖြစ်သွားသည်။ ဝတ်ဆံရဲ့မျက်စိရှေ့မှောက်အောက်မှာ ရောက်နေရတာတောင်မှ သိမ်ငယ်နုံချာလာသလိုဖြစ်လာသည်။

"လူတစ်ယောက်မှာ လှပတဲ့နှလုံးသားတစ်ခု ပါလာနိုင်ဖို့က အဓိကပဲ။ အဲဒီနှလုံးသားနဲ့ပဲ ကိုယ့်ဘဝကိုယ် တည်ဆောက်ယူရမှာ၊ ကျွန်မ ပြောနိုင်တာ အဲဒါပဲ"

"သဘောပေါက်ပြီ။ မင်းမှာတော့ မင်းပြောတဲ့ အဲဒီနှလုံးသားမျိုး အစောတုန်းက၊ မွေးတုန်းက ပါချင်ပါလာမယ်။ ခုတော့ မရှိတော့ဘူး။ ဒီလိုပေါ့ ... ဟုတ်လား။ ဒါဆိုရင်တော့ ငါ့မှာလည်း ဘာမှဆက်ပြောစရာ မရှိတော့ပါဘူး"

ဝတ်ဆံရဲ့မျက်ဝန်းတွေ အရောင်ပြောင်းသွားသည်။ ဒေါသရယ်၊ ဝမ်းနည်းမှုရယ်၊ မယုံကြည်နိုင်ခြင်းရယ်၊ တို့က အရင်ဦးစွာ ထွက်ပေါ်လာကြလျက် အဲဒါတွေ ဖျတ်ခနဲ ပြန်ပျောက်သွားကြတော့ ကြည့်နေပြန်တာက "ဪ ... ဖြစ်မှဖြစ်ရလေ" ဆိုတဲ့ အကြည့်မျိုးဟုပင် တိုက်တိုင်းက မှတ်ချက်ချချင်မိသည်။





ရင်မှာနာကျင်နေကြရတာကတော့ ကိုယ်စီပါပဲ။ အဲဒီအတွက် ကိုယ်ချစ်ရသူ တစ်ယောက်အပေါ်မှာ သွားပေါက်ကွဲသင့်သလားလို့ ပြန်တွေးလိုက်မိတဲ့အခါ တိုက်တိုင်းမှာ Guilty ဖြစ် (အပြစ်မကင်း)သလို ခံစားရသည်။ မင်းကော အဲဒီလိုမျိုးနည်းနည်းကလေးမှ မခံစားလိုက်ရဘူးလား ဝတ်ဆံ။

တိုက်တိုင်းက "ဘာမှဆက်ပြောစရာ မရှိတော့ဘူး" လို့ ပြောလိုက်လို့လားတော့ မသိ။ ဝတ်ဆံက သူ့ရဲ့အရောင်ပြောင်းမျက်ဝန်းတွေကို မျက်လွှာချ သိမ်းဆည်းလိုက်ပြီးချိန်မှာ တိုက်တိုင်းရဲ့ရှေ့ကနေ ညင်သာအေးဆေးစွာပဲ ထွက်သွားခဲ့ပါတော့သည်။ ဒီတစ်ခါမှာတော့ "နေဦး"ဟုဆိုကာ အတင်းပြေးလိုက်ပြီး လက်ကိုင်ဆွဲထားဖို့ တိုက်တိုင်းမှာ ဆန္ဒမရှိ။ ရှိလို့လည်းမရနိုင်တော့ဘူးလို့ ထင်သည်။

ကိုယ်က ကိုယ့်ညီမအတွက် နာကျင်ထိခိုက်နေချိန်မှာ သူကလည်း သူ့မောင်အတွက် ခံစားကြေကွဲနေရလိမ့်မည်ပဲပေါ့။ ကိုယ်တို့တွေဟာ ကိုယ့်အတွက် ကိုယ်ကျတော့ ဘာ့ကြောင့် ထည့်တွက် ဝမ်းနည်းနေရခွင့် မရှိတာလဲ။ တကယ်တမ်း ရင်နာစရာရှိလျှင် ကာယကံရှင်ကိုယ်စီကြောင့် အတိအကျ ခံစားခနေရတာပါဆိုတာကမှ လွှမ်းဆွတ်တမ်းတလို့ကောင်းတဲ့ တ,သစရာ ဖီလင်ဇာတ်လမ်းကောင်းလေးတစ်ပုဒ် ဖြစ်နေနိုင်ဦးမည်။

ခုကျတော့ တကယ်ခွဲခွာရပါပြီဆိုကာတောင်မှ တုတ်တစ်ပြက်၊ ဓားတစ်ပြက် မဖြစ်ရဲ့တစ်မယ်နဲ့။ ဆိုးရွားလိုက်တာ။

♥ ✉ ♥

## အခန်း(၇)

သူထိုင်နေကျစားပွဲက မနက်ဆယ်နာရီထိုးပြီးသည်အထိ လူမရှိလျှင် ဝတ်ဆံရဲ့စိတ်ထဲ နည်းနည်း နေမထိ ထိုင်မသာတော့ ဖြစ်လာသည်။ ရုံးမှာ အခေါ်အပြော မလုပ်ကြတော့ရုံမှမက တစ်ခါဖူးမှ မသိခဲ့ကြတဲ့ လူတွေလို မျက်လုံးချင်းတောင်မှ ဆယောင်လို့မဆိုင်မိကြတော့တာ ကြာပြီ။ သူလည်း သူ့ဟာသူ၊ ကိုယ်လည်း ကိုယ့်ဟာနဲ့ကိုယ်။

ရုံးက တခြားသူစိမ်းတွေ နေ့စဉ်နဲ့အမျှ အကဲခတ်လို့ ကြည့်နေနိုင်တယ် ဆိုတာကို ခေါင်းထဲအမြဲထည့်ထားမိတာမို့ "ဗြတ်"ခနဲ မထိန်းလိုက်နိုင်ဘဲ စိတ်လွတ်သွားတဲ့လူဟာ ကိုယ်တော့ မဖြစ်စေရအောင် ဝတ်ဆံမှာ စားသတိ၊ သွားသတိ အမြဲထိန်းချုပ်သတိထားနေလိုက်ရတာ။ "ဝတ်ဆံက နိုး,နိုးကြည့်တတ်တယ်။ တိုက်ကိုင်းကတော့ ပုံမှန်ပါပဲ။ လှည့်တောင်မကြည့်ပါဘူး"ဆိုတဲ့ သတင်းစကားမျိုး ထွက်မလာချင်လို့ပါ။





"သူ ဘယ်လောက်ထိ အသည်းမာနိုင်သလဲ"ကိုယ်မှ သေချာမသိနိုင်ဘဲ။ ဟိုးအရင်တွေက နှုတ်ပိတ်တိတ်ဆိတ်လို့ နေခဲ့တာတွေဟာ ရိုးတာ အ,တာ၊ မျက်နှာရိပ် မျက်နှာကဲ အကဲမခတ်တတ်တာ၊ သူတစ်ပါးရဲ့ရင်ထဲ ထွင်းဖောက်သိမြင်နိုင်တဲ့ ပညာမှာ ညံ့ဖျင်းနေတာမျိုးတွေထက် အသည်းမာမာနဲ့ နေနိုင်သူကြီးမို့ တမင်ပစ်ထားပြီး အသည်းမာပြထားတာမျိုး မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်သလဲနော်။ အဲဒီလိုလူပါ ဆိုရင်တော့ ဝတ်ဆံက သူ့ဆီမှာ မရှုံးချင်၊ မကျဆုံးချင်ပါ။

မှန်းသွားလို့တော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမဲ့ တိုက်တိုင်းကို စိတ်နာနိုင်အောင် ဝတ်ဆံက ကြိုးစားကို ယူဦးမည်။ သူ့ညီမထိတော့လေ မချိအောင်နာပြီး လူကို ပိုးစိုးပက်စက်ကို ပြောထွက်နိုင်တာများ။ " 'မ'ဘက်ပါရမယ်။ အမျိုးအဆွေဘက် ပြန်ငဲ့ကြည့်စရာမလို"လို့ ဝတ်ဆံက တရားလက်လွတ် ပြောချင်တာ မဟုတ်ရပါဘူး။ ဒါပေမဲ့ တကယ့်တရားခံအစစ်တွေက ဘယ်သူလဲဆိုတာလေးတော့ သူ သဘောပေါက်သင့်သည်။

ဝတ်ဆံကမှ သူ့ကို အပြစ်မတင်ဘဲ သူ့အပြစ် ဘာရှိလဲ။ ဝတ်ဆံဆို တကယ့်တရားခံအစစ် သူ့ညီမကိုသာ အပြစ်ပြော၊ မကောင်းမြင်ချင်တာ။ သူလည်း ကိုယ့်မောင်ကို ကြိုက်သလိုပြော၊ သေအောင်ပြောပေါ့။ ဒါပေမဲ့ မောင်ကိုပြောရင်း အစ်မကိုပါ "ကိုယ်ချင်းမစာတတ်ဘူး"လေး၊ "နှလုံးသားမလှဘူး"လေးနဲ့ အစ်လက်စတည်း ထည့်ပုတ်ခတ်သွားတာကတော့ တော်တော့်ကို လွန်တာပေါ့။

ဘယ်လောက်ပဲ ဒေါသထွက်ကာ နှာကျင်ရ၊ နှာကျင်ရ "တိုက်တိုင်းအောင်ကချည်း လိုက်လိုက်ကြည့်နေတာတွေ့လား။ ဝတ်ဆံတို့က သိပ်အသည်းမာတာပဲ"ဆိုတဲ့ လေသံသတင်းတစ်ခွန်းလောက်များ ထွက်လာခဲ့ရင် ဝတ်ဆံတို့က မိုးတောင်ကြည့်မနေတော့။ "နင် ငါ့ကို ဘာလို့ လာ,လာကြည့်နေတာလဲ"လို့ ဖြောင်ပြန်စိန်ခေါ်တဲ့ အကြည့်မျိုးနဲ့ ပြန်ကြည့်လိုက်မိတော့မှာပါ။ ခုတော့ ကိုယ်ကသာ ပေါက်ကွဲထွက်တော့မတတ် ထိန်းချုပ်နေရတယ်။ သူ့ကျတော့ ဒီအခြေအနေနဲ့ အချိန်အခါကြီးကို အင်မတန်ပေါ့ပါးအေးဆေးစွာပဲ ဖြတ်ကျော်နေလေရော့သလား။

ခါတိုင်းတော့ သတိမလွှတ်တမ်း ထိန်းချုပ်နေရတဲ့အတွက် "တစ်ရုံးတည်း၊ တစ်ဆောင်တည်း၊ အခန်းချင်းကပ်ရက်တစ်ဘောလ်တည်းမှာ သူ ရှိနေတယ်"ဆိုတဲ့ အသိဟာ အင်မတန်ပင်ပန်းဆင်းရဲဖို့ ကောင်းလှပါလားလို့ ထင်မိခဲ့တာ။ ဒီနေ့မှပိုဆိုးနေသည်။ သူ ခုထိမရောက်သေး။ မောင်တွေ ညီမတွေမှာ ဘယ်လိုပင် ပြဿနာတွေနဲ့ ဖြစ်ကြပါစေ အလုပ်မှာ တာဝန်ကျေချင်တဲ့ အစ်ကိုနဲ့ အစ်မတို့ဟာ ရုံးမပျက်စတမ်း၊ နောက်မကျစတမ်း အကဲခတ် အတင်းပြောဖို့ စောင့်နေကြတဲ့ ပတ်ဝန်းကျင်၊ ခက်ခဲပင်ပန်းတဲ့ အနေအထားကို နှစ်ယောက်သား နေ့တိုင်းလာရင်ဆိုင်နေကြစမြဲပဲ မဟုတ်လား။

သူ ဘာဖြစ်နေသလဲ။ နေမျာမကောင်းလို့လား။ မနေ့က ရုံးကနေပြန်သွားတုန်းကတော့ အကောင်းကြီးပါ။ အို ...





နိုးမကြည့်ပေမယ့် သူ့ပုံစံနဲ့၊ သူနေကောင်း မကောင်းဆိုတာ ပြူးကြည့်မှ သိရမှာလား။ အသံတွေ ဟန်တွေက ရှိသေးတာ။ ဘာဖြစ်တာလဲ။ ဘာဖြစ်လဲ။ ထုံးစံအတိုင်း သူ့ကိစ္စထက် သူ့ညီမတစ်ယောက်ယောက်ရဲ့ ကိစ္စများလား။

"ဝတ်ဆံ သိပြီးပြီလား"

ရုတ်ဝရက် အခန်းဝမှာပေါ်လာပြီး ပြောလိုက်တဲ့ မနိုးကြီးရဲ့အသံကြောင့် လူက လန့်တောင်လန့်သွားသည်။ မစိုးရဲ့ မျက်နှာဟာ တခြားရုံးရဲ့အခြေအနေ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကမ္ဘာ့ကိစ္စအဝဝတို့နဲ့ ဘာမှမသက်ဆိုင်နိုင်တဲ့ အနေအထားမျိုးနဲ့ "ဝတ်ဆံ သိပြီးပြီလား"ဆိုရင် ဝတ်ဆံနဲ့သာဆိုင်တဲ့၊ ဝတ်ဆံသိကိုသိသင့်တဲ့ သတင်းဆိုတဲ့ပုံမျိုးပဲ ထွက်နေသည်။ ဘာရှိမလဲ။ သူပဲပေါ့။ ဝတ်ဆံက "ဟန်ကိုယ့်ဖို့"ဆိုသလို "ဘာလဲ မစိုး"ဟု တစ်ခွန်းတော့ ပြန်မေးလိုက်ပေမယ့် လူကတော့ ဟိုစာရွက်ကိုင်သလိုလို၊ ဒီဖိုင်လ်ကိုပဲ မ,သလိုလို။ ကွန်ပျူတာပဲ လှမ်းကြည့်သလိုလိုတွေ လုပ်နေလိုက်သည်။

"တိုက်တိုင်းလေ ..."

ဝတ်ဆံက ဒီနေ့အဖို့ အသစ်ဝင်နေတဲ့ အီးမေးလ်တွေကို တစ်ခုချင်း တစ်ကြောင်းချင်း ဆွဲဆွဲချ စစ်နေလိုက်ရင်း "ဪ"ဟု မပွင့်တပွင့် တုံ့ပြန်လိုက်သည်။

"သူတော့ မဟုတ်ပါဘူး၊ သူ့ညီမ ဆေးရုံတင်လိုက်ရတယ်။ အဲဒါ သူက ငါ့ဆီလှမ်းဖုန်းဆက်လို့။ သူကတော့ နင့်ကို

ပြောလိုက်ပါလို့ ပြောမသွားပါဘူး။ ဒါပေမဲ့ နင် သိသင့်သလားလို့။ အလတ်မလို့ ပြောတယ်။ (......)ဆေးရုံမှာတဲ့ ... အဲဒါ ...”

“ဩော် ... အင်း ... ဟုတ်လား။ ကျားကိုးစီး မိကျောင်းဆယ်ကောင် ဝိုင်းစားတောင် ကုန်မှာမဟုတ်တဲ့သူက ဘာများဖြစ်ပါလိမ့်”

“အရှုံးမဟုတ်၊ အကောင်းမဟုတ် သေကြောင်းများကြံသလား”လို့ တွေးမိလိုက်ပေမယ့် ပူပင်မသွားချင်တဲ့စိတ်ကိုပဲ အနိုင်ပေးလိုက်ကာ ဝတ်ဆံက အင်းမလှုပ် အဲမလှုပ်သာ နေလိုက်သည်။ ပြောကြပါ ... ပြောကြပါစေ။ “ယောက်မတော်စပ်ဖူးတာတောင် (ဥပဒေအရလည်း တော်စပ်နေဆဲ) အကြင်နာနလုံးသားမရှိတဲ့ မိန်းမကြီးပါလား”လို့ ထပ်ပြောကြပါစေ။ အပူမရှာချင်တော့ပါ။ ကိုယ်က “လူမှုရေးအရ”ရယ်လို့ အတင်းကြီး ဆုံးဖြတ်လိုက်ရင်တောင် ခုတင်ပေါ်က လူမမာက “ထွက်သွားစမ်း(–)ကောင်မကြီး”လို့ ထအော်ရင် အော်နေမှာ။ မိရင်လည်း(–)ကိုပါ ထရိုက်ဦးမှာ။ ကြောက်လှပါသည်။

မစိုးက ပြောပြီး‚ပြီးရော ထွက်မသွားသေးဘဲ ဝတ်ဆံရဲ့စားပွဲမှာ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်သည်။ ဘာတွေဆုံးမဩဝါဒပေး၊ တိုက်တွန်း၊ တရားချဦးမလို့လဲ မစိုးရေ။ ဘယ်လောက် ကြောက်စရာကောင်းတဲ့ ကောင်မလေးလဲ ဆိုတာ မစိုးတို့ ကိုယ်တိုင်မကြုံဘူးရင် မသိနိုင်ဘူး။ မျက်နှာတွေ၊ ပါးတွေ၊





လက်မောင်းလက်ဖျံတွေ စပ်ရှိန်းနာကျင်ရတာထက် ရင်ထဲမှာစူးပြီး နာရတာက ပိုဆိုးတာ။

မစိုးကား ဘာမှမပြောပေ။ နှစ်ဦးနှစ်ဖက်လုံးကို ခင်မင်နေသူ ဖြစ်တဲ့အပြင် နားလည်စိတ်ရှိတတ်သူတစ်ယောက်နဲ့လည်း တစ်ခုခု ပြောချင်ရင်တောင် သူ့မှာ လွယ်လွယ်ကူကူ ပြောထွက်နိုင်မှာ မဟုတ်ပါ။ ဒါပေမဲ့ ဘာမှမပြောဘဲ စားပွဲမှာ ဟိုဟာလုပ်သလိုလို၊ ဒီဟာကိုင်ကြည့်သလိုလိုနဲ့ အကြာကြီး ဆက်ထိုင်နေသည်။ ဝတ်ဆံမှာ ပြောချတိုက်တွန်းလိုက်တာထက်တောင် ဆိုးသေးတဲ့ အဲဒီလုပ်ရပ်ကြောင့် သူ့ရှေ့မှာ ပိတ်ပိတ်ကြီး ဆက်ထိုင်နေရမှာကိုပဲ ဝန်လေးလာရကာ ...

“အန်တီလေးကိုတော့ အဲဒီသတင်းလေးတစ်ချက် ပြောပြလိုက်ဦးမယ်လေ။ သူကတော့ အရိုက်အနှက်ပါ ခံထားရတဲ့သူ မဟုတ်ဘူး မှတ်လား။ အပြောအဆိုလောက် ခံရတဲ့သူဆိုတော့ ထပ်ခံချင်စိတ်၊ ခံရဲစိတ် ရှိဦးမယ်ဆိုရင် သူက တစ်မျိုးဆုံးဖြတ်ပြီး သွားကြည့်ချင်နေဦးလား မသိဘူးလေ။ သူ လုပ်ချင်တာ လုပ်ပါစေ။ သူ့ဘာသာ သူ့စိတ်နဲ့သူ ဆုံးဖြတ်နိုင်အောင် သတင်းတော့ ပို့ထားလိုက်ဦးမယ်”

ကိုယ့်အတွက် ဆင်ခြေပေးတဲ့ စကားမျိုးတွေကိုလည်း ပြောလိုက်ရင်း “ကိုယ်ကတော့ ဘယ်နည်းနဲ့မှ မသွားချင်ဘူး”ဆိုတာကိုပါ မစိုးကို သိသာစေလိုက်သည်။

“အန်တီလေး ... ဝတ်ပါ”

ကိုယ့်ကိုယ်ကိုယ် "ဝင်္ဂကြီးလုချည်"လို့ ထင်မိပြီး ကတည်းက ကိုယ့်နာမည်ကို စကားထဲ ထည့်ပြောရင်တောင် နွဲ့မြိနေကျပုံစံလို "ဝတ်"လို့ မသုံးမိခဲ့တာ တော်တော်ကြာပြီ။ ခုလည်း ဝတ်ဆံက "ဝတ်ဆံပါ"ဟု မြန်မြန်ပြန်ပြင်ပြောလိုက် သည်။

"အေး ... ဝတ်ရေ၊ အန်တီလေးလည်း ခုပဲ သမီးဆီဖုန်း ဆက်တော့မလို့။ အမယ်လေး ... သမီးရေ၊ သမီးပြောမယ့် ဟာက အရေးမကြီးရင် ခဏနေဦး။ အန်တီလေး ပြောစရာ ရှိတယ်၊ အရေးကြီးတယ်ကွယ့်။ ဘုရား ... ဘုရား ... မကြားဝံ့ မနာသာ။ အမယ်လေး ... ဘာတွေဖြစ်ကုန်ကြ ပါလိမ့်"

"ပိုက်ပိုက်လား"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်။ သမီး သိပြီးပြီ လား"

"(......)မှာ တက်နေရတယ် ဆိုတာလား"

"အင်း ... အင်း ... ဟုတ်တယ်။ အန်တီလေးကို-သူ့အဒေါ် ကိုယ်တိုင် ခုပဲဖုန်းဆက်ပြောသွားတာကွယ့်၊ မထိတ်သာ မလန့်သာ ရှိလိုက်တာကွယ် ဝတ်ရယ်။ Abortion တဲ့ နော်။ အဲလေ ... ဖျက်ချတာတဲ့နော် သမီး"

"ဖျက်ချတာ ... ! "





ဝတ်ဆံမှာ ယောင်ယမ်းပြီး စကားသံကျယ်ကျယ် ထွက်သွားမိပြီးမှ "မစိုးကြီး ရှိနေသေးတာပဲ"ဟု သတိရလျက် လှမ်းအကဲခတ်လိုက်တော့ ခေါင်းတစ်ချက် မသိမသာ ညိတ်လိုက် တဲ့ မစိုးရဲ့ပုံစံက ဒီသတင်းကို သူလည်း သိရှိပြီးဟန်။

"ဟာ ... ဦးနှောက်မရှိတဲ့ဟာတွေ၊ တူမကလည်း တကယ်ပဲ အဲဒီလို လုပ်သလား။ တကယ်လုပ်မိပြီဆိုလည်း အဒေါ်က ဖုံးဖိသိုဝှက်ရမယ့် ကိစ္စမျိုးကို ဂုဏ်ယူနေသလိုလိုမျိုးကြီး တောင် သတင်းပို့တဲ့အထဲ ဝှံဝှံကြွားကြွားကြီး ထည့်ပြော သွားရသလား။ ငါ နိုင်းလိုက်တာကွလို့ရော ပြောမသွား ဘူးလား ... ကျွတ်"

"အဲဒီလိုတော့ ပြောမသွားပေမယ့် သူ့ပဲ မြှောက်ပေးတာပဲ နေမှာပါ"

"အခု ဘယ်လိုတဲ့လဲ၊ အောင်မြင်သွားတာလား။ အခြေအနေ က ဒုက္ခရောက်နေတာလား။ စိုးရိမ်ရသတဲ့လား။ ကျွတ် ... မိုက်လုံးကြီးတဲ့ဟာမ။ လူတကာကို ဒုက္ခပေးဖို့အတွက် ချောင်းနေတဲ့ မိန်းမ ...

အသုံးမကျတဲ့ အဖေနဲ့ အမေနဲ့ကြားမှာ ကလေးက ဘာအပြစ်ရှိလို့လဲ။ အဖေမပေါ်တဲ့ ကိစ္စလည်း မဟုတ်ဘူး။ တကယ်ဆို ဒီကလေးကို အကြောင်းပြပြီး အားလုံး ညှိညှိ နှိုင်းနှိုင်းနဲ့ ပြန်ပြေလည် နေ့ထွေးအောင်တောင် လုပ်ယူ လို့ရတဲ့ကိစ္စ မဟုတ်ဘူးလား။ ဒီဘက်ကကော ! အဲဒီ

သတင်းများကြားရင် သူ့ကို မေတ္တာမရှိတောင် ကလပ်နဲ့ ပြန်ပင့်ပြီး ဖူးဖူးမှုတ်ပေးမကြရဟော့မယ့်ကိစ္စကို။ ခွေးမ ... နွားမ ... ကျွတ် ... ! ငါ ဆဲမိတော့မယ်"

"အဲဒါ ဝတ်ဆံရေ ... သမီးနဲ့ အန်တီလေးနဲ့တော့ ..."

ဝတ်ဆံ တစ်ယောက် ဒေါသတွေ အလုံးအရင်းနဲ့ ဖြစ်နေရာကနေ တွန့်ခနဲ ဖြစ်သွားပါသည်။ တာဝန်အရ သွားကြည့်ရတော့မယ်။ သူ့ဆီ အခစားဝင်ရတော့မယ်ပေါ့။ "ကလေးရှိနေပြီ" ဆိုတဲ့ အဖြစ်အပျက်ကို သိသိကြီးနဲ့လား၊ လုံးဝသိမသွားဘဲ ထွက်သွားတာလား မသိနိုင်တဲ့ အမိကတာဝန်ရှိသူ ကာယကံရှင်က ဝေးတစ်မြေမှာ ပျော်ရွှင်အေးဆေးစွာဆိုတော့ အားလုံးက ဝင့်ရှိတဲ့ ဒေါ်ဝတ်ရဲ့ခေါင်းပေါ်မှာပဲ ဖြစ်ရပြန်တာပေါ့၊ ဟုတ်လား။

အဖြေပေးတဲ့နေ့မှာ ပမာမခန့် အော်ဟစ်ရဲတဲ့မိန်းမ၊ မပြေမလည် ပြဿနာတွေ တက်ကြလေတော့ (–)ပါရိုက်သွားသေးတဲ့မိန်းမ။ ခုချိန်မှာ ဆိုရင်တော့ ပုဆိန်နဲ့တောင် ဆီးခုတ်မလား။ လူမိုက်ငှားပြီးပဲ သတ်ခိုင်းထားလေမလား မဆိုနိုင်ပေ။ မသွားချင်ဘူး။ ဘယ်လိုလုပ်ရမှာလဲ။ မသွားပြန်ရင်လည်း အင်မတန်အပြစ်ရှိနေတဲ့ အကောင်က အဝေးမှာဆိုတော့ ဒီက ကျန်ရစ်တဲ့မိသားစုမှာ "လူ့ကျင့်ဝတ် မသိသူ"၊ "လူမပီသသူ"တွေ ဖြစ်ကြရဦးမည်။

ကလေးသာ အသက်ရှင်နေသေးတယ် ဆိုရင်တော့ လက်အုပ်ချီပြီးတော့တောင်မှ ပြေးရ ပြေးရပါ။ ခုတော့ သူတို့





လက်ထပ်တာကစလို့ ပြဿနာတွေ စဖြစ်လာတာက နှစ်လနီးပါး လောက်မှာ။ ဝေဠု ထွက်သွားတဲ့အချိန်အထိက တစ်လနီးပါးဆိုတော့ လက်ထပ်မှ ကလေးစရတာဆိုရင် အဲဒီကိုယ်ဝန်ဟာ သုံးလလောက်ပဲ ရှိရဦးမည်။ သူတို့ဘာသာ ဘယ်တုန်းကတည်းက ဘာတွေဖြစ်ခဲ့မှန်းမသိ ဆိုရင်တောင် ငါးလလောက်ထက်တော့ မပိုနိုင်သေးပေရာ ကလေးကို ဘယ်လိုလုပ် အကောင်းပကတိ အသက်နဲ့ခန္ဓာမြဲပြီး ရနိုင်ပါတော့မလဲ။

ရှင်းရှင်းပဲပြောတာ။ ကိုယ့်သွေးလေးက မရှိတော့ဘူး ဆိုမှတော့ သူ့ချည်းသက်သက်ကိုတော့ မစိုးရိမ်ရဘူး၊ အကောင်းပကတိကြီးပဲ ဆိုရင် တွေ့ကိုမတွေ့ချင်၊ မကြည့်ချင်၊ မမြင်ချင်၊ မသွားချင်၊ မပတ်သက်ချင်။ သတင်းကြားရတာတောင်မှ နားခါးလှပါပြီဆို။

"အန်တီလေး သွားလိုက်မလား"

အဒေါ်လုပ်သူကို လွှဲချဖို့ကြံပြီးမှ မစိုးဆီ တစ်ချက်ခိုးကြည့်ရသေးသည်။ အန်တီလေးကလည်း သူ့တစ်ယောက်တည်း မသွားချင်ကြောင်း၊ ဝတ်ဆံပါ မဖြစ်မနေ လိုက်သင့်ကြောင်းကို အသည်းအသန်၊ ထိတ်လန့်တကြားကြီး ပြောလိုက်တာ လျှာတောင်မှ ခလုတ်တိုက်တော့မည်။

အန်တီလေးနဲ့ ဖုန်းပြောပြီးသွားစဉ်မှာတော့ မစိုးက ဝတ်ဆံကို စေ့စေ့ကြီးစိုက်ကြည့်ကာ ...

"သွားလိုက်ပါ"

ဝတ်ဆံက မျက်ဝန်းထဲမှာ မျက်ရည်တွေ ရစ်ဝိုင်းလည်လာတာကို ပါးပြင်ပေါ် ပြုတ်ကျမလာရလေအောင်ကို အတင်းပင့်မော့လိုက်သည်။

"နှင် ငိုချင်ငိုချလိုက်လေ။ ကြိုက်သလိုငို။ ပြောစရာရှိသေးရင်လည်း ငါ့ကိုပဲ အဲဒီဟာမလေးလို သဘောထားပြီး ပြောချင်ရာ ကြိုက်သလောက်ပြောပေါ့။ ပြီးရင်တော့ သွားလိုက်ပါ။ အဲဒါဘာ့အတွက်မှ မဟုတ်ဘူး။ နှင့်အတွက်ပဲ။ နှင်တို့ပြန်ပြေလည်သွားနိုင်ဖို့လို့လည်း ငါမပြောဘူး။ ဒါပေမဲ့ 'ဝတ်ဆံ'ဆိုတာ ဘယ်လိုစိတ်ဓာတ်၊ ဘယ်လိုအသည်းနှလုံး၊ ဘယ်လိုယဉ်ကျေးမှုနဲ့ တစ်သက်လုံး ရပ်တည်လာခဲ့တဲ့ မိန်းကလေးမျိုးလည်းဆိုတာ ဘယ်သူသိသိ မသိသိ နှင့်ကိုယ်နှင် သိတယ်။ သူများတရားပျက်တိုင်း လိုက်ပျက်ရအောင် နှင်က ပိုက်ပိုက်မှ မဟုတ်ဘဲ။ ဝေဠုမှ မဟုတ်ဘဲ၊ ဝတ်ဆံပဲဟာ"

ဝတ်ဆံမှာ စားပွဲပေါ် ထောက်တင်ထားတဲ့ လက်နှစ်ဖက်ထဲ မျက်နှာကိုမှောက်ချပြီး ကြုံကြုံပါအောင်ပင် ငိုချလိုက်မိပါတော့သည်။ အိမ်မှာတောင်မှ အိပ်ရာထဲမှာတောင်မှ မကျဖြစ်အောင် ထိန်းထားနိုင်ခဲ့တဲ့ မျက်ရည်တွေဟာ မစိုးရဲ့စကားကို စိတ်ထိခိုက်ရလွန်းလို့ အကဲခတ်နေတဲ့ မျက်လုံးတွေ အများကြီးရှိနေတဲ့ ရုံးမှာပဲ ကျဖြစ်သွားခဲ့ရပြီ။





"အန်တီစိုး ... အန်တီစိုး ... အန်တီစိုး ဘယ်ရောက်နေတာလဲ။ ဒီမှာ အန်တီစိုးဆရာ ရောက်လာတယ်၊ အန်တီစိုးနဲ့ တွေ့ချင်လို့တဲ့ ရှာနေတယ်"

မစိုးရော ဝတ်ဆံပါ ရုံးအကူကောင်မလေးရဲ့အသံကြောင့် ဆတ်ခနဲ ကိုယ်စီဖြစ်သွားကြသည်။ "အန်တီစိုးရဲ့ဆရာ" လို့ ပြောပုံက ဘော့စ်တော့ မဖြစ်နိုင်။ "သူ"ပဲပေါ့။

"ဘာလာလုပ်တာလဲ မသိဘူး။ ငါ ခဏသွားလိုက်ဦးမယ်"

ဝတ်ဆံက ကိုယ့်မျက်နှာက မျက်ရည်တွေကို ဖြတ်...ဖြတ်နဲ့ ဖြစ်ကတတ်ဆန်း ခပ်မြန်မြန် သုတ်ပစ်လိုက်သည်။

"နေပါဦး မစိုး။ သူ ဘယ်လောက်ပဲ အရေးကြီးတယ်ပြောပြော ခုပဲ ပြန်ပြေးတော့မယ်လုပ်လုပ် မရမက မဖြစ်မနေ ထမင်းပြင်ကျွေးပေးလိုက်ပါ။ သူ ခုချိန်ကြီးထိ နေ့လယ်ထမင်းမပြောနဲ့ မနက်စာ Breakfast တောင် ဗိုက်ထဲရောက်ဦးမှာ မဟုတ်ဘူး သေချာ တယ်။ ရော့.... ရော့ ... ဝတ်ရဲ့ ထမင်းချိုင့်ကိုပါ ယူသွားလိုက်ပါ။ ဝတ်ဟာလို့ မပြောနဲ့နော်။ မစိုးရဲ့ချိုင့်နဲ့ပါ ပေါင်းပြီး မဖြစ်,ဖြစ်အောင် သူ့ပါးစပ်ထဲ ဝင်အောင်ကို ကျွေးလိုက်နော်"

မစိုးက ဝတ်ဆံကို မျက်စောင်းကြီးချိကာ ဝတ်ဆံလက်ထဲက ထမင်းချိုင့်ကို လှမ်းဆွဲယူပြီး ထွက်သွားပါသည်။ ဘာမှပိုထူးမှာ မဟုတ်မှန်းသိရက် ဝတ်ဆံဟာ အပြင်က သူ့စားပွဲနဲ့ အနီးဆုံးဖြစ်မယ်ထင်ရတဲ့ ကိုယ့်အခန်းထောင့်တစ်နေရာဘက်

အပြေးလှမ်းကာ နံရံတိုင်ကို နားနဲ့အတင်းကပ်ပြီး စကားသံတွေကို ကြားရလို ကြားငြား နားထောင်ကြည့်မိသည်။ သူ့အသံကိုတော့ မျှင်းမျှင်းလေးတောင်မှ မကြားရပါ။ တမင်အော်ပြောနေသလား ထင်ရတဲ့ မစိုးရဲ့အသံတွေကိုတော့ ပြတ်တောင်း ပြတ်တောင်းနှင့် ကြားနေရသည်။

"ဒါများ လာနေရသေးတယ်၊ ဖုန်းနဲ့ဆက်ပြောလိုက်လည်း ပြီးနေတဲ့ဥစ္စာ၊ ဘာလဲ ... ဘော့စ်က ဘာပြောရမှာလဲ။ ဘာမှပြောမှာ မဟုတ်ပါဘူး။ ဘာဆိုင်လဲ ... ဒါကတော့ အခြေအနေက ဒီလိုဖြစ်လာပြီဟာ၊ ခွင့်က ရက်ရှည်ပဲဖြစ်ဖြစ် ပေးရတော့မှာပေါ့။ ဩော် ... ဘော့စ်က ဘာမှပြောမှာ မဟုတ်ပါဘူးဆို။ ဘယ်လိုဖြစ်နေလဲ။ ခုလည်းရှိမှမရှိတာ။ ဒီမနက်ကပဲ မန္တလေးတက်သွားတယ်လေ။ ဟယ် ... ဘော့စ်ခရီးထွက်လိမ့်မယ်ဆိုတာ ကျွန်မ ပြောထားပါတယ် တိုက်တိုင်းရယ်။ ရှင် မေ့နေတာပါ ...

ဟုတ်တယ် ... ယုံတယ် ... ရုပ်ကြည့်လိုက်ရုံနဲ့ သိပါတယ်။ စုတ်ပြတ်သတ်ပြီး ဖိုသီဖတ်သီကြီးကို ဖြစ်နေတော့တာပဲဟာ။ ကဲ ... ဒီလိုပဲ ပြောပစ်လိုက်တော့မယ်။ လူမမာက ဘယ်သူလဲတောင် ထင်ရတယ်၊ ဘယ်လိုပုံမျိုး ထွက်နေပြီလဲတောင် မပြောတတ်တော့ဘူး။ ရှင်က မှန်မှ မကြည့်ခဲ့တာ ဘယ်သိမလဲ။ ကဲ ... ကဲ ... ဘာမှပြောမနေနဲ့ အလုပ်ကိစ္စတွေက စိတ်ချ။ ပြန်လှည့်ကြည့်စရာမလိုဘူး ...





အမယ် ... နေပါဦး၊ အဲလိုပြောလိုက်ရုံနဲ့ လှည့်မပြေးပါနဲ့ဦး။ မရဘူး ... ထမင်းစားသွားရမယ်။ မဟုတ်ဘူး စားကိုစားရမယ်။ မိုးလင်းကတည်းက ဗိုက်ထဲဘာမှမရှိသေးဘူး မဟုတ်လား။ ဟုတ်တယ် ... ခင်မင်မှုကို အခွင့်ကောင်းယူပြီးတော့ကို အမိန့်ပေးတာပဲ။ ပြန်ထိုင်လိုက်ပါ၊ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ထမင်းထိုင်စားလိုက်လို့ ဘာမှဖြစ်မသွားဘူး။ ကဲ ... ပြောနေတာက ပိုကြာတယ်၊ စားလိုက်ရင် စားပြီးနေပြီ"

ဝတ်ဆံမှာ သက်ပြင်းကြီးချပြီး ကိုယ့်ထိုင်ခုံကိုယ် ပြန်လာထိုင်ပါသည်။ "စုတ်ပြတ်သတ်ပြီး ဘယ်လိုပုံမျိုးထွက်နေပြီလဲတောင်မှ မပြောတတ်တော့ဘူး"တဲ့။ ယုံပါသည်။ အားကိုးအားထား ယုံကြည်စိတ်ချလောက်စရာ ကိုယ်ခွဲမရှိတဲ့ပြင် တာဝန်တွေအားလုံး သူ့ခေါင်းပေါ်ချည်း ပုံနေတဲ့ လူတစ်ယောက်ဟာ ခုချိန်လောက်မှာ ဆေးရုံက လူမမာရယ် အိမ်ကိစ္စတွေရယ်၊ ကျန်ခဲ့ညီမငယ်တစ်ယောက်အတွက်ရယ်နဲ့ ဝလချီးလည်လိုက်ကာ "ဖိုသီဖတ်သီကြီး"ဆိုတာကပဲ အသက်သာဆုံး စကားလုံးလောက်နေမှာပါ။

သူ့ပုံစံကို မမြင်ရဘဲနဲ့ တွေးကြည့်ရုံနဲ့တင် ဝတ်ဆံရဲ့ရင်ထဲမှာ တမျှင်းမျှင်း တစိမ့်စိမ့်နဲ့ နာကျင်လို့ လာရသည်။ ခုချိန်မျိုးမှာ တာဝန်တွေ ပုံလွှဲမပေးချင်ရင်တောင် ဖွင့်အားကိုးတိုင်ပင်ချင်စရာ (ခေတ္တခဏလေးပဲဖြစ်ဖြစ်)မှီတွယ်ခိုဝင်လိုက်ချင်

ရော ရင်ခွင်လေးတစ်ခု၊ ပခုံးလေးတစ်ခု ရှင် မလိုအပ်နေဘူးလား ဟင်။ မဝင်,ဝင်အောင်စားဆိုရင်းကနေ ဝင်မှန်းမသိ ဝင်သွားမှာဝဲ ဖြစ်တဲ့ နေ့လယ်စာတစ်ခုဆီမှာရော ရှင် ချစ်မြတ်နိုးပါတယ်ဆိုတဲ့ မိန်းကလေးရဲ့ အငွေ့အသက်၊ လက်ရာ၊ ခံစားချက်မျိုး ရှင့်နှလုံးသားက "သိ"နေခဲ့တာမျိုး မရှိဘူးလား။

♥ ✉ ♥

ဝတ်ဆံ အခန်းထဲသို့ ဝင်လိုက်ချိန်မှာ ဆေးရုံခုတင်နား၌ လူလုံးကြီးတစ်ခုလိုဖြစ်ကာ အခြေအနေက ရှုပ်ထွေးကြမ်းတမ်းလျက် ရှိပါသည်။ ဆေးရုံခုတင်ပေါ်မှာ ဒရစ်ပ်ပိုက်တွေတန်းလန်းနဲ့ လူမမာဟာ အနီဝတ်နာ့စ်လေးကတစ်ယောက်၊ စပယ်ရှယ်နာ့စ်ဖြစ်ဟန်တူသော အပြာကတစ်ယောက်တို့အပြင် အဖြူဝတ်ယောက်ျားလေးသူနာပြု(Male Nurse)တစ်ယောက်တို့ပါ ချုပ်မနိုင်လောက်အောင် ဝုန်းဒိုင်းကြဲ သောင်းကျန်းလျက်ရှိသည်။ အဲဒီလူလုံးကြီးထဲမှာ ညပ်ပါပြီး ဟိုယိမ်း ဒီယိမ်း လိမ့်ချည်းခံနေတာကတော့ အငယ်မလေး မီးမီး။

လူမမာတစ်ယောက် ဖြစ်နေခဲ့တာတောင်မှ ရန့်ရင်းကြမ်းတမ်း ရိုင်းပျမှုတို့က ကုန့်,မကုန်နိုင်၊ ပြီး,မပြီးနိုင် မလျော့နိုင်သေးဘူးလား။ ဝတ်ဆံမှာ စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားမိပေမယ့် သူနာပြုကလေးတို့ရဲ့ ထိတ်လန့်တကြား အရေးတကြီး





…က်နှာထားတွေကို အကဲခတ်မိလိုက်လျှင်တော့ ကိုယ်လည်းစိုးရိမ် …ကြီးပင် ခုတင်နားအထိ ပြေးကပ်သွားခဲ့မိပါသည်။

ပိုက်ပိုက်ဟာ တမင်ကြီးဆိုးပြီး စိုလ်ကျပြီး အနားက …သမျှ လူအပေါင်းကိုမဲနေ၊ ရန်လုပ်နေတာ မဟုတ်ပါလား။ အသိစိတ်မရှိသူတစ်ယောက်လို ယောင်ယမ်းပြီး မသိစိတ်နဲ့ ထိန်း…နိုင်သိမ်းမရ ဖြစ်နေတာပါလား။

ဝတ်ဆံက မီးမီးကို လက်မောင်းရင်းက ကိုင်ဆွဲပြီး …လုံးကြီးရဲ့အပြင်သို့ရောက်အောင် ဆွဲထုတ်လိုက်ကာ မီးမီးလိုက် …ချုပ်နေသည့် လက်တစ်ဖက်ကို ကိုယ်ပဲဆွဲကိုင်လိုက်ပြီး မီးမီးရဲ့ …နေရာကို ဝင်ယူလိုက်သည်။

"အစ်မ"

ဝတ်ဆံကို မြင်လိုက်တဲ့ မီးမီးက ဝမ်းသာအားရ အော်ဟစ်လိုက်ပါသည်။

"ရတယ် ... မီးမီး ခဏထွက်နေလိုက်၊ မမ လုပ်ပေးလိုက်မယ်"

"သူ ယောင်ယမ်းနေတာပါ"

"အေးပါ၊ မမ သိပါတယ်"

"ကိုကိုကြီးက အိမ်ခဏပြန်သွားတယ်။ ခု ဒီမှာ မီးမီးတစ်ယောက်တည်းရယ်"

ကလေးမလေးက ဝမ်းနည်းလာသလို ရှိုက်သံလေး တစ်ချက် ထွက်လာသည်။

"မမ ရောက်လာပြီ။ မကြောက်နဲ့တော့ သမီး၊ မီးမီးတို့ အစ်ကိုကြီး ပြန်လာတဲ့အထိ စောင့်နေပေးပါ့မယ်"

မီးမီးနှင့် စကားအပြန်အလှန် ပြောနေရတာတော့ အေးအေးဆေးဆေး ပုံစံနှင့်တော့ မဟုတ်ပါ။ ငါးဖယ်လို လူးပြုနေတဲ့ လူမမာရဲ့အရိုက်အနှက်တို့ကို ရှောင်ရှားရင်း အလုအယက် ပြောဆိုနေရတာပင်။ မီးမီးက ဖတ်ဆံနှင့်စကားပြတ်သွားလျှင် အခန်းထောင့်တစ်နေရာမှာ ကွေးကွေးကလေး သွားဝင်ထိုင်နေကာ ကြောက်ရွံ့ထိတ်လန့်နေသည့်ပုံနှင့် ရှိနေသည်။

အနီဝတ်သူနာပြုလေးက "MO ကို Inform လုပ်ရမယ်"ဟုဆိုကာ အပြေးအလွှား ထွက်သွားချိန်မှာတော့ စပယ်ရှယ်နာ့စ်ရယ်၊ မေးလ်နာ့စ်ရယ်၊ ဝတ်ဆံရယ် သုံးယောက်သားဟာ ပိုက်ပိုက်ကို ဖိပြီးမနိုင်မနင်း ဖြစ်လာသည်။ ကိုယ်တွေကသုံးယောက်တောင်၊ ပြီးတော့ ယောကျ်ားလေးတစ်ယောက်လည်း ပါနေသေးပေမယ့် လူနာကိုငုံညှာပြီး မနာမကျင် မခံစားရအောင် လုပ်ပေးနေကြရတာရယ်၊ သူ့ကိုယ်မှာ တပ်ဆင်ထားတဲ့လိုင်းတွေ ပိုက်တွေ မပြုတ်ထွက်ရလေအောင် လိုက်သတိထားနေကြရတာရယ်၊ နဂိုတည်းကိုက ပိုက်ပိုက်ဟာ ခွန်နဲ့ အားနဲ့ ဒေါင်းထိမောင်းထိမိန်းမတစ်ယောက် ဖြစ်နေတာရယ်နဲ့မို့ မနိုင်တဲ့အပြင် တစ်ချက် တစ်ချက် အလစ်မှာ ခံလိုက်ရရင် ခံရချက်က မသက်သာလှပေ။

တာဝန်ကျဆရာဝန်တစ်ယောက်နှင့်အတူ အနီဝတ်သူနာပြုလေး ပြန်ရောက်လာချိန်မှာတော့ ဝတ်ဆံက နောက်နည်းဆုတ်ကာ ရှောင်ထွက်နေပေးလိုက်ပါသည်။ ပိုက်ပိုက်ရဲ့ပုံစံကြီးက ကြောက်စရာကြီး။ နဂိုက ခပ်ညိုညိုဖြစ်တဲ့ သူ့အသားအရောင်ကြီးက ဖြူညစ်ညစ်လိုလို မီးခိုးပြာလိုလို ဖြစ်နေကာ အဲကွန်း အသားကုန်ဖွင့်ထားတဲ့ အခန်းထဲမှာပေမယ့် ချွေးသီးချွေးပေါက်တွေက အလုံး,အလုံးလိုက်နှင့်ကို ဖြစ်နေသည်။ သတိမရဘူးဆိုပေမယ့် မျက်လုံးကြီးကျတော့ ပြူးပြူးကြီး။ ပါးစပ်ကလည်း ဘာတွေမှန်းမသိ ပလုံးပထွေး ဗူးတူးဝါးတားတွေ ပြောနေလိုက်သေးသည်။ အငယ်မလေး ကြောက်မယ်ဆိုလည်း ကြောက်စရာပါပေ။

ဝတ်ဆံက တာဝန်ကျဆရာ၊ ဆရာမတွေ အသားကုန် ဝိုင်းလုပ်ပေးနေကြတဲ့ ခုတင်နားကခွာကာ အငယ်မလေးရှိရာ အခန်းထောင့်စွန်းက ဆိုဖာတစ်လုံးထက်မှာ လာဝင်ထိုင်လိုက်သည်။ ကွေးကွေးကလေး ပုထိုင်ကာ ခုတင်ရှိရာဘက်ကို မကြည့်ရဲသလို မျက်နှာလွှဲ ခေါင်းငုံ့ချထားတဲ့ ကလေးမလေးရဲ့ပခုံးကို ခပ်ဖွဖွလေး ဖက်လိုက်တော့ သူကလေးက ဝတ်ဆံရဲ့ကိုယ်ပေါ်ကို ကုပ်ကပ်တွယ်တက်လာတော့မလောက် ပြန်ဖက်လာကာ ...

"မဝတ်ဆံ ... မပိုက်က သေမှာလား"

"အို ... မဟုတ်တာ။ ပေါက်ကရတွေ မပြောရဘူးလေ မီးမီးရယ်"

"Septic Abortion တဲ့။ ဒုက္ခရောက်တတ်တယ်တဲ့ ပြောနေကြတယ်"




စေတနာစာပေ

"အဲဒါက ဘာမို့လဲ၊ မမလည်း မသိဘူး"

"ကလေးပျက်ရင်း ပိုးဝင်သွားတာ၊ ဦးနှောက်ထဲ ပိုးက ရောက်သွားပြီလို့ ပြောတယ်။မပိုက် အသားအရောင်က အရင်က ခုလို ဖြူသလို မီးခိုးကြီးလိုလိုမှ မဟုတ်တာ။ အညိုပဲဟာ ခုဟာက Septic ဖြစ်တဲ့ အရောင်တဲ့။ သူတို့ ဝိုင်းပြောနေတာ မီးမီးကြားတာ"

"ခုခေတ်က ပင်နီဇီဝပိုးသတ်ဆေးတွေက အရမ်းကောင်းနေပြီပဲဟာ၊ ဘာမှ မဖြစ်နိုင်ပါဘူး"

"ဒါပေမဲ့ ဆေးဆိုတာလည်း အချိန်မီမှ အစွမ်းထက်မှာပေါ့ လို့လည်း ပြောနေကြတာ၊ ကိုကိုကြီး ခဏပြန်သွားတုန်းက တောင် အကောင်းကြီး ရှိသေးတဲ့ဟာ။ ခုနလေးလောက် တင်ကမှ ရုတ်တရက် ထဖောက်လာတာ"

ဝတ်ဆံက မီးမီးရဲ့ခေါင်းကလေးကို ပွတ်သပ်ပေး လိုက်ရင်း ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းတွေကိုလည်း သုတ် ပေးလိုက်ပါသည်။

"I.C.U (Intensive Care Unit) ထဲကို ရွှေ့မယ်"

တာဝန်ကျ MO ဆရာဝန်က ဆုံးဖြတ်ပေးလိုက်ပြီး ပြန်ထွက်သွားလျှင် ကျန်ခဲ့တဲ့ သူနာပြုကလေးတွေ အလုပ်ရှုပ်ကုန် ကြပါသည်။ "သူ ဘယ်ဆရာဝန်ကြီးနဲ့ အပ်ထားတာလဲ၊ အကြောင်း ကြားဖို့ လုပ်ကြဦး"ဘာညာနှင့် ဗျာများနေကြစဉ် ဝတ်ဆံလည်း တိုက်တိုင်းကို အမြန်ဆုံး အကြောင်းကြား ပြန်ခေါ်ဖို့ သတိရသည်။





မီးမီးကို ဆက်နိုင်းဖို့ စဉ်းစားပေမယ့် သူ့အစ်မကို သယ်တွန်းထုတ်သွားတဲ့ ထရော်လီနောက်ကိုပြေးလိုက်ရင်း မီးမီးရဲ့ ပုံစံကလည်း သူကိုယ်တိုင်ကိုတောင် ပြန်စိုးရိမ်ရတော့မယ့် အခြေ အနေမျိုး ဖြစ်နေတာမို့ ဝတ်ဆံက သူ့ဆီကိုယ်တိုင်ပဲ ဖုန်းလှည့် လိုက်တော့သည်။

"ဟယ်လို"

စခေါ်တာကလည်းကိုယ်။ တစ်ဖက်က ဖုန်းကိုနှိပ် ကိုင်လိုက်ပြီမှန်း သိသာပေမယ့် အသံစပြုမလာတော့ "ဟယ်လို" အသံနဲ့ အရင်စခေါ်လိုက်ရတာလည်းကိုယ်။ သူ့ဖုန်းထဲမှာ ဝတ်ဆံ ရဲ့နံပါတ်ပေါ်လာတာတွေ့တော့ ဖုန်းကိုတော့ မကိုင်ဘဲ မထားဘဲ ကိုင်လိုက်ပေမယ့် စကားသံတော့ စ,မပေးနိုင်ဘူးပေါ့လေ… ဟုတ်စ။

"ကျွန်မ အခု ဆေးရုံကဆက်နေတာ၊ ပိုက်ပိုက် အခြေအနေ နည်းနည်းဆိုးလာလို့ ခု ICU ထဲ ပြောင်းပို့လိုက်ရပြီ။ ရှင် မြန်မြန်ပြန်လာရင် ကောင်းမယ်"

အဲဒီတော့မှ "ဟယ်လို …, ဟယ်လို"သံထွက်လာပေ မယ့် ဝတ်ဆံက ဖုန်းကိုပြန်ပဲနှိပ်ချလိုက်ရင်း အထူးကြပ်မတ်ကုသ ဆောင်ဘက် ခုမှပဲ ပြေးလိုက်ရပါသည်။ လမ်းမှာ အရှုံထိဆက် ဝင်လိုက်သွားခွင့်မရှိတဲ့ မီးမီးနဲ့ဆုံကြတော့ တစ်ယောက်နဲ့ တစ် ယောက် တင်းတင်းကျပ်ကျပ်တွေဖက်ကာ လမ်းလယ်ကြီးတင် အတောင့်သားကလေးတွေ ရပ်နေကြရင်း သူကလည်း ဘာတွေ ပြောနေမှန်းမသိ။ ကိုယ်ကလည်း ပြောမိပြောရာ …

"ညက မမမောင်လေးနဲ့ ဖုန်းရပြီသိလား။ ဝေဠုက ပြန်ခဲ့မယ်တဲ့၊ ဘာမှမပူနဲ့ သိလား မီးမီး၊ ဝေဠုပြန်လာမှာပါ။ သူ ပြန်လာလိမ့်မယ်"

သူ ပြန်လာတော့ကော။ ဘာအတွက်မှ သိပ်အသုံးမကျလှတဲ့ ကောင်ကလေးတစ်ယောက်က သတိသိပ်မရှိတော့ပြီဖြစ်တဲ့ သူ့မိန်းမအတွက် ဘယ်လောက်များ အကျိုးရှိ အသုံးဝင်နိုင်မှာမို့လို့တဲ့လဲ။ ဒါပေမဲ့ ဝတ်ဆံကတော့ ကာယကံရှင်လည်း မဟုတ်တဲ့ မီးမီးကိုပဲ အဲဒီစကားတွေကို အထပ်ထပ် ဆိုသလိုပြောပြနေမိပါသည်။ အဲဒီအချိန်မှာပဲ ဝတ်ဆံနဲ့မီးမီးရဲ့အနားကို တိုက်တိုင်းက ရောက်ရှိလာခဲ့သည်။

"ဝတ်ဆံ ဖုန်းဆက်လိုက်တော့၊ ကျွန်တော်က ဆေးရုံဝင်းထဲမှာ ရောက်နေပြီ"

ဝတ်ဆံက မီးမီး မကြားအောင် ပါးစပ်လှုပ်ရုံတင် ...

"စိုးရိမ်ရတယ်"

တိုက်တိုင်းရဲ့မျက်နှာက ရှုံ့တွနီရဲလို့ သွားပါသည်။ "ကျွန်တော် ပြန်သွားတုန်းကတောင် အကောင်းကြီးရှိသေးတယ်"ဟု ညည်းညူလိုက်ရင်း သူ့လက်ထဲ သယ်ကိုင်လာတဲ့ ပစ္စည်းပစ္စယတွေကို ဝတ်ဆံရဲ့လက်ထဲပဲ ထိုးထည့်လိုက်သည်။ ပြီးရင်တော့ သူက အထူးကြပ်မတ်ကုသဆောင်ဘက် အပြေးလိုက်သွားကာ မှန်ခန်းအထဲဆောင်တွေထဲအထိ လိုက်ကြည့်ခွင့်ရအောင် သွားကြိုးစားနေပါသည်။





မမြင်မတွေ့ရတာ နှစ်ရက်လောက်ရှိသေးရုံနဲ့တင် သူ့ပုံစံက သိသိသာသာကြီးကို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားလိုက်တာ။ အေးလေ ...။ ဒီ ... သူ့ညီမ ဆေးရုံတက်နေတဲ့ နှစ်ရက်လောက်အတွင်းမှာ ဖြစ်သွားတာမှ ဟုတ်ရဲ့လား။ ဝတ်ဆံကဖြင့် သူ့ကိုလှည့်လို့မှ မကြည့်ဖြစ်အောင် နေနေတာကြာပြီဥစ္စာ။ အဲဒီရက်တွေကတည်းကပဲ ဒီလိုပုံမျိုး မသိမသာ တဖြည်းဖြည်းချင်း ပေါက်နေခဲ့တာလား။ ရုတ်တရက် ချိုင့်ဝင်သွားတဲ့ မျက်လုံးအိမ်နှစ်ခုနဲ့ ပါးပြင်နှစ်ဖက်တို့ရယ်၊ မရိတ်သင်ထားတဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်တို့ရယ်နဲ့ ကဖြစ်ကညစ်ကြီးကို ဖြစ်နေတဲ့ရုပ်ကတော့ သူ့ညီမအပေါ် ဘယ်လောက်ပူပန်မှုများ၊ စိုးရိမ်တကြီး ဖြစ်နေသလဲဆိုတာ သိသာစေပါသည်။

တကယ်ဆို သူနဲ့အတူ အတွင်းခန်းထဲထိ ဝင်လိုက်သွားကဲ့အထဲမှာ ဝေဠုပါ,ပါနေရမှာ။ မျက်နှာပူ အားနာလိုက်တာ။ ဒီလိုရောဂါမျိုးနဲ့ ဆေးရုံရောက်၊ အသည်းအသန်ဖြစ်ရတဲ့ မိန်းကလေးတစ်ယောက်မှာ နံဘေးကနေ တစ်ချိန်လုံး လိုက်တာဝန်ယူနေရတဲ့သူက "အစ်ကို"ဆိုတော့ကာ။ ပတ်ဝန်းကျင်က ဘယ်လိုထင်၊ ဘယ်လိုပြောကြမလဲ။ လူနာမှာ ခင်ပွန်းယောကျ်ားအတည်တကျရှိရက်နဲ့ မိုက်လုံးကြီးတာပါဆိုတာကို ဘယ်သူတွေက တိတိကျကျ သိနိုင်ကြမှာလဲ။

ဝတ်ဆံက မီးမီးကို ဖက်ထားရာကနေ အသာခွာထုတ်လိုက်ပြီး တိုက်တိုင်းနားသို့ပဲ ပြေးသွားလိုက်ပါသည်။

"လူနာရှင်က တစ်ယောက်လောက်ပဲ အထဲလိုက်ဝင်လို့ရမယ်။ ဘယ်သူဝင်မှာလဲ၊ ဘာတော်လဲ"

"အစ်ကိုပါ"

မျက်ခုံးပင့်တက်သွားတဲ့ အထူးကြပ်မတ်ကုသခန်းက တာဝန်ရှိသူကို ဝတ်ဆံက တမင်ပင် အတင်းဝင်ပြီး ...

"ကျွန်မကတော့ လူနာ့အမျိုးသားရဲ့အစ်မပါ။ လူနာရဲ့ယောက်မပါ။ သူ့အမျိုးသားကတော့ ခရီးထွက်နေရလို့ ရောက်မလာနိုင်သေးဘူး"

ဘာပဲဖြစ်ဖြစ်လေ လိုလို မလိုလို။ ခုချိန်မျိုးမှာ ဘာတွေ အတင်းလာဝင်ရှင်းနေတာလဲလို့ ဘယ်သူကပဲ ဘာထင်ထင်။ ဝတ်ဆံက လုယက်ပြီးတော့ပဲ ဝင်ပြောပြလိုက်ပါသည်။ ဝတ်ဆံရဲ့ရည်ရွယ်ချက်ကို နားလည်နိုင်သလား။ မလည်ဘူးလားတော့မသိ။ တိုက်တိုင်းက ဝတ်ဆံကို ရီဝေဝေသော စိုက်ကြည့်နေလေသည်။

"ဝင်မယ့်တစ်ယောက် ဟိုဘက်မှာ Disposable gown (တစ်ခါသုံး ပိုးသတ်ဝတ်ရုံ)သွားထုတ်ပြီး ဝင်လိုက်ပါ"

တိုက်တိုင်းက ဝတ်ဆံကိုကြည့်လာတဲ့အကြည့်မှာ "ဝင်မလို့လား" ဆိုတဲ့ အမေးမျိုးနှင့်။ မဝင်ပါ။ တကယ်တမ်းအရမ်းစိုးရိမ်နေရပြီဆိုတဲ့ အချိန်မှာ ဒီညီမနား တကယ်ရှိနေသင့်တာက ဒီလိုအစ်ကိုမျိုးပဲ မဟုတ်လား။





"ကျွန်မ မဝင်ပါဘူး၊ တမင်ဝင်ပြောတာပါ။ ကျွန်မ အပြင်မှာ မီးမီးနဲ့ပဲ နေလိုက်မယ်"

မှန်ချပ်ကြီးတွေကကာဆီးဆင့် ဖြတ်ဖောက်ပြီး မြင်နေရသော အတွင်းခန်းဘက်ဆီမှာတော့ တိုက်တိုင်းဟာ ပိုက်ပိုက်ရဲ့ခုတင်ဘေးမှာ မတ်တတ်ကြီးစုံရပ်ပြီး ညီမဖြစ်သူကို မမှိတ်မသုန်စိုက်စိုက်ကြီး ကြည့်နေလျက် ရှိလေသည်။ ပိုက်ပိုက်ဟာ ခုနကလောက် မျက်လုံးပြူး မျက်ဆံပြူး သရဲမရဲစီးနေသလိုပုံစံမျိုးကြီးနဲ့ မရှိတော့သော်လည်း တစ်ချက်တစ်ချက်မှာတော့ ဘာတွေမှန်းမသိ ဗလုံးဗထွေးပြောလိုက်၊ ဆတ်ခနဲ ဆတ်ခနဲ လှုပ်လှုပ်လာလိုက် ဆိုတာမျိုးတော့ ရှိသေးသည်။

လက်နှစ်ဖက်မှာ တပ်ဆင်ထားတဲ့ ပိုက်လိုင်းတွေ ... သိစိတ်နဲ့ ဆွဲဖြုတ်ပစ်တာမျိုးရှိမှာစိုးလို့ လက်နှစ်ဖက်ကိုရော ခြေထောက်နှစ်ဖက်ကိုပါ ခုတင်ဘေးမှာ ထောင်ကန့်ထားတဲ့ သံချောင်းအကန့်တွေနဲ့ ပူးချည်ထားရတော့ လူနာရဲ့ပုံစံဟာ မြင်နေရတဲ့ လူနာရှင်အတွက်တော့ ရင်မချိစရာပါ။ တိုက်တိုင်းရဲ့ရုပ်ကလည်း အရမ်းဝမ်းနည်း စိတ်ထိခိုက်နေတဲ့ ရုပ်မျိုးပဲပေါက်နေသည်။

"အစ်မ ... မဝတ်ဆံကို မီးမီးကတော့ ခင်ပါတယ်။ ချစ်လည်း ချစ်ပါတယ်။ မပိုက်ကြောင့် အစ်မတို့တွေ ပြဿနာဖြစ်ကြရတာ မီးမီး အရမ်းစိတ်မကောင်းဘူး"

အခန်းထဲကို လှမ်းမြင်နေရတဲ့ အပြင်ဘက်က ကုလားထိုင်တွေမှာ ထိုင်နေကြရင်း မီးမီးက ဝတ်ဆံရဲ့ပခုံးစွန်းကို မမှီတမှီပုံစံမျိုးလေးနှင့် ခေါင်းယှိုင်စောင်း မှီလာကာ ပြောလာပါသည်။ ဝတ်ဆံက မီးမီးရဲ့ပခုံးစွန်းလေးကို တစ်ချက်လောက်ပုတ်သပ်ပေးလိုက်သည်။

"အဲဒီအတွက် ကိုကိုကြီး အရမ်းထိခိုက်နေတာ မီးမီးမြင်နေရတယ်။ မီးမီးက ဘာမှမဆိုင်တဲ့ ကြားလူလိုလဲ့ည်း ဖြစ်နေပေမယ့်၊ ကလေးလည်း ဖြစ်ပေမယ့် ကြားထဲကပဲ ဝင်ပြောပါရစေ။ မပိုက်နဲ့ ကိုဝေဠုတို့ ပြန်ပေါင်းဖြစ်စေ၊ မပြေလည်လည်း နေပစေ။ မဝတ်ဆံကတော့ ကိုကိုကြီးနဲ့ကိစ္စကို တစ်ချက်လောက်ဖြစ်ဖြစ် ပြန်စဉ်းစားပေးပါဦးနော် အစ်မ။ မီးမီးကို အဲဒါလေးတစ်ခုတော့ အစ်မ လိုက်လျောပေးပါ အစ်မရယ်။ ကိုကိုကြီးက အရမ်းသနားစရာကောင်းလို့ပါ။ သူက လူတွေအားလုံးအပေါ်မှာ နားလည်ပြီး အမြဲအလိုက်သိတတ်သူပါ။ သူ့အလှည့်ကျမှ ကံမကောင်းရဘူးဆိုရင် သိပ်သနားစရာကောင်းသွားမှာပေါ့"

ကာယကံရှင်ကိုယ်တိုင်က မလိုလားတဲ့ ပစ္စည်းတစ်ခုကို ဘေးလူက "အဲဒီကာယကံရှင်နဲ့ အရမ်းထိုက်တန်တယ်၊ ရမှဖြစ်မယ်"လို့ ဝင်ဆုံးဖြတ်တောင်းဆိုနေလို့ မရနိုင်ဘူး ကလေးမလေးရယ်။

"နော် ... အစ်မ"





"မီးမီးရယ် ... ခုချိန်မှာ ဒါတွေ သမီးခေါင်းထဲ ထည့်မနေပါနဲ့။ ခုချိန်မှာ မမတို့ရော၊ သမီးအစ်ကိုကြီးရော၊ သမီးတို့ရော၊ ပိုက်ပိုက်အတွက်ပဲ ပူနေကြရတာလေ။ သမီးကိုယ်တိုင်လည်း ရင်ထဲမှာလည်း ပူနေမယ်၊ ခေါင်းထဲလည်း တအားရှုပ်ထွေးနေရမှာ။ ဒီပြင်ဟာတွေပါ ထပ်ပေါင်းထည့်ပြီး အပူမရှာနဲ့။ ဟုတ်ပြီလား။ သူများကို လိုက်သနားနေရတာထက် ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်သနားတတ်အောင်နေဦး"

"မပိုက် အခြေအနေက ဘယ်လိုဖြစ်သွားမယ် ပြောလို့မရသေးဘူး။ မပိုက် မရှိတော့ရင်တော့ အစ်မက ကိုကိုကြီးကို ပြန်လက်ခံမှာပေါ့နော်"

"ဟယ် ... ! ဘယ်လိုပြောလိုက်တာလဲ။ ဘာတွေပြောနေတာလဲ"

ဝတ်ဆံက မီးမီးကို အလန့်တကြား တွန်းထုတ်လိုက်မိသည်။ မီးမီးက ဝတ်ဆံကို ဘာမှထပ်ပြောမလာတော့ဘဲ အတွင်းခန်းထဲက သူ့အစ်ကို့ကိုသာ လှမ်းငေးနေလေသည်။ ဝတ်ဆံလည်း ဘာပြောရမှန်းမသိသဖြင့် သူလုပ်သလိုပဲ တိုက်တိုင်းကိုပဲ လှမ်းငေးနေလိုက်ပါသည်။ ထိန်းချုပ်ရခြင်းတွေ၊ "အရှုံး"လို့စကားတင်းဆိုမခံနိုင်တာတွေနှင့် သတိနဲ့လူနဲ့မပြတ် "ဖျတ်"ခနဲတောင်မကြည့်လိုက်မိအောင် နေနေရတာ ကြာပြီဖြစ်ရာ သူ့ကို ခုလိုလွတ်လွတ်လပ်လပ်ကြီး ငေးနေခွင့်ရတာဟာ ကံကြမ္မာက ဖန်တီးပေးလာတဲ့ "ဆု"တစ်ခုလို့ပင် ဆိုရလေမလား။

ညီမလုပ်တဲ့လူကို အပေါ်စီးကနေ အုပ်မိုးစိုက်ကြည့်နေတဲ့ရုပ်မှာ ဝမ်းနည်းထိခိုက်တာအဖြင့် နာကျင်နေတဲ့ခံစားချက်တစ်ခုကလည်း သူ့ရဲ့ရုပ်သွင်ကို ပျက်ယွင်းကျဆင်းနေစေသည်။ ခုနေ ကိုယ့်ရုပ်ကိုယ် မှန်ထဲသွားကြည့်လိုက်ရင်လည်း အဲဒီလောက်မဟုတ်တောင် မနီးရိုးစွဲလောက်ပဲ ရှိမှာသေချာသည်။

ထိုအခိုက်မှာပဲ ဆရာဝန်တွေ တစ်ခုခုလုပ်ပေးလိုက်တဲ့ ဆေးအရှိန်ကြောင့် ခဏလောက် နည်းနည်းငြိမ်သွားဟန်တူတဲ့ ပိုက်ပိုက်ဟာ ခုနက အခန်းထဲတုန်းက ပုံစံလိုပဲ ယောက်ယက်ခတ် သောင်းကျန်းလူပ်ရှားလို့ လာပြန်ပါသည်။ သူ့လက်နှစ်ဖက်နဲ့ ခြေနှစ်ဖက်တို့ကို ဈေးနားက (လီမ့်ကျမသွားအောင် ကာထားလိုက်တဲ့) သံတိုင်တွေနဲ့ တုပ်ချည်ထားပြီဖြစ်ရာ ခုနကလောက်တော့ ငါးဖယ်ပျံသလို သတ်ပုတ်မနေရတော့သော်လည်း ပုံစံကြီးက ရင်မချိစရာ။ လှုပ်ရှားလို့ ရနေသေးတဲ့ ခန္ဓာကိုယ်ကြီးကပဲ ကော့တက်လာလိုက်၊ လူးလွန့်ယိမ်းထိုးလိုက်။

ဝတ်ဆံမှာ ကြောက်လန့်တကြား အော်ငိုလိုက်ပြန်တဲ့ မီးမီးကိုပဲ ပြန်ဆွဲဖက်လိုက်ရပြန်ပါတော့သည်။ ဒါပေမဲ့ ကိုယ်တိုင်လည်း ရှိုက်ကြီးတငင် ငိုနေမိတာပဲဖြစ်သည်။

♥ ✉ ♥





## အခန်း(၈)

ဝေဠုရဲ့နောက်ကျောမှာ မားမားကြီး လိုက်ရပ်ပေးနေဖို့ လိုကိုလိုအပ်နေတဲ့ ဝတ်ဆံဟာ "ဘာကိုမှ ဂရုမစိုက်တော့ဘူး"ဆိုတဲ့ သန္နိဋ္ဌာန်ကိုလည်း ချထားပြီးပြီဖြစ်ရာ အတင်းစကားတွေကိုလည်း ဘာမှမမှု၊ ပေါ်တင်ကြီး ရင်ဆိုင်ပြီး လက်ညှိုးထိုးလာပြောရင်လည်း လုံးဝမမှု။ ကိုယ်ကမှ အဲဒီလို မားမားမတ်မတ်လိုက်မနေပေးနိုင်ရင် ပျော့ညံ့တဲ့စိတ်ဓာတ်ရှိတဲ့ ကိုယ့်မောင်လေးဝေဠုဟာ ယောက်ဖလုပ်တဲ့သူကိုရော သူ့မိန်းမဘက်က အသိုင်းအဝိုင်းတစ်ခုလုံးကိုပါ ဘယ်လိုလုပ် ရင်ဆိုင်ရဲရှာမလဲ။

ပိုက်ပိုက် အသက်ပျောက်သွားတာကို ဝေဠုက မမီလိုက်ပါ။ အသုဘချမယ့်နေ့ရဲ့ မနက်ပိုင်းမှာ အချိန်မီရုံကလေးပြန်ရောက်လာတာကိုပင် ဝတ်ဆံက ကံကြမ္မာကို ကျေးဇူးတင်လွန်းလှပါပြီ။ "အသုဘချတဲ့နေ့ကျမှ ပန်းခြင်းတစ်ခြင်းနဲ့ သုသာန်ကို ရောက်ချလာတဲ့ယောက်ျား"လို့ ဘယ်လိုပင် အပြောခံရပါစေ

"မိန်းမတစ်ယောက်လုံးက သူ့ကလေးကိစ္စနဲ့ အသက်ထွက်သွားတာတောင်မှ လုံးဝပြန်ရောက်မလာတဲ့ယောကျ်ား"ဆိုတာထက်တော့ အပုံကြီး သက်သာနာပျော်သေးတာပဲ မဟုတ်လား။

"ဝိုက်ပိုက်ရေ ... ...။ မျက်နှာလွှဲခဲပစ်နဲ့ တာဝန်မဲ့တတ်တဲ့ ညည်းလင်ဘော်မောင်က ခုမှ လူပြောခံရလွတ်ရုံလေးတင် မျက်နှာပြ ရောက်လာတယ်ဟဲ့။ ထကြည့်လို့ရရင် အရှက်မရှိတဲ့ ဒီကောင့်မျက်နှာကြီးကို ထများကြည့်လိုက်ပါဦးတော့"

ဝေဠုကို မြင်မြင်ချင်း ဖြိခနဲအော်ဗျေလိုက်တဲ့ ဒေါ်ဒေစီ့ လုပ်ရပ်ကြောင့် ပွဲလာပရိသတ်တွေပင် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပါသည်။

"ဟဲ့ ... အကောင်၊ နင်မို့ အရှက်မရှိတဲ့မျက်နှာနဲ့ ရောက်လာတယ်။ နင် ဘာကိစ္စလာစရာအကြောင်းရှိသလဲဟဲ့။ ဘယ်လိုရှေ့ရေးနောက်ရေးတွေကို မျှော်ကိုးနေသေးလို့ ဒီလောက် မျက်နှာပြောင် လာတိုက်ဝံ့တာလဲ။ နင်အခုထွက်သွား ...

နင် ဒီကိုလုံးဝရောက်လာစရာ မလိုဘူး။ ငါ့တူမလေး အသေမှာ မဖြောင့်ရအောင် နင်က ဘာအကြံအစည်တွေနဲ့ ဘာတွေဖြစ်ချင်နေသေးတာလဲ"

တစ်ကိုယ်လုံး တုန်လှုပ်လာတဲ့ ဝေဠုကို ဝတ်ဆံက နောက်ကနေပဲ ခါးကိုစုံဖက်ထားလိုက်ကာ ခပ်တင်းတင်း ဆောင့်





ညှပ်နေရင်း သတိပေးနေရပါသည်။ ဘာမှပြန်မပြောလိုက်မိစေနဲ့ မောင်လေး။ စိတ်ကိုထိန်းပါ။ ပရိသတ်တွေ အများကြီးပဲ။ သူ အော်နေသလို မျက်နှာပြောင်နဲ့ ပါးစပ်ပိတ် ငြိမ်ခံနေနိုင်ရင် အော်ဟစ်ဝုန်းဒိုင်းကြဲ ပေါက်ကွဲပစ်လိုက်တာထက် ကိုယ့်အတွက် အများကြီး ပိုအဆင်ပြေတယ်၊ သက်သာမယ်။

"သူ့အစ်ကိုက နင့်မျက်ခွက်ထဲ လက်သီးနဲ့အဆက်မပြတ်ထိုးထည့်နေရင်တောင် နင်ငုံ့ခံနေလိုက်နော်။ ငါ အဲဒါ ဘာကြောင့်မှ ပြောတာမဟုတ်ဘူး။ နင့်အတွက်ပါ။ နင့်နာမည်အတွက်ပဲပြောနေတာ"

အဲဒီလို အထပ်ထပ် သွန်သင်ခဲ့ပြီးမှ ရေဝေးသုသာန်သို့ ရောက်လာခဲ့ကြတာဆိုတော့ တောင့်တောင့်ကြီးနဲ့ လမ်းတောင်ဆက်မလျှောက်နိုင် ဖြစ်သွားတဲ့ ဝေဠုခမျာ ဘာမှတုံ့ပြန်ပြောဆိုဘာမျိုးတော့ မရှိပါ။

"အမယ်လေးဟဲ့ ... ဝမ်းနည်းလိုက်ကြတာ။ တာဝန်မဲ့တဲ့ယောကျ်ားရော၊ ယောက်မရော၊ အဒေါ်ရော၊ အသေသတ်တုန်းကတော့ ဝိုင်းသတ်ခဲ့ကြပြီး ခုမှ ဝတ်စုံနက်ကိုယ်စီနဲ့ ဝမ်းနည်းတတ်လိုက်ကြတာ။ ကိုယ့်ခံစားချက် အမှန်အတိုင်း မဂ်လာရောင်တွေ ကိုယ်စီဝတ်ထွက်လာကြပါလားဟဲ့။ မလုပ်ရဲဘူးလား။ နင်တို့တွေ အဲဒီလောက် မျက်နှာပြောင်နိုင်ကြတာ၊ ပရိသတ်အမြင်ကောင်းအောင် ဟန်ဆောင်နေစရာမလိုတော့ပါဘူး။ မလုပ်ရဲကြဘူးလား"

ဝေဠုကိုရော ဝတ်ဆံကိုပါ လက်ညှိုးတထိုးထိုးနဲ့ အော်ကြီးဟစ်ကျယ် လိုက်ရန်တွေ့နေတဲ့ ဒေါ်ဒေစီကို သူတို့အမျိုးထဲက လူရွယ်ယောကျ်ားသားနှစ်ယောက်ကပဲ လက်တစ်ဖက်တစ်ချက်စီကနေ လာတွဲပစ်လိုက်ကာ ညှပ်ကိုင်ပြီး ဆွဲခေါ်သွားကြပါသည်။ မင်္ဂလာပွဲတုန်းက မျက်မှန်းတန်းမိဖူးတဲ့ အဲဒီလူနှစ်ယောက်ဟာ ပိုက်ပိုက်တို့ကြီးတော်ရဲ့ သားတွေလို့ ထင်ရတာမို့ ကြီးတော်ကပဲ လွှတ်လိုက်တာလား။ တိုက်တိုင်းကပဲ လုပ်ခိုင်းလိုက်တာလား။

ဝမ်းနည်းမှုတွေနဲ့ ငြိမ်သက်နေရမယ့် ပွဲတစ်ခုကို ခုလို အော်ကြီးဟစ်ကျယ် လူသိရှင်ကြားကြီး ပေါက်ကွဲပြတာကတော့ ကိုယ့်အထုပ်ကိုယ်ဖြေ၊ ကိုယ့်သိက္ခာကိုယ်ချနေသလိုသာ ဖြစ်နေစေတာမို့သာ ထိန်းသိမ်းလိုက်ဟန် တူပါသည်။ တိုက်တိုင်းရော၊ အဲဒီကြီးတော်ပါ မျက်နှာထားတွေကတော့ ခပ်တင်းတင်း ကိုယ်စီနှင့်။ ဒေါ်ဒေစီကတော့ တူတွေက ပါးစပ်ကိုပါ အတင်းအုပ်ပိတ်နေကြတာတောင်မှ အအော်အဟစ်ကတော့ မလျှော့သေးပါ။ ဒရွတ်တိုက်ဆွဲမတတ်ကြီး ပါသွားတဲ့ကြားက ခေါင်းကြီးလည်လာပြီး မရ,ရအောင် အော်ဟစ်နေချေသေးသည်။

"လူတွေကိုပဲ လာဟန်ဆောင်နှစ်သိမ့်လို့ရမယ်။ သမာဒေဝနတ်ကောင်းနတ်မြတ်တွေကတော့ နင်တို့ကို ဒဏ်ခတ်လိမ့်ဦးမှာပဲဟဲ့။ နင်တို့လည်း တူသောအကျိုးပေးတစ်ခုခုတော့ ပြန်ရကိုး ရကြလိမ့်ဦးမယ်။ လွတ်မယ်မထင်နဲ့"





ဝေဠု တစ်ယောက် ရုပ်ကလပ်ကို ပြင်ထားတဲ့နေရာအထိ ရောက်လာပြီး ဇာခြင်ထောင်အုပ်မိုးကလေးကို လှန်ကြည့်ကာ ပိုက်ပိုက်ရဲ့ လက်ဖျားလေးတစ်ဖက်ကို ထိကြည့်လိုက်တဲ့အထိတော့ တိုက်တိုင်းရော ကြီးတော်ကြီးပါ ဘာမှမပြောကြပါ။ ဝတ်ဆံတို့ မောင်နှမနှစ်ယောက်ကိုလည်း လှမ်းကြည့်မနေ။ မျက်နှာတွေကို တမင်လွှဲထားကြကာ လျစ်လျူရှုထားတဲ့ပုံစံကိုယ်စီနှင့် ရှိကြပါသည်။

သူ့အစ်မရဲ့ခုတင်ခေါင်းရင်းလောက်မှာ ရပ်နေတဲ့ မီးမီးတစ်ယောက်သာ ဝတ်ဆံကို တစ်ခုခုတော့ ပြောချင်နေဟန်နဲ့ ကွက်ကြည့် ကွက်ကြည့် ရှိနေပေမယ့် မီးမီးကိုတော့ ဝတ်ဆံကိုယ်၌က တမင်ပဲ မျက်လုံးအကြည့်ချင်း လွှဲထားလိုက်တာ ဖြစ်ပါသည်။

"အစ်မတို့ ပြီးရင် ဟိုမှာထိုင်လို့ ရပါတယ်။ ဘုန်းဘုန်းတွေက ခုမှသွားပင့်ခေါ်နေတုန်း မရောက်သေးလို့ တရားမနာရသေးခင်စပ်ကြား ဟိုမှာပဲ လာထိုင်လိုက်လို့ ရပါတယ်တဲ့ ... အမေက"

"အမေက"လို့ပါ ထည့်ပြောပုံထောက်တော့ ဒါလည်း ကြီးတော်ရဲ့သမီးထဲက တစ်ယောက်ပဲပေါ့။ ဝေဠုက ပိုက်ပိုက်ရဲ့ ရုပ်ကလပ်နားမှာ ဆက်ရပ်နေသေးလိုဟန် ရှိပေမယ့် ဝတ်ဆံက ဖက်တွယ်ထားတဲ့ ခါးကနေပဲ ခပ်တင်းတင်း ဆွဲခေါ်လာလိုက်သည်။ ဝတ်ဆံတို့ရောက်လာကြကတည်းက ရှဲခနဲ လမ်းဖယ်ပေးလိုက်

သလို ဖြစ်သွားပြီး လူရှင်းသွားတဲ့ ရုပ်ကလာပ်ဘေး၊ ပရိသတ်တွေရဲ့မျက်ဝန်းပေါင်းစုံရှေ့မှာ ဒီနှစ်ယောက်သားကြီးကို အကြာကြီးရှိမနေစေချင်တာ မဟုတ်လား။ ဝတ်ဆံတို့က လူကြီးတစ်ယောက်ရဲ့ဆန္ဒနဲ့ အစီအစဉ်ကို လေးစားရပါမည်။

ကောင်မလေးပြပေးတဲ့ နေရာဟာ ရှေ့ဆုံးတန်းက ကုလားထိုင်များမှာ။ တိုက်တိုင်းထိုင်နေတဲ့ ထိုင်ခုံတစ်ခုရဲ့ဘေးက လွတ်နေတဲ့ ထိုင်ခုံနေရာများဆီမှာပါ။ ဝတ်ဆံက ဝေဠုကို တိုက်တိုင်းရဲ့နံဘေးတွေကနေ လွတ်အောင် ဟိုးဘက်အထိတွန်းလိုက်ပြီးမှ ကိုယ်တိုင်က ဝေဠုဘေးမှာ ပါဝင်ထိုင်လိုက်ရတော့ ဝတ်ဆံနဲ့တိုက်တိုင်းတို့ကြားမှာ ခုံလွတ်နှစ်ခုပဲခြားတော့သည်။ တိုက်တိုင်းက ဝတ်ဆံတို့ ဝင်ထိုင်လိုက်ပြီးချိန်မှာပဲ သူ့ခုံကနေ ထရပ်ကာ သူ့ညီမရဲ့ရုပ်ကလပ်ရှိရာဆီ လျှောက်သွားပါတော့သည်။

ဝတ်ဆံမှာ ဝေဠုရဲ့လက်ဖျားလေးတစ်ဖက်ကို ဆုပ်ကာ ညှစ်ကာနှင့်ပင် ကိုယ့်ကိုယ်ကိုယ်လည်း ဆောက်တည်ရာရအောင် မနည်းစိတ်ထိန်းနေရပါသည်။ "ပရိသတ်အမြင်ကောင်းအောင် ဟန်ဆောင်နေစရာ မလိုပါဘူး"ဆိုတဲ့ ဒေါ်ဒေစီ့စကားက မှန်လိုက်တာ။ ဝတ်ဆံတို့ဟာ အတင်းကြီး ဟန်လာဆောင်နေရတာမျိုးပဲ မဟုတ်လား။ ပင်ပန်းဆင်းရဲလိုက်တာ။ လူမြင်ကောင်းအောင်၊ လူကြားကောင်းအောင်၊ လူပီသတယ် ထင်ရအောင်ပေါ့နော်။ သူ ပြောသလိုတော့ တစ်ခုခုကို ဆက်မျှော်ကိုးနေချင်သေးဘာမျိုး မဟုတ်တော့ပါဘူး။





တိုက်တိုင်းက မီးမီးရှိနေရာဆီအထိ လျှောက်သွားပြီး မီးမီးကို ခပ်တင်းတင်းကလေး ပွေ့ဖိုက်ကာ ငြိမ်နေပါသည်။ သူ့သမီးလေးတွေလို စိတ်ရောကိုယ်ပါ ပြုစုစောင့်ရှောက်ခဲ့ရတဲ့ ညီမလေး။ သူများတကာ အုပ်ထိန်းသူတွေထက်တောင် ပိုတာဝန်ယူ သည်းခံနားလည်ပေးခဲ့ရတဲ့ ညီမလေး။ ဒီလိုညီမတစ်ယောက်အတွက် သူ ဘယ်လိုများ ခံစားနေရမှာပါလဲ။

မနိုင်းကောင်း နှိုင်းကောင်းပေမယ့် သေဆုံးသွားခဲ့ရသူဟာ ဝေဠုပဲ ဖြစ်နေရင် ကိုယ့်ခံစားရချက်က ဘယ်လိုဖြစ်နေမလဲ ဆိုတာမျိုးကိုတော့ ဝတ်ဆံက တွေးနေမိပါသေးသည်။ ကိုယ်သာဆိုရင်တော့ ပိုက်ပိုက်ကို သတ်ပစ်ချင်စိတ်တွေ ရှိကောင်းရှိနေနိုင်ပေမယ့် ပိုက်ပိုက်ရဲ့အစ်ကိုအပေါ်မှာတော့ အပြစ်တွေဖို့တင်ကာ စက်ဆုပ်နေနိုင်ပါ့မလား။

ဆေးရုံမှာတုန်းကတော့ "ဝတ်ဆံ"၊ "ကျွန်တော်"ဆိုတဲ့ အပြောအဆိုလေးတွေဟာ ရက်ပေါင်းများစွာ စိမ်းပြတ်နေခဲ့လူတွေနဲ့မတူ။ လိုက်လျောနွေးထွေးမှုတွေ ရှိနေခဲ့သား။ ခုဟာကတော့ သူက ညီမကို ဆုံးရှုံးလိုက်ရပြီလေ။ ဝတ်ဆံတို့မှာတော့ ဥမကွဲသိုက်မပျက် မောင်နှမနှစ်ယောက် ဆက်ရှိနေနိုင်သေးပေမယ့် သူ့ဘဝမှာကကျတော့ ကိုင်းချိုးခံလိုက်ရသလို၊ ဖုံထုတ်ခံလိုက်ရသလို။ သူ့ညီမတစ်ယောက်က သူ့ဘဝထဲကနေ အပြီးပျောက်ကွယ် ဆုံးရှုံးသွားခဲ့ပြီ။

နောက်ဆုံး ရုပ်အလောင်းကို ခေါင်းသွင်းပြီးချိန်၊ မီးသဂြိုဟ်စက်ထဲ ထည့်ကြဖို့ သယ်သွားရချိန်မှာတော့ ခါးဖက်ပြီး လိုက်ထိန်းနေတဲ့ကြားက ဖောနဲ့အတင်းတိုးဝေ့ စိတ်စောနေတဲ့ ဝေဠုနဲ့ဝတ်ဆံတို့ လက်တွဲပြုတ်ပြီး လူစုကွဲသွားပါသည်။ ဝတ်ဆံမှာ ဝေဠုကို လက်လှမ်းမီဖို့ အတင်းကြိုး လိုက်နေပေမယ့် မမီမကမ်းဖြစ်နေဆဲ ကိုယ့်ရဲ့လက်တစ်ဖက်ကို နောက်ကနေပဲ ဆောင့်ဆွဲခံလိုက်ရကာ ...

"ဟင် ... ဒေါ်လေး"

"နင်က ငါ့ကို ဒေါ်လေးလို့ ခေါ်စရာမလိုဘူး၊ လာခဲ့စမ်းနင်"

ဒေါ်ဒေစီဟာ ဝတ်ဆံကို အတင်းဆောင့်ဆောင့်ဆွဲပြီး ခေါ်သွားလိုက်တာ၊ မီးသဂြိုဟ်စက်အခန်းနဲ့ အဝေးကြီးဝေးပြီး ဟိုးအပြင်ဘက် ကားတွေရပ်ထားကြတဲ့ နေရာဆီတွေထိရောက်သွားပါသည်။ သူက လူကြီး၊ ကိုယ်က လူငယ်မို့အတင်းပြန်ရုန်းမပစ်ချင်တာနဲ့ပင် ဝတ်ဆံမှာ သူ ဆွဲခေါ်သွားရာသို့ ပါရတော့ကာ သူ့လက်ခုပ်ထဲကရေသဖွယ်။

"ဒေါ်ဒေစီ ... ပိုက်ပိုက်ကို စက်ထဲထည့်ရတော့မှာ၊ ရှင်က ဒီဘက် ဘာလို့ထွက်လာရတာလဲ"

"အပိုတွေ ပြောမနေနဲ့၊ ငါတို့လည်း အထဲထိ လိုက်ဝင်သွားလို့မှ မရတာ၊ မလိုဘူး"

"နောက်ဆုံးအနေနဲ့ ကြည့်လိုက်ဖို့ ..."





"သူ့အတွက် တာဝန်ကျေဖို့က နင့်ကို အပြတ်ပြောနိုင်ဖို့ပဲ။ နင့်ကို ငါ အစောကြီးကတည်းက နင်နဲ့ တိုက်တိုင်းနဲ့လုံးဝ မရစေရဘူးလို့ ငါပြောထားပြီးသား။ ခုဆို ပိုဆိုးတယ်။ ပိုက်ပိုက် မရှိတော့တာ နင့်အတွက် အင်မတန် ဝမ်းသာချင်စရာကောင်းတဲ့ အခွင့်ကောင်းကြီးပဲလို့ မှတ်မနေနဲ့။ တိုက်တိုင်းကလည်း နင်တို့မောင်နှမနှစ်ယောက်ကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး။ ငါတို့ တစ်ဆွေလုံးတစ်မျိုးလုံးကလည်း ခွင့်မလွှတ်ဘူး ...

ထပ်ပြောလိုက်မယ်၊ နင့်ရဲ့အရှက်မရှိတဲ့ အိပ်မက်တွေကို ရုပ်သိမ်းလိုက်ပေတော့။ ကိုယ့်မိန်းမတစ်ယောက်ရဲ့ အသုဘရယ်လို့ တစ်စက်မှ လာချင်စိတ်မရှိတဲ့ နင့်မောင်ကို ကြိုးနဲ့တုပ်ပြီး ဆွဲခေါ်လာခဲ့ပေမယ့်လည်း နင့်ရဲ့ရည်ရွယ်ချက်က မအောင်မြင်ဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ နာကြည်းမှုကို အဲဒီလောက်ကလေးနဲ့ ပြန်သွေးဆောင်ဖြားယောင်းချင်လို့ ဘယ်လိုမှ မရနိုင်ဘူးလို့ မှတ်ထားပါ"

"ကိုယ့်မိန်းမတစ်ယောက်ရဲ့အသုဘကို တစ်စက်မှ လာချင်စိတ်မရှိဘူး"ဆိုမှပင် ဝေဠုဟာ ဘယ်ရောက်သွားပါလိမ့်။ ဒီကို ရောက်လာကြဖို့ လုပ်တုန်းကတော့ တကယ့်ကို တွန့်ဆုတ်ဆုတ်ပါ။ ဒါပေမဲ့ ပိုက်ပိုက်ရဲ့ရုပ်ကလပ်ဘေးမှာရပ်ပြီး လက်များလေး သွားဆုပ်ကိုင်လိုက်ချိန်ကစလို့ ကုလားထိုင်မှာ ပြန်ဝင်ထိုင်ဖို့တောင် မနည်းဆွဲခေါ်ရတဲ့ မောင်လေး။ တရားနာပြီး ရောက်ချ

ကြတော့ မျက်ရည်ပေါက်ပေါက်ကျနေကာ (ကြီးတော်ကြီး စီစဉ်ပေးလိုက်ဟန်ပဲတူတဲ့) ရေစက်ခွက်ကိုတောင် ဖြောင့်အောင်ဆက်ကိုင်မထားနိုင်တော့တဲ့ မောင်လေး။ ခုလည်း ဓားတစ်ခုနဲ့အတင်းတိုးဝှေ့ပြီး အစ်မနဲ့တောင် လူကွဲသွားတဲ့ မောင်လေး။

ဝေဠု ဘယ်များရောက်သွားပါလိမ့်။ "ကျွန်တော်သူ့ကိုမချစ်ဘူး"လို့ ငိုကြီးချက်မကြီးပင် ပြောခဲ့တဲ့ မောင်ငယ်ဟာ ခုလည်း ငိုကြီးချက်မကြီးနဲ့ပင် ဘယ်များရောက်သွားပါပြီလဲ။

"ဟဲ့ … နင့်ကို ငါပြောနေတာ၊ ပြောနေတဲ့သူက ဒီမှာ။ ဘာဟိုလိုက်မျှော် ဒီလိုက်မျှော် လုပ်နေတာလဲ။ ဒီလောက်ပြောနေတာတောင် နင် သဘောမပေါက်သေးဘူးလား။ အရှက်မရှိနိုင်လိုက်တာများဟယ်"

"ဒေါ်လေး"

ဝတ်ဆံနှင့် ဒေါ်ဒေစီတို့နားမှာ "ဘွား"ခနဲ အသံတစ်ခု ထွက်ပေါ်လာပါသည်။

"ကိုယ့်တူမလေးတစ်ယောက်ဟာ ယောကျ်ားလုပ်သူရဲ့စွန့်ပစ်မှုကို ခံလိုက်ရလို့ ကိုယ်ဝန်ဖျက်ချရင်း သေသွားရတယ်ဆိုတာနဲ့၊ ယောကျ်ားလုပ်သူက ဝေးတစ်မြေမှာ အလုပ်သွားလုပ်နေတုန်း မတော်တဆ ကိုယ်ဝန်ပျက်ကျပြီး အသက်ပါဆုံးရှုံးသွားရတယ် ဆိုတာနဲ့၊ သွားလေသူတစ်ယောက်အတွက် ဘယ်ဇာတ်လမ်းက ပိုပြီးသာယာနာပျော်၊ လူကြားကောင်းစေမလဲဟင်။ ဘာဖြစ်လို့ အော်ကြီးဟစ်ကျယ်





ပေါက်ပေါက်ကွဲကွဲတွေနဲ့ လူသိအောင်လုပ်ပြီး နာမည်လိုက်ဖျက်ချင်နေရတာလဲ"

"ဟင် … နင် … နင် … နင်က ဘာသဘောလဲ။ နင်အခုပြောနေရမှာက ငါ့ကိုလား၊ သူ့ကိုလား၊ ငမွှားကောင်ရဲ့"

"လူတိုင်းမှာ အပြစ်တွေကိုယ်စီချည်းပဲ။ သူ့ကိုအပြစ်ဖို့ချင်ရင် ကိုယ့်မှာလည်း အပြစ်မကင်းနိုင်ဘူးဆိုတာ ပြန်တွေးကြည့်ဖို့ကောင်းပါတယ်။ ပိုက်ပိုက်ဟာ နဂိုတည်းက လူတွေနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ မလွယ်ဘူး၊ ဆိုးတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ခုလောက်ထိ ဆက်တိုက် ဆက်တိုက် ပိုပိုဆိုးပြီး ခုလိုကြီး ကျော်မကောင်း ကြားမကောင်းနဲ့ အဆုံးသတ်ရတာကတော့ ဒေါ်လေးကြောင့်"

"ဘာ … ! ဘာပြောတယ်"

"ဟုတ်တယ်၊ ကျွန်တော် အဲဒီလိုပဲ ပြောတယ်။ အဲဒါ ဒေါ်လေးကြောင့်ပဲ၊ အကျင့်ဆိုးတဲ့ ကလေးကို ဆုံးမဖို့ထက် မြှောက်ပေးဖို့ပဲ သိခဲ့တာ။ ကျွန်တော့်ညီမလေး အရမ်းကံဆိုးတာပဲ"

ဒေါ်ဒေစီရော ဝတ်ဆံပါ တိုက်တိုင်းကို အံ့ဩသလို ကြီးတွေ ပါးစပ်အဟောင်းသားကိုယ်စီနှင့် ကြည့်နေမိကြပါသည်။ ဝတ်ဆံ အံ့ဩရတာကတော့ "မင်းမှာ လှပတဲ့နှလုံးသားမရှိတော့ဘူး"လို့ ပြောခဲ့သူ၊ "ကိုယ်ချင်းစာစိတ် မရှိဘူးလား"လို့ ဆိုခဲ့သူ

တစ်ယောက်ဆီက "သူ့ကို အပြစ်ဖို့ချင်ရင် ကိုယ့်မှာလည်း အပြစ် မကင်းနိုင်ဘူးဆိုတာ ပြန်တွေးကြည့်ဖို့ကောင်းတယ်" ဆိုတဲ့စကား မျိုးကို ကြားလိုက်ရျပင်။

ဒီညီမတစ်ယောက်အတွက် နာကျင်လုံးတွေဆို့ကာ နာကြည်းမှုတွေကိုချည်း ရှေ့တန်းတင်နေခဲ့သူဆီက ဒီလိုမျိုး နားလည်မှုရှိတဲ့ စကားမျိုးတွေကိုပါ ကြားလာရဦးမယ်လို့ ဝတ်ဆံက ဘယ်ထင်ဝံ့ခဲ့ပါ့မလဲ။ သူ့ကို ခုလိုအမြင်ပြောင်းလာနိုင်အောင် ဒီညီမကပဲ အသက်ပေးပြီး လမ်းပြသွားခဲ့တာများလား။

သူ့အခေါ်ကိုချည်း ဖိပြောနေပြီး ဝတ်ဆံကိုကျတော့ တစ်စက်မှတောင် လှည့်လို့မကြည့်၊ ရှိတယ်တောင် မှတ်ပုံမရတဲ့ တိုက်တိုင်းက သူ့စကားဆုံးလျှင်တော့ ဖျတ်ခနဲ ကြည့်ပဲကြည့်လိုက် သလိုလို၊ ခေါင်းပဲ ချီးလိုက်သလိုလိုပုံစံနဲ့ ...

"ရက်လည်ကျရင်လည်း ကြွခဲ့ပေးကြပါဦး"

ဝတ်ဆံက ခေါင်းမြန်မြန်ပဲ ညိတ်ပြလိုက်မိသည် ထင်သည်။ သူတို့တူဝရီးနားကနေ ခပ်သုတ်သုတ်ပဲ ပြန်လစ်ထွက် ပြေးဖို့ကြံလိုက်တော့ နောက်ထပ်တစ်ကြိမ် ကြည့်သလိုလို မကြည့် သလိုလိုနဲ့လူက ...

"ဝေဠုကို ရှာနေတာဆိုရင်တော့ အထဲမှာ။ စက်ခန်းထဲ အထိ သူဝင်လိုက်ချင်တယ်ဆိုလို့ ကြီးတော်ရဲ့သား၊ ကျွန် တော်တို့အစ်ကိုတစ်ယောက်နဲ့အတူ လိုက်ဝင်ခွင့်ပေးလိုက် တယ်"





သူ့မျက်နှာကို တစ်ချက်လောက်တော့ ထပ်မော့ ကြည့်လိုက်ချင်သေးပေမယ့် ဝတ်ဆံက တမင့်ကို မကြည့်ခဲ့တော့ ဘာပါ။ ရည်ရွယ်ချက်တစ်ခုနဲ့ ငး ဘင်ဖြားယောင်းလိုသူလည်း ဖြစ်ချင်ပါ။

နားလည်မှုပဲ ရှိလာသယောင်ယောင်၊ စကားတွေ ကိုလည်း ထပ်ပြီးမမျှော်လင့်ချင်ပါ။ တမင်ကြီး ခေါင်းစောင်း မျက်နှာလွှဲ လျစ်လျူရှုထားတဲ့ (အခမ်းအနားအစလောက်တုန်းက) ပ်မျိုးတွေနဲ့လည်း မကြုံချင်တော့ပါ။

ဝေဠုကို အမြန်သွားရှာ၊ ဆွဲခေါ်ပြီးပဲ ထွက်ပြေးချင် ။ ပင်ပန်းလှပါပြီ။

♥ ✉ ♥

ဝတ်ဆံက အလုပ်ကနေပါ ထွက်သွားခဲ့သည်ဆိုတာ ဒီ ခုမှပင် သိရတော့သည်။ ဝေဠုနဲ့အတူ ပါသွားတာတဲ့။ ဝေဠု တော့ စင်ကာပူကိုမပြန်ခင် တစ်ရက်မှာ တိုက်တိုင်းကို လာ နှုတ်ဆက်ရင်း၊ ကန်တော့ရင်း၊ ကတိစကားတွေပါ ပေးသွားခဲ့သား။ သူ့အစ်မပါ သူ့နောက်လိုက်မယ် ဆိုတာကိုတော့ တစ်လုံးမှကို ည့်ပြောမသွားခဲ့ပေ။

"ကျွန်တော် အဖိုးတန်ပြီး လူပီသတဲ့သူတစ်ယောက် ဖြစ်ဖြစ်အောင် ကြိုးစားပြီး နေသွားတော့မှာပါ" တဲ့။ တိုက်တိုင်း

မှာတော့ အစ်ကိုကြီး အဖအရာပီပီ အဲဒီသတ္တဝါကလေးကိုလည်း ကြည့်ကျက်နားလည် ခွင့်လွှတ်ပေးလိုက်နိုင်ပြီပဲဖြစ်ရာ သူ့ရဲ့ကတိစကားအတွက် ဝမ်းသာစကားတောင် အကြိမ်ကြိမ် အထပ်ထပ် ဆိုလိုက်ရပါသေး။

ခုကျတော့ ဝမ်းမသာနိုင်ပြီ။

ပထမပိုင်းရက်တွေကတော့ ကိုယ်တောင် ကိစ္စဝိစ္စတွေပြီးလို့ ရုံးပြန်တက်ပြီ ဖြစ်ပါရက် သူက ရုံးရောက်မလာတော့ နေမျှားမကောင်းတာလား။ ရှောင်နေချင်သေးတာလားလို့ပါ။ ခုကျတော့ အလုပ်ကနေပါ ထွက်သွားတာတဲ့။ နိုင်ငံရပ်ခြားအထိပါ ထွက်သွားခဲ့ပြီဆိုတော့ ပြီးပြီပေါ့၊ အပြီးပေါ့။ "ဇာတ်သိမ်း" ဆိုတဲ့ စာတန်းပါ အပြီးထိုးလိုက်တဲ့ သဘောပေါ့။

"မစိုးက ကျွန်တော့်တောင် ဘာမှ ကြိုအသိမပေးဘူးနော်"

"ဟယ် ... အပြစ်ဖြစ်ရပြန်ပြီ၊ ရှင် သိတယ် ထင်လို့ပါ တိုက်တိုင်းရယ်၊ ဒီလူနဲ့ ဒီလူတွေဆိုတော့ ကျွန်မပြောမှပဲ သိရမှာလားလို့ပါ"

"မစိုးပြောမှပဲ သိရမှာပေါ့။ ကျွန်တော်တို့က ဒီလူနဲ့ဒီလူတွေ မဟုတ်ကြတော့တာပဲ ကြာနေပြီဥစ္စာ။ ခင်ဗျားကြီး မပြောရင် ဘယ်သူက ကျွန်တော့်ကို ဒီသတင်းတွေ လာပြောမှာလဲ။ သူကိုယ်တိုင် လာပြောမယ်လို့များ ခင်ဗျားကြီးက ထင်နေသေးတာလား"





"အဲဒီလိုတော့လည်း မဟုတ်ဘူးလေ။ ဒါပေမဲ့ အခြေအနေတွေကလည်း ဘယ်လိုတွေရှိမလဲ မသိဘူးလေ။ ရင်ထဲရှင်းမှ ရှင်းသေးရဲ့လား ဆိုတာမျိုးကလည်း ရှိသေးတာကိုး။ ခုလိုအချိန်မျိုးအတောအတွင်းကြီးထဲမှာ တမင်ကြီးတော့လည်း ဘယ်လာပြောနေတော့မလဲ"

"သူက ရင်ထဲမရှင်းသေးဘူးပေါ့ ဟုတ်လား။ အဲဒါကြောင့် မျက်နှာချင်းတောင် မဆိုင်နိုင်တော့လို့ ဒီလောက်နိုင်မာ အခြေကျနေတဲ့ အလုပ်ကတောင် ထွက်ပစ်ပြီး ဘုရင့်နောင် ဖောင်ဖျက် နိုင်ငံခြားအထိပါ ပြောင်းပြေးတာပေါ့ ... ဟုတ်လား"

"သူက ရင်ထဲ ဘာလို့မရှင်းသေးမှာလဲ။ မရှင်းသေးတာက ရှင်လေ တိုက်တိုင်းရဲ့"

"ဘယ်သူပြောလဲ"

"သူ ပြောတာပဲ။ ရှင်က ညီမတစ်ယောက်လုံး ဆုံးရှုံးထားရတော့ ..."

"အဲဒါက သပ်သပ်လေ၊ ဒါပေမဲ့ အကျိုးနဲ့အကြောင်းနဲ့ ဆက်စပ်နားလည်မပေးနိုင်ရအောင် အထိတော့ ကျွန်တော်က တစ်ယူသန်သမားကြီး မဟုတ်ပါဘူး။ အစောပိုင်းက စိတ်ထွေထွေနဲ့ အမြင်မရှင်းမိတာ မှန်တယ်။ ဝန်ခံတယ်။ ဒါပေမဲ့ ကာယကံရှင်ဖြစ်တဲ့ ကောင်လေးကိုတောင် အသုဘချတဲ့နေ့က သူခံစားနေရတာတွေကို မြင်ပြီးကတည်းက

ကြည့်ကျက်ခွင့်လွှတ်ပေးလိုက်နိုင်ပြီပဲ။ ဘာမှမဆိုင်တဲ့ အစ်မကိုကျမှ ဆက်ပြီး ရင်ထဲမရှင်း ဖြစ်နေဦးမယ်လို့၊ အဓိပ္ပာယ်ရှိရဲ့လားဗျာ ...

သူက တွေ့လိုက်တိုင်း အမြဲမျက်နှာကြီးလွှဲပြီး တင်းထားတတ်လို့ မခေါ်ရဲ မပြောရဲ ဖြစ်နေတာတောင် ဘယ်လောက်ကြာပြီလဲ။ သူ့မျက်နှာရိပ်ပဲ ကြည့်နေရတာပါဗျာ၊ သူကတော့ ရင်ထဲရှင်းတယ်ဆိုရင် ဘာလို့အလုပ်ကပါ ထွက်ပစ်သလဲ ... ကဲ"

"အလုပ်ထွက်တာက ရှင့်ကြောင့်မှ မဟုတ်တာ။ ဘော့စ်ကြောင့်ပါ တိုက်တိုင်းရဲ့။ ရှင်က ဒီအတောအတွင်း ရှင့်ကိစ္စနဲ့ရှင်မို့ မသိတာ။ ဘော့စ်က မရဘူး။ တကယ့်ကို အသည်းအသန်ကြီး မရမကကြီးတွေ လာဖြစ်နေလို့ သူလည်း စိတ်ညစ်လာတာနဲ့ ..."

"ဟာ ... ဘော့စ်က ဘာသဘောလဲ"

"အောင်မယ်လေး ... ခုကျမှ ဘော့စ်က ဘာသဘောလဲ ဘာညာ ရှုးရှားနဲ့။ ယောကျ်ားပဲ ကိုယ်လိုလားတဲ့မိန်းကလေးတစ်ယောက်ကို မရမချင်း အသည်းအသန် မရမက ဖြစ်နေတာ ဘာဆန်းလဲ။ ဘာအပြစ်ရှိသလဲ။ သူ့မှာကြိုးစားခွင့် ရှိတာပဲ။ ခုလို ဘယ်လိုမှ လက်မခံနိုင်ဘူးဆိုတာကို ပြတဲ့အနေနဲ့ အလုပ်ထွက်ပစ်လိုက်တာတောင် မမှုဘဲ နောက်ကလိုက်ကြိုးစားနေဦးမယ်ဆိုလည်း ရတာပဲ"





"နိုင်ငံခြားအထိပါ လိုက်ပြီးကြိုးစားမယ် ...! ဟား ! "

"ကြိုးစားရင်လည်း ကြိုးစားမှာပေါ့ သူ့သဘောပဲဟာ။ ဒါပေမဲ့ လိုက်စရာလည်း မလိုပါဘူး။ ဝတ်ဆံက သူ့မောင်ကို ကျောင်းအပ်ပေးဖို့တို့ နေထိုင်ဖို့တို့ အတည်တကျ စိတ်ချရပြီးရင် ပြန်လာမှာပဲဟာ။ ခုဟာက ဝေျကို အလုပ်သွားလုပ်တာထက် ကျောင်းပြန်တက်မလို့ဆိုတော့ သူက သေချာလေး စိတ်ချရအောင် စိတ်တိုင်းကျမကျ လိုက်ကြည့်ပေးတဲ့ သဘောပဲဟာ"

"ဟာ ... ! ပြန်လာမှာလား၊ ခုနကတော့ အပြီးပဲသွားသလိုလိုနဲ့"

"တစ်ခါမှ မပြောမိပါလား။ ကျွန်မ ရှင့်ကိုခင်လွန်းလို့ သတိပေးမှာနော် တိုက်တိုင်း။ ရှင်ကလေ တလွဲတွေလည်း အဓိပ္ပာယ်ကောက်တတ်တယ်။ အထင်တွေလွဲပြီးတော့လည်း တစ်ယောက်တည်း ကိုယ့်အထင်တွေကိုပဲ ကိုယ်အမှန်တွေလို့ ယူဆနေတတ်တယ်။ လက်နှေးပြီး အ,လိုက်တာကလည်း လွန်လို့။ ပြီးကျရင်တော့ ရှင့်ရဲ့အဲဒီအကျင့်ဆိုးတွေကိုကျတော့ ရှင်မသိဘဲနဲ့ သူများအပြစ်လို့ချည်းပဲလည်း ထင်နေတတ်သေးတယ်"

"ဘာမှမကောင်းပါလား၊ တော်တော်ဆိုးပါလား"

"ဟုတ်တယ်။ ဝတ်ဆံကကျတော့ အဲဒီ ရှင့်ရဲ့မကောင်းတဲ့ အကျင့်မျိုးတွေမှာ အကုန်ပြောင်းပြန်။ အဖိုးတန်လေး။ သိရဲ့လား ... မှတ်ထားလိုက်"

"အဲဒီလို အဖိုးတန်မိန်းမမျိုးနဲ့မှ ကျွန်တော့်ကို ဘာဖြစ်လို့ လွဲစေချင်ရတာလဲ မသိဘူး။ ဒါ ကျွန်တော် တကယ်ခံစားရလို့ ပြောတာပါ။ လောကကြီးက မတရားဘူး"

"လုပ်ပြန်ပြီ။ လောကကြီးက ရှင်တို့ကို လွဲစေချင်တယ်လို့ ဘယ်သူကပြောလဲ။ လွဲချင်းလွဲ ရှင့်အဒေါ်ဆိုတဲ့ တစ်ယောက်ကသာ တအားလွဲစေချင်နေတာ။ သူက လောကကြီးလား။ ရှင်. အဲဒီလို ဆက်ဒူနေဦးမယ် ဆိုရင်တော့ ဝတ်ဆံက ရှင့်အဒေါ်စကားကို ရှင်က နားထောင်ပြီး လိုက်နာနေတယ်လို့ကို ထင်တော့မှာ"

"ကျွန်တော့်ဒေါ်လေး စကားပြောလွန်ထားတာတွေ ကျွန်တော် သိပါတယ်။ အဲဒီအတွက် သူက ကျွန်တော့်ကိုအမြင်မကြည်လင်နိုင်တာမျိုး မရှိဘူးပေါ့နော်"

"ရှင့်ဒေါ်လေးက ရှင်မို့လို့လား တိုက်တိုင်းရယ်။ သူ့ကို ပြောဆိုထားတာက ရှင်မှမဟုတ်တာ၊ သူ့မှာ လူတစ်ယောက်ချင်း ခွဲခြားမြင်နိုင်တဲ့ အသိဉာဏ်ရှိပါတယ်လို့ ကျွန်မပြောပြီးပြီပဲ"

"ဟာ ... ဒါဆို သူ ပြန်လာပြီ ဆိုတာနဲ့ ကျွန်တော့်ကို အသိပေးပါဗျာ ... မစိုး ... နော်။ လုပ်ပါဗျာ၊ အားကိုးပါတယ်"

"မပေးနိုင်ပါဘူးနော်၊ အဲဒီလောက်မှ အစွမ်းအစမရှိရင် ခံလိုက်ပေါ့ရှင့်"





"ဒါဆိုလည်း ခပ်တည်တည်ကြီးနဲ့ မျက်နှာလွှဲနေတတ်တဲ့ မိန်းမတစ်ယောက်ဆီ ပြန်ဝင်သွားနိုင်တဲ့ နည်းလေးကိုတော့ မှုပါဗျာ။ အဲဒါလေးလောက်တော့ ကျွန်တော့်ဘက်က တစ်ချက်လောက် ကူစမ်းပါ"

"အမယ်လေးတော် ... သူ့မောင်လက်ချက်နဲ့ ရှင်တို့အိမ်မှာ သောင်တင်ကျန်နေတဲ့ သူ့ကားကြီး တစ်စင်းလုံး ရှင်က ဘယ်နားသွားထားထားမယ် စိတ်ကူးလို့လဲ။ အပျောက်ကြံတော့မလို့လား ဆရာကြီးရဲ့"

"ဟာဗျာ ... ကိစ္စဝိစ္စတွေလည်းပြီးရော သူ့ကိုလည်း တစ်ခါတည်း ပြန်မတွေ့ရတော့ဘူးဆိုတော့ အပျောက်ကြံဖို့နေနေ၊ အခက်တွေ့နေတာပါဗျ။ ဝေဠု အိမ်လာပြီးနှုတ်ဆက်တဲ့နေ့တုန်းကလည်း ပိုက်ပိုက်ကို သတိရပြီး စိတ်မကောင်း ဖြစ်နေရတာနဲ့ပဲ ပြောမယ်ကြံထားတဲ့ အဲဒီကိစ္စကို တကယ်မေ့သွားတာပါ။ တမင်အမေ့ခံထားတာ မဟုတ်ပါဘူး"

"မဟုတ်ရင် သွားပြန်ပို့ပေါ့၊ ကားနဲ့ပါ တစ်ခါတည်း မောင်းဝင်သွားရတော့ သူ့အိမ်သူ့ရာ ပရဝုဏ်ထဲ တိုက်ရိုက်ရောက်ကရော"

တိုက်တိုင်းမှာ နှုတ်ခမ်းတစ်လန် ပန်းတစ်လန်နဲ့ မျက်စောင်းတွေပါ အကြိမ်ကြိမ်ပစ်လွှတ်နေသော မစိုးကိုကြည့်

ကာ "တဟင်းဟင်း"ပဲ ရယ်နေမိပါသည်။ အဲဒီလို အရှင်အကြည် စိတ်အခံလေးနဲ့ တစိမ့်စိမ့်ရယ်မိတာမျိုး မရယ်ရတာပင် ကြာလှပြီ။ ထိခိုက်ဝမ်းနည်းရတာတွေ၊ နာကျင်ပင်ပန်းရတာတွေ၊ ခံစားရင် မောရတာတွေနဲ့ချည်း တောက်လျှောက် ရင်ဆိုင်နေခဲ့ရတာ ဘယ် လောက်ကြာပြီလဲ။

ခုလိုဆိုတော့လည်း လောကကြီးမှာ တိုက်တိုင်း အတွက် မျက်နှာသာတွေ ရှိနေခဲ့သေးတာပဲကိုး။

ဒီတစ်ခါပါနဲ့ဆိုရင် သူ ဝတ်ဆံဆီက အဖြေတောင်း တာသည် သုံးကြိမ်မြောက်။ ပထမတစ်ကြိမ်က နာရီဝက်ခြားလိုက် မိဖူး၍ ဖြေခွင့်မရလိုက်။ ဒုတိယတစ်ကြိမ်ကကျတော့ အကြောင်း ကြောင်းကိုငုံပြီး "လက်သင့်မခံနိုင်ပါဘူး"လို့ ရင်နာနာနဲ့ ဇွတ်မိုတ် ငြင်းခဲ့ရတာပင်။ ခုတစ်ကြိမ်ကကျတော့ နာရီဝက်ခြားခွင့်လည်း သူက မပေးတော့။ ရင်နာစွာ ငြင်းပယ်စရာလည်း မလိုတော့ပေ။

အဲဒါကိုပဲ ဝတ်ဆံမှာ ပြောမထွက်၊ လည်ချောင်းဝ နားတင် တစ်နေသည်။ "မပိုက်သာ မရှိတော့ရင်တော့ အစ်မက ကိုကိုကြီးကို ပြန်လက်ခံမှာပေါ့နော်"ဆိုတဲ့ စိတ်ထားလေး ကောင်း ပေမယ့် အပြောအဆို မတတ်တဲ့ ကလေးမလေးရဲ့စကားသံတွေ။





"ပိုက်ပိုက် မရှိတော့တာနဲ့ နင့်အတွက် အင်မတန်ဝမ်းသာချင် စရာကောင်းတဲ့ အခွင့်ကောင်းကြီးတော့ ရပြီလို့ မှတ်မနေနဲ့"ဆို တဲ့ စိတ်မာတ်ရော၊ အပြောပါဆိုးကဲ့ သူ့အဒေါ်ရဲ့ စကားကြီး တွေ။

အဲဒါတွေက ခေါင်းထဲ ရင်ထဲမှာ တဝဲလည်လည်နဲ့ ဝတ်ဆံကို နှုတ်ဆွံ့နေစေခဲ့တာ။ ကိုယ်ကိုယ်တိုင်ကလည်း သူ့ကို ငြင်းပယ်ခဲ့တဲ့ ဒုတိယအကြိမ်တုန်းက "ပိုက်ပိုက်ကို ယောက်မ ထပ်မတော်နိုင်တော့လို့ပါ"ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းခဲ့မိတာ မို့ "ခု ပိုက်ပိုက်မှ မရှိတော့ဘဲ ကျွန်မ လက်ခံပါတယ်ရှင်"ဆိုတဲ့ အဖြစ်မျိုးကြီး ရောက်သွားမှာ တအားမျက်နှာပူ အနေရအထိုင်ရ ခက်နေမိတာ။

"ဖြေခွင့်"ရှိလာပြီ ဆိုပြန်တော့လည်း မဖြေရဲတော့ ပြန်တာဟာ ဝင့်ကြွေးတစ်မျိုးပဲနော်။ "ဝမ်းသာအားရကြီး"ဆိုတဲ့ ပုံ ပေါက်သွားမှာ အရမ်းစိုးတာပဲ။ တကယ်တော့ ပိုက်ပိုက်မရှိ တော့ခြင်းနဲ့ ဘာမှမဆိုင်။ သူ့ကို"ဖြေခွင့်"ရှိလာခြင်း၊ သူက အနုးအညွတ်တလေးတစား ထပ်တောင်းခံလာခြင်းတွေဟာ ဝတ်ဆံ အတွက် တကယ့်ကို "ဝမ်းသာစရာကြီး"ပါ။ ဖုံးကွယ်နေဖို့မှမလို တာ။ လုံးဝ ဝမ်းသာစရာကြီး။

သူကသာ အထင်လွဲလိုက်၊ စိတ်ကောက်လိုက်၊ ရှောင်ဖယ်လိုက်။ တစ်ချိန်လုံး သူ့ဘက်ကချည်း တစ် က်သတ်

စိတ်ပြောင်းနေခဲ့တာ၊ ဝတ်ဆံကဖြင့် တစ်သမတ်တည်း မပြောင်းမလဲတဲ့ သဘောထားတစ်ခုနဲ့ စွဲမြဲခိုင်မာတဲ့ သံယောဇဉ်ချစ်ခြင်းတရားဟာ "နှစ်ရှင့်"လို့ပဲနေပြီ။

ဖြေလိုက်ချင်ပါတယ် နှုတ်ဆွံ့နေတာပါ။

"ဟိုတစ်ခါ ဝတ်ဆံ လျှောက်ပြောထားတာတွေကို ကျွန်တော် အတည်မယူဘူး၊ မကြားဘူးလို့ပဲ သဘောထား,ထားတယ်လို့ ပြောပြီးပြီ။ အဲဒါကြောင့် ဝတ်ဆံ ဘာပြန်ခတ်စရာလည်း မလိုဘူး။ ဒီတစ်ခါ တကယ်ဖြေပါ။ အချိန်လည်းမပေးဘူး။ နောက်လည်း မဆုတ်ဘူး။ အငြင်းစကားကိုလည်း လုံးဝမျှော်လင့်မထားဘူး။ ပြီးခဲ့ပြီးသား အခြေအနေ၊ အဖြစ်အပျက်တွေကိုလည်း ပြန်မတွေးကြကြေး။ ကျွန်တော့်ကို လက်ထပ်နိုင်မယ် မဟုတ်လား ဝတ်ဆံ"

သူကတော့ ပိုက်ပိုက် မရှိတော့ချိန်ကျမှ ဝမ်းသာအားရ နောက်တစ်ခါ လာပြန်မေးရခြင်းအပေါ် စိတ်ထဲဘာမှရှိဟန်မတူဘူးနော်။ အဲဒီလို ဝမ်းသာအားရပုံပေါက်ပြရမှာ ဝတ်ဆံက နောက်တွန့်နေ၊ ဝန်လေးနေသလောက် သူကတော့ ရင်ထဲတကယ့်ကို ဘာမှမဖြစ်ပုံပဲနော်။ သူ့ညီမ မီးမီးနဲ့ သူ့ဒေါ်လေးတို့ရဲ့စကားတွေကို ကြားမထားရသူမို့ပဲလား။

နှုတ်ထွက်ဆွံ့နေရင် ခေါင်းပဲညိတ်လိုက်ရရင်ရောကောင်းမလား။ ဝတ်ဆံမှာ ဝန်လေးနောက်တွန့်နေရပေမယ့် သူ





နဲ့တော့ ထပ်မလွဲနိုင်၊ မလွဲချင်တော့ပါ။ ပြောပြီးပြီလေ၊ ပင်ပန်းလှပါပြီလို့။ ခုနေ သူ့ရင်ခွင်နွေးတစ်ခုထဲများ ခိုဝင်ခွင့်ရလိုက်ရင် ဘယ်လိုအပန်းဖြေနည်းမျိုးနဲ့မှ မ ဲ့ အပန်းပြေခြင်းမျိုးနဲ့ လူဖြစ်ကျိုးနပ်သွားရတော့မှာလည်း သေချာပါရဲ့။

မရမက အတင်းဖျစ်ညှစ်ပြီး အသံထွက်၊ စွတ်ပြောချလိုက်ရမလား။ ခေါင်းပဲညိတ်ချလိုက်ရတော့မလား။ ဘာလုပ်ရမလဲ။ ဘာလုပ်လိုက်ရင် ကောင်းမလဲ။ တစ်ခုခုတော့ လုပ်လိုက်တော့မှ ကောင်းတော့မှာပေါ့၊ ဝမ်းသာအားရကြီးပုံလည်း သိပ်မပေါက်အောင်လေ။ ဘာလုပ်လိုက်ရမလဲ။

"ကဲ ... ဒီနှစ်ယောက် တိုင်ပင် ဆွေးနွေးပြီးကြပြီပေါ့။ ဟုတ်လား၊ ဘယ်လိုဆုံးဖြတ်လိုက်ကြပလဲ"

သွားပါပြီ။ ချိတုံချတုံ အချိန်က ထင်တာထက် ပိုကြာသွားတော့ သူကိုယ်တိုင်က တအားဝမ်းသာ စိတ်ပါတက်ကြွနေတဲ့ကြားက အိမ်နောက်ဖက်ထဲ ခဏတဖြုတ် သွားရှောင်ပေးနေရတဲ့ အန်တီလေးကို မနေနိုင် မထိုင်နိုင်ကြီး ထွက်ချလာစေပြီ။ သူ့တူမတော့ အဆင်ပြေပြေ ပြန်လက်ခံလိုက်နိုင်ပြီလို့ သတ်မှတ်လိုက်တဲ့ အချိန်ကလည်း တိုတောင်းလိုက်တာ။

"အန်တီလေးတူမက ဘာမှပြောချင်ပုံ မရတော့ဘူး၊ ကျွန်တော် လုံးဝမျှော်လင့်မထားမိတဲ့ အဖြစ်ပါ။ ကျွန်တော်ကပဲ စိတ်တွေစောပြီး အချိန်အတိုင်းအတာတစ်ခုအင ် သေချာ

မစောင့်လိုက်မိတာများလား။ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကို သူ လက်ခံဖျောက်ထုတ်နိုင်ဖို့ အချိန်လိုဦးမယ်ထင်တယ်"

သူ့ရဲ့စိတ်မကောင်း ဖြစ်နေရဟန် တိုးဖွဖွညင်သာသာ စကားတွေက ဝမ်းသာအားရ မနေနိုင် မထိုင်နိုင်ကြီး ထွက်ချလာတဲ့ အန်တီလေးကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားပါသည်။ အန်တီလေးဟာ တူမလုပ်တဲ့သူကို မျက်ကလဲဆန်ပြာကြီး၊ စိုးရိမ်တကြီးကြီး လှည့်ကြည့်လိုက်ရင်းက ဒီတစ်ချီထွက်ပြူလာတဲ့ ရောင်ခြည်တစ်စကိုမှ အမိအရ မဆုပ်ကိုင်လိုက်နိုင်ရင် အမြဲတစေပဲ ဆုံးရှုံးနစ်နာမှောင်မိုက်သွားရတော့မယ့် သူတစ်ယောက်ပမာ ...

"အို ... မဟုတ်တာ။ ဘာနောက်တစ်ချီ၊ နောက်တစ်ချိန်လဲ။ ဒီကလေးက ဒီလိုပဲ အလကား အလုပ်မဟုတ်တာ။ ဒီမှာ ... မောင်တိုက်တိုင်းရေ ... မင်းတို့ချင်း ညှိမနေနဲ့တော့။ အန်တီလေးနဲ့ မင်းကြီးကြီးနဲ့က ဖုန်းတောင်ပြောပြီးကြပြီ။ မမကြီးက အန်တီလေးကို 'ဒီကလေးနှစ်ယောက် တစ်ယောက် တစ်မျိုးစီနဲ့ အလွဲလွဲ အချော်ချော်ထပ်ဖြစ်ကြရဦးမှာကို စိတ်ပူတယ်၊ ညီမပဲ ဝင်ပါပေးလိုက်ပါတော့' လို့ကို ပြောထားတာ။ ပြီးပြီ ... ပြီးပြီ။ ပြီးပြီလို့သာ သဘောထားလိုက်တော့။ အန်တီလေးတို့ လူကြီးတွေချင်းပဲ ဆက်ညှိလိုက်ကြတော့မယ်၊ ဒါပဲ"





ဟင် ... ! ။

သူကလည်း ပြုံးပြုံးကြီးနဲ့ နှုတ်ခမ်းကိုက်ပြီး ခေါင်းကြီးပဲ ငုံ့နေတော့တယ်။ အန်တီလေးကလည်း သူ့တူမက အပျိုကြီးပေါက်စပီပီ ကဂျိုကကျောင်နဲ့ ရှက်သလို ကြောက်သလို ငြင်းသလို ထပ်ဖြစ်နေဦးမှာကို စိုးရိမ်တဲ့အလား အနားကနေ တစ်ဖဝါးမှ မခွာတော့တဲ့ပြင် တိုက်တိုင်းရဲ့ ကြီးတော်ကြီးဆီပင် ဖုန်းလှည့်ကာ ခေါ်နေပြန်ပါပြီ။

ပြီးပြီ ... ပြီးပြီ ... တဲ့။ ပြီးပြီလို့သာ သဘောထားလိုက်တော့တဲ့။

ဒါဖြင့် ဘယ်မှာလဲ။ ဝတ်ဆံအတွက် ရင်ခုန်ချိုမြိန်စွာ ပြန်ဖြေခွင့်။

"ဝတ်ဆံက ရှင့်ကို အရမ်းချစ်ပါတယ် တိုက်တိုင်းရယ်။ ရှင်နဲ့အတူ ဘဝတစ်ခုကို တည်ဆောက်ချင်ပါတယ်"လို့ ပြန်ဖြေလိုက်ချင်တာလေ။

ဟယ် ... ပြောချင်တဲ့စကားလုံးလေးတွေကလည်း ခုနကတော့ ဆွံ့အဆို့နင့်လို့နေပြီး ခုကျမှပဲ ရင်ထဲမှာ အစီအရီတန်းစီပြီးတော့ ထွက်ပေါ်လာနေလိုက်ကြတာ။ ကျွတ် ...။ ဘယ်လိုလုပ်ရမှာလဲ။ တိုက်တိုင်းရေ ...။ ဒီတစ်ခါလည်းပဲ ဖြေခွင့်ကမရ၊ မကြုံလိုက်ရပြန်ဘူး။ ဒါပေမဲ့ လူကြီးတွေပဲ အားလုံးစီစဉ်လိုက်ကြတော့မယ် ဆိုပေမယ့်လည်း ... ရှင် ကျွန်မကို နောက်

တစ်ကြိမ်လောက်တော့ ထပ်မေးလာဦးမယ်ပဲ မဟုတ်လား။ ဝတ်ဆံမှာ တိုက်တိုင်းအတွက် "ဖြေခွင့်"လေးတော့ ရှိလာနိုင်ဦးမယ်ပဲ မဟုတ်လား။

♥ ✉ ♥

ပုဏ္ဏမိ